
www.burmeseclassic.com



www.burmeseclassic.com


တက္ကသိုလ်တင်မြင့်

ဘုရင့်နောင်ဖောင်ဖျက်သလို

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်

ဘုရင့်နောင်ဖောင်ဖျက်သလို၊ တက္ကသိုလ်တင်မြင့် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၈၈-စာ၊ ၅×၇

(၁) ဘုရင့်နောင်ဖောင်ဖျက်သလို




# တက္ကသိုလ်တင်မြင့်

# ဘုရင့်နောင်
# ဖောင်ဖျက်သလို

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေရာဒေသတစ်ခုတွင် လူသစ်ရောက်လာပြီဆိုလျှင် နဂိုရှိရင်းစွဲ ဒေသခံလူတွေက လူသစ်ကို ကြည့်စမြဲ။

ကျောင်းတွင် ကျောင်းသားသစ်လေးဖြစ်စေ၊ ကျောင်းသူသစ်လေးဖြစ်စေ ရောက်လာလျှင်လည်း နဂိုရှိရင်းစွဲ ကျောင်းသူကျောင်းသားတွေက ကျောင်းသားသစ် သို့မဟုတ် ကျောင်းသူသစ်ကို အာရုံတစူးတစိုက်ဖြင့် ကြည့်စမြဲ။

ထိုအထဲမှာပင် ...

ရောက်လာသော လူစိမ်းလူသစ်သည် တစ်ခုခု သာမာန်ထက် ပိုမိုထူးခြားမှုလေး ရှိနေလျှင် ရှိရင်းစွဲ လူများက ပို၍ ပို၍သာ အာရုံထားကြသည်မှာ ဓမ္မတာ။

"သူပေါ့၊ မနေ့ကမှ မင်္ဂလာစာရင်း သွင်းသွားတဲ့ လူသစ်လေး၊ သူ့နာမည်က အောင်အောင်တဲ့"

"ကန်သာယာကလပ်"

ငွေရှင် ကြေးရှင်၊ ငွေရှိကြေးရှိ ပုဂ္ဂိုလ်များ စုစည်းတည်ထောင်ထားသော ကလပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေရှင်ကြေးရှင်များ ဖန်တီးထားသော ကလပ်မို့ ဘာဆိုဘာမျှ လိုလေသေးမရှိ။

တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ကုက္ကိုင်းဘက်မှ ချိုးကွေ့လာပြီး သီးခြား ပုဂ္ဂလိကပိုင်လမ်းကို ချိုးကွေ့ရသည်။ အင်းလျားကန်ဘေးအထိ ရောက်သွားသည်။

အခိကမှာ တင်းနစ်ရိုက်ရန်ဖြစ်သည်။ လောလော ဆယ် တင်းနစ်ရိုက်ကွင်းနှစ်ကွင်းသာ တည်ထောင်ထားနိုင်သေးသည်။

ကွင်းအမှတ် (၁)နှင့် ကွင်းအမှတ် (၂)ဖြစ်သည်။

နားခိုရန် လှပခေတ်ဆန်သော အဆောက်အအုံရှည်ကြီးဆောက်ထားသည်။

အစားအသောက်အစုံနှင့်, ဘီယာ သံဘူးမျိုးစုံ၊ နိုင်ငံခြားအရက်မျိုးစုံ၊ နိုင်ငံခြားသမကာမျိုးစုံနှင့် ကိုကာကိုလာ၊ ဆဲဗင်းအပ်၊ ပက်(ပ)စီ စသည့် ရေခဲသေတ္တာထည့် ဘူးမျိုးစုံလည်း ရနိုင်သည်။

တင်းနစ်ကွင်းနှစ်ကွင်းက မြေနိမ့်ပိုင်းတွင်ရှိသည်။ ကားများကို အမြင့်ပိုင်းကုန်းမြေတွင် ရပ်ထားခဲ့ပြီး လှပသော လှေကားထစ်လေးများမှ အောက်သို့ဆင်းကာ တင်းနစ်ကွင်းဆီသို့ လာရသည်။

ယခု လက်ရှိအခြေအနေဝယ် တင်းနစ်ကွင်းနှစ်ကွင်းက နည်းနေပြီး မင်ဘာဦးရေက များနေပေသည်။ ကိုယ့်အလှည့်မရောက်သေးသူများသည် နားခိုရန် အဆောက်အအုံတွင်စောင့်ရင်း အမျိုးသမီးများက ကိုကာကိုလာ၊ ပက်(ပ)စီ စသည်တို့ သောက်ရင်းစောင့်သည်။



ကိုယ့်အလှည့်စောင့်သည့် အမျိုးသားများသော်လည်း ကောင်း၊ ရိုက်ကစားပြီး တစ်ခဏ အနားယူသော အမျိုးသားများ ကလည်းကောင်း ဘီယာသောက်သူကများပေသည်။

တချို့ကျတော့လည်း ကိုယ့်အအေးဘူး ကိုယ်ကိုင်ကာ လေပြည်လေညင်းလေး တိုက်ခတ်နေသော အင်းလျားကန်စပ်တွင် သွားထိုင်ကြသည်။

သူပေါ်၊ လူသစ်ဝင်လာတာ၊ နာမည်က ကိုအောင်အောင်ဟုဆိုသဖြင့် သူ့ကို နားခိုနေသူများက လှမ်းကြည့်ကြသည်။

သူသည် တင်းနစ်ရက်ကက်ကို မှဆိုးသေနတ်ထမ်းပုံစံဖြင့် ထမ်းပြီး အုတ်လှေကားထစ်များမှ တစ်ထစ်ချင်း ဆင်းလာသည်ကို ဖြူဖြူက စတင်ညွှန်ပြလိုက်သည်ကို နွယ်နွယ်၊ ဥမ္မာနှင့် စိမ်းတို့က လှမ်းကြည့်ကြသည်။

ကိုအောင်အောင်ဆိုသည်ကို ကြည့်ရသည်မှာ စိမ်း၏ မျက်စိထဲတွင် သာမန်အမျိုးသားတွေနှင့်မတူဘဲ ထင်းခနဲ လင်းခနဲ ရှိလှသည်ဟုထင်မိသည်။

ကိုအောင်အောင်သည် အဝေးမှ လှမ်းမြင်ရုံမျှနှင့်ပင် လူချော လူလှ၊ အလွန်ကြည့်ကောင်းသူတစ်ဦးဟု စိမ်းရင်ထဲက အနွတ္တသညာ ပြုမိသည်။

သူ၏အရပ်သည် ငါးပေ ရှစ်လက်မခန့်ရှိအံ့သည်။

သူ၏အရပ်အမောင်းနှင့် လိုက်ဖက်ညီသော ခြေတံလက်တံ ရှိပေသည်။

ယေဘုယျအားဖြင့် တင်းနစ်သမားများသည် အဖြူသက်သက်ကို ဝတ်ဆင်တတ်သည်။ စပို့ရှပ်အဖြူ၊ ဘောင်းဘီအရှည်

www.burmeseclassic.com



ဖြစ်စေ၊ အတိုဖြစ်စေ အဖြူ ခြေအိတ်ဖြူ၊ ကင်းဗတ်ဖိနပ်အဖြူများ ဝတ်ဆင်တတ်ကြပါ၏။

ထို့ကြောင့် ကန်သာယာတင်းနစ်ကလပ်တွင် အားလုံး သူသူငါငါ အဖြူများ ဝတ်ဆင်ထားသည်မှာ အမြင်ရိုးနေရပေပြီ။

မင်ဘာသစ် ကိုအောင်အောင်ဝတ်လာတာကျတော့ အဖြူများထဲတွင် အနီလေးဝတ်လိုက်သဖြင့် အနီစက် ထင်းခနဲ ရှိသလိုဖြစ်သွားသည်။

အောင်အောင်သည် စပို့ရှပ်လက်တို နီရဲရဲကို ဝတ်ဆင်ထားသည်။ ခြေအိတ်ကလည်း နီရဲရဲပင်ဖြစ်ပါ၏။

အောင်အောင် စပို့ရှပ်နီ၊ ခြေအိတ်နီလေး ဝတ်လာသောကြောင့် ကွက်ခနဲ ထင်းခနဲ အဝေးကပင် မြင်သည်ဆိုလေဦးတော့ အနီးကပ်ကျတော့လည်း အောင်အောင်သည် ကြည့်ချင်စဖွယ် ရုပ်ဆင်းအင်္ဂါ ရှိနေပြန်သည်။

သူ၏ဆံပင်သည် ခေတ်ကာလလူရွယ်များ ထားရှိသည့် ဆံပင်ရှည်ပုံတော့ဖြစ်သည်။ သို့သော် မိန်းမလေလား၊ ယောက်ျားလေလား ခွဲမရသော ဆံပင်ရှည်မျိုးမဟုတ်။ ပြီး အောင်အောင်၏ ဆံပင်က ဆီးမလူဘဲ အလိုလိုမည်းနက်တောက်ပသော ဆံပင်မျိုးဖြစ်သည်။ ဆံပင်အလှပြင်ဆိုင်တွင် ပြုပြင်ထားသည်မျိုး မဟုတ်ဘဲ အောင်အောင်၏ ဆံပင်တို့သည် လှိုင်းအိလေးတွေ ထနေသည်။ အလယ်တွင် ခွဲကြောင်းပေးထားစေကာမူ ပိပိကြီး ဖိနှိပ်ပြီးထားခြင်းမရှိသောကြောင့် သူ၏ စိုပြည်သော နဖူးပြင်ထက်ဝယ် ဆံညွန့်ဆံခွေလေးတချို့ ကျဆင်းနေသည်ကပင် တစ်မျိုး ကြည့်ကောင်းနေပါ၏။



ဆံပင်ကောင်းသူသည် မျက်ခုံးမွေးကောင်းတတ်သည်။ မုတ်ဆိတ် ပါးမြိုင်းမွေးများ သန်တတ်သည်။

အောင်အောင်၏မျက်ခုံးမွေး နှစ်ဖက်မှာ ဆံပင်ကဲ့သို့ပင် မည်းနက်ပြီးထူထဲသည်။

အသားလတ်နှင့် အသားညိုကြားတွင် အောင်အောင်၏အသားရောင် ရှိနေသည်။ သိပ်အညိုကြီးမဟုတ်ဘဲ ညိုလတ်လတ်ဟုဆိုရမည်ထင်သည်။

မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း အလွန်ကြည့်ကောင်းသည်။ အထူးသဖြင့် အပေါ်နှင့်အောက် နှုတ်ခမ်းစုံမှာ ထူထူထဲထဲလေး ရှိသည်။ ပြုံးလေ ရယ်လေလျှင် အလွန်လှပသော ပုလဲစီသွားဖြူတန်းပေါ်လာသည်ကလည်း မြင်ရသူတိုင်း ဆွဲဆောင်မှုပြုစေသည်။

အောင်အောင်၏မျက်နှာသည် လူချောတစ်ယောက်၏ မျက်နှာဟု ခေါ်ရပေမည်။

သို့တစေ မိန်းကလေး ချောနည်းမျိုးမဟုတ်။ ယောက်ျားဆန်သောအချောဖြစ်သည်။

ကိုယ်လုံးကိုယ်ထည်ကလည်း စပို့ရှပ်အကျႌနီ လက်မှ ထွက်လာသော လက်မောင်းနှစ်ခုမှာ ကြွက်သားမာဆယ်များ ထစ်နေပြီး အလယ်ချိုင့်ကာ တင်းမို့သော ရင်အုံရှိကြောင်းမြင်သာသည်။ ဝမ်းဗိုက် မပူ မစူပေ။ အသားပိုနှင့် အဆီမရှိသော ဝမ်းဗိုက်ရှပ်ရှပ်ဟိုက်ဟိုက် ဖြစ်ပေသည်။

ဘောင်းဘီဖြူအတိုမှ ထွက်လာသော အောင်အောင်၏ ညိုညိုလတ်လတ် စိုပြည်သောပေါင်တံမှာ ခြေလှမ်းဆိုင်း အမြှောင်းထသော ကြွက်သားတွေ ပေါ်လွင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြုံ၍ငုံ၍ အားလုံးဆိုရလျှင် အောင်အောင်သည် ဒေါင်ကောင်းပြီး ကိုယ်ဟန်အချိုးကျကာ ရုပ်ချောသူတစ်ယောက်ဟုဆိုရမည်။

ပုသော၊ ရှည်သော၊ ပိန်သော၊ ဝသော ယောက်ျားသားတို့သည် အောင်အောင်ကို အားကျသောအကြည့်ဖြင့် ကြည့်ကြသည်။

အရွယ်ရှိသော အမျိုးသမီးများသည် အောင်အောင်အား နှစ်လိုဖွယ်ရာကောင်းသော လူတစ်ယောက်ကိုကြည့်သောအကြည့်ဖြင့် ကြည့်ကြပါ၏။

အဲ ... အောင်အောင်အား လှမ်းမြင်ရသော မြင်ကွင်းတွင် မာဂရက်ချိုနှင့် တွဲလာသည်ကတော့ ရယ်စရာကောင်းပြီး မြင်သူတိုင်း ပြုံးမိကြပါ၏။

ကန်သာယာတင်းနစ်ကလပ်၏ လူစိမ်းမင်ဘာသစ် အောင်အောင်အား မင်ဘာဟောင်း အခြားနဂိုလူများနှင့် လုံးဝမသိကျွမ်းစေကာမူ မာဂရက်ချိုက တွဲခုတ်လာသည်အထိ အောင်အောင်အား ရင်းနှီးပုံရနေသည်။

ရယ်စရာကောင်းသည်က အောင်အောင်သည် ထောင်ထောင်မောင်းမောင်းနှင့် တကယ်ကြည့်ကောင်းသောအမျိုးသား။ မာဂရက်ချိုကျတော့ ပုပုသေးသေးလေးနှင့် အမေရိကန်ရုပ်ရှင်တွေထဲက ကပ္ပလီမင်းသမီးပုံစံ။

မာဂရက်ချို၏အရပ်သည် ငါးပေမီအောင် တစ်လက်မဒေါက်ဖိနပ်ကို စီးရသည်။ ယခု တင်းနစ်ဝတ်စုံနှင့်မို့ ကင်းဗတ်ဖိနပ်စီးထားရာ မာဂရက်ချိုခမျာ ငါးပေတွင် တစ်လက်မ ထပ်၍ လျော့သွားသေးသည်။



အောင်အောင်နှင့် မာဂရက်ချို အရပ်မှာ အကြမ်းဖျင်းအားဖြင့် ကိုးလက်မကွာနေသောကြောင့် မာဂရက်ချို၏ ဦးခေါင်းငယ်ထိပ်သည် အောင်အောင်၏ ပခုံးအောက်ရောက်နေပေသည်။

ပြီး ... မာဂရက်ချိုသည် တော်တော်ညိုသည်။ သူမ၏အရပ်အမောင်းနှင့် သူမ၏ခန္ဓာကိုယ် ဆောက်တည်ဖွဲ့စည်းပုံမှာ အသင့်အတင့် ကြည့်ကောင်းပြီး အချိုးကျပါ၏။ အရပ်ပု၍ ကိုယ်လေးသေးသူများသည် သူ့ဟာသူ တစ်ယောက်တည်းဆိုလျှင် ကြည့်ကောင်းသင့်သလောက် ကြည့်ကောင်းသော်လည်း ထောင်မောင်းပြေပြစ်သူနှင့် တွဲလိုက်ပါက သူမ၏အရပ်သည် အလိုလို မြေကြီးထဲ ဝင်သွားသလားထင်ရအောင် ကွာခြားသွားသည်။

ယခု အောင်အောင်နှင့် မာဂရက်ချို တွဲလာသည်မှာ ဆင်နှင့်ဆိတ် တွဲလာသလားအောက်မေ့ရသည်။

စိမ်းက အောင်အောင်နှင့် မာဂရက်ချို လှေကားထစ်များမှ ဆင်းလာသည်ကိုကြည့်ပြီး ပုချာချာလေးဖြစ်နေသော မာဂရက်ချိုကိုကြည့်ကာ ပြုံးလိုက်မိသည်။

“ဘာတွေ သဘောကျနေလဲ မိစိမ်း၊ နင် အင်မတန်ပြုံးခဲ ရယ်ခဲပါတယ်”

“မာဂရက်ကိုကြည့်ပြီး သဘောကျလို့ပါ၊ ကိုယ်က ဆိတ်မလေးလောက်ရှိတာ၊ တွဲလာတာက ဆင်လေ”

ဖြူဖြူကလည်း စိမ်းကဲ့သို့ပင် လှမ်းကြည့်ပြီး ရယ်မိပေ၏။

“အဲဒီသတင်း ငါ ကြားပြီးပြီ မိစိမ်း”

“ဘာ အဲဒီသတင်းလဲ မိဖြူ”

www.burmeseclassic.com

www.burmeseclassic.com



"ဒီကန်သာယာတင်းနစ်ကလပ်မှာ မင်ဘာအသစ်ဝင်ခွင့်ကို မင်ဘာဟောင်းနှစ်ယောက်က ထောက်ခံချက်ပေးရတယ် မဟုတ်လား၊ အဲဒါ မာဂရက်က အဲဒီ မင်ဘာသစ်ကို ကလပ်ဝင်ဖို့ ထောက်ခံချက်ပေးသူတစ်ယောက်တဲ့လေ၊ ဒီတော့ မင်ဘာသစ် ကွင်းစဆင်းတဲ့နေ့မှာ မာဂရက်က ရှေ့ဆောင်ပြီး လူသစ်ကို လမ်းပြလုပ်လာတာဖြစ်မှာပါ"

စိမ်းက ဖြူဖြူ ပြောပြသည်ကို သာမန်ကြားရသော သတင်းတစ်ခုဟုသာ သဘောထားပြီး ကွင်းအမှတ်နှစ်ကို လှမ်းကြည့်လိုက်သည်။

"မိဖြူရေ ... ဟိုဘက်ကွင်းမှာတော့ ကိုကိုဟန်ဝင်းတစ်ယောက် လျှာထွက်နေပြီ၊ ကိုလှကြိုင်နဲ့ လက်ရည်ချင်းမှ မတူတာ၊ ယုန်တောင်ပြေး ကိုကိုဟန်ဝင်း မြောက်လိုက်ဖြစ်နေပြီ၊ ပွဲပြီးတော့မယ်၊ ကိုကိုဟန်ဝင်း ရှုံးမှာသေချာနေပြီ"

ဖြူဖြူက စိမ်း၏ပေါင်တံတုတ်တုတ် ခဲခဲလေးကို လက်ဝါးဖြင့် ပုတ်လိုက်ပြီး ပြောသည်။

"ကိုဟန်ဝင်းကိုများ နင်ပြောလိုက်ရင် နင့်ခနဲ့နေတာပဲ၊ ကိုယ့်အစ်ကိုကို ခွေးနဲ့နှိုင်းရသလား"

"အယ် ... ငါက ကိုကိုဟန်ဝင်းကို ခွေးလို့မပြောမိပါလား"

"ဘာထူးသေးလဲ၊ စကားပုံက ယုန်တောင်ပြေး ခွေးမြောက်လိုက်လို့ရှိနေတော့ ကိုဟန်ဝင်းကို ခွေးမြောက်လိုက်လို့ ပြောတာနဲ့ အတူတူပေါ့"

စိမ်းက ချစ်စဖွယ်အသံလေး လွင်သာသည်အထိ ရယ်လိုက်သည်။



"ကိုကိုဟန်ဝင်းနဲ့ ငါက တစ်အိမ်တည်းအတူနေ မောင်နှမဆိုပေမယ့် သုံးဝမ်းကွဲလောက်ကွဲတဲ့ အစ်ကိုပါ၊ နောက်ပြီး သူနဲ့ငါအသက်နှစ်နှစ်ကွာတယ်၊ သူက ငါ့ထက် နှစ်နှစ်ပို ကြီးတယ်လေ၊ ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက်ဖြစ်လာတော့ ဒီလိုပဲ ပြောမနာ ဆိုမနာပေါ့ဟယ်၊ ကဲ လာ၊ အဲဒီကွင်းကို တို့သွားကြမယ်၊ ကိုကိုဟန်ဝင်းနဲ့ ကိုလှကြိုင် သိမ်းရင် နင်နဲ့ငါ ဝင်ရမယ့်အလှည့်ပဲ"

စိမ်းနှင့် ဖြူဖြူတို့ ကြိမ်ဝိုင်းကုလားထိုင်များတွင် ကိုယ်စီထိုင်ရာမှ အတူထလိုက်ကြသည်။ ကွင်း(၂)သို့ သွားရန် ခြေလှမ်းပြင်ကြသည်။

"ဟေး ဟေး ... နေကြဦးလေ၊ မိစိမ်းနဲ့ မိဖြူက ဘာသဘောလဲ၊ ငါဝင်လာမှ နင်တို့နှစ်ယောက်က ထပြေးမလို့လုပ်တာ"

လူပုသလောက် အသံကျယ်သော မာဂရက်ချို၏ အသံကြောင့် မိစိမ်းနှင့် ဖြူဖြူတို့ ရပ်နေလိုက်ပါ၏။ ဖြူဖြူကပင် မာဂရက်ချိုအား ရှင်းတမ်းထုတ်စကားဖြေကြားသည်။

"မဟုတ်ဘူးဟဲ့ မာဂရက်၊ ကွင်းနှစ်မှာ ကိုဟန်ဝင်းကြီး လျှာထွက်နေပြီ၊ ပွဲသိမ်းတော့မှာ၊ သူတို့ပြီးသွားရင် စိမ်းနဲ့ငါ့ အလှည့်လေ၊ ဒါကြောင့် ကြိုတင်သွားမလို့"

"ရပါသေးတယ်ဟာ၊ ကိုဟန်ဝင်းကြီးက သူရှုံးတော့မယ်ဆိုရင် အချိန် ဟိုဆွဲ ဒီဆွဲလုပ်နေကျပဲဟာ၊ ဘောလုံးကို ကြည့်လိုက်၊ သူ့ရက်ကက်ကို ကြည့်လိုက်နဲ့ သူရှုံးတာ သူညံ့လို့မဟုတ်ဘူး၊ ဘောလုံးမကောင်းလို့၊ ရက်ကက်ကြိုး လျော့နေလို့ဆိုတဲ့ စကားလုံးတွေ ပြောနေကျမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်ဝင်းအကြောင်း ဓာတ်သိဖြစ်သော စိမ်းနှင့် ဖြူဖြူက မာဂရက်၏စကားကို ရယ်မောကြသည်။

"ကဲပါဟာ ငါ ဟောဒီက မင်ဘာသစ် ကိုအောင်အောင်နဲ့ နင်တို့ကို မိတ်ဆက်ပေးချင်လို့၊ ကိုအောင်အောင်က ဒီကလပ်မှာ ငါကလွဲပြီး ဘယ်သူ့ကိုမှ မသိသေးလို့၊ ကဲ … ကိုအောင်အောင်၊ အဲဒါ ဖြူဖြူတဲ့၊ သူ့ဘေးကတော့ ဥမ္မာဒန္တီလား ပဒုမ္မာဝတီလား သေလို့ဝင်စားလာတဲ့ အချောအလှ စိမ်းမြသွေးတဲ့၊ နှစ်ယောက်စလုံး စီးပွားရေးတက္ကသိုလ်က ဘီကွန်းဘွဲ့ရပြီးသားတွေပဲ၊ ဒါပေမဲ့ မိဘတွေက ချမ်းသာလို့ တစ်ယောက်မှ အလုပ်မဝင်ကြသေးဘူး၊ အသက်ငယ်ငယ်နဲ့ အငြိမ်းစားယူထားကြတယ်လေ"

ထုံးစံအတိုင်း မိတ်ဆက်ပေးပြီ ဆိုပါက မိတ်ဆွေဖြစ်ရမည့်သူနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်သာ။ အောင်အောင်က ဣန္ဒြေရစွာပင် ပြုံးလိုက်ပါ၏။

"မစိမ်းမြသွေးနဲ့ မဖြူဖြူကို မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မကလည်း ကိုအောင်အောင်နဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"ဟု ဖြူဖြူက ပြန်ပြောပေသည်။

စိမ်းကတော့ ဘာမျှ မပြောဘဲ ကိုအောင်အောင်အား ကြည့်ကာ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ထိုစဉ်မှာပင် နူတ်ခမ်းတော့ အော်လန်ဖြင့် ပွဲစဉ်ထိန်းသူ ဦးစံမတူ၏အသံ ထွက်ပေါ်လာသည်။

"ကွင်းနှစ်မှာ တစ်ဂိမ်းပြီးသွားပါပြီ၊ နောက်တစ်ဂိမ်းအတွက် မစိမ်းမြသွေးနဲ့ မဖြူဖြူ ကြွပါ"



"ကဲ … မာဂရက်၊ အနောင့်စာ ဦးစံမတူကြီး အော်နေပြီ၊ တို့ သွားပလေးလိုက်ဦးမယ်၊ မိစိမ်းနဲ့ဆင်ရယ်လ် ရိုက်ရတာ ငါ ရှုံးမယ်မှန်း သိလျက်နဲ့ရိုက်ရတာ မာဂရက်ရေ",

"အဲဒါ အမှန်ပဲ မိဖြူ၊ နင့်လက်က စိမ်းနဲ့ ကွာလွန်းနေတယ်၊ နင်ရှုံးမှာ သေချာတယ်၊ ငါ အကြံပေးချင်တယ် မိဖြူ၊ ဒီပွဲမှာ စိမ်းနဲ့ နင် မရိုက်နဲ့"

"ငါမရိုက်ရင် နင်ရိုက်မလို့လား၊ နင့်လက်က ငါ့ထက်တောင် ချာတူးလန်သေးတာ"

"ဒါ ငါသိတာပေါ့၊ ငါပြောတာက အခုပွဲမှာ ကိုအောင်အောင်နဲ့ စိမ်း ရိုက်ပါစေလား၊ မင်ဘာသစ် ကိုအောင်အောင်ရဲ့လက်ကို အကဲခတ်ကြည့်ရတာပေါ့၊ နောက်တစ်ဂိမ်းကျမှ နင်နဲ့ငါ ရိုက်မယ်လေ မိဖြူ"

ဒါကျတော့ ဖြူဖြူက လက်မခံချင်ပေ။ စိမ်းနှင့်ယှဉ်ရိုက်၍ ရှုံးသည်က အရေးမကြီး။ စိမ်း၏ရိုက်ချက်ပညာတွေ ယူနိုင်သည်။ မာဂရက်နှင့် ရိုက်ရမည်ကတော့ မာဂရက်၏လက်က ညံ့လွန်းနေသည်။

ကြွက်ကို ကြောင်ခုတ်သလို ဖြစ်နေပေမည်။

ဦးစံတူကြီး၏ အော်လန်မှ အော်သံ ထပ်မံထွက်ပေါ်လာသည်။

"မစိမ်းမြသွေးနဲ့ မဖြူဖြူ ကြွခဲ့ပါ၊ အကယ်၍ အစီအစဉ်ဖျက်တယ်ဆိုလည်း ကျုပ်ဆီ သတင်းပို့ပါ"

ထိုစဉ်မှာပင် …

ပွဲသိမ်းလာသော ကိုဟန်ဝင်းနှင့် ကိုလှမြင့်တို့ စိမ်းတို့ဆီသို့ လျှောက်လာသည်ကို တွေ့ရသည်။ ရှုံးသော

www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်ဝင်းဖက်တီးက အနိုင်ရသွားသော ကိုလှကြိုင်အား ဘီယာတိုက်၊ အာလူးကြော် ကျွေးရန် ဖြစ်ပေမည်။

စိမ်းက ကိုလှကြိုင်နှင့် ကိုဟန်ဝင်း လာသည်ကို ကြည့်ရင်း မာဂရက်ကို နှုတ်သိမ့်စကားဆိုလိုက်သည်။

"ဒီမယ် မာဂရက်၊ အဲဒီ ကိုအောင်အောင်ကို ကိုလှကြိုင်နဲ့ ကိုကိုဟန်ဝင်းနဲ့ပါ မိတ်ဆက်ပေးလိုက်ပါလား၊ နောက်ပြီး ကိုအောင်အောင် လက်ရည်မညှဲ့ဘူးဆိုရင် ကွင်းတစ်ပွဲဂိမ်းသွားရင် ကိုလှကြိုင်နဲ့ ကိုအောင်အောင် ရိုက်ဖို့ စားရင်းပေးထားလိုက်ပေါ့၊ ဒီကွင်းမှာ ကိုလှကြိုင်ရဲ့လက်ရည်က ဒုတိယတန်းစာအဆင့်ရှိနေတာပဲ၊ ကဲ ... မိဖြူရေ သွားစို့တော့၊ ဦးစံမတူ နောက်တစ်ခါ 'ထပ်အော်ရရင် ရင်ကွဲနာကျတဲ့ရောဂါရနေဦးမယ်"

စိမ်းက ပြောပြောဆိုဆိုပင် ရှေ့မှ ထွက်သွားသဖြင့် ဖြူဖြူက ပြေးလိုက်သွားရပေသည်။

စိမ်းကို ဖြူဖြူ မီလာပြီး သေားချင်းယှဉ်လျှောက်ခဲ့သည်။

"နင် မင်ဘာသစ် ကိုအောင်အောင်ကို ဘယ်လိုမြင်လဲစိမ်း"

"သိဘူးလေ၊ ဒီကန်သာယာကလပ်ရဲ့ ဝင်ကြေးငွေ သုံးသောင်းပေးပြီး လစဉ်ကြေး နှစ်ထောင်ပေးနိုင်တယ်ဆိုတော့ ဒီလူ ငွေကြေးဝင်ငွေ မဆိုးဘူးလို့ ထင်ရတာပဲ"

"ဒါတော့ နင် ပြောမှလား မိစိမ်းရယ်၊ ဒီကလပ်ကို မင်ဘာအဖြစ် ဝင်လာတယ်ဆိုတဲ့လူဟာ ဝင်ငွေကောင်းလို့မှန်း လူတိုင်းသိတာပေါ့၊ ငါပြောတာက ကိုအောင်အောင်ရဲ့ ဥပဓိရုပ်နဲ့ သူ့ပုံစံ အမူအရာကိုပြောတာ"



"နင်ကကော ဘယ့်လိုမြင်လို့လဲ မိဖြူ"

"သာမန်ယောကျ်ားတွေထက် ပိုပြီး ကြည့်ကောင်းတယ်လို့ ငါမြင်တယ်၊ ရုပ်ချောတာကိုဆိုလိုတာ မဟုတ်ဘူးနော်၊ ယောကျ်ားမှာဖြစ်ဖြစ်၊ မိန်းမမှာဖြစ်ဖြစ် ရုပ်ချောတိုင်း ကြည့်ကောင်းတယ်လို့ မဆိုနိုင်ဘူး၊ ဥပမာ နင်နဲ့ငါ့လိုပေါ့ဟယ်၊ ငါလည်း ရုပ်ချောသင့်သလောက် ချောတာပဲ၊ ဒါပေမဲ့ နင့်လို ငါက ကြည့်မကောင်းဘူးဟဲ့၊ ငါ့ဟာငါဆိုရင် အဟုတ်သား၊ နင်နဲ့ယှဉ်လိုက်ရင် နင်က ပိုပြီး ကြည့်ကောင်းနေတယ်"

"ကောင်မ၊ လာလုပ်မနေနဲ့ မိဖြူ၊ နင် ငါ့ကို ဘယ်လိုမြှောက်မြှောက် ငါက လျှော့မရိုက်ဘူး၊ ကစားကတည်းက နိုင်ဖို့ ကစားတာ"

"နင့်ဟာနင် ရိုက်ချင်သလိုရိုက် မိစိမ်း၊ ငါပြောနေတာက တင်းနစ်အကြောင်းမဟုတ်ဘူး၊ ကိုအောင်အောင်ရဲ့ အကြောင်းပြောနေတာ၊ ဒီလူဟာ ဘယ်သူနဲ့ယှဉ်ကြည့်ကြည့် ပိုပြီး ကြည့်ကောင်းနေတာကို ငါပြောတာ"

"ဟိုမှာ ဦးစံမတူကြီးမျက်နှာပုပ်ကြီးနဲ့ တို့နှစ်ယောက်ကို လှမ်းကြည့်နေပြီ၊ လာ ... လာ၊ ရိုက်ကြစို့ မိဖြူ"

ကွင်းထဲသို့ နှစ်ယောက်သား ရောက်လာကြသည်။

ခေါင်းပန်းလှန်၍ ဆိုက်(ဒ်)နေရာ မရွေးတော့ဘဲ ဖြူဖြူနှစ်သက်ရာ ဆိုက်(ဒ်)ဘက်ကို ယူစေပြီး စတင်ရိုက်တော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဟောဒါက ကိုဟန်ဝင်းတဲ့၊ စောစောက မိတ်ဆက်ပေးတဲ့ စိမ်းမြသွေးရဲ့အစ်ကို"

"အေး ... စိမ်းနဲ့ငါနဲ့ မောင်နှမတော်တယ်ဆိုတာ သုံးဝမ်းကွဲမောင်နှမဆိုတာလည်း ထည့်ပြောလေ မာဂရက်ရဲ့"

"ဒါကတော့ ကိုလှကြိုင်တဲ့၊ အစိုးရလေလံပစ်တဲ့ ဟီးနိုးကားကြီးတွေဆွဲပြီး ကိုယ်ပိုင်တွင်ခုံ၊ ကိုယ်ပိုင်ဝပ်ရှော့နဲ့ ပြန်ပြုပြင်ပြီး ရန်ကုန်လိုင်းမှာ သုံးစီး၊ နယ်ကိုဆွဲနေတာ နှစ်စီးနဲ့ ငွေရှာသိပ်ကောင်းတဲ့လူ"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုဟန်ဝင်းနဲ့ ကိုလှကြိုင်၊ ကျွန်တော့်နာမည် အောင်အောင်ပါ၊ နိုင်ငံခြားသင်္ဘောမှာ စက်ကင်းအော်ဖစ်ဆာအဖြစ် လိုက်ပါတယ်၊ အခု လောလောတော့ မြန်မာပြည်မှာ ကြာကြာလေးနေချင်သေးတာနဲ့ ဘယ်သင်္ဘောကိုမှ ပြန်မတက်သေးပါဘူး"

ရှိခနဲ ကိုဟန်ဝင်းက လေချွန်လိုက်သည်။

"ထောပြီပေါ့၊ ဒီခေတ်ထဲမှာ ဗီဒီရိုရုပ်ရှင်မင်းသားတွေနဲ့ သင်္ဘောသားက အထောဆုံးပဲ၊ ဒေါ်လာတွေ ဈေးကောင်းလေ သင်္ဘောသားတွေ ထောလေပဲ၊ ကိုအောင်အောင်က ရိုးရိုးသင်္ဘောသားတောင်မဟုတ်ဘဲ အရာရှိဆိုတော့ ဒေါ်လာလခကြီးကြီးရတဲ့လူပေါ့၊ တွေ့ရတာ ဝမ်းသာတယ် ကိုအောင်အောင်"



ကိုဟန်ဝင်းက လေချွန်ပြီး အားရပါးရပြောသည်။

ကိုလှကြိုင်ကတော့ စကားနည်းပုံရသည်။ သို့တစေ ကိုလှကြိုင်သည် အမြဲတမ်း ပြုံးပြုံးလေးနေတတ်သူဖြစ်ပါ၏။

ကိုဟန်ဝင်းက ဆက်ပြောသည်။ ကိုဟန်ဝင်းသည် ဝဝဖိုင့်ဖိုင့်နှင့် စကားဆယ်ခွန်းပြောလျှင် ကိုးခွန်းက အနောက်အပြောင် အပျော်အပြက် ပြောတတ်သော ဝါသနာပါရှိ၏။

"မာဂရက် မိတ်ဆက်ပေးလို့ ကိုအောင်အောင်နဲ့ ကျုပ်တို့ မိတ်ဆွေဖြစ်သွားပြီ၊ အဲ ... အဲ ... ဒီကန်သာယာကလပ်မှာ တခြားနေရာတွေနဲ့ ဆန့်ကျင်တဲ့ လုပ်ထုံးလုပ်နည်းလေး တစ်ခုရှိတယ် ကိုအောင်အောင်"

"ဘာများပါလိမ့် ကိုဟန်ဝင်း"

"တခြားအသင်းအဖွဲ့ ကလပ်တွေမှာတော့ လူသစ်တစ်ယောက်ရောက်လာရင် နဂိုရှိပြီးသားလူဟောင်းတွေက ကြိုဆိုတဲ့အနေနဲ့ ကျွေးကြမွေးကြပြုတယ်ဗျာ၊ ဟောဒီ ကန်သာယာကလပ်ကျတော့ အသစ်ရောက်လာတဲ့လူက လူဟောင်းတွေကို မိတ်ဆက်ပွဲ ဟဲ ... ဟဲ ... ကျွေးရတယ်ဗျ၊ ဟဲ ... ဟဲ ... ဒါကလည်း လူဟောင်းအားလုံး လူစုံကျွေးရတယ် မဟုတ်ပါဘူး၊ ကလပ်ရဲ့ထုံးစံလေး လိုက်နာရရောက်အောင် လူဟောင်းတစ်ယောက်နှစ်ယောက်ကို ကျွေးလိုက်မွေးလိုက်ရင်လည်း ပြီးသွားတာပါ၊ ကြီးကြီးကျယ်ကျယ်လည်း ကျွေးရ

www.burmeseclassic.com

www.burmeseclassic.com



မွေးရတယ်မဟုတ်ပါဘူး၊ ဥပမာ ... အခု လူဟောင်းဖြစ်တဲ့ ကိုလှကြိုင်နဲ့ ကျွန်တော့်ရဲ့စည်းကမ်းထုံးစံနဲ့ ကိုက်ညီတာပါပဲဗျာ၊ ဟဲ ဟဲ ဟဲ ... စတီလောက်လေ စတီလောက်"

အလွန်စကားနည်းပြီး ပြုံးရုံသာပြုံးလေ့ရှိသော ကိုလှကြိုင်သည် ကိုဟန်ဝင်းစကားအဆုံးတွင် အသံထွက်အောင် တဟားဟားရယ်လေတော့သည်။ မာဂရက်ချိုကလည်း ရယ်မောရင်း ကိုဟန်ဝင်းကို မျက်စောင်းထိုးလိုက်သည်။

"အလကား ကိုအောင်အောင် ဒီကလပ်မှာ အဲဒီစည်းကမ်းနဲ့ထုံးစံမရှိခဲ့ဘူး၊ သက်သက်မဲ့ ကိုဟန်ဝင်းကြီး ငတ်ကြီးကျပြီး ကိုအောင်အောင့်ကို ဘီယာနဲ့ အာလူးကြော် ကျွေးအောင်ကြံဖန်ပြောတာ"

"ဟာ ... ဒီဂျပုမတော့ ခက်ပြီ"

ကိုဟန်ဝင်းက ညည်းတွားရင်း ဆက်၍ ရယ်မောနေပါ၏။

"ကဲ ကဲ ... ရပါတယ်၊ ကျွန်တော် ကိုဟန်ဝင်းရော ပြောတဲ့အတိုင်း မိတ်ဖြစ်ဆွေဖြစ် အာလူးကြော်နဲ့ ဘီယာတိုက်ပါ့မယ်၊ ကျွေးပါ့မယ်ဗျာ"

ကိုအောင်အောင်ကပင် ဘီယာနှင့် အာလူးကြော်များမှာယူကာ အတူဝိုင်းဖွဲ့စားသောက်ကြသည်။

မာဂရက်အတွက် ကိုကာကိုလာ မှာပေးပါ၏။

တကယ်တော့ ဘီယာတစ်ဘူးစီနှင့် အာလူးကြော်နှစ်ပန်းကန်သာ စားသောက်ကြပေသည်။ သူဌေးကလပ်မို့ အစားအသောက်သည် ကစားရာ၌ လောင်းကြေးအဖြစ်လည်းကောင်း အပျော်သဘောလောက်လည်းကောင်း သဘောထားကြပေသည်။



"ကဲ ... ကိုလှကြိုင်ရော ကိုဟန်ဝင်းရော မာဂရက်ပြောမယ်"

"ပြော ဂျပုမ"

"မင်ဘာသစ် ကိုအောင်အောင်ဟာ ဒီကလပ်ကို လာတယ်၊ ဘီယာသောက်၊ အာလူးကြော်စားပြီး ပြန်ရုံပဲဆိုရင်တော့ အဓိပ္ပာယ်မရှိဘူး"

"အဓိပ္ပာယ်ရှိတာ မင်းကပဲ ပြောပါဦး ကပ္ပလီမလေးရဲ့"

"ကိုအောင်အောင်အနေနဲ့ ဒီနေ့ ဒီကလပ်ကို ရောက်လာတာ အနည်းဆုံး တစ်ပွဲလောက်တော့ ကွင်းစမ်းသဘော ရိုက်သွားသင့်တာပေါ့၊ မာဂရက်နဲ့ ရိုက်ဖို့ကျတော့ မာဂရက်က ဘီဂင်နာ(လူသစ်တန်း)ပဲ ရှိသေးတယ်၊ လက်ရည်မရှိသေးဘူး"

"ရတယ် ... ရတယ်၊ ဒီအတွက်မပူနဲ့၊ အခုပဲ ကွင်းတစ်ပွဲ ပြီးတော့မယ်၊ ပြီးရင် ကိုအောင်အောင်နဲ့ငါ တစ်ပွဲရိုက်ပေးမယ်"ဟု ကိုဟန်ဝင်းက ပေါ့ပေါ့လေး ဝင်ပြောလိုက်သည်။

"အံ့မာ ..."

မာဂရက်က ကိုဟန်ဝင်းအား ပြန်ကြည့်ရင်း ပြောလိုက်သည်။

"ကိုဟန်ဝင်းက ဘယ်လောက်တော်နေလို့လဲ၊ ကိုဟန်ဝင်းလက်ရည်က မာဂရက်နဲ့ ကွာလှတာမှ မဟုတ်တာ"

"ဟာ ... ဒီကောင်မလေး၊ ကပ္ပလီမ"

"တကယ်ပြောတာ ကိုဟန်ဝင်းရဲ့၊ ကိုအောင်အောင် ရိုက်တာတော့ မာဂရက် မမြင်ဖူးသေးပါဘူး၊ ဒါပေမဲ့ ကိုအောင်အောင်ဟာ သဘော်နဲ့ သွားရင်း သဘော်နားတဲ့ ဂျပန်တို့

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ကောင်တို့၊ စင်ကာပူတို့၊ အနောက်ဂျာမနီတို့မှာ တင်းနစ်ဝင်ရိုက်ခဲ့တာ နိုင်ပွဲတွေ များတယ်လို့ မာဂရက် ကြားထားတယ်၊ ကိုအောင်အောင်ရဲ့လက်က အင်တာနေ ရှင်နယ်လက်တဲ့"

"ဟဲ ... ဟဲ"

ကိုဟန်ဝင်းက ရယ်လိုက်ပြန်သည်။

"ဒါဆို ကိုလှကြိုင်နဲ့ ရိုက်ပါလိမ့်စေပေါ့ဟာ၊ တို့ ကန်သာ ယာကလပ်မှာတော့ ကိုလှကြိုင်ရဲ့လက်က ပထမတန်းစား လည်းမရောက်သေးဘူး၊ ဒုတိယတန်းလည်း ကျော်နေတဲ့ လက်ရည်အဆင့်ပဲ"

"မလုပ်နဲ့ ကိုဟန်ဝင်း၊ ကျွန်တော်က ခင်ဗျားညီမ စိမ်းကို တောင် နိုင်အောင်မရိုက်နိုင်သေးဘူး"

"ဟဲ ဟဲ ... မိစိမ်းကတော့ မပြောနဲ့၊ ဆယ့်သုံးနှစ်သမီး ကတည်းက တင်းနစ်ရိုက်လာတာ၊ ကဲ ... ဒါဆို မာဂရက် နင်ပဲ သွားရိုက်လိုက်၊ ကွင်းတစ်ခုမှာ လူသစ် ကိုအောင် အောင်နဲ့ ကိုလှကြိုင် ရိုက်မယ်လို့ စာရင်းပေးထားလိုက် ပေတော့"

မာဂရက်က သွက်လက်စွာပင် ဦးစံမတူကြီးဆီသို့ ပြေးသွားပေတော့သည်။

❖ ✧ ❖



# ၄ ၊ ၆

ဖြူဖြူ ခမျာ ဟိုက်နေပေသည်။

စိမ်းက သက်သောင့်သက်သာလေးရိုက်နေလျက်က ပင် ဖြူဖြူ့ကို နှစ်မှတ်အကွာဖြင့် နိုင်နေသည်။

ဖြူဖြူသည် တကယ်တမ်း၌ ဤကလပ်တွင် ဒုတိယ အဆင့်လက်ရည်ရှိသူ ဖြစ်ပေသည်။ ကိုလှကြိုင်နဲ့ နင်လား ငါလား ရိုက်နိုင်ခဲ့သူဖြစ်သည်။

စိမ်းကိုတော့ ဖြူဖြူ မနိုင်ပေ။ ဘယ်နေ့ ဘယ်အခါ တွင်ရိုက်ရိုက် စိမ်းနှင့် ရိုက်တိုင်း ဖြူဖြူ ရှုံးသည်ချည်းဖြစ်ပါ၏။

ယခုလည်း ဖြူဖြူ အင်မတန်ကြိုးစားပြီး ရိုက်လျက် ကပင် စိမ်းကို နှစ်မှတ်အကွာဖြင့် ရှုံးနေသည်။

ဤကွင်းတွင် စိမ်းသည် ပထမတန်းအဆင့် လက် ကောင်းသူဟု အားလုံးက သတ်မှတ်ထားကြသည်။

စိမ်းမြသွေးသည် ဖြူဖြူနှင့်ရိုက်နေလျက်ကပင် သူမ ၏မျက်ဝန်းအစုံသည် ကွင်းအမှတ်တစ်ဆီသို့ လှမ်းကြည့်လိုက်မိ သည်။

"ဟိုက်"

www.burmeseclassic.com

www.burmeseclassic.com



စိမ်း၏ မျက်ဝန်းစုံသည် ကွင်းတစ်တွင် စပို့ရှပ်အနီ၊ ဘောင်းဘီဖြူ၊ ခြေအိတ်နှင့်ရိုက်နေသော လူသစ် အောင်အောင်အား ထင်းခနဲ မြင်လိုက်ရသောကြောင့်ဖြစ်ပါ၏။

အောင်အောင် ကိုလှကြိုင်နှင့် ရိုက်နေခြင်းဖြစ်ပါ၏။

ကိုအောင်အောင် တင်းနစ်ရိုက်နေသည်မှာ မဆိုးရုံမက တော်သည်ဟုပင် စိမ်းရင်ထဲက ချီးကျူးမိသည်။ ရိုက်ချက်လှသည်။ ရိုက်ဟန်လှသည်။ ရိုက်ချက်ပြင်းလည်းပြင်းသည်။

ကိုအောင်အောင် ရိုက်လိုက်သော ဘောလုံးသည် တစ်ဖက်သို့ လခြမ်းကွေးဝိုက်၍မသွားဘဲ စက်ခေါင်းထိုး ဝါးတန်းထိုး ပိုက်ကျော်ရုံ တန်းတန်းကြီး ဝင်သွားသဖြင့် ကိုလှကြိုင်ခမျာ မနည်းမနောကြီး တန်ပြန်ရိုက်နေရသည်။

ထို့ထက်မှာမူ အောင်အောင်၏ ခေါက်ရပ်နှင့် ခြေတံလက်တံ အချိုးကျမှုကြောင့် လှုပ်ရှားဟန်သည် အရမ်းကြည့်ကောင်းပါ၏။

"စစ်(စ်)အော(လ်)"ဟု ဦးစံမတူကြီး၏ အသံထွက်လာသည်။

ပထမ စိမ်းက ခြောက်မှတ်၊ ဖြူဖြူက လေးမှတ်ဖြင့် နှစ်မှတ်နိုင်နေသော စိမ်းမှာ ယခု ဖြူဖြူက နောက်ထပ်နှစ်မှတ်တက်လာပြီး နှစ်ယောက်စလုံး ခြောက်မှတ်ညီတူ ဖြစ်လာခြင်းကို ဦးစံမတူက ကြေညာလိုက်ခြင်းဖြစ်သည်။

ဖြူဖြူက ဆာဗင်ပေးရန် ဘောလုံးကို တော့နေစဉ်မှာပင် စိမ်းက ပိုက်ကွန်ရှိရာသို့ လျှောက်လာသည်။

"ဟေး ... မိဖြူ၊ ဒီနေ့ နင်နဲ့ငါ သရေပွဲနဲ့ပဲ နားကြရအောင်ကွာ"



"ဟာ ... ဘာလို့လဲ"

စိမ်းက သူမ၏ရက်ကက်ဖြင့် ကွင်းတစ်ဖက်သို့ ထိုးပြလိုက်သည်။

"ဟိုမှာကြည့်လေ၊ မာဂရက်ရဲ့မင်ဘာသစ်နဲ့ ကိုလှကြိုင် ရိုက်နေတယ်၊ ကိုလှကြိုင် အလူးအလဲခံနေရတယ်၊ မင်ဘာသစ်ရဲ့လက်ရည်ကို ငါ အစအဆုံး ကြည့်ချင်လို့"

ဖြူဖြူ လှမ်းကြည့်ပြီး အားရပါးရ ပြုံးလိုက်ပေသည်။

"တကယ်ကွာ၊ ရိုက်ချက်တွေလှသလို သူ့လှုပ်ရှားဟန်ကလည်း အရမ်းလှတယ်၊ ဒီလူ တင်းနစ်မှာ ဝါရင့်ထဲကမှန်းသေချာတာပေါ့"

ထိုစဉ်မှာပင် အောင်အောင်သည် စိမ်းနှင့် ဖြူဖြူရှိရာကွင်းဘက်သို့ မျက်စိရောက်လာသည်။ စိမ်းနှင့်ဖြူဖြူက သူ့အားပွဲရပ်ပြီး လှမ်းကြည့်နေသည်ကို အောင်အောင် လှမ်းမြင်ရသည်။

"ဟဲ့ ... ဟဲ့ ... မိစိမ်း၊ ဒီလူ ချက်ချင်းကြီး ကောက်ကာငင်ကာ ဘယ်လိုဖြစ်သွားတာလဲ"

"အင်း ... ဟုတ်တယ် မိဖြူ၊ ချက်ချင်း ကိုလှကြိုင်ရိုက်ပို့တာတွေကို သူ လွတ်နေတယ်၊ သူ့ရိုက်ချက်တွေလည်း ပျာသွားတယ်"

"အဲဒါ နင်သိလား မိစိမ်း"

"နောက်ပိုင်း ရေရှည်သက်လုံမကောင်းလို့၊ အမောမခံနိုင်လို့ ကျသွားတာဖြစ်မှာပေါ့၊ ဆေးလိပ်သောက်တဲ့လူ၊ အရက်သောက်တဲ့လူဟာ သက်လုံမကောင်းတတ်ဘူးလေ"

"ငါတော့ အဲဒီလို မထင်မိဘူး မိစိမ်း"

www.burmeseclassic.com

www.burmeseclassic.com



“သူရိုက်နေရင်း တို့ကွင်းဘက်ကို တစ်ခါနှစ်ခါ လှမ်းကြည့်တယ်၊ နင်နဲ့ ငါက သူ့ကိုကြည့်နေမှန်းသိလို့ ချက်ချင်းလျှော့ရိုက်လိုက်တာဖြစ်ရမယ်၊ ဒီလောက် တစ်ကိုယ်လုံး မာဆယ်သားတွေနဲ့ ကြွက်သားတွေ ဖွဲ့စည်းထားတဲ့သူဟာ သက်လုံမကောင်းတာတော့ မဖြစ်နိုင်ဘူး၊ ဟော … ဟော သူ့ရိုက်ချက်တွေ ပြန်လာပြီ”

နောက်ဆုံးတစ်ချက် အောင်အောင်၏ ရိုက်ချက်မှာ လုပသလောက် ပြင်းထန်ပေသည်။

ကိုလှကြိုင်မှာ ပြေးပြီးပြန်ရိုက်ရာ ရက်ကက်ကြီး လွတ်ကျသွားသည်အထိ ကမ္ဘူးရှူးထိုး ဖြစ်သွားရပါ၏။

ဂိမ်းသွားပြီ။ ကိုလှကြိုင် တစ်မှတ်ဖြင့် ကပ်ရှုံးပြီး အောင်အောင် နိုင်သွားပါ၏။

အခြားကလပ်ဝင်ပုဂ္ဂိုလ်များ ကွင်းတစ်၊ ကွင်းနှစ်တွင် ဆက်ကစားကြသည်။

မာဂရက်သည် မိတ်ဆက်ပေးထားသော ကိုဟန်ဝင်း၊ ကိုလှကြိုင်၊ စိမ်းမြသွေး၊ ဖြူဖြူနှင့် အောင်အောင်တို့ အနားယူစခန်းထဲတွင် ဝိုင်းဖွဲ့ကြသည်။

အောင်အောင်က ဝိုင်းထဲတွင် စကားပြောရင်း ဖြူဖြူကိုလည်း ကြည့်သည်။ စိမ်းမြသွေးကိုလည်းကြည့်သည်။

သို့တစေ အောင်အောင်၏ အကြည့်မှာ ဖြူဖြူနှင့် စိမ်း၏မျက်နှာကိုသာ ကြည့်သည်။ လည်ပင်းအောက်အထိမကြည့်ပေ။

အောင်အောင်တစ်ယောက် အကြည့်မရိုင်းဘဲ ဣန္ဒြေရှိသည်ကို ဖြူဖြူရော စိမ်းပါ ရင်ထဲက အမှတ်ထားမိပေသည်။



ကိုလှကြိုင်ကတော့ စိမ်းကိုပင် သိပ်မကြည့်။ ဖြူဖြူကိုသာ မကြာခဏကြည့်တတ်သည်။

ဤကလပ်တွင် အစ်ကိုသုံးဝမ်းကွဲတော်ပါသည်ဆိုသော ကိုဟန်ဝင်းက စိမ်းမြသွေးကို ကြက်မကြီးက ကြက်သားငယ်ကလေးတွေ ထိန်းသလို ထိန်းထားကြောင်း လူတိုင်းသိသည်။ ကိုဟန်ဝင်းနှင့် စကားမများချင်သောကြောင့်လည်း စိမ်းကိုရှောင်ကြသည်။

စိမ်းကိုယ်တိုင်ကလည်း သူမ၏ဟန်ပန်အမူအရာကိုကပင် အဘယ်သောအမျိုးသားကိုမျှ စိတ်ဝင်စားခြင်းမရှိကြောင်း ထင်ရှားပေါ်လွင်နေသောကြောင့်လည်းဖြစ်ပေမည်။

စိမ်းသည် တင်းနစ်ကလပ်သို့ တင်းနစ်ရိုက်ဖို့အာရုံမှလွဲ၍ အခြားဘာအာရုံမှမရှိဘဲ လာရိုက်နေခြင်းဖြစ်သည်။

ကိုလှကြိုင်က စကားစသည်။

“ကျွန်တော်တော့ မာဂရက်ပြောတာ ယုံသွားပြီ၊ လူသစ်ကိုအောင်အောင်ရဲ့လက်ရည်ဟာ အင်တာနေရှင်နယ်လက်ဆိုတာလေ၊ ကိုအောင်အောင်ရဲ့ ကျွမ်းကျင်မှုဟာ သူလိုကိုယ်လိုပဲထားဦး၊ ရိုက်ချက်တွေကျတော့ သိပ်ပြင်းတယ်၊ သိပ်မာတယ်”

“ကိုလှကြိုင်က စောစောက တစ်ပွဲရိုက်ထားပြီး ပင်ပန်းနေတုန်း ကျွန်တော်နဲ့ ဆက်ကစားလို့ပါ၊ ကျွန်တော် တစ်မှတ်တည်းကပ်ပြီး နိုင်တာပါ၊ ကျွန်တော် လက်ရည် သိပ်ကောင်းလို့ မဟုတ်ပါဘူးဗျာ”

“စိမ်းကတော့ ရိုက်ချင်းပြင်းတယ်၊ ရိုက်ချက်မာတယ်ဆိုတာကို ကျွမ်းကျင်မှုထဲမှာ ရောမထည့်ချင်ဘူး ကိုလှကြိုင်၊

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းလက်ဖျံ အားကောင်းတာရော၊ ကိုယ်ပိုင်ခွန်အားကောင်းတာရော ပြည့်စုံတဲ့လူတွေဟာ ဒီလိုပဲ ရိုက်ချက်ပြင်းတတ်တယ်၊ ရိုက်ချက်မာတတ်တယ် အပြင်းရိုက်ဝင်လာတဲ့ ဘောလုံးကို ကိုယ်ကလွှတ်ပေးရင်၊ စည်းအပြင်ဘက် ရောက်သွားနိုင်တာပဲ"

"နိုး ... နိုး ... စိမ်း၊ ဒါလောက်တော့ ကျွန်တော်လည်း သိတာပေါ့၊ ကိုအောင်အောင်ရဲ့ရိုက်ချက် ပြင်းတာမျိုးကျတော့ ပညာသားပါတယ်၊ ရိုက်လွှတ်လိုက်တဲ့ဘောလုံးက လခြမ်းလို ကွေးလာတာမဟုတ်ဘူး၊ ပိုက်လွတ်ရုံတန်းဝင်လာတာ၊ လွှတ်ပေးလည်း စည်းပြင်မထွက်ဘဲ စည်းထဲမှာပဲကျမှာ၊ ကျွန်တော် စည်းလွတ်မလားဆိုပြီး တစ်လုံးနှစ်လုံး လွှတ်ကြည့်သေးတယ်၊ မရဘူး၊ စည်းထဲမှာပဲကျတယ်"

ဖြူဖြူက ဝင်ပြောပါ၏။

"ကဲ ... ဒါဆို ဒီလိုလုပ်၊ ဒီကလပ်မှာ မိစိမ်းက ပထမတန်း၊ ကိုလှကြိုင်က ဒုတိယနဲ့ ပထမကြားမှာ အဆင့်ရောက်နေတဲ့လူ၊ ဒီတော့ ကိုအောင်အောင်ကို ကိုလှကြိုင် ကပ်ရှုံးသွားတာဆိုတော့ စိမ်းနဲ့ ကိုအောင်အောင် တစ်ပွဲဆက်ရိုက်ကြည့်ပါလား"

ကိုဟန်ဝင်း ဝင်ဖောက်သည်။

"မိစိမ်း ... နင် ဒီနေ့ စောစောပြန်ရမှာနော်၊ ငါ့မှာ အလုပ်တွေရှိတယ်၊ ငါက ပြန်တော့မှာ၊ နင် နောက်တစ်ပွဲဆက်ရိုက်လို့မဖြစ်ဘူး"

"အိုး ... ဘာဆိုင်လဲ၊ ကိုကိုဟန်ဝင်း အလုပ်ရှိရင်ပြန်ပေါ့၊ ခါတိုင်းလည်း စိမ်း နှစ်ပွဲသုံးပွဲကစားပြီးမှ ပြန်နေကျပဲဟာ"



"ဒီနေ့ ခါတိုင်းနေ့နဲ့ မတူဘူးလေ၊ ဖေဖေက ငါ့ကို စောစောပြန်ခဲ့လို့မှာတယ်၊ နင့်ကိုလည်း ဒီနေ့ စောစောပြန်ဖို့မှာတာပဲမဟုတ်လား၊ ဒီနေ့ ဦးလှဘူးအိမ်မှာ ဖေဖေ သွားပြီး စစ်တုရင်ကစားမလို့တဲ့"

စိမ်း မသိမသာလေး ခေါင်းညိတ်လိုက်ရပါ၏။

တကယ်တော့ လူသစ် အောင်အောင်နှင့် စိမ်းက တစ်ပွဲတစ်လမ်း လက်ရည်ပြိုင်ရိုက်ကြည့်ချင်နေသည်။

သို့သော် ကိုကိုဟန်ဝင်း ပြောသည်မှာ ဟုတ်နေပါ၏။ ဘဘဦးမင်းဆွေက မိမိကိုလည်း စောစောပြန်ခဲ့ရန်မှာလိုက်သည်။

ဘဘဦးမင်းဆွေက တစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ်လောက် အိမ်နှင့်မနီးမဝေးရှိ သူ့မိတ်ဆွေ ဦးလှဘူးအိမ်သို့သွားကာ စစ်တုရင်ထိုးကြသည်။ ဘဘဦးမင်းဆွေက စစ်တုရင်ထိုးရန် ဝါသနာကြီးလှသည်။

"ဟုတ်တယ်၊ ဘဘက မှာလိုက်တာအမှန်ပဲ၊ ဒီနေ့တော့ စောစောပြန်ဦးမှ"ဟု ပြောရင်း စိမ်းသည် အားလုံးကိုခွဲ၍ နှုတ်ဆက်ထွက်သွားတော့သည်။

ထိုအခါမှ ကိုဟန်ဝင်းသည် မည်သူ့ကိုမှ နှုတ်မဆက်ဘဲ စိမ်းနောက်မှ ထွက်သွားတော့သည်။

ဖြူဖြူက ရယ်မောပြီး မာဂရက်ချိုအား ပြောလိုက်သည်။

"ကိုဟန်ဝင်းကြီးက ဒီပြင်နေရာတိုင်းမှာ သဘောကောင်းပါတယ်၊ ဒါပေမဲ့ မိစိမ်းနဲ့ပတ်သက်လာရင်တော့ သဝန်တိုတယ်ဟဲ့၊ မိစိမ်း တခြားယောကျ်ားတစ်ယောက်ယောက်ကို စိတ်ဝင်စားသွားမှာ သိပ်စိုးရိမ်တဲ့လူကြီးလေ"

www.burmeseclassic.com

www.burmeseclassic.com



“ဒါကတော့ သူက အစ်ကိုဆိုတော့ သူ့ညီမအတွက် စိုးရိမ်မှာပေါ့ မိဖြူရယ်”

“အင်း … အစ်ကိုတော့ အစ်ကိုပဲ၊ ဒါပေမဲ့ ပါနီတွေသိပ်များတဲ့အစ်ကိုလေ”

“ဘာရယ် နင့်စကားက”

“ဟုတ်တယ် မာဂရက်၊ စိမ်းနဲ့ ကိုဟန်ဝင်းကြီးဟာ မောင်နှမဆိုပေမယ့် နို့က တစ်စက်နှစ်စက်၊ ရေက လေးငါးဖလားဆိုတဲ့ မောင်နှမဟဲ့၊ သွေးသိပ်ဝေးတယ်၊ သုံးဝမ်းကွဲမောင်နှမဆိုတော့ သွေးသိပ်ဝေးသွားပြီပေါ့၊ အခုလက်ရှိ သူတို့နေကြတဲ့ ယောမင်းကြီးလမ်းက တိုက်အိမ်နဲ့ ခြံကြီးကိုပိုင်ဆိုင်သူက ဦးမင်းဆွေတဲ့၊ အဲဒီဦးမင်းဆွေဟာ ကိုဟန်ဝင်းရဲ့အဖေပဲ၊ ဒါကြောင့် စိမ်းနဲ့ ကိုဟန်ဝင်က သုံးဝမ်းကွဲမောင်နှမလေ၊ စိမ်းရဲ့မိဘတွေဟာ စိမ်းငယ်ငယ်ကတည်းက သေဆုံးသွားလို့ တူမနှစ်ဝမ်းကွဲ စိမ်းကို ဦးမင်းဆွေကခေါ်ပြီး မွေးစားထားတာ၊ မွေးစားတယ်ဆိုပေမယ့် သမီးရင်းနဲ့ မခြားပါဘူး၊ သူ့သားရင်း ကိုဟန်ဝင်းနဲ့ တန်းတူပဲ၊ စိမ်းကလည်း ဦးမင်းဆွေကို ဘာဘဆွေလို့ခေါ်ပြီး ဖအေရင်းလို ချစ်တယ်”

“ဒါဆို တစ်နေ့ကျရင် ဦးမင်းဆွေက သားအရင်း ကိုဟန်ဝင်းနဲ့ စိမ်းကို ပေးစားမယ်ထင်တယ်နော်”

“ဖြစ်နိုင်တာပေါ့၊ ဦးမင်းဆွေက တော်တော်ချမ်းသာတယ်တဲ့၊ ဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတဲ့ သဘောမျိုးနဲ့ ကိုဟန်ဝင်းနဲ့ ပေးစားချင်ပေးစားမှာပေါ့၊ ဒါပေမဲ့ လွယ်တော့မလွယ်ဘူးထင်တယ် မာဂရက်”



“ဘာလို့မလွယ်ရမှာလဲ၊ အခုကတည်းက ကြည့်ပါလား၊ ကိုဟန်ဝင်းကြီးက သဝန်တိုတာကိုကြည့်ပေါ့ မိဖြူ”

“အေး … ကိုဟန်ဝင်းကတော့ စိမ်းကို လက်ထပ်ဖို့အထိ ရည်ရွယ်မှာပဲ၊ စိမ်းက သိပ်ချောသိပ်လှတယ်မဟုတ်လား၊ စိမ်းကိုဆိုရင် ဘယ်ယောကျာ်းလေးကဖြစ်ဖြစ် လိုလားချင်ကြတာပဲ၊ ဒါပေမဲ့ ခက်တာက စိမ်းအနေနဲ့ ဘယ်ယောကျာ်းကိုမှ မလိုချင်တာခက်နေတာ၊ စိမ်းက အဲဒီဘက်မှာတော့ တကယ်သွေးအေးလွန်းတယ်”

“နောက်ပြီး စိမ်းအကြောင်း ငါ ကောင်းကောင်းသိတယ်၊ စီးပွားရေးတက္ကသိုလ်မှာ ပထမနှစ်ကတည်းက အတူတက်လာကြတာ၊ ဘွဲ့ရပြီးတဲ့နောက် ခုချိန်ထိ ခင်မင်နေတာ၊ နှစ်ပေါင်းအကြာကြီးတွဲလာလို့ စိမ်းသဘောကို ငါသိတယ်၊ သူတို့ ယောမင်းကြီးလမ်းက ခြံနဲ့တိုက်အိမ်ကြီးကိုလည်း ငါ ခဏခဏရောက်နေတော့ သူတို့အိမ်အကြောင်းလည်း ငါသိတာပဲ၊ စိမ်းက ကိုဟန်ဝင်းကို အစ်ကိုတစ်ယောက်လို ခင်တာကလွဲပြီး ဘာမှမပိုမှန်း ငါသိနေတယ်”

“မိစိမ်းမှာ တခြားချစ်သူရှိနေလားမှ မသိတာ”

“လုံးဝမရှိဘူး မာဂရက်၊ မိစိမ်းက တစ်မျိုးကြီးဟဲ့၊ သူ့အချောအလှဟာ နင်မြင်တဲ့အတိုင်းပဲ၊ ကျောင်းမှာတုန်းက သူ့ကိုချဉ်းကပ်တဲ့လူတွေ စာအုပ်ထဲမှာ တန်းစီပြီးရေးလို့ရတယ်၊ ထားပါတော့၊ ကျောင်းသူချောချောဆိုရင် ကျောင်းသားတွေ တန်းစီချဉ်းကပ်တာ မဆန်းပါဘူး၊ ကျောင်းက ထွက်လာပြီးမှ မိစိမ်းကို ကမ်းလှမ်းသူ၊ ချဉ်းကပ်သူတွေဆိုလည်း ထိတ်ခွေချည်းပဲ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊

www.burmeseclassic.com

www.burmeseclassic.com



သဘော်အရာရှိ၊ စစ်ဘက်နယ်ဘက် အရာရှိတွေလေ၊ အဲဒီဟာတွေအားလုံးကိုလည်း မိစိမ်းက ကန်တော့ဆွမ်းပါ ဘုရားပဲ"

"သူ့စိတ်ထဲမှာ တစ်နေ့ကျရင် ကိုဟန်ဝင်းနဲ့ လက်ထပ်ရမှာပဲဆိုပြီး အားလုံးကို ခါထုတ်တာများလား မိဖြူရယ်"

"အဲဒီလိုလည်း မဟုတ်ဘူး၊ ကိုဟန်ဝင်းကို သူက ဟိုလိုဒီလို သဘောမျိုးနဲ့မှမချစ်တာ၊ နောက်ပြီး သူ့ဘကြီး ဦးမင်းဆွေ ကိုယ်တိုင်က ကိုဟန်ဝင်းကိုရော၊ စိမ်းကိုရော ကိုယ်ရေးကိုယ်တာပိုင်းမှာ လွတ်လပ်ခွင့်ပေးထားတယ်၊ ကိုယ်နှစ်သက်သူကိုယူ၊ ဒါပေမဲ့ မမှားစေနဲ့လို့ ပြောထားတယ်၊ ဒီလောက်များနေတာကို နင်က ပယ်ထုတ်ပစ်တာချည်းပဲ လုပ်နေတာ ဒီတစ်သက် နင် လင်မယူတော့ဘူးလားလို့ ငါမေးတော့ မိစိမ်းက ဘာပြန်ပြောတယ်ထင်သလဲ"

"ဟဲ့ ... ငါ ဘယ်သိမှာလဲ၊ ငါက မိစိမ်းနဲ့ ဒီကလပ်ရောက်မှ သိရတာပဲဟာ၊ နင်တို့ ငယ်ပေါင်းတွေပဲ၊ နင်ပဲပြောပေါ့"

"ငါ လင်ယူမှာပါတဲ့၊ ဒါပေမဲ့ ငါယူမယ့်လင်ဟာ ငါကိုယ်တိုင် ရင်ထဲနှလုံးထဲက ချစ်ရတဲ့လူမျိုးကိုမှ ယူမှာတဲ့၊ အခုထိတော့ ဘယ်တစ်ယောက်ကိုမှ ငါ့ရင်ထဲက နှလုံးသားက မနိုးကြားသေးဘူးတဲ့လေ"

"ဒါပေမဲ့ နင် သတိထားမိလား မိဖြူ"

"ဘာကို သတိထားမိရမှာလဲ မာဂရက်"

မာဂရက်က ဖြူဖြူ၏ နားတစ်ဖက်ဆီသို့ တိုးတိုးလေးကပ်ပြောပေသည်။



"ဒီနေ့ မင်ဘာလူသစ် ကိုအောင်အောင်နဲ့ စိမ်း စကားပြောတဲ့အခါ စိမ်းအမူအရာကို နင် သတိထားမိလားလို့ မေးတာ"

"ငါတော့ အမှတ်တမဲ့ပဲ၊ နင် ဘာသတိထားမိလို့လဲ"

"စိမ်းဟာ ဒီနေ့ ကိုအောင်အောင်နဲ့ စကားပြောတဲ့နေရာမှာတော့ သူ့မျက်လုံးကြီးတွေ အရည်လဲ့နေတယ်၊ ပြီး ကိုအောင်အောင်ကို ခဏခဏကြည့်ရာက ကိုအောင်အောင်က သူ့ကိုပြန်ကြည့်ရင် ချက်ချင်း ခေါင်းငုံ့ပစ်တယ်၊ မျက်နှာ တခြားလွှဲသွားတယ်လေ"

"ဒါတော့ မပြောတတ်ဘူးဟယ်၊ နင်ပြောတာ ဟုတ်မလားပဲ၊ ဒီနေ့ ငါနဲ့ရိုက်နေရင်း ကိုအောင်အောင် ဒီဘက်ကွင်းမှာ ရိုက်နေတာကို မိစိမ်း လှမ်းငေးတာမို့ ငါက သူ့ကို အမှတ်မီလာပြီး သရေပွဲဖြစ်သွားတာ၊ ဘယ်တုန်းက ငါဟာ မိစိမ်းကို သရေပွဲကျအောင် ရိုက်နိုင်လို့လဲ"

ထိုနေ့က မိုးချုပ်သွားပြီမို့ ပွဲသိမ်းကြသည်။

မာဂရက်ချိုတစ်ယောက် စပို့ရှပ်ဖြူ၊ ဘောင်းဘီဖြူ၊ ခြေအိတ်ဖြူ၊ ဖိနပ်ဖြူ ဝတ်ဆင်ပြီး ရက်ကက်ရိုက်တံကြီးကိုင်ဆောင်လာသော်လည်း ယနေ့အဖို့ ဘောလုံးတစ်ချက်မရိုက်လိုက်ရဘဲ အိမ်ပြန်ရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၄

မာဂရက်ချိုကို စမ်းချောင်း ဖျာပုံလမ်းထဲမှ သူမအိမ်သို့ ပို့ခဲ့ပြီး အောင်အောင်သည် သူ၏ အက်ဆီတိုယိုတာကော်ရိုလာ ဆလွန်းကားဖြူလေးဖြင့် သူ၏တိုက်ခန်းရှိရာ ဗိုလ်အောင်ကျော်လမ်းသို့ ပြန်မောင်းလာခဲ့သည်။

မာဂရက်က ယနေ့အဖို့ ကလပ်လူဟောင်းတွေနှင့် မိတ်ဆက်ပေးရမည်မို့ သူမ၏ကားကို ယူမလာဘဲ အောင်အောင်က ကားဖြင့် ဝင်ခေါ်ခဲ့သောကြောင့် ယခု အပြန်တွင် အောင်အောင်က ပြန်ပို့ပေးရခြင်းဖြစ်ပေသည်။

ဗိုလ်အောင်ကျော်လမ်းမှ အောင်အောင်၏အခန်းမှာ ဒုတိယထပ်တွင်ဖြစ်ပေသည်။

သူ့တိုက်ခန်းရှေ့တည့်တည့် အောက်ပလက်ဖောင်းဘေးတွင် အက်စီးကားဖြူလေးကို ရပ်ကာ မှန်ပိတ်သော့ပိတ်ပြီး အောင်အောင် သူ့အခန်းသို့ တက်ရောက်လာခဲ့သည်။

နောက်ပြီး ရက်ကက်ကို ဖရိန်တပ်ပြီးနောက် ရေချိုးခန်းဝင်၍ ရှာဝါရေပန်းဖွင့်ကာ ရေချိုးတော့သည်။



ရေချိုးပြီးပါက အဝတ်အစားလဲပြီး တောင်ဥက္ကလာ (၁)ရပ်ကွက်တွင် နေထိုင်သူ ကိုလှိုင်ဘွားထံ သွားရမည်။ ကိုလှိုင်ဘွားအား မိမိ၏လုပ်ငန်း တိုးတက်မှုအခြေအနေကို တင်ပြရပေမည်။

ယခု လက်ရှိ အခြေအနေတွင် ကိုလှိုင်ဘွားသည် မိမိ၏အလုပ်ရှင် ဖြစ်နေသည်။

ယခု မိမိနေထိုင်သော ဗိုလ်အောင်ကျော်လမ်းမှ တိုက်ခန်းကို ဝယ်ယူခြင်း၊ တိုက်ခန်းတစ်ခုလုံး အိမ်ထောင်ပရိဘောဂပြည့်စုံစွာ ထားရှိခြင်း၊ တယ်လီဖုန်းတပ်ဆင်ပေးထားခြင်း အားလုံးသည် ကိုလှိုင်ဘွားက မိမိအတွက် စိုက်ထုတ်ကုန်ကျပေးထားခြင်းဖြစ်သည်။

တိုတိုပြောရလျှင် မိမိသည် ကိုလှိုင်ဘွား၏ ငါးစာကောင်းကောင်းတပ်ထားသော ငါးမျှားချိတ်ကို ဟပ်မိသောငါးတစ်ကောင်ဖြစ်နေပါ၏။

"ကလင် ... ကလင် ... ကလင်"

အိမ်ရှေ့ခန်းမှ တယ်လီဖုန်းမြည်သံကို ရေချိုးခန်းမှ အောင်အောင် ကြားရပါ၏။

သို့သော် ရေချိုးလျက်တန်းလန်းကြီးမို့ မထွက်နိုင်ပေ။ ယခု ခေါ်၍မရလျှင် အရေးကြီးသောကိစ္စဖြစ်ပါက နောက်တစ်ခါ ပြန်ခေါ်လိမ့်မည်ဟု အောင်အောင် တွက်ကာ ရေကို ပြီးအောင်ဆက်ချိုးသည်။

ရေချိုးပြီးနောက် တစ်ကိုယ်လုံး ရေစင်အောင် မျက်နှာသုတ်ပဝါဖြင့်သုတ်သည်။ ဆံပင်ရေစိုကိုလည်း မျက်နှာသုတ်ပဝါဖြင့် ပွတ်တိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ်နှင့် ချည်ချောလုံချည်ထုတ်ယူကာ ဝတ်ဆင်ပြီး ခေါင်းဆံပင်စိုနေသေးသည်ကို ဟဲယားဒရိုင်ယာဖြင့် သွေ့ခြောက်အောင်ပြုလုပ်နေစဉ်မှာပင် ထပ်မံ၍ တယ်လီဖုန်းမြည်လာပြန်သည်။

အောင်အောင်က ဒရိုင်ယာခလုတ်ပိတ်လိုက်ပြီး တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ပြောပါ၊ အောင်အောင် ပြောနေပါတယ်"

"ဩော် ... ဩော် ... အောင်အောင်ဆိုတဲ့ ရွှေမင်းသားက အခုမှ အိမ်ပြန်ရောက်တော့သကိုး၊ ငါ မင်းဆီဆက်တာ အခုတစ်ခါနဲ့ဆိုရင် သုံးခါရှိသွားပြီ အောင်အောင်"

တစ်ဖက်ကလူသည် ကိုလှိုင်ဘွားမှန်း အသံကြားရုံနှင့် အောင်အောင်သိသည်။ သို့တစေ ကိုလှိုင်ဘွား၏ လေသံသည် အထက်စီးဆန်လွန်းသည်ဟု အောင်အောင် ထင်သဖြင့် ပြန်၍ ခွတိုက်စကား ပြောလိုက်ပါ၏။

"သုံးခါမကလည်း သုံးရာပြည့်အောင်ဆက်ချင်လည်းဆက်ပေါ့ဗျာ၊ အခု ခင်ဗျားပြောဖို့က ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ဆီကို ဘာလို့ ဆက်တာလဲဆိုတာကို ပြောဖို့ပဲ"

"ဟော့ ... အောင်အောင်၊ မင်းဟာက ရင့်လှချည်လား၊ အခုဆက်နေတာ လှိုင်ဘွားလေကွာ၊ မင်းက ငါ့အသံကိုတောင် မကျက်မိပါလား"

အောင်အောင်က တစ်ယောက်တည်း ကျိတ်ပြုံးလိုက်ပါ၏။

"ဩော် ... ကိုလှိုင်ဘွားလား၊ ကျွန်တော့်မှာ အဲဒီချွတ်ယွင်းချက်တော့ရှိတယ်ဗျ၊ တယ်လီဖုန်း တစ်ဖက်ကခေါ်တဲ့သူဟာ အမျိုးသမီးရဲ့အသံဆိုရင် ကျုပ် ဒါ ဘယ်သူ့ရဲ့ ဘယ်အမျိုးသမီးပဲဆိုတာ ဒက်ခနဲသိတယ်၊ အဲ ... အမျိုးသားအသံဆိုရင်တော့ ဘယ်သူဘယ်ဝါမှန်း ကျုပ် အသံမကျက်မိဘူး၊ ဆောရီးပေါ့ဗျာ"



"ဟ ... အောင်အောင်၊ မင်းက အရေးထဲ ငါ့ကို ပညာပြနေပြန်ပြီ၊ ငါမှန်းသိလို့ မင်း တမင်ကြောင်မှန်း ငါသိတယ်"

"ကဲ ... ကိုလှိုင်ဘွား၊ ကျုပ်ရဲ့လုပ်ငန်းတိုးတက်မှုအခြေအနေကို ခင်ဗျား သိပ်သိချင်နေတယ်မဟုတ်လား၊ ခင်ဗျား အိမ်က စောင့်နေ၊ ကျုပ် အခုလာခဲ့မယ်"

"မလာနဲ့ ... မလာနဲ့၊ မောင်ရင် ငါ့အိမ်မလာနဲ့၊ မင်းနဲ့ငါ အဆက်အသွယ်ရှိနေတာကို လူမသိလေ၊ လူမမြင်လေ ကောင်းလေပဲ"

"မလာနဲ့ဆိုလည်း မလာတော့ဘူးဗျာ၊ ကဲ ... ဒါပဲမဟုတ်လား ကိုလှိုင်ဘွား"

"ဒီမယ် အောင်အောင်၊ မင်း ကန်သာယာကလပ်က ခြောက်နာရီမှာ ပြန်ခဲ့တယ်၊ မာဂရက်ချိုကို စမ်းချောင်း ဖျာပုံလမ်းအိမ် မင်း ဝင်ပို့ပေးပြီး ပြန်ထွက်လာတော့ ခြောက်နာရီနှစ်ဆယ့်ငါးမိနစ်ရှိပြီ"

"ဘာလဲ ကိုလှိုင်ဘွား၊ ခင်ဗျားက ကမ္ဘာပြေးခုန်ပစ်ပွဲမှာ နာရီနဲ့မိနစ်နဲ့ စက္ကန့် စံချိန်တင်သလို တင်ပြီး ပြောနေတာလား"

"မင်း မာဂရက်ချိုအိမ်က ခြောက်နာရီ နှစ်ဆယ့်ငါးမှာ ပြန်ခဲ့ရင် မင်းရဲ့ ဗိုလ်အောင်ကျော်လမ်းတိုက်ခန်းကို ခုနစ်နာရီထက် နောက်ကျရောက်စရာမရှိဘူး၊ အခု ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲလိုတော့တယ်၊ ခုနစ်နာရီနဲ့ အခု ရှစ်နာ

www.burmeseclassic.com

www.burmeseclassic.com



ရှိထိုးဖို့ ဆယ့်ငါးမိနစ်ကြားထဲမှာ မင်းကို ငါ ဖုန်းနှစ်ခါ ဆက်တယ်၊ မရဘူး၊ အခု တတိယအကြိမ် ဆက်တာ၊ ဒီကြားထဲက အချိန်ပိုင်းမှာ မင်း ဘယ်သွားနေလဲ အောင်အောင်"

"ဘယ်မှမသွားဘူး အိမ်မှာပဲရှိတယ်၊ ဘာလဲ ... ခင်ဗျားက ကျွန်တော် တာဝတိံသာတက်ပြီး သိကြားမင်းနဲ့ သွားတွေ့နေတယ်ထင်လို့လား"

"ဟုတ်တယ်"

"ဘာကွ"

"ဒီမှာ ကိုလှိုင်ဘွား၊ ကျုပ် အိမ်ပြန်ရောက်ပြီး ရေမချိုးခင် တင်းနစ်ရက်ကက်ကို ဖရိန်ထဲထည့်ပြီး လေးဖက်ဝက်အူညီအောင် ကျပ်ပေးနေရတယ်ဗျ၊ ခင်ဗျား တင်းနစ်ရက်ကက်အကြောင်း နားလည်ရဲ့လား၊ ရက်ကက်ဆိုတာ မရိုက်တဲ့အချိန်မှာ ရာသီဥတု အပူဒဏ် အအေးဒဏ်ကြောင့် ကြိုးတွေတင်း၊ ဖရိန်တွေကွေးဖြစ်တတ်တယ်၊ ဒါကြောင့် လေးဖက်လေးတန် ပေါင်ညှပ်ပြီး ဝက်အူကျပ်ထားရတယ်၊ အဲဒါလုပ်ပြီးတာနဲ့ ကျုပ် ရေချိုးခန်းဝင်ပြီး ရေချိုးတယ်၊ ခေါင်းလျှော်ပြီးချိုးနေတာမို့ တယ်လီဖုန်းမြည်တာကို ကျုပ် မကြားနိုင်တာဖြစ်နိုင်တယ်"

"ဟ ... ငါက ဆယ်မိနစ်တစ်ကြိမ်နဲ့ နှစ်ကြိမ်တောင် ဆက်တာကွ၊ မင်းက မိနစ်နှစ်ဆယ်လုံးလုံး ခေါင်းလျှော်ရေချိုးနေလို့လား"

"ရေချိုးရင်း အိမ်ရှေ့က ဖုန်းမြည်သံတော့ တစ်ခါကြားလိုက်သားပဲ"



"ကြားလျက်သားနဲ့တောင် မင်းက ထွက်မကိုင်ဘူးတဲ့လား ကွာ"

"ခင်ဗျားကော ရေချိုးခန်းထဲမှာ ကိုယ်တုံးလုံးဖြစ်နေတုန်း တယ်လီဖုန်းလာသံကြားရင် ထွက်ကိုင်မလား ကိုလှိုင်ဘွား၊ ကျုပ်ထင်တယ်လေ၊ အရှက်ရှိတဲ့လူဆိုရင်တော့ ထွက်မကိုင်ဘူး၊ ခင်ဗျားလိုလူကတော့ မပြောတတ်ဘူး"

"အံမာ ... မင်းက ငါ့ကို အရှက်မရှိဘူးလို့ပြောတာလား အောင်အောင်"

"ဒီမယ် ကိုလှိုင်ဘွား၊ နောက်တစ်ခု ကျွန်ုတော်ပြောမယ်၊ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက် သဘောတူလုပ်တဲ့ လုပ်ငန်းမှာ ကျုပ်တာဝန်ကျေရဲ့လား၊ တာဝန်မကျေဘူးလားဆိုတာ အချိန်တန်ရင် ခင်ဗျား စုံစမ်းစစ်ဆေးနိုင်တာပဲ၊ ကျုပ် တာဝန်မကျေဘူးဆိုရင် ခင်ဗျား ထောက်ပြနိုင်တယ်၊ အခုတော့ ခင်ဗျားဟာက လုပ်ငန်း စလုံးရေစရုံရှိသေးတယ်၊ ကျုပ်နောက်မှာ ခင်ဗျားက ရှဲဒိုးတွေချပြီး မယုံသင်္ကာနဲ့ အောင်အောင်၊ မင်းကို ငါ ယုံကြည်ပါတယ်၊ မင်းနောက်မှာ ငါက ဘာရှဲဒိုးမှလဲ ချမထားပါဘူးကွာ"

ကိုလှိုင်ဘွားလိုလူစားသည် ဒီလိုလူစားမျိုးသာဖြစ်သည်။

သူ့ကိုယ်သူ လူမိုက်လိုလိုနှင့် တစ်ဖက်လူကို ငေါက်ကြည့်သည်။ ဟောက်ကြည့်သည်။

အောင်အောင်လို အဟောက်မခံ၊ အငေါက်မခံရသူ သာ ပြန်ဟောက်ပြန်ငေါက်လျှင် ကိုလှိုင်ဘွားလိုလူက ချက်ချင်း ချော့ပေးပြီး အပျော့ဆွဲပြန်ဆွဲတတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ အောင်အောင်၊ ငါက ဘာလို့ မင်းနောက်ကို ရှဲဒိုးချရမှာလဲ၊ အခု လုပ်ငန်းက နှစ်ဦးအကျိုးတူခံစားဖို့ပဲ ဟာ၊ ငါ မင်းဆီကို ဖုန်းဆက်လို့မရတော့ မာဂရက်ချိုအိမ်ကို လှမ်းမေးတယ်၊ မာဂရက်က ကန်သာယာကပြန်တဲ့အချိန်နဲ့ သူ့ကို လိုက်ပို့ပြီး မင်းပြန်သွားတဲ့အချိန်ကို အတိအကျ ပြောလို့ ငါက မင်းကို ပြန်ပြောနိုင်တာပါ၊ ဘာရှဲဒိုးမှ မချမပါဘူးကွား ကဲပါလေ ... ဒါတွေ ဘေးချိတ်ထားလိုက်ပါ၊ ကနေ့ မင်းလုပ်ငန်းအခြေအနေ ဘယ်လိုရှိခဲ့တယ်ဆိုတာ ပြောပါဦး အောင်အောင်"

"မာဂရက် မိတ်ဆက်ပေးသလောက် လူတွေနဲ့ သိကျွမ်းခဲ့ရတယ်၊ ကိုလှကြိုင်ဆိုတဲ့လူနဲ့ တစ်ပွဲရိုက်ခဲ့တယ်၊ ကျုပ်ရှေ့ပိုင်း ဖိရိုက်ပြီး နောက်ပိုင်း လျှော့ပေးလိုက်တယ်"

"ဒါတွေက သာမန်ပါ၊ ဟိုကောင်မလေးနဲ့ကော မင်း မိတ်ဆွေမဖြစ်ခဲ့ဘူးလား"

"မာဂရက် မိတ်ဆက်ပေးလို့ သိကျွမ်းရတာ၊ ဝမ်းသာပါတယ်ဆိုတာလောက်ပဲဖြစ်ခဲ့တယ်"

"ညံ့တာပေါ့၊ တကယ်ဆို ဒီနေ့အဝင်မှာ ဒီကောင်မလေးနဲ့ မင်း တစ်ပွဲလောက်တော့ ရိုက်ခဲ့ဖို့ကောင်းတယ်"

"ကျုပ် ညံ့တယ်ဆိုရင် ကျုပ်ထက်တော်တဲ့လူကို ကိုလှိုင်ဘွား ရှာရလိမ့်မယ်၊ အဲဒီ တော်တဲ့လူကို ကျုပ်နေရာမှာ ကိုလှိုင်ဘွား အစားထိုးလိုက်ပေါ့"

"ဘယ်ဖြစ်မလဲကွ၊ မင်းနဲ့ငါက အတွင်းကျကျကြီး တိုင်ပင်ထားပြီး ထားခဲ့တာတွေ တခြားလူကို ငါက ထပ်ပြီးတိုင်ပင်ရင် ဒူဟူဟူလို့ မောင်းခတ်ကြေညာလိုက်တာကမှ ထော



ဦးမယ်၊ နောက်ပြီး ဒီအလုပ်မှာ မင်းသာလျှင် အသင့်တော်ဆုံးလို့ ငါက ရွေးချယ်ထားတာပဲ၊ မင်းလိုလူမျိုး နောက်ထပ် ငါ လူစားမရနိုင်ဘူး အောင်အောင်"

"ဒါဆိုလည်း ခင်ဗျား သိပ်မလောနဲ့ပေါ့ ကိုလှိုင်ဘွား"

"လောတယ်တော့ ဘယ်ဟုတ်မလဲကွ၊ မင်း စဉ်းစားကြည့်ပါ၊ ဒီကိစ္စမျိုး ဆိုတာက အချိန်တိုလေ ရက်နည်းလေ၊ ကောင်းလေပဲ၊ အချိန်သိပ်ကြာသွားရင် ကိုယ့်အကြံအစည်ကို သူများရိပ်မိမယ်၊ နောက်ပြီး ရဲအဖွဲ့က တစေ့တစောင်း ကြည့်လာပြီဆိုရင် ပြီးရော၊ သဲထဲရေသွန်တွေဖြစ်ကုန်မယ်"

"ခင်ဗျားလည်း ပြန်စဉ်းစားပါ ကိုလှိုင်ဘွား၊ တောထဲက ကျားရိုင်းဆင်ရိုင်းကို ထောင်ချောက်ဆင် ကျုံးသွင်းရတာ တောင်မလွယ်ဘူးဆိုပေမယ့် မခက်ခဲဘူး၊ ဒါတွေက အသိဉာဏ်နည်းတဲ့တိရစ္ဆာန်ကိုး၊ အဲ ... အသိဉာဏ်ရှိနေတဲ့ လူလူချင်း ထောင်ချောက်ဆင်ရတာ မြူဆွယ်ရတဲ့အလုပ် ကျတော့ ခက်တယ်ဗျ"

"ခက်မှန်းသိလို့လည်း မင်းကို တမင်ရွေးပြီး စီစဉ်ရတာပေါ့ အောင်အောင်၊ မင်းဟာ အရွယ်လည်း ငယ်တယ်၊ မင်းကိုယ့်ဘဝကိုယ် စဉ်းစားပေါ့ အောင်အောင်၊ အရွယ်ကောင်း ရုပ်ချော၊ ပညာတတ် မင်းလိုလူတစ်ယောက် ထောင်ကျမယ်၊ ကြိုးကျမယ်၊ ကျွန်းကျမယ်ဆိုရင် အခင်မတန် နှမြောစရာကောင်းတာပေါ့"

"ဘာလဲ၊ ခင်ဗျားစကားက ကျုပ်ကို နိုင်ချက်ထုတ်ပြီး ခြိမ်းခြောက်လိုက်တာလား ကိုလှိုင်ဘွား"

www.burmeseclassic.com

www.burmeseclassic.com



"ခြိမ်းခြောက်တာ မင်းနဲ့ငါရဲ့ကြားမှာ မရှိသင့်ဘူး အောင်အောင်၊ အခု ငါပြောတာက မင်း မေ့မေ့လျော့လျော့နဲ့ ဖြစ်နေရင် ငါ့တာဝန်က သတိပေးရမယ့်တာဝန်မို့ မင်းကို သတိပေးတာ၊ ငါတွက်ထားတာက မင်းဟာ ဒီကွင်းကို ဆင်းတဲ့နေ့မှာပဲ ကောင်မလေးနဲ့ တစ်ပွဲနှစ်ပွဲရိုက်ပြီး ရင်းနှီးသွားမယ်လို့ ငါတွက်ထားတာ၊ ခု ငါ့တွက်ကိန်းမဝင်လို့ မင်းကို ပြောနေရတာ"

အောင်အောင်သည် ကိုလှိုင်ဘွား၏ ခြိမ်းခြောက်စကားကြောင့် မေးရိုးကြီးများထောင်လာအောင် အံကြိတ်မိသည်။ ကိုင်ထားသော တယ်လီဖုန်းကို ကျစ်ကျစ်ပါအောင် လက်သီးဆုပ်သလို ဆုပ်ကိုင်ထားမိသည်။

"ဘယ့်နှယ်လဲကွ အောင်အောင်၊ ငါတွက်ထားတာကို မင်း ဘယ်လိုဆင်ခြေပေးမလဲ"

"ခင်ဗျားက လိပ်စာစ်ကောင်လို ကိုယ့်ဘက်ယက်ပြီး တွက်ထားတဲ့အတိုင်း လုပ်ငန်းကိစ္စက ဖြစ်ချင်မှဖြစ်နိုင်မယ် ကိုလှိုင်ဘွား၊ အခုလုပ်နေတာက နွားကို နဖားကြိုးထိုးပြီး ဘယ်လှည့်ညာလှည့် နာဖားကြိုးဆွဲလှည့်လို့ရတာမျိုး မဟုတ်ဘူး၊ မြင်းပါးစပ်ထဲ ပါးချပ်ထည့်ပြီး လိုရာခိုင်းတာမျိုး အလုပ်ဗျ၊ လူလူချင်း သွေးဆောင်ဖြားယောင်းရမယ့် အလုပ်ဗျ၊ နောက်တစ်ချက်က သူတို့မောင်နှမဟာ သူ့အိမ်က အဘိုးကြီး စောစောပြန်ခဲ့လို့ မှာထားလို့ ညနေ ငါးနာရီ လောက်ကတည်းက အစောကြီးပြန်သွားတယ်၊ အဲဒါ ကျုပ်က အတင်းလက်ဆွဲပြီး တစ်ပွဲလောက် ရိုက်သွားပါဦး လို့ပြောလို့ရနိုင်မလား၊ ကာလ ဒေသ အင်္ဂါ ခန့်တဲ့



အချိန်ကာလနဲ့ အခြေအနေပေးလာမှ လုပ်လို့ရတယ်ဆိုတာ ခင်ဗျား နားလည်ထားပါ ကိုလှိုင်ဘွား"

"အေးပါကွာ၊ ဒါတွေက မင်းက လက်တွေ့ကွင်းဆင်းရတဲ့ လူဆိုတော့ မင်းပြောတာကို ငါ လက်ခံပါတယ်၊ ဒီနေ့ အဆင်မပြေရင် နက်ဖြန်တော့ အဆင်ပြေအောင် ကြိုးစားပါ အောင်အောင်"

"နက်ဖြန် စောင့်ကြည့်ပေါ့ဗျာ၊ ကဲ ... ကျွန်တော် အပြင် ထွက်ထမင်းစားမလို့၊ ဒါပဲ မဟုတ်လား"

အောင်အောင်က ဖုန်းကို အရင်ချလိုက်တော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



# ၃

"ဟော ... မစိမ်းပါလား၊ ဒီနေ့လာတာ စောသားပဲနော်"

"ဩော် ... ကိုအောင်အောင်၊ ဟုတ်တယ်၊ ဒီနေ့ စိမ်းလာတာ စောတယ်၊ ကိုကိုဟန်ဝင်းလည်း မပါတာရယ်၊ မနေ့က စိမ်း တစ်ပွဲတည်း ဖြူဖြူနဲ့ရိုက်သွားရတာကို မကျေနပ်တာရယ်ကြောင့် ဒီနေ့ တမင်စောစောထွက်လာတာ"

စိမ်း၏စကားမှာ ပါဇလစ်ကာပစ်ကပ် ကားဖြူလေး ဖြစ်သည်။ စိမ်းကိုယ်တိုင် တစ်ယောက်တည်း မောင်းလာခြင်းဖြစ်ပါ၏။

စိမ်းတို့အိမ်တွင် အိမ်သုံးကားနှစ်စီးရှိသည်။ တစ်စီးမှာ မှန်ကာလာ၊ လေအေးစက်၊ ပါဝါစုံ ဖိုက်စပီ တိုယိုတာ ဆော်ရီလာ လိမိတက်ကားဖြစ်သည်။

ထိုကားကြီးကို ဘဘဆွေ လုပ်ငန်းကိစ္စဖြင့် သွားလျှင်သော်လည်းကောင်း၊ ဖိတ်ကြားထားသော မင်္ဂလာပွဲ ဘာပွဲ ညာပွဲများသို့ ဘဘဆွေ သွားလျှင်သော်လည်းကောင်း စီးလေ့ရှိသည်။

ယခု ပါဇလစ်ကာကားကလေးကတော့ အိမ်ဈေးသွားကိစ္စ၊ ကိုကိုဟန်ဝင်း ဟိုသွားသည်သွားကိစ္စ၊ စိမ်းလည်း



ထိုသွားသည်သွားကိစ္စများအတွက် အကြမ်းသုံးထားသောကား ဖြစ်ပေသည်။

ခါတိုင်း ကန်သာယာတင်းနစ်ကလပ်သို့ ကိုဟန်ဝင်းနှင့်စိမ်းသည် ယင်းပါဇလစ်ကာကားဖြင့်ပင် အတူလာ၊ အတူပြန်ဖြစ်ပေသည်။

ယခု ကိုကိုဟန်ဝင်းအား ဘဘဆွေက လုပ်ငန်းကိစ္စတစ်ခုအတွက် ဘဘဆွေကိုယ်စား ကိုကိုဟန်ဝင်းကို စေလွှတ်လိုက်သည်။ ဟိတ်ဟန်နှင့် သွားရမည့်ကိစ္စမို့ ကိုကိုဟန်ဝင်းအား လိမိတက်ကားကို ယူသွားစေသည်။

ညနေ (၄)နာရီအထိ ကိုကိုဟန်ဝင်း ပြန်မရောက်လာသေး။

စိမ်းက ယနေ့ တင်းနစ်ကွင်းသို့ စောစောလာချင်နေမိသည်။

အမိကလာချင်သည်မှာ မင်ဘာသစ် ကိုအောင်အောင်နှင့် လက်ရည်ပြိုင်ရိုက်စမ်းချင်သောဆန္ဒ မနေ့ကတည်းက ရှိနေခဲ့သည်။ ကိုကိုဟန်ဝင်း လောဆော်သောကြောင့် မရိုက်ရဘဲ အစောကြီး အိမ်ပြန်ခဲ့ရသည်။

အမှန်တော့ အောင်အောင်သည် စောစောကတည်းက ရောက်နှင့်နေပြီးသားဖြစ်သည်။ ကလပ်ခြံဝင်းထဲသို့ မဝင်သေးဘဲ အပြင်ဘက် အကွယ်တစ်နေရာတွင်ရပ်ပြီး စိမ်း အလာကို စောင့်နေခြင်းဖြစ်သည်။ စိမ်းဝင်လာမှ လိုက်လာပြီး စိမ်း၏ ပါဇလစ်ကားဘေးမှာပင် သူ့ကားကို ယှဉ်ရပ်ရင်း စိမ်းကို နှုတ်ဆက်စကားပြောခြင်းဖြစ်သည်။

"ကိုအောင်အောင်လည်း ဒီနေ့လာတာ စောသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



“တမင်စောစောလာခဲ့တာပဲ မစိမ်း၊ မနေ့က မစိမ်းတို့ မောင်နမ ပြန်သွားကြမှ မစိမ်းအကြောင်းကို ဖြူဖြူတို့၊ ကိုလှကြိုင်တို့က ပြောကြတယ်လေ”

“ဘာတွေများ စိမ်းအကြောင်းပြောလို့လဲ”

“မစိမ်း တင်းနစ်ရိုက်တာ ကန်သာယာကလပ်ကွင်းမှာတော့ ပထမအဆင့်ပဲတဲ့၊ မနေ့က မစိမ်းနဲ့ မရိုက်လိုက်ရလို့ ဒီနေ့တော့ မစိမ်းနဲ့ ကျွန်တော် ရိုက်ကြည့်ချင်တာနဲ့ စောစောထွက်လာတာ၊ မစိမ်းကိုစောင့်ပြီး ရောက်တာနဲ့ မစိမ်းနဲ့ တွဲရိုက်ဖို့ ခွင့်ပန်ပြီး ပွဲစဉ်ရအောင် ကွင်းမှာ နေရာယူမလားလို့”

ဤနေရာတွင် စိမ်း၏ ရင်ထဲ၌ အလိုလိုကျေနပ်မှု တစ်ခု ခံစားရသည်။ စိမ်းကိုယ်တိုင်က ကိုအောင်အောင်နှင့် ရိုက်ချင်နေသလို ကိုအောင်အောင်က မိမိနှင့်ရိုက်ချင်သည့် စိတ်ကူးချင်း တူညီနေမှုကို ကျေနပ်ခြင်းဖြစ်ပေသည်။

နှစ်ဦးသား ကိုယ်စီ မော်တော်ကားမှန်ပိတ် သော့ခတ်ပြီး ကုန်းမြင့်လှေကားထစ်များမှ အောက်သို့ ယှဉ်တွဲဆင်းလာခဲ့သည်။

ယှဉ်တွဲဆင်းခဲ့ရာတွင် အောင်အောင်သည် ဘေးသို့ အတတ်နိုင်ဆုံး ကပ်ပြီး ဆင်းခဲ့သည်။ မတော်တဆ စိမ်း၏ပခုံးကိုဖြစ်ဖြစ်၊ လက်မောင်းကိုဖြစ်ဖြစ် ထိမိတိုက်မိလျှင် မိမိက စိမ်းအပေါ်အသားယူသည်၊ အခွင့်အရေးယူသည်ဟု စိမ်းစိတ်ထဲက ထင်သွားမည်စိုးသောကြောင့် ဖြစ်ပါ၏။

ဒါကို စိမ်းကိုယ်တိုင်ကလည်း ရိပ်မိသည်။



ရိပ်မိသည့်အတွက်လည်း ကိုအောင်အောင်အား စိမ်းလေးစားပါ၏။ စိမ်းတွေ့ဖူးသမျှ ယောက်ျားများသည် မိမိအစ်ကို ဝမ်းကွဲ ကိုကိုဟန်ဝင်းမှအစ ယေဘုယျအားဖြင့် စိမ်း၏မျက်နှာ အလှသာမက ရင်အလှ၊ တင်အလှများကို ရမ္မက်ဆန်သော မျက်လုံးများဖြင့် ကြည့်တတ်ခြင်း၊ မတော်တဆလိုလိုဖြင့် မိမိ၏အသားကို ထိမိစေဖို့ ကြံစည်ကြိုးစားကြခြင်းများကို စိမ်း တွေ့ရတတ်သည်။

ကိုအောင်အောင်၌ ဒါမျိုးတွေမရှိ၊ မိမိကိုကြည့်လျှင်ပင် လည်ပင်းအထက် မျက်နှာကိုသာ ကြည့်ပေသည်။

“ကျွန်တော်တို့ ဘယ်ကွင်းမှာကစားမလဲ မစိမ်း”

“ကွင်းတစ်အားရင် ကွင်းတစ်မှာပဲ ကစားကြမယ်၊ ကွင်းတစ်က နေရောင်ထိုးသက်သာတယ်”

“ဘယ်နှပွဲ ကစားမလဲ မစိမ်း”

“သုံးပွဲစာရင်းပေးထားလေ၊ တကယ်လို့ ကိုအောင်အောင်ဖြစ်ဖြစ်၊ စိမ်းဖြစ်ဖြစ် နှစ်ပွဲဆက်တိုက်နိုင်ရင် ပွဲသိမ်းပြီပေါ့၊ အဲ ... သူတစ်ပွဲကိုယ်တစ်ပွဲ နိုင်ထားတယ်ဆိုရင်တော့ တတိယပွဲနဲ့ အရှုံးအနိုင် ဆုံးဖြတ်မယ်လေ”

“ကောင်းပြီ မစိမ်း၊ ဒါဆို ကျွန်တော် ပွဲစဉ်စာရင်း သွားပေးမယ်”

စိမ်းက ခေါင်းညိတ်ပြသည်။

အောင်အောင် ထွက်သွားသည်ကို ကျောပိုင်းမှ စိမ်း ရပ်ကြည့်နေသည်။

ဘယ်လိုကြည့်ကြည့် ကိုအောင်အောင်သည် ကြည့်၍ကောင်းသော ယောက်ျားတစ်ဦးဖြစ်သည်ဟု မှတ်ချက်ပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းအတွက် ယနေ့အဖို့ အထူးဆန်းဆုံးတစ်ခုမှာ ကုန်းမြင့်လှေကားမှ နှစ်ဦးသားအတူ ဆင်းသက်လာတာတွင် စိမ်း၏ရင်မှာ အလိုလိုခုန်လာမိသည်။

ယခင်က ဤနှယ် ဤသို့ တစ်ကြိမ်တစ်ခါမျှ ရင်မခုန်စဖူးခဲ့ပေ။ စိမ်းသည် ဘာရယ်မဟုတ် ကိုအောင်အောင်ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။

အချိန်အတန်ငယ် စောသေးသောကြောင့် ကလပ်သို့ လူများများ မရောက်လာကြသေး။

ကွင်း(၁)လည်း အားလပ်နေသဖြင့် အောင်အောင်နှင့် စိမ်း စတင် ကစားကြပေသည်။

တစ်ခဏအတွင်းမှာပင် တစ်ယောက်လက်ကိုတစ်ယောက် အကဲခတ်မိတော့သည်။

စိမ်း၏လက်ရည်သည် မနေ့က ကိုလှကြိုင်ထက်သာပြီး အဆင့်မြင့်လက်ရည်ဖြစ်သည်။

ပထမပွဲတွင် အောင်အောင်က ကြိုးစားပြီးအနိုင်ရိုက်ကစားရန် ဆုံးဖြတ်သည်။

သို့မှသာ ဒုတိယပွဲနှင့် တတိယပွဲအထိ ဆက်ကစားရမည်ဖြစ်ပေသည်။

ပထမပွဲတွင် အောင်အောင်က နိုင်သွားပေသည်။

ဒုတိယပွဲ ဆက်ပြန်သည်။

ဒုတိယပွဲတွင် အောင်အောင်က နှစ်မှတ်ဖြင့် ရှုံးသွားတော့သည်။ သရေပွဲဖြစ်သွားပေပြီ။

"ဟွန်း ... ကိုအောင်အောင် ဒီပွဲမှာ လျှော့ရိုက်တာ"



"မဟုတ်ပါဘူး၊ ကျွန်တော် လျှော့မရိုက်ပါဘူး၊ မစိမ်းလက်ရည်ကိုက ပထမပွဲထက် ပိုကောင်းလာလို့ပါ၊ နောက်ပြီး ကျွန်တော်က တစ်ပွဲအပြီးမှာ နာရီဝက် တစ်နာရီလောက်အနားမယူဘဲ ဆက်ရိုက်ရင် လက်ပန်းကျတယ်၊ ခြေလှမ်းပျက်တယ် မစိမ်း"

ပြောပြောဆိုဆို အောင်အောင်က ငါးသုံးလုံး စီးကရက်ဘူးထုတ်ကာ တစ်လိပ် မီးညှိရှူဖွာသောက်ပေသည်။

"ဒါကြောင့် ကိုအောင်အောင် အမောမခံနိုင်တာ၊ စီးကရက်သိပ်သောက်တဲ့လူ၊ အရက်သိပ်သောက်တဲ့လူဟာ အမောမခံနိုင်ဘူးပေါ့၊ ကဲ ... ဒါဆိုလည်း ဒီကွင်းထဲမှာ မနားဘဲ စားသောက်ဆိုင်မှာ သွားနားမယ်လေ၊ သံပရာရည်သောက်ပြီး နားပေါ့"

"ဒီမှာပဲ ခဏနားကြတာပေါ့ မစိမ်း၊ စားသောက်ဆိုင်ကို ထွက်သွားရင် ကွင်းအားသွားပြီဆိုပြီး နောက်တစ်ပွဲဝင်ရိုက်ရင် မစိမ်းနဲ့ ကျွန်တော်ရဲ့ တတိယပွဲ မရိုက်ရဘဲဖြစ်သွားမယ်၊ လူတွေ တော်တော်စုံအောင် ရောက်နေကြပြီလေ"

စိမ်းက အောင်အောင်၏စကားကို လက်ခံပေသည်။

စိမ်း သည်နေ့ ပျော်သည်။

မိမိနှင့် လက်ရည်တူသမားနှင့် အကြိတ်အနယ် [illegible]ရသောကြောင့် ပျော်ခြင်းဖြစ်သည်။

ပြီး ဘာကြောင့်မှန်းတော့မသိ၊ ကိုအောင်အောင်နှင့် [illegible]ရသည်ကိုလည်း စိမ်း ပျော်မိလေခြင်းလားမပြောတတ်။

နှစ်ယောက်သား အရိပ်ကောင်းသော ကွင်း[illegible]ရှိ [illegible]ပင်ကြီးအောက် မြက်ခင်းတွင် ထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာချင်းတူသည်။ ချက်ချင်း ခင်မင်ရင်းနှီးမှု မြန်ကြတတ်သည်။

"ကိုအောင်အောင် ဘယ်အသက်အရွယ်ကစပြီး ဆေးလိပ်တို့ အရက်တို့ သောက်သလဲဟင်"

"ကျွန်တော် အသက်နှစ်ဆယ်အထိ ဆေးလိပ်မသောက်ပါဘူး၊ အရက်မသောက်ပါဘူး မစိမ်း၊ အဲ ... နိုင်ငံခြားသင်္ဘောလိုက်မှ အရက်နဲ့ စီးကရက် သောက်တတ်တာပါ၊ သင်္ဘောပေါ်ကျတော့ အရက်နဲ့ စီးကရက်ဟာ အလကားနီးပါလောက် သင်္ဘောသားတွေကို ပေးတယ်၊ သင်္ဘော ဘာမှမဖြစ်ဘဲ ငြိမ်ငြိမ်သက်သက် ခုတ်မောင်းနေတဲ့အချိန်မှာဆိုရင် အလုပ်အားပြီး သိပ်ပျင်းစရာကောင်းတယ်၊ ရှေ့နောက်ဝဲယာ ဘယ်ကိုပဲကြည့်ကြည့် ပင်လယ်ရေပြင်ကိုသာ တွေ့နေရတယ်၊ ဒီတော့လည်း အပျင်းပြေဆိုပြီး စီးကရက်သောက်၊ အရက်သောက်ကစပြီး သောက်တဲ့အကျင့်ပါသွားတာပဲ၊ နောက်တစ်ချက်က သင်္ဘောပေါ်မှာရှိတဲ့ လူအားလုံးနီးပါးဟာ အရက်နဲ့ စီးကရက်သောက်တဲ့ လူချည်းပဲ၊ ဝိုင်းဖွဲ့ပြီး ပြောဆိုတဲ့ ဝိုင်းမှာဆိုလည်း အရက်နဲ့စီးကရက်ပါတာပဲ၊ စားသောက်ဝိုင်းမှာလည်း အရက်နဲ့ စီးကရက်ပါတာပဲ၊ အဲဒီပုံစံနဲ့ ကျွန်တော် စီးကရက် စွဲသွားတာပဲ မစိမ်း"

"အရက်လည်း စွဲတယ်ဆိုပါတော့"

"အရက်ကျတော့ မစွဲပါဘူး မစိမ်း၊ အခု ကျွန်တော် သင်္ဘောက ပြန်လာပြီး ရန်ကုန်ရောက်တာ သုံးလရှိပြီ တစ်ခါမှ အရက်မသောက်ဖြစ်ခဲ့ဘူး၊ ဒီမှာက အရက်ကောင်



တစ်ပုလင်းကို တစ်ထောင်ကျော် တန်ဖိုးရှိနေတာကြောင့်လည်း မသောက်ဖြစ်တာ ပါတယ်ပေါ့လေ၊ အရက်က ကျွန်တော်အဖို့ သောက်ရင်လည်းရတယ်၊ မသောက်ရင်လည်းရတယ်ဆိုတဲ့အဆင့်မှာရှိတယ်၊ အဲ ... စီးကရက်ကျတော့ ဒီမှာ ငါးသုံးလုံးတစ်ဘူးကို တစ်ရာလောက်ပေးဝယ်သောက်ရမယ့် ကျွန်တော် နေ့တိုင်း တစ်နေ့တစ်ဘူးတော့ ဝယ်သောက်တယ်၊ စီးကရက်ကျတော့ မသောက်ရမနေနိုင် စွဲလမ်းတယ်လို့ ပြောရမလားပဲ"

"ကိုအောင်အောင် သင်္ဘောလိုက်တာ တက္ကသိုလ်က ဘွဲ့ရပြီးမှ လိုက်တာလား"

စိမ်းသည် အောင်အောင်အား စူးစမ်းလေပြီဟု အောင်အောင် ချက်ချင်း နားလည်လိုက်ပါ၏။ စူးစမ်းသည်ဆိုခြင်းမှာ စိတ်ဝင်စားသောကြောင့်ဟု တွက်ဆနိုင်သဖြင့် အောင်အောင် ရင်ထဲက ကျေနပ်မိသည်။

ကိုလှိုင်ဘွား၏ ဆန္ဒအရဆိုလျှင် စိမ်းက သည်လိုမေးသည်နှင့် ကျွန်တော် ဘယ်တက္ကသိုလ်က ဘာဘွဲ့ရယူပြီးမှ သင်္ဘောလိုက်တာပါဟု အောင်အောင်အား ပြောစေချင်ပေလိမ့်မည်။

သို့သော် ...

အောင်အောင်၏စိတ်ဓာတ်က သူသည် လူဆိုးလူမိုက်ဖြစ်ချင်ဖြစ်မည်။ လူလိမ်လူညာတစ်ဦးတော့ မဖြစ်လိုပေ။

ဘာပဲပြောပြော လူဆိုးလူမိုက်သည် ယောကျ်ားဆန်ပြီး လူလိမ်လူညာသည် မိန်းမဆန်သည်ဟု အောင်အောင် ရင်ထဲက ခံယူသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဘာကြောင့်မှန်းတော့မပြောတတ်။ စိမ်း၏ မေတ္တာကို သူ အရယူဖို့ ကြိုးစားရာတွင် သူ့ပင်ကိုအရည်အသွေးနှင့်သာ ရယူချင်သည်။ လိမ်ညာသော ကိုယ်ရည်ကိုယ်သွေးစကားတွေပြောပြီး မယူလိုပေ။ ထို့ကြောင့် အမှန်အတိုင်းပင် ပြောပေသည်။

"ကျွန်တော် ဘယ်တက္ကသိုလ်ကိုမှ မရောက်ခဲ့ပါဘူး မစိမ်း၊ အသက်ဆယ့်ရှစ်နှစ်မှာ ကျွန်တော် ဆယ်တန်းတော့အောင်ခဲ့ပါတယ်၊ ကျွန်တော် ရှစ်တန်းမှာ အမေဆုံးသွားတယ်၊ အဖေက ကျောင်းဆက်ထားပေးပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဆယ်တန်းအောင်တဲ့နှစ်မှာပဲ အဖေက နောက်အိမ်ထောင်ပြုတယ်၊ ကျွန်တော့်အတွက် ကျောင်းစရိတ်ကို ဆက်ပြီးတာဝန်မယူတော့ဘူး၊ ဆယ်တန်းအောင်ပြီးတဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်ပြီဆိုတဲ့သဘောပဲ"

"ကိုအောင်အောင် ကံဆိုးတာပေါ့၊ ဘယ်မိဘမဆို ကိုယ့်သားသမီး ပညာဆက်သင်တာကို လိုလားထောက်ပံ့ကြရမှာပဲမဟုတ်လား"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မစိမ်း၊ အဖေကိုယ်တိုင်က ဌာနတစ်ခုမှာ စာရေးအဆင့်ပဲရှိတာ၊ သူ့လခက တစ်အောင် ဝန်းကျင်ပဲရှိတယ်၊ ကျွန်တော် ဆယ်တန်းအောင်ပြီး အလုပ်ဝင်လုပ်လည်း စာရေးလောက်တော့ ရနိုင်သားပဲဆိုတဲ့ သဘောရှိတယ်၊ နောက်ပြီး ကျွန်တော် ဆယ်တန်းအောင် တဲ့နှစ်မှာ အဖေရဲ့အသက် လေးဆယ်ကျော်လေးပဲရှိသေး တယ်၊ ဒီတော့လည်း အဖေက နောက်အိမ်ထောင်ပြုချင်မှာ



ပေါ့၊ ကျွန်တော့်မှာ ညီမလေးတွေ ဘာလေးတွေလည်း မရှိတော့ အဖေက ကိုယ့်ဝမ်းကိုယ်ကျောင်းခိုင်းတာ မမှားပါဘူး"

"မဆိုးဘူးပဲ၊ ကိုအောင်အောင်ရဲ့စိတ်ဓာတ်ဟာ ဖခင်အပေါ်မှာ ဗွေမယူ အမြင်မစောင်းတဲ့စိတ်ဓာတ်ပဲ၊ ဒါပေမဲ့ အလုပ်လုပ်ရင်း တက္ကသိုလ်က အဝေးသင်တွေ ဘာတွေ ဆက်တက်နိုင်သားပဲ၊ ကိုအောင်အောင် မတက်ဘူးလား"

"ကျွန်တော် အဝေးသင်တက်ပါတယ်၊ ပထမဆုံး အလုပ်အရင်ရှာတယ်လေ၊ သံရုံးမှာစာရေးအလုပ်ရတယ်၊ သံရုံးဆိုတာက ကျွန်တော်တို့အစိုးရရဲ့ ဌာနဆိုင်ရာအလုပ်လို နာရီကန့်သတ်ချက်ရယ်လို့ တိတိကျကျ မရှိလှဘူး၊ ခိုင်းသမျှ နာရီမကြည့်ဘဲ လုပ်ရတော့ အဝေးသင်ကိစ္စဟာ ထိထိရောက်ရောက်ဖြစ်မလာဘူး၊ အဲ ... ဒါပေမဲ့ ကျွန်တော် ကံကောင်းတာတစ်ခုရှိလာတယ်"

"ဘယ်လိုကံကောင်းလာတာလဲ"

"ကျွန်တော် သံရုံးမှာ အလုပ်ကြိုးစားတယ် မစိမ်း၊ ကျွန်တော့်ကို အုပ်ချုပ်သူက အိုကာဝါးဆိုတဲ့ အရာရှိပဲ၊ ကျွန်တော့်ကို သူသဘောကျတယ်၊ ခင်လည်းခင်သွားတယ်"

"ဟုတ်မှာပေါ့၊ ကိုအောင်အောင့်ရုပ်မျိုးက လူစိမ်းတစ်ယောက်အဖို့ မြင်တာနဲ့ ခင်မင်စရာကောင်းတဲ့ရုပ်မျိုးပဲ"

"ကျွန်တော့်ကို ဒီလိုချီးမွမ်းတာ ကျေးဇူးတင်ပါတယ် မစိမ်း၊ ကျွန်တော်ကလည်း ပညာနည်းနည်း၊ ရာထူးငယ်ငယ်၊ လူငယ်ငယ်ဘဝမှာ ကျွန်တော့်ထက် ပညာကြီးကြီး၊ ရာထူးကြီးကြီး အထက်က လူကြီးတွေကို ကျိုးနွံတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေအောင် အချိန်အကန့်အသတ်မရှိ အလုပ်ကို ကြိုးစားလို့ အရာရှိ အိုကာဝါးက သားသမီးချင်းစာနာပြီး ခင်မင်တာလည်း ပါမှာပေါ့လေ”

“ကိုအောင်အောင်က ကိုယ့်ကိုယ်ကိုယ် သိပ်နှိမ်ချ တာပဲနော်”

“ရောက်ရှိနေတဲ့ဘဝအခြေအနေအရပေါ့ မစိမ်း၊ ကျွန်တော် အရာရှိအိုကာဝါးအောက်မှာ နှစ်နှစ်အလုပ်လုပ်ပြီးတဲ့အခါ အိုကာဝါးက လူကလေး၊ ဒီမှာလုပ်နေရင် မတိုးတက်ဘူး၊ မင်းကို ဂျပန်က အိုးရှင်းပရင့်(စ်) သင်္ဘောကုမ္ပဏီကို ငါ ပို့ပေးမယ်ဆိုပြီး အိုကာဝါးရဲ့ကျေးဇူးကြောင့် ကျွန်တော် အိုးရှင်းပရင့်(စ်)သင်္ဘောကုမ္ပဏီကို ရောက်သွားပြီး ပညာသင်ကဒက်အဖြစ်နဲ့သင်္ဘောလိုက်ရတယ်၊ သင်္ဘောပေါ်မှာပဲ ကျွန်တော် စာမေးပွဲတွေ ဆက်ဖြေရင်း သင်္ဘောအရာရှိ ဖြစ်ခဲ့တယ် မစိမ်း၊ ငါးနှစ်လုံးလုံး ရသမျှ လခတွေစုမိတော့ မြန်မာပြည်ကို ပြန်ချင်လာတယ်၊ ကုမ္ပဏီမှာ တစ်နှစ်ခွင့်တောင်းပြီး ပြန်ရောက်တာ သုံးလေးလပဲရှိသေးတယ်၊ ကျွန်တော့်မှာ အက်စ်အီးကားတစ်စီးပါလာတယ်၊ စုထားတဲ့ လစာငွေတွေ ပါလာတယ်၊ ငွေတွေကိုတော့ ဘဏ်မှာအပ်ထားတယ်”

အောင်အောင်ပြောခဲ့သမျှမှာ သူ့ဘဝ အမှန်တွေချည်းဖြစ်ပေသည်။ အဲ ... တစ်ခုပဲ အောင်အောင်က မစိမ်းအား အတိအကျမပြောခြင်းရှိသည်။

တကယ်တော့ အောင်အောင်နှင့်အတူ ယခုစီးလာသော အက်စ်အီးကားပါလာသည်မှာလည်း အမှန်ဖြစ်သည်။



စုထားသော လစာငွေကို ဘဏ်မှာ အပ်ထားသည်ဆိုသည်မှာလည်း မှန်တော့မှန်ပါ၏။ သို့သော် ဘဏ်တွင် မည်မျှလောက်သော ငွေကြေးအပ်ထားသည်ဆိုခြင်းကိုမူ စိမ်းအား အောင်အောင်က အတိအကျမပြောပေ။

နိုင်ငံခြားမှရလာသော ငွေတွေ ဘဏ်အပ်ထားသည်ဆိုသည့်စကားက စိမ်း၏ အထင်ကြီးမှုကိုရယူရန်သာ ဖြစ်ပေသည်။

တကယ်တော့ အောင်အောင့်တွင် နိုင်ငံခြားငွေများများစားစားကြီး ရရှိခဲ့သည်မဟုတ်ပေ။ အက်စ်ဆီးကားတစ်စီးသည်း ဝယ်ခဲ့သေးသည်။ ရန်ကုန်ပြန်ရောက်တော့ ရေကျော်ထဲတွင် အိမ်စပေါ်ငါးသောင်း၊ အိမ်လခ ငါးရာဖြင့် နေရသေးသည်။

ကိုလှိုင်ဘွားနှင့် ဆက်သွယ်မိပြီး လုပ်ငန်းတစ်ခုဆုပ်ရန်ပြောဆိုပြီးမှ ယခု ဗိုလ်အောင်ကျော်လမ်းမှ တိုက်ခန်းကို ကိုလှိုင်ဘွား ဝယ်ပေးခြင်းဖြစ်သည်။

သင်္ဘောစတင်လိုက်စဉ်က ပညာသင်ကဒက် အရာရှိလောင်းဘဝက သုံးနှစ်နီးပါး လုပ်ခဲ့ရသေးသည်။ ပညာသင်ကဒက်၏လစာငွေမှာ နည်းပါလှပါ၏။ အရာရှိဖြစ်လာမှ လခ ကောင်းကောင်းရခြင်းဖြစ်သည်။

ထို့ကြောင့် ယခု လက်ရှိ အခြေအနေဝယ် ဘဏ်အပ်ငွေဆိုသည်မှာ ကြွားနိုင်ရုံလောက်သာရှိပြီး များများမရှိပေ။ စိမ်းအထင်ကြီးစေရန် ထည့်ပြောခြင်းသာဖြစ်ပါ၏။

“ဒါဖြင့် ခွင့်တစ်နှစ်စေ့ရင် ကိုအောင်အောင် သင်္ဘောကုမ္ပဏီဆီ ပြန်သွားပြီး သင်္ဘောဆက်လိုက်မှာပေါ့နော်”

“အင်း ...”ဟု အောင်အောင့်ထံမှ လေးတွဲ့တွဲ့အသံဖြင့် အင်းဟု ပြောရင်း အောင်အောင် ထိုင်ရာမှ ထလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ မစိမ်း၊ အခု ဘဏ်မှာ အပ်ထားတဲ့ငွေလေး ရှိသလောက် မြန်မာပြည်မှာနေပြီး ကုန်ခါနီးကျရင် သင်္ဘော ပြန်ပြေးရမှာပေါ့" ဟုပြောရင်း အောင်အောင် ထိုင်ရာမှ ထလိုက်ပါ သည်။

တကယ်မှာမူ ...

အောင်အောင်သည် မြန်မာပြည်ပြန်ရောက်ပြီး နှစ်လ လောက် အကြာမှာပင် အကြောင်းအားလျော်စွာ ကိုလှိုင်ဘွားနှင့် ကြုံဆုံရသည်။

ကိုလှိုင်ဘွားနှင့် ကြုံရဆုံရခြင်းသည် အောင်အောင် အဖို့ မိတ္တာကောင်တစ်ဦးနှင့် တွေ့ဆုံလိုက်ရသလို အဖြစ်တွေ ဖြစ် ခဲ့ပေသည်။ ငါးမျှားချိတ်တွင် အာခေါင်စူးပြီး ကြိုးတန်းလန်းနှင့် ဆုတ်ဆွဲခံရသော ငါးတစ်ကောင်၏ ဘဝမျိုးရောက်ခဲ့ရသည်ကို ဘယ်သူမျှမသိ။ ကိုယ့်ဟာကိုယ်သာ အောင်အောင် သိနေရပေသည်။

"ကဲ ... မစိမ်း၊ ကျွန်တော် အမောပြေပါပြီ၊ တတိယပွဲ ဆက်ကြစို့"

တတိယပွဲတွင် အောင်အောင်သည် စိမ်းအား တစ် မှတ်ဖြင့် ကပ်ရှုံးပြန်ပေတော့သည်။

"ကြည့် ... ဒါ ကိုအောင်အောင် တမင်ရှုံးပစ်တာ"

"လုံးဝ မဟုတ်ရပါဘူး မစိမ်း၊ ကျွန်တော် တတိယပွဲမှာ ဘယ်လောက်ကြိုးစားပြီး ကစားမယ်ဆိုတာ မြွေမြွေချင်း ခြေမြင် မစိမ်း သိမှာ မြင်မှာပါ"

အမှန်တကယ်မူ ...

အောင်အောင်သည် ပညာသားပါပါဖြင့် တမင်ကာ ပြီး အရှုံးပေးလိုက်ခြင်းဖြစ်ပေသည်။



မိန်းမသား၏ သဘာဝမှာ ဘာပြောပြော အနိုင်ရလို ချင်သည်မှာ အဓိက။

ဤတတိယပွဲတွင် အောင်အောင်က အနိုင်ရိုက်လိုက် လျှင် စိမ်းသည် နောက်ထပ် အောင်အောင်နှင့် မကစားရဲတော့ဘဲ ရှောင်သွားမည်စိုးသောကြောင့် နောင်ရေးကို မျှော်ကာ အောင်အောင် က တမင် တစ်မှတ်ကပ်ရှုံးလိုက်ခြင်းဖြစ်ပေတော့သတည်း။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



# ၆

ကန်သာယာ၏ ကုန်းမြင့်လှေကားထစ်များမှ အတွဲနှင့်ဆင်းလာသည့် အမျိုးသမီးမှာ မမလွင်မှန်း မြင်လိုက်သိလိုက်သည်နှင့် အောင်အောင် ကြက်သီးမွေးညင်းထပြီး ငယ်ထိပ်သွေးရောက် ထိတ်လန့်သွားမိသည်။

မိမိနှင့်စိမ်းမှာ တစ်ပွဲရိုက်ပြီး ခဏ စားသောက်ခန်းတွင် နားနေချိန်၌ မမလွင် လှေကားထစ်များမှ ဆင်းသက်လာသည်ကို အောင်အောင် လှမ်းမြင်ရခြင်းဖြစ်သည်။

မမလွင်သည် သူမ၏ ထုံးစံအတိုင်း အများသူလိုငါလို စပို့ရှပ်အဖြူ၊ ဘောင်းဘီတိုဖြူ၊ ခြေအိတ်ဖြူနှင့် ရက်ကက်ကိုင်လာသော်လည်း မမလွင် ဝတ်ဆင်ထားသည်တို့က ပေါ်လွန်းလွင်လွန်းသည်။

ကျပ်နေသော စပို့ရှပ်၊ ကျပ်နေသော ဘောင်းဘီတိုများတွင် အစို့အပို့၊ အဖုအထစ်၊ အမို့အမောက်တွေ ထင်းခနဲပေါ်လွင်စေသည်။

မမလွင်သည် မျက်နှာပေါက်လေးလည်း သင့်သလောက်လှပါ၏။ သို့တစေ ဘယ်ယောကျ်ားမဆို မမလွင်ကို



ကြည့်လိုက်လျှင် မျက်နှာကိုကြည့်သည်ထက် ကိုယ်ခန္ဓာအလှကိုသာ ကြည့်ကြမည်ဖြစ်ပေသည်။

ရိုးရိုးသားသား အမျိုးသမီးတစ်ဦးအတွက် မမလွင်၏ ဝတ်ဆင်ပုံကိုကြည့်ပြီး မျက်စိရှက်ကောင်းရှက်မည်ဖြစ်သော်လည်း ဤသို့ မမလွင် ဝတ်ဆင်သည်မှာ သူမ၏ ဝင်ငွေအသက်မွေးဝမ်းကျောင်းကြောင့်ဟု ဆိုလျှင် မမှားပေ။

မမလွင်၏ နာမည်အပြည့်အစုံမှာ ကေသီလွင်ဖြစ်ပါ၏။ အသက်နှစ်ဆယ့်ရှစ်နှစ်ရှိပြီဟု ပြောသည်။ သူပြောသောအသက်ထက် အမှန်တကယ်အသက်က ပိုကြီးချင်လည်းကြီးပေသည်။

မမလွင်ကို အောင်အောင် မြန်မာပြည်ပြန်ရောက်သော အင်းလျားကန်ဟိုတယ်တွင် စတင် သိကျွမ်းခဲ့ခြင်းဖြစ်လေသည်။

သိကျွမ်းပုံမှာ သာမန်မိတ်ဆွေအဖြစ် သိကျွမ်းပုံမျိုးသော်။

အောင်အောင်က ပရိုက်ဗိတ်တက္ကစီ မောင်းသူ။ ကေသီလွင်က ဤနယ်မြေတွင် ကျက်စားသူအဖြစ် တွေ့ဆုံသိကျွမ်းခြင်းဖြစ်သည်။

အောင်အောင် မြန်မာပြည် ရန်ကုန်သို့ သူ၏အက်စ်စီကားနှင့်အတူ ရောက်လာပြီးနောက် ငွေပို့ငွေလျှံကို ဘဏ်တွင် အပ်ပြီး ဝါလာသော အက်စ်အီးကားဖြင့် အင်းလျားကန်ဟိုတယ် ဆိပ်ထိုးကာ ပရိုက်ဗိတ်တက္ကစီ ဆွဲခဲ့သည်။

တကယ်တော့ အောင်အောင်သည် ကုမ္ပဏီမှ ခွင့်ယူခဲ့သော်လည်း သဘောလိုက်လုပ်ငန်းတွင် မပျော်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



လှပေ။ ပြီး မြန်မာပြည် ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားနေလျှင် ရှိစုမဲ့စုလေး မကြာမီ ကုန်သွားပေမည်။

ထို့ကြောင့် ကိုယ်ပိုင်ကားသစ်ဖြင့် ပရိုက်ဗိတ်တက္ကစီ ဆွဲခြင်းအလုပ်ကို လုပ်ခဲ့သည်။ စားသာပါ၏။ အင်းလျားလိတ် ဟိုတယ်တွင် တည်းခိုသည်မှာ များသောအားဖြင့် ကမ္ဘာလှည့် နိုင်ငံခြားသားတွေများ၍ အောင်အောင်၏ကားသစ်လေးဖြင့် အလုပ်ဖြစ်ပေသည်။

ဤမှာပင် ဤနေရာတွင် စားကျက်ဖွင့်ထားသော မမလွင်နှင့် အောင်အောင် သိကျွမ်းခဲ့ခြင်းဖြစ်သည်။ မမလွင်က အတွဲရှာကောင်းသူဖြစ်သည်။ သူနှင့်တွဲလာသူကို ခေါ်ထုတ်လာပြီဆိုလျှင် စတင်းတွင် ကားထိုးထားသော အောင်အောင်အား လှမ်းခေါ်သည်။

ဟေး ... မောင်လွင်ဟု လှမ်းခေါ်ပြီး အောင်အောင်၏ ကားဖြင့် သူတို့အတွဲ ကွန်းခိုရာသို့ ပို့ခိုင်းသည်။ အပြန်အတွက် ဘယ်အချိန် လာကြိုဟု မှာထားသည်။ ကျသင့်သောကားခကို သူ့အတွဲဆီက မမလွင်က တောင်းပေးသည်။

မမလွင်သည် နှုတ်ချိုသည်။ သူ့ထက်ငယ်သော အမျိုးသားကို “မောင်”ဟုခေါ်ပြီး သူ့ထက်ကြီးပုံရသော အမျိုး သားတို့အား အစ်ကို သို့မဟုတ် ကိုကိုဟုလည်းကောင်း ခေါ်တတ် သည်။

တစ်ခါတလေကျတော့ မောင်ရေ၊ လာ ... သွားရ အောင်ဟု မမလွင်က အောင်အောင်အား ခေါ်သွားပြီး ခြံကြီးတိုက် ကြီးတစ်ခုခုသို့ လိုက်ပို့ခိုင်းသည်။ ပြီး တိုက်အိမ်ကြီးပေါ်သို့ မမလွင် တက်သွားသည်ကို အောင်အောင်က ခြံထဲတွင်ကားရပ်



ပြီး စောင့်ရသည်။ တစ်နာရီ နှစ်နာရီကြာတတ်ပြီးနောက် မမလွင် ပြန်ဆင်းလာသည်။ မမလွင် သွားလိုရာကို အောင်အောင်က ပြန်ပို့ပေးရသည်။ သည်အတွက်လည်း မမလွင်က အောင်အောင် အား ငွေလေးငါးရာ ပေးသွားတတ်သည်။ ဤပုံစံဖြင့် မမလွင်နှင့် အောင်အောင် သိကျွမ်းခဲ့ခြင်း ဖြစ်ပါ၏။

သို့သော် လွန်ခဲ့သော နှစ်လမှစပြီး ကိုလှိုင်ဘွားနှင့် အောင်အောင်တို့ တွေ့ဆုံပြီးနောက် ကိုလှိုင်ဘွား၏ အစီအစဉ် ဖြင့် အောင်အောင်သည် ပရိုက်ဗိတ်တက္ကစီ ဆွဲခြင်းကို ရပ်နား ပြီး ဗိုလ်အောင်ကျော်လမ်း တိုက်ခန်းတွင် ထည်ထည်ဝါဝါနေပြီး တုန်ကျစရိတ်အားလုံး ကိုလှိုင်ဘွားက ထောက်ပံ့သည်။

သည်အတွက် ကိုလှိုင်ဘွားအား ယခု အောင်အောင် က လုပ်ငန်းတစ်ခု လုပ်ပေးရမည်ဖြစ်ပေသည်။

အောင်အောင်က ပရိုက်ဗိတ်တက္ကစီ မဆွဲတော့သည် နှင့် မမလွင်နှင့်လည်း အဆက်ပြတ်သွားခဲ့သည်။

ဒါတောင် ...

ယခုလဆန်း ပထမသီတင်းပတ်လောက်က အောင် အောင် ငါးသုံးလုံးစီးကရက် တစ်ကာတွန်းဝယ်ပြီး မင်္ဂလာဈေးက အထွက်တွင် မမလွင်နှင့် သွားတိုးသေးသည်။

“ဟေး ... မောင်”

ဟု ခေါ်ရင်း မမလွင်သည် အရွယားဖားယား အောင်အောင်၏ကားဆီသို့ ရောက်လာသည်။

“မောင်တစ်ယောက် ပျောက်နေလိုက်တာ၊ ဘယ်တွေများ သွားနေသလဲ၊ မမလွင် အင်းလျားလိတ်မှာ မောင့်ကို အမြဲလိုက်ကြည့်မိတယ်လေ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တက္ကစီ မဆွဲတော့ဘူး မမလွင်၊ ဒါကြောင့် အဲဒီဘက် မရောက်တော့တာ"

"ဟုတ်လား၊ ဒါဆို မောင့်မှာ တက္ကစီဆွဲတာထက်ပိုပြီး ဖယားကိုက်ဝင်ငွေရနေလို့ပေါ့နော်"

"ဆိုပါတော့ မမလွင်၊ ကျွန်တော့်ကို ဘော့စ်တစ်ယောက်က လက်သပ်မွေးလိုက်တယ်လေ"

"ဒါဆို ဝမ်းသာစရာပေါ့၊ ကဲ ... မောင်က တက္ကစီမဆွဲတော့ပေမယ့် မမလွင်ကိုတော့ လိုက်ပို့ဦးကွာ"

"ရပါတယ်"ဟု အောင်အောင်ကပြောသည်မှာ နောက်ကျနေသေးသည်။ မမလွင်က ကားတံခါးဖွင့်ပြီး ဝင်ထိုင်ပြီးသားဖြစ်နေပါ၏။

မင်္ဂလာဈေးမှ ကားထွက်လာသည်နှင့် အောင်အောင်က မေးသည်။

"ကဲ ... မမလွင်ကို ဘယ်လို့ပေးရမလဲပြော"

"မောင်ကော ဘယ်သွားမှာလဲ"

"ကျွန်တော့်အိမ် ပြန်တော့မှာ"

"ဒါဆိုလည်း မောင့်အိမ်ကိုပဲ မောင်းလေ"

မမလွင်က သူ့မလက်မှ လက်ပတ်နာရီကို ကြည့်လိုက်ပါ၏။

"မမလွင်မှာ ချိန်းထားတာတစ်ခုရှိပါတယ်၊ ဒါပေမဲ့ မိနစ်လေးဆယ်လောက် စောနေသေးလို့၊ ဒါကြောင့် မောင့်အိမ်ကို လိုက်ပြီး အချိန်ဖြုန်းမယ်လေ"

အောင်အောင် ဘာမျှမပြောဘဲ ဗိုလ်အောင်ကျော်လမ်းဆီသို့ ဦးတည်မောင်းခဲ့သည်။



မမလွင်က ကားဒက်(ရှ်)ဘုတ်ပေါ်တွင်တင်ထားသော မင်္ဂလာဈေးမှဝယ်လာသည့် ငါးသုံးလုံး စီးကရက်ကာတွန်းတောင့်ကို ကြည့်လိုက်သည်။

"မောင် စားကြောကောင်းကောင်း မိထားတယ်ထင်တယ်၊ ငါးသုံးလုံးကိုတောင် အတောင့်လိုက်ဝယ်သောက်တယ်ဆိုတော့"

"အင်းလျားလိတ်မှာ တက္ကစီဆွဲတုန်းကလည်း ကျွန်တော် ငါးသုံးလုံးပဲ သောက်ပါတယ်၊ ဟိုတုန်းကတော့ သိပ်သောက်ချင်မှ တစ်လိပ်ချင်းဝယ်သောက်ရတာပေါ့၊ ကျွန်တော်သဘောကျလိုက်တုန်းကတည်းက ငါးသုံးလုံးစီးကရက်ကိုစွဲပြီး သောက်ခဲ့တာပဲ မမလွင်"

ဗိုလ်အောင်ကျော်လမ်းအိမ်သို့ ရောက်တော့လည်း မမလွင်သည် အောင်အောင်၏ သပ်သပ်ရပ်ရပ်နှင့် ထည်ထည်ဝါဝါလေးရှိနေသော တယ်လီဖုန်း၊ ပရိဘောဂများ၊ ရေခဲသေတ္တာမှအစ ဤလမ်းတွင် ဤတိုက်ခန်းသည် တန်ဖိုးအားဖြင့် သိန်းဂဏန်းခန်းကျင်ရှိကြောင်းတွေကိုပါ မြင်တွေ့သွားပေသည်။

"ကောင်းတယ် မောင်၊ ကိုယ့်အပေါင်းအသင်းတွေဒီလို ကောင်းစားတယ်ဆိုရင် မမလွင် ဝမ်းသာတာပေါ့"ဟု ပြောသွားသေးသည်။

ဤသည်မှာ မမလွင်အား အောင်အောင် နောက်ဆုံးတွေ့ခဲ့ခြင်းဖြစ်သည်။

ယခု ယနေ့ ...

ကန်သာယာကလပ်တွင် မမလွင်ကို အောင်အောင်တို့ပြန်တွေ့ရပြန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မမလွင်သည် အသက်လေးဆယ်ကျော်ခန့် အသားဖြူဖြူ၊ နဖူးပြောင်ပြောင်၊ ဥပဓိရုပ်ကောင်းကောင်း ပုဂ္ဂိုလ်တစ်ဦးနှင့် တွဲလာခြင်းဖြစ်ပါ၏။

စားသောက်ဆိုင်အဆောက်အအုံတွင် စိမ်းနှင့်အတူ အောင်အောင် ထိုင်နေခိုက်ဖြစ်ပေသည်။

စိမ်းနှင့်အတူ ဤကာလပ်တွင် မိမိရှိနေချိန်ဝယ် အောင်အောင်သည် မမလွင်အား မတွေ့လိုပေ။

မမလွင်ကိုကြည့်ရသည်မှာ ဤကန်သာယာကလပ်တွင် ကျွမ်းပြီးသား မင်ဘာဟောင်းတစ်ဦးပုံ ပေါ်လွင်နေသည်။

ဒါလည်း မဆန်း။

မမလွင်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုကပင် ငွေရှင် ကြေးရှင် ဂုဏ်သရေရှိ ပုဂ္ဂိုလ်များစုဝေးရာ နေရာတွင် ဝင်ပြီး ရောနှောနိုင်ရမည်မဟုတ်လား။

မမလွင်နှင့်အတူ ထိုပုဂ္ဂိုလ်ကြီး တင်းနစ်ကွင်းဆီသို့ တိုက်ရိုက်သွားရန် အောင်အောင် ကျိတ်၍ ဆုတောင်းသည်။

အောင်အောင်၏ဆုတောင်း မပြည့်ပါလေ။

"ဟော ... မောင်"ဟု တစ်ခွန်းဟလိုက်ပေသည်။

အောင်အောင်က တော်၏။ မတော်၏ မစဉ်းစားနိုင်တော့ဘဲ မိမိကိုနှုတ်ဆက်တော့မည့် မမလွင်ကို ပြောင်ပြောင်တင်းတင်းပင် မျက်နှာချင်းမဆိုင်ဘဲ တခြားဘက်သို့ မျက်နှာလွှဲပစ်လိုက်ပေသည်။

မမလွင်ကလည်း ပါးလိုက်သည်မှာ လွှာလို့။

အောင်အောင် တခြားသို့ မျက်နှာလွှဲသွားသည်ကို ကြည့်ပြီး ပြုံးကာ ချက်ချင်းပင် သူနှင့်အတူ ပါလာသည့် ပုဂ္ဂိုလ်ကြီးကိုပင် "ဟော ... မောင်"ဟု ခေါ်သည့်နှယ် အခေါ်ပြောင်းလိုက်သည်။



ပုဂ္ဂိုလ်ကြီးက မမလွင်ကို ပြန်ပြောပါ၏။

"ဘာလဲ လွင်၊ ဘာပြောချင်လို့လဲ"

"သြော် ... မောင်နဲ့ မိတ်ဆက်ပေးချင်လို့ပေါ့၊ ဟောဒီ အမျိုးသမီးချောချောလေးက စိမ်းမြသွေးတဲ့၊ ယောမင်းကြီးလမ်းထဲက သူဌေး ဦးမင်းဆွေရဲ့တူမလေး၊ စီးပွားရေးတက္ကသိုလ်က ဘီကွန်းဘွဲ့ရပြီးသားပဲ မောင်"

တစ်ဆက်တည်းပင် ...

"စိမ်းရေ ... ဟောဒီပုဂ္ဂိုလ်ကြီးက ဒေါက်တာ ဦးမျိုးထွတ်တဲ့၊ ခွဲစိတ်ပါရဂူဘွဲ့ အင်္ဂလန်မှာယူခဲ့ပြီး မြန်မာပြည် ပြန်ရောက်တာ တစ်လတောင်မပြည့်သေးဘူး"

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်"

စိမ်းက ထုံးစံအတိုင်း ကိုယ်က မင်ဘာဟောင်းအနေနှင့် ကြိုဆိုစကားပြောလိုက်ပါ၏။

"သဆိမ်း(မ်)တူးယူ စိမ်း"ဟု ပြောရင်း ပုဂ္ဂိုလ်ကြီးဒေါက်တာသမားတော်ကြီး ဦးမျိုးထွတ်က လက်ဆွဲနှုတ်ဆက်ရန် ဆက်ကမ်းလိုက်သည်။

စိမ်းက ပြန်၍ လက်မကမ်းဘဲ ကွင်း(၂)ဘက်သို့ ဆက်ညွှန်ပြီး ညွှန်ပြလိုက်ရင်း ... "ဟော ... ဟိုကွင်း အားသွားပြီ ဒေါက်တာသီလွင်၊ အန်ကယ်က မင်ဘာသစ်အနေနဲ့ ဒေါ်ကေသီလွင် သွားစာရင်းပေးရင် ဦးစားပေး စနစ်အရ ချက်ချင်းရနိုင်တယ်"

"ဒါဆို သွားကြစို့ မောင်"

www.burmeseclassic.com

www.burmeseclassic.com



ကောသီလွင်က ပုဂ္ဂိုလ်ကြီးလက်ခွဲကာ ကွင်း(၂)ဘက်သို့ ထွက်ခွာသွားကြတော့သည်။

အောင်အောင်က သက်ပြင်းတစ်ချက်ကို ဝှူးခနဲနေအောင် မှုတ်ထုတ်လိုက်မိသည်။ စိမ်းအား မိမိ အင်းလျားလိတ်တွင် တက္ကစီမောင်းခဲ့ကြောင်းကိုသာ မမလွင်က ရယ်စရာလိုလိုနှင့် ပြောလိုက်လျှင် မိမိအပေါ်တွင် စိမ်းသည် ဘယ်လိုမှ သွေးတူရည်တူဟု သဘောထားတော့မည်မဟုတ်ဘဲ အထင်သေးသွားပေမည်။

ယခု မမလွင်က လိမ္မာပါးနပ်စွာ မိမိကိုပင် နှုတ်မဆက်တော့ဘဲ ထွက်ခွာသွားခြင်းကြောင့် ရင်ဝတွင်ဆို့နေသော အလုံးကြီးကို သက်ပြင်းနှင့်အတူ ကျသွားစေပါ၏။

"ဘာလဲ၊ ကိုအောင်အောင်က ခုန ဒေါ်ကောသီလွင်အတွဲကို မြင်ပြီး စိတ်မောသွားသလား"

"အင်း ... အမျိုးသမီးကိုရော၊ အမျိုးသားကြီးကိုရော မြင်ရတာ စိတ်မောမိတာအမှန်ပဲ မစိမ်း"

"ဒေါ်ကောသီလွင်ကတော့ ဒီလို ဝတ်ဆင်ပုံ မဆန်းပါဘူး ဒါ သူ့ရဲ့ဖက်ရှင်လို့ပဲ ဆိုပါတော့၊ ဒေါ်ကောသီလွင်နဲ့ ပါလာတာ သမားတော်ကြီး ဦးမျိုးထွတ်ဆိုတာကိုတော့ စိမ်းက ရယ်ချင်မိတယ်"

"ဘာလို့ ရယ်ချင်မိတာလဲ"

"ဒီလို ဂုဏ်ထူးရာထူးနဲ့ ဒီအရွယ်ကြီးမှာ ဒေါ်ကောသီလွင်နဲ့တွဲပြီး တင်းနစ်ကွင်းကို လာတာကို ရယ်ချင်မိတာ နောက်ပြီး ဒေါက်တာဦးမျိုးထွတ်ကိုကြည့်ရတာ ငွေေ ရာထူးမာန်တက်နေတဲ့ မျက်နှာမျိုးပဲ၊ ဒီလို လူမျိုးတွေ



စိမ်းက အထင်မကြီးဘူး၊ စိမ်းရဲ့အစ်ကို ကိုကိုဟန်ဝင်း တစ်ယောက်လည်း ဒီသို့ပဲ၊ စက်မှုတက္ကသိုလ်က ဘီအီးဘွဲ့ ရခဲ့တာရယ်၊ ဘာဘခွေ ချမ်းသာသမျှ တစ်ဦးတည်းသော သားဖြစ်တဲ့ သူ့ဖို့ချည်းပဲဆိုတဲ့ စိတ်ဓာတ်နဲ့ ဘဝင်ခိုက်ချင်တယ်၊ ကိုကိုဟန်ဝင်းလို လူလည်း စိမ်း အထင်မကြီးဘူး"

"ဒါဆို မစိမ်းက ဘယ်လိုလူကို အထင်ကြီးလဲဟင်"

"ပင်ကိုတော်တဲ့ လူမျိုးဆိုရင် စိမ်း လေးစားလေ့ရှိပါတယ်၊ ဆရာဝန်ဖြစ်ဖြစ်၊ အင်ဂျင်နီယာဖြစ်ဖြစ် ကျောင်းက သင်ပေးတာတွေ ကျက်မှတ်ပြီး အတန်းတွေအောင်ပြီး ဘွဲ့ရခဲ့ကြတာပဲ၊ ပညာဆိုတာ မိဘက တတ်နိုင်လို့ သင်ပေးရင် ရတာပဲ၊ ဉာဏ်ကောင်းတဲ့လူဆိုရင် သတ်မှတ်ထားတဲ့ သင်ချိန်ကာလအတွင်းမှာ သင်တဲ့ဘာသာရဲ့ ဘွဲ့ရမယ်၊ ဉာဏ်မကောင်းတဲ့လူဆိုရင် သင်ချိန်ကာလ နှစ်နှစ်သုံးနှစ်ပိုကြာချင်ကြာသွားမယ်၊ အပူအပင်မရှိ ထမင်းလက်ဆေးစားပြီး သင်ကြားလာလို့ရတဲ့ ဘွဲ့မျိုးတွေပဲဟာ၊ အထင်ကြီးစရာမှ မဟုတ်တာ၊ လောကကြီးမှာ ဘယ်သူ့ကိုမှ အားမကိုးဘဲ ကိုယ့်ဘဝကို ရုန်းကန်ပြီးတက်လာတဲ့လူမျိုးကိုပဲ စိမ်း အထင်ကြီးတယ်"

စိမ်း၏စကားနှင့် စိမ်း၏အယူအဆကြောင့် အောင်အောင် အားတက်မိသည်။

"ဒါဆို ကျွန်တော် တစ်ခုမေးမယ် မစိမ်း၊ ဥပမာဆိုပါတော့၊ ကိုဟန်ဝင်းနဲ့ ကျွန်တော်ဆိုရင် မစိမ်း ဘယ်သူ့ကို အထင်ပိုကြီးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်အောင်ကို အထင်ကြီးတာပေါ့၊ ဆယ်တန်းအောင်ပြီး ဖခင်ရဲ့ပစ်ပယ်မှုကြားထဲက အခု အခြေအနေရောက်အောင် ရုန်းကန်တိုးတက်ရတဲ့ ကိုအောင်အောင်ကို အထင်ကြီးတာပေါ့"

"အဲဒါ မစိမ်းရဲ့ ရင်ထဲက တကယ်အမှန်အယူအဆပဲလားဟင်"

စိမ်းက ပြန်မဖြေသေးမီ အောင်အောင့်ကို စိုက်ကြည့်လိုက်သေးသည်။

"စိမ်း ဘယ်ကိစ္စမဆို ရင်ထဲကမပါဘဲ ဟန်ဆောင်မပြောတတ်ဘူး ကိုအောင်အောင်၊ ရင်ထဲနှလုံးထဲက မပါတဲ့အလုပ်လည်း ဘာဆို ဘာမှမလုပ်ဘူး"

"ကျွန်တော့်ကို အထင်ကြီးလေးစားတာ ကျေးဇူးတင်ပါတယ် မစိမ်း၊ ကျွန်တော်ကိုယ်တိုင် ကိုဟန်ဝင်းနဲ့ နှိုင်းယှဉ်မေးတာ နည်းနည်းတော့ လူပေါဆန်သွားတယ်၊ ဒါပေမဲ့ မစိမ်းရဲ့ ဝမ်းတွင်းစိတ်နေသဘောထားနဲ့ စိတ်ဓာတ်ကို သိချင်လို့ လူပေါဆန်တဲ့ မေးခွန်းကိုပဲ မေးမိတာပါ"

"ရပါတယ်၊ လောကကြီးမှာ ယှဉ်ပြိုင်တဲ့စိတ်ကလေးရှိမှလည်း တိုးတက်မှုဆိုတာ ရှိလာနိုင်တာမဟုတ်လား"

အောင်အောင်၏ ရင်ထဲတွင် ထပ်ဆင့် ကျေနပ်ရသည်။ အောင်အောင်၏ လုပ်ငန်းအဓိကကိုက စိမ်းမြသွေး နေ့စဉ်ဆက်ဆံရာတွင် တိုးတက်မှု ပို၍ပို၍ ရှိလာဖို့ပင် မဟုတ်လား

"ဒါထက် မစိမ်းနဲ့ ဒေါ်ကေသီလွင် ရင်းနှီးခင်မင်ကြပြီလား၊ တော်တော်ကော ခင်မင်ကြသလားဟင်"



"ဒေါ်ကေသီလွင်က ဒီကလပ်ရဲ့ မင်ဘာဟောင်းတစ်ဦးဖြစ်တာကြာပြီလေ၊ ဒါပေမဲ့ လစဉ်ကြေး မှန်မှန်သွင်းပြီး နေ့စဉ်တော့ လာရိုက်လေ့မရှိဘူး၊ ဒီကလပ်ကို သူလာရင် ဒီလိုပဲ အတွဲပါလာတယ်၊ သူ့အတွဲနဲ့သူ တစ်ပွဲတစ်နှစ်ရိုက်ပြီး ပြန်သွားတာပဲ၊ ဒီတော့ မင်ဘာဟောင်းချင်း သိကျွမ်းနေတဲ့သဘောလောက်ပဲ ရင်းနှီးတာပါ၊ မိဖြူတို့လို ငယ်ပေါင်းရင်းနှီးတာမျိုး မဟုတ်ပါဘူး၊ ဘာလဲ၊ ကိုအောင်အောင်က ဒေါ်ကေသီလွင်ကို စိတ်ဝင်စားလို့လား၊ ဒေါ်ကေသီလွင်ရဲ့ ပုံစံကတော့ ကာလသားတိုင်းကြိုက်တဲ့ ပုံစံပဲ"

"ဟာ ... မဟုတ်တာ၊ ဒေါ်ကေသီလွင်ကို ကျွန်တော် လုံးဝ စိတ်မဝင်စားပါဘူး၊ ငါးနှစ်လုံးလုံး သင်္ဘောနဲ့ သွားခဲ့ရာမှာ ကမ္ဘာ့ဆိပ်ကမ်းမြို့ကြီးတိုင်းမှာ သင်္ဘောဆိုက်လေတိုင်း ဒေါ်ကေသီလွင်တို့ပုံစံနဲ့ အမျိုးသမီးတွေ ကျွန်တော် တွေ့ခဲ့ဖူးပါတယ်၊ ကျွန်တော်ဆိုလိုတာက ဒေါ်ကေသီလွင်လို မိန်းမမျိုးဟာ ကမ္ဘာအရပ်ရပ်မှာ ပေါတယ်များတယ်လို့ ဆိုလိုတာပါ၊ ကမ္ဘာအရပ်ရပ်မှာ တကယ်ရှားတဲ့အမျိုးသမီးက မစိမ်းလိုအမျိုးသမီးပါ"

စိမ်းက ဟိုဘက်လှည့်ပြီး အောင်အောင်၏ စကားကို ပြုံးလိုက်မိသည်။

စိမ်း နားလည်ပါ၏။

ကိုအောင်အောင်သည် သူမအပေါ်တွင် စိတ်ဝင်စားနေပြီဟူ၍ပင်။

စိမ်း စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ကိုအောင်အောင် ဆက်ရိုက်ကျန်ခဲ့ဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"မစိမ်းကော"

"ဒီနေ့အဖို့တော့ တော်ပြီ၊ ကိုကိုဟန်ဝင်းလည်း မပါလာ တော့ စိမ်း စောစောပြန်ရမယ်၊ တကယ်လို့ ကိုကိုဟန်ဝင်း အိမ်ပြန်မရောက်သေးရင် ဘဘဆွေ တစ်ယောက်တည်းဖြစ်နေမှာ၊ အိမ်မှာထားတဲ့ အလုပ်သမားအားလုံးကို ဘဘဆွေက ညနေခြောက်နာရီဆို ပြန်ခိုင်းတယ်၊ ညဥ့်အိပ်ညဥ့်နေ အလုပ်သမား ဘယ်သူ့ကိုမှ အိမ်မှာမထားတော့ ဘဘဆွေမှာ အဖော်မရှိ ခိုင်းစရာမရှိ ဖြစ်နေမယ်၊ စိမ်း ပြန်တော့မယ်၊ စိမ်းပြန်ရောက်ရင် ဘဘဆွေ စစ်တုရင်သွားထိုးမလား မသိဘူး"

"ဒါဆို ကျွန်တော်လည်း ပြန်မယ် စိမ်း"

အောင်အောင်သည် ထိုင်ရာမှ ထကာ ကောင်တာရှိ ဦးရဲအောင်ဆီသွားကာ စိမ်းနှင့်သူ စားသောက်သမျှ စာရင်းကို ငွေရှင်းပေးသည်။

စိမ်း စောစောပြန်သည်ကို အောင်အောင် ဝမ်းသာရသေးသည်။

အကယ်၍ မမလွင် တစ်ကျော့ပြန်လာပြီး ကောင်ပြောမြောက်ပြော ပြောရင် မိမိသည် မြန်မာပြည် ပြန်ရောက်စအင်းလျားလိတ်ဟိုတယ်တွင် ပရိုက်ဗိတ်တက္ကစီ ဆွဲနေသူအာချောင်လိုက်လျှင် စိမ်းက မိမိကို အထင်သေး အမြင်သေးသွားပေမည်။

ယခု စိမ်းက ပြန်တော့မည်ဆို၍ ဝမ်းသာရသည်။

"မောင်ရင်က ကံကောင်းတဲ့လူပဲ"



ဦးရဲအောင်ကြီးက ကျသင့်ငွေကို လက်ခံရင်း အောင်အောင်အား ပြောလိုက်ပေသည်။

"ဘာများ ကျွန်တော်က ကံကောင်းတာလဲ ဦးရဲအောင်"

"ဒီကန်သာယာကလပ် စဖွင့်ကတည်းက ငါ ဒီမှာ အလုပ်လုပ်ခဲ့တာ ကြာပြီပေါ့ကွာ၊ စိမ်းဟာ ငါတွေ့ရသလောက် အခု မောင်ရင့်ကို လက်ခံအရောဝင်သလို ဘယ်အမျိုးသားတစ်ယောက်တလေကိုမှ လက်ခံအရောဝင်တာမျိုး မတွေ့ခဲ့ဖူးဘူး၊ ဒါကြောင့် မောင်ရင် ကံကောင်းတယ်လို့ပြောတာ"

"သူ့ကုသိုလ်နဲ့သူပေါ့ ဦးရဲအောင်"

ဟု အောင်အောင်က ရယ်ရယ်မောမော ပြောခဲ့ပြီး ကောင်တာမှ ထွက်လာခဲ့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၇

အိမ်ပြန်ရောက်ပြီး ရေချိုးရင်း အောင်အောင် စဉ်းစားသည်။

ကန်သာယာကလပ်တွင် မိမိနှင့်စိမ်း အတူရှိနေစဉ် မမလွင် ရောက်လာခြင်းသည် မကောင်းသောရောက်လာခြင်းတစ်ခုများ ဖြစ်နေမလားဟု စဉ်းစားမိခြင်းဖြစ်သည်။

မိမိနှင့် မမလွင်သည် ရေးမဆွက ဘာမျှ ထွေထွေထူးထူး ပတ်သက်ခြင်းမရှိပါလေခဲ့။ မိမိအိမ်သို့ မမလွင် လိုက်လာသည်ပင် မိမိက လက်ဖျားနှင့်ပင် မတို့မိပါလေ။

မမလွင်က သူ့အတွဲကိစ္စဖြင့် ကားငှားသည်။ မိမိက လိုက်ပို့သည်။ ပြန်ကြိုသည်။ ကားခ အပြည့်အဝရသည်။

ဤမျှသာ မမလွင်နှင့် မိမိ ပတ်သက်ခဲ့ခြင်းရှိခဲ့သည်။

ထိုစဉ်ပါလျက် ယနေ့ ညနေ ကန်သာယာကလပ်တွင် မိမိ စိမ်းနှင့် အတူတွဲထိုင်နေခိုက် မမလွင် ရောက်လာသည်ကို မိမိက ဘာကြောင့်များ ထိတ်လန့်ခြင်းဖြစ်ရပေသနည်း။

မိမိသည် တစ်ချိန်က တက္ကစီဒရိုင်ဘာဟု မမလွင်က စိမ်းကို ပြောပြမည်ကို အောင်အောင် ထိတ်လန့်ခြင်းဖြစ်သည်။



မမလွင်နှင့် မိမိသည် ရန်သူမဟုတ်ရုံမက မိတ်ဆွေလိုခင်မင်ခဲ့ဖူးသူဖြစ်သည်။ သူမတွင် ဘာအကျိုးမျှမရှိဘဲ စိမ်းကို ဗလာချီ မိမိ ကတ္တစီမောင်းခဲ့ကြောင်း ပြောအံ့မထင်။

ရေချိုးပြီးပါက လှိုင်ဘွားထံ တယ်လီဖုန်းတော့ဆက်ရဦးမည်။ မိမိ၏တိုးတက်မှုအခြေအနေကို ကိုလှိုင်ဘွားအား အစီရင်ခံသည် မဟုတ်သည့်တိုင်အောင် အသိပေးရမည့်ဝတ္တရားမိမိတွင် ရှိနေသည်။

ရေချိုးပြီး အဝတ်အစားလဲပြီးချိန်မှာပင် တယ်လီဖုန်းအော်မြည်သံ ထွက်လာသည်။

ကိုလှိုင်ဘွားထံမှ ဖြစ်ဖို့များသည်။

"ပြောပါ၊ ဒီကအောင်အောင် ပြောနေပါတယ်"

"ဩော် ... မောင်"

ကိုလှိုင်ဘွားထံမှဟု ထိုအသံကို ကျက်မိပါ၏။ မလွင်ခေါ် ဒေါ်ကေသီလွင်၏အသံ ဖြစ်ပေသည်။ ထို့ထက်မှာမူ မိမိအား "မောင်"ဟုခေါ်သူမှာ မမလွင်တစ်ယောက်သာရှိသည် မဟုတ်လား။

"အခုပြောနေတာ မမလွင်လား"

"အင်းပေါ့ မောင်၊ ဘာလဲ ... မမလွင်ရဲ့ အသံကိုတောင် မောင်က မကျက်မိတော့ဘူးလား၊ မောင်က အရာရာကို မေ့လျော့နေတာကိုး၊ ညနေကလည်း ကန်သာယာကလပ်မှာ ပက်ပင်းတွေ့တာတောင် မောင်က မမလွင်ကို မမှတ်မိသလိုပဲ မျက်နှာလွှဲသွားတယ်၊ အခုလည်း ဖုန်းပြောတော့ မမလွင်ရဲ့အသံကို မောင် မမှတ်မိချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မမှတ်မိတာမဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ မမလွင်ဆက်လို့ အံ့သြသွားတာပါ၊ ကျွန်တော့် အိမ်မှာ ဖုန်းရှိတာ သိပ်မကြာသေးဘူး၊ ကျွန်တော့်ဖုန်းနံပါတ်ကို မမလွင် ဘယ်လိုသိသလဲဆိုတာ အံ့သြတာလေ"

"ဩော် ... မောင်ရယ်၊ အခု လဆန်းပိုင်းကလည်း မင်္ဂလာဈေးကနေပြီး မောင့်အိမ်ကို မမလွင် ရောက်သေးတာပဲ၊ ဒါလည်း မောင် မေ့နေပြီပေါ့လေ၊ အဲဒီတစ်ခေါက်ရောက်တုန်းက မောင့်ဖုန်းနံပါတ်ကို မမလွင် မှတ်ခဲ့တာပေါ့"

"အဲ ... ဟုတ်သားပဲ၊ ကဲ ... ပြော၊ မမလွင် ဘယ်သွားစရာရှိလို့ ကျွန်တော့်ဆီ ဖုန်းဆက်တာလဲ၊ ကျွန်တော် ဘယ်ကို လိုက်ပို့ပေးရမလဲ"

"ဘယ်မှသွားစရာမရှိပါဘူး၊ ဒီနေ့ ဒေါက်တာဦးမျိုးထွတ်က မမလွင်ကို သူ နိုင်ငံခြားကပါလာတဲ့ တီဗီတစ်လုံးနဲ့ အောက်စက်တစ်လုံး လက်ဆောင်ပေးတယ်လေ၊ အဲဒါ မမလွင် အရပ်ထဲက ဗီဒီယိုအခွေအငှားဆိုင်က တစ်ခွေငှားကြည့်နေလို့ ဘယ်မှ သွားစရာမရှိပါဘူး"

"ဒါဆို မမလွင် ပွတာပေါ့၊ တီဗီနဲ့အောက်စက်တစ်စုံ ရတယ်ဆို နည်းတာမဟုတ်ဘူး"

"အသစ်စက်စက် မဟုတ်ပါဘူး မောင်ရာ၊ ဒီလူကြီး အသစ်တစ်စုံဝယ်လို့ အဟောင်းကိုစွန့်ကြဲတာပါ၊ ဘာပဲဖြစ် ကြည့်ရတာပေါ့လေ၊ မမလွင်ဘာသာ ဝယ်နိုင်တာ မဟုတ်တာ၊ ဒါထက် အခု မမလွင်ကြည့်နေတဲ့အခွေ



ဇာတ်လမ်းလေးက သိပ်စိတ်ဝင်စားဖို့ကောင်းတယ် မောင်ရဲ့၊ အင်္ဂလိပ်ခွေပါ"

"ဘာဇာတ်လမ်းမို့လဲ မမလွင်"

"ဩော်ကွယ် ... ဇာတ်လမ်းထဲက မင်းသားလေးက တက္ကစီကားမောင်းတဲ့သူပါ၊ ဒါပေမဲ့ရုပ်ချောတယ်၊ အရွယ်ငယ်တယ်၊ အရပ်အမောင်းနဲ့ ခန္ဓာကိုယ်အချိုးပြေပြစ်တယ်၊ ဒီလိုလူမျိုးကို မိန်းကလေးတွေ ကြိုက်တတ်တာပေါ့၊ တစ်နေ့တော့ အဲဒီတက္ကစီသမား မင်းသားဟာ သိပ်ပိုက်ဆံချမ်းသာတဲ့ အမျိုးသမီးလေးနဲ့ ငြိကြတယ်၊ အမျိုးသမီးလေးက သူ့ကို တက္ကစီဒရိုင်ဘာမှန်း မသိဘူး၊ အကြောင်းမသိတဲ့လူဆိုရင် ကောင်လေးက ရုပ်ချောလူရည်သန့်လေးဆိုတော့ သူဌေးသားလို့ထင်ကြတယ်၊ အဲ ... သူတို့နှစ်ယောက် ချစ်ကြိုက်သွားကြတော့ သူဌေးသမီးလေးက ရွှေတွေ၊ ငွေတွေ ကောင်လေးကိုပေးတယ်၊ ကောင်လေးက သိပ်စိတ်ကောင်းရှိတဲ့ ကောင်လေးပဲ၊ သူဌေးသမီး သူ့ချစ်သူဆီက ရွှေငွေတွေကို သူတစ်ယောက် တည်းမသုံးဘူး၊ သူ တက္ကစီဆွဲစဉ်က သူ့အဖော်အပေါင်းအသင်းတွေကို ပြန်ပြီးပေးတယ်၊ စွန့်ကြဲတယ်၊ ဘဝတူချင်းတွေမဟုတ်လား မောင်ရာ"

အောင်အောင်သည် တည့်တည့်ပြောမှ ရိပ်မိသည်။ ...ပို ဤမျှအထိ မမလွင်ပြောသော ဇာတ်လမ်းကို နားထောင် ...မလွင် ဘာကိုဆိုလိုနေခြင်းဖြစ်သည်ဟု ရိပ်မိတော့သည်။

"တော်ပြီ မမလွင်၊ အဲဒီဇာတ်လမ်းကို ကျွန်တော် ဆက်ပြီး နားမထောင်ချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ မောင်"

"အခု မမလွင်က ကျွန်တော့်ကို ငွေညှစ်ချင်တာမို့ ဒီဇာတ်လမ်းကို ပြောနေတာမဟုတ်လား"

"ဟဲ ဟဲ… မမလွင်ပြောတဲ့ ဇာတ်လမ်းလေးထဲက မင်းသမီးလေးဟာ စိမ်းမြသွေးနဲ့ တူတယ်ဆိုရင် မောင်က ဇာတ်လမ်းထဲက မင်းသားလေး တက္ကစီသမားနဲ့ တူနေသလားလို့လေ"

"ဒီမယ် မမလွင်"

"ဒီမယ် မောင်၊ မမလွင်ပြောတာကို မောင်က နားထောင်ရမယ့်အခြေအနေပါ၊ မောင် ပြန်ပြောတာကို မမလွင် နားထောင်ဖို့မလိုဘူးလေ၊ အခုတလော မမလွင် အရမ်းဘိုင်ကျတယ်ကွာ၊ ငွေသုံးသောင်းလောက် လိုချင်နေတယ်၊ မောင်က နဂိုတည်းက သဘောကောင်းမှန်း မမလွင် သိပြီးသားပါ၊ ဇာတ်လမ်းထဲက တက္ကစီသမားလေးလို မောင်က မမလွင်ကို ငွေသုံးသောင်းပေးမှာပဲမဟုတ်လား"

"ကျွန်တော်ပြောမယ် မမလွင်"

"မောင် မပြောနဲ့တော့လေ၊ ငွေဆိုတာ ချက်ချင်းကြီးဆိုရင် အဆင်သင့်ဖြစ်ချင်မှဖြစ်တာမျိုးမှန်း မမလွင် သိပါတယ်၊ မောင် သုံးရက်အချိန်ယူပါ၊ သုံးရက်မြောက်တဲ့နေ့ ညနေ ခုနစ်နာရီလောက်လေ၊ မောင် တင်းနစ်ရိုက်ကပြန်ချိန်လောက် မမလွင် မောင်နေတဲ့ ဗိုလ်အောင်ကျော်လမ်းတိုက်ခန်းကိုလာခဲ့မယ်၊ မောင် ငွေသုံးသောင်း အဆင်သင့်လုပ်ထားပေတော့နော်၊ ကဲ … ဂွတ်နိုက် မောင်"

မမလွင်ဘက်မှ တယ်လီဖုန်းချလိုက်သံ ထွက်ပေါ်လာသည်။



မမလွင် အိမ်တွင် တယ်လီဖုန်းမရှိပေ။ တခြားတစ်နေရာရာက မမလွင် ဆက်ခြင်းဖြစ်မည်။ အောင်အောင် မမလွင်အား ဘယ်လိုဘယ်နံပါတ်ဖြင့် ဖုန်းပြန်ခေါ်ရမှန်း မသိတော့ပါလေ။

အချုပ်ဆိုသော် သုံးရက်အတွင်း မမလွင်အား ငွေသုံးသောင်းပေးလျှင်ပေး။

မပေးလျှင် မမလွင်က စိမ်းအား မိမိသည် တက္ကစီကားမောင်းသူဟု ပြောမည်။

ဒါဆို မိမိ သဘော်သားအရာရှိပါဟု ပြောထားသည်ကိုပင် စိမ်းက ယုံတော့မည်မဟုတ်။

စိမ်း၏မေတ္တာကို မရတော့ဘဲ စိမ်းက ရှောင်ခွာသွားသည်နှင့် ကိုလှိုင်ဘွားနှင့် မိမိတို့လုပ်ငန်းမှာ အလိုလိုပျက်သွားပေတော့မည်။

အောင်အောင်သည် တယ်လီဖုန်း၏ နောက်ထပ်ဂဏန်းကွက်များ ထပ်မံလှည့်လိုက်သည်။

"လှိုင်ဘွား ပြောနေပါတယ်"

"ဒီမယ် ကိုလှိုင်ဘွား၊ အရေးကြီးတဲ့စကားပြောချင်တယ်၊ ကျုပ် ခင်ဗျားဆီ လာရမလား၊ ခင်ဗျား ကျုပ်ဆီလာမလား"

"ငါ့ဆီမလာနဲ့၊ မင်းဆီကို ငါ နာရီဝက်အတွင်း အရောက်လာခဲ့မယ်"

တကယ်ပင် နာရီဝက်မပြည့်မီ ကိုလှိုင်ဘွား ရောက်လာပေတော့သည်။

"ကဲ … ပြော အောင်အောင်"

မမလွင်ဆိုတဲ့ ဒေါ်ကေသီလွင်အကြောင်း ပြောချင်လို့ အစချီပြီး မမလွင်နှင့် မိမိ အင်းလျားလိတ်ဟိုတယ်၌ ပရိုက်ဗိတ်

www.burmeseclassic.com

www.burmeseclassic.com



တက္ကစီဆွဲစဉ်က သိက္ခမ်းခဲ့သည်ကအစ ယနေ့ ကလပ်တွင် တွေ့ကြပုံနှင့် နောက်ဆုံး မမလွင်ဆီက ဖုန်းဆက်ပြီး ငွေသုံးသောင်း တောင်းသည့် အကြောင်းတွေ အားလုံး ပြောပြလိုက်သည်။

"အဲဒါ ဘယ်လိုလုပ်မလဲ ကိုလှိုင်ဘွား၊ မမလွင်ကို ငွေသုံးသောင်းပေးပြီး ပါးစပ်ပိတ်ထားမလား"

"မင်းနဲ့ စိမ်းမြသွေး အခြေအနေကကော"

"ကောင်းပါတယ်၊ ကျွန်တော့်အထင်တော့ ကျွန်တော်ဖွင့်ပြောရင် စိမ်းက လက်ခံမယ့်အခြေအနေ ရောက်ပြီလို့ အကဲခတ်မိတယ်"

"အဲဒါအမှန်ပဲ၊ ဒီကောင်မလေးဟာ မင်းကို လက်ခံတဲ့ပုံစံဟာ ဒီအရင် ဘယ်ယောကျ်ားလေး တစ်ယောက်ကိုမှ လက်မခံသေးတဲ့ ပုံစံမျိုးလို့ ငါကြားတယ်"

"ခင်ဗျား ဘယ်လိုလုပ်ပြီး ကြားတာလဲ"

"ငါ့နည်း ငါ့ဟန်နဲ့ပေါ့ကွာ၊ ဒါဆို အခြေအနေသိပ်ကောင်းလာပြီ၊ ကောင်မလေးက မင်းကို လက်ခံပြီဆိုတာနဲ့ တို့လုပ်ငန်း ခုနစ်ဆယ်ရာခုနှစ်နှုန်း အောင်မြင်ပြီ"

"နို့ မမလွင် ကိစ္စကကော၊ သူ ငွေသုံးသောင်းမရရင် ကျွန်တော်က စိမ်းကို ဖွင့်မပြောခင် သူက ဦးအောင် စိမ်းကို ပြောလိုက်တာနဲ့ စိမ်းနဲ့ကျွန်တော့်အခြေအနေဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်တယ် ကိုလှိုင်ဘွား"

"ထားစမ်းပါ၊ ဒီမိန်းမ ခြသေ့်လည်ဆံမွေးကြားထဲ ဝင်ပြီး ကိုက်တဲ့ ခြင်တစ်ကောင်ပဲ၊ အရေးမပါပါဘူး"

"ဒါဆို သူတောင်းတဲ့ ငွေသုံးသောင်း ခင်ဗျား ပေးမလား၊ ဒီကိစ္စ လုပ်ငန်းကိစ္စနော်"



ကိုလှိုင်ဘွားက သူ့ကိုယ်သူ ရုပ်ရှင်ထဲက လူကြမ်းပခုံးတွန့်ပုံမျိုး တွန့်ပြလိုက်သည်။

"မှတ်ထား အောင်အောင်၊ ရှိသမျှ စည်းစိမ်ပြုတ်တယ်ဆိုတာ ဖဲရိုက်၊ အရက်သောက်၊ မိန်းမလိုက်ရုံနဲ့ မပြုတ်ဘူး၊ ဖဲရိုက်တယ်ဆိုတာ ရှုံးတစ်လှည့် နိုင်တစ်လှည့်ပဲ၊ အရက်သောက်တယ်ဆိုတာ တစ်ထိုင်တည်း တစ်ပုလင်းကုန်အောင် သောက်တာနဲ့ ဒေါင်းသွားမှာပဲ၊ နောက်ထပ်မသောက်နိုင်တော့ဘူး၊ မိန်းမလိုက်တယ်ဆိုတာလည်း တန်ရာတန်ကြေး ပေးလိုက်ရင်ပြီးတယ်၊ အေး ... ငွေညှစ်ခံရပြီဆိုရင်တော့ ကုန်တယ်ဟေ့၊ စည်းစိမ်ပြုတ်အောင်ကုန်တယ်၊ ငွေညှစ်သမားဟာအခု တစ်ခါညှစ်လို့ ပေးလိုက်ရပြီဆိုရင် နောက်ဆက်တိုက်ညှစ်တော့တာပဲ၊ ကိုယ့်မှာ မကုန်မချင်း သူက ညှစ်ယူမှာ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ဒီကောင်မလိပ်စာ ငါ့ကို အတိအကျပေး အောင်အောင်၊ သူ ငွေမညှစ်နိုင်အောင် ငါ ကြည့်စီစဉ်လိုက်မယ်၊ ဒါ ငါ့တာဝန်ထားလိုက်၊ မင်းသာ ကောင်မလေး စိမ်းမြသွေးနဲ့ ဖြစ်မြောက်ဖို့ဆက်လုပ်"

အောင်အောင်က မမလွင်၏ ရန်ကင်းတိုက်ခန်းလိပ်စာ အတိအကျကို ကိုလှိုင်ဘွားကို ပြောပြသည်။ ကိုလှိုင်ဘွား သူ့မှတ်စုစာအုပ်ငယ်လေးတွင် သေချာရေးမှတ်ယူသွားပေတော့သည်။

ကိုလှိုင်ဘွား ပြန်သွားပြီးနောက် အောင်အောင်လည်း သူ့ကားလေးဖြင့် ထွက်ကာ ညစာသွားစားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ည (၈)နာရီလောက်မှ အောင်အောင် ပြန်ရောက်လာသည်။

ဘယ်ကိုမှ သွားရန်မရှိတော့ပြီမို့ သည်ညအဖို့ ကားကို ဂိုဒေါင်သွင်းရန် ဂိုဒေါင်တန်းလျားကြီးဆီသို့ မောင်းခဲ့သည်။

မိမိကဲ့သို့ တိုက်ခန်းနေပြီး ကားပိုင်ရှိသူများ ညအိပ် ကားဂိုဒေါင်တွင် ငှားစားသူရှိပေသည်။ ကားဂိုဒေါင်တန်းလျားကြီးမှာ ကိုယ်ပိုင်ကား အစီးနှစ်ဆယ်ခန့် ထားရှိနိုင်သည်။ တစ်စီးကို ညသိပ်ဂိုဒေါင်ခ တစ်ထောင့်ငါးရာပေးရသည်။ ဂိုဒေါင်တန်းလျားပိုင်ရှင်သည် တစ်လလျှင် ငွေသုံးသောင်း အေးအေးဆေးဆေးရသည်။ နံနက်(၈)နာရီ နောက်ဆုံးထားပြီး ကားပိုင်ရှင်များက ကားကို ထုတ်ပေးရသည်။ နေ့ပိုင်းအားလပ်သော ဂိုဒေါင်တွင် ဂိုဒေါင်ပိုင်ရှင်က စီးပွားရေးလုပ်ငန်း လုပ်သေးသည်။ ညနေ (၆) နာရီမှစပြီး ဂိုဒေါင်၌ ကားပြန်သွင်းရသည်။

ဦးကျော့မောင်ဆိုသည့် အသက်(၅၀)ခန့် လူကြီးကို ညစောင့်အဖြစ် ခန့်ထားပြီး ကားများကို စောင့်ရှောက်စေသည်။

"ဆရာလေး အောင်အောင်၊ ဆရာလေးတို့ ကားဂိုဒေါင်ထားခကို ဒီလကုန်ကစပြီး ဂိုဒေါင်ပိုင်ရှင်က တိုးပြီးတောင်းမလို့တဲ့"

ဦးကျော့မောင်က အောင်အောင် ကားသွင်းထားခဲ့ပြီး ထွက်အလာတွင် အပေါက်ဝမှ ဆီး၍ ပြောလိုက်ခြင်းဖြစ်ပါ၏။

"လွန်တာပေါ့ဗျာ"

"ကုန်ဈေးနှုန်းတွေက အစစဈေးကြီးလို့ သူကလည်း ဂိုဒေါင်ဈေးတက်ရမယ်လို့ပြောတာပဲ"



"ဒါဖြင့် ဦးကျော့မောင်ကိုလည်း သူက လခတိုးပေးမှာပေါ့"

"မထင်ပါဘူး ဆရာအောင်အောင်ရာ၊ သူ့လေသံက မလုပ်ချင်ရင်ထွက်ဆိုတဲ့ လေသံကစပြီးပြောတော့ လခတိုးဖို့ မပြောရဲပါဘူး၊ ကျုပ်မှာလည်း မိန်းမက မကျန်းမာ၊ ကလေးသုံးယောက်ရဲ့ ကျောင်းစရိတ်နဲ့ နေ့ပိုင်းဆိုက်ကားထွက်နင်းတာတောင် ထမင်းနှစ်နပ် အလျှဉ်မမီချင်ဘူး"

"မစိုပြည်ပါလား"ဟု အောင်အောင် ရင်ထဲမှ ကျိတ်ပြောရင်း ဂိုဒေါင်မှ အိမ်ဆီသို့ ပြန်လာခဲ့သည်။

အိမ်ရောက်သည်နှင့် ဘာကိုမျှ မစဉ်းစားတော့ဘဲ အိပ်ရာထဲ ပစ်လှဲကာ အိပ်ချလိုက်လေတော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



# ၉ • ၆

ရက်စက်လွန်းသည်။

မြန်လွန်းသည်။

ဤမျှအထိ မရက်စက်လွန်းသင့်။

အောင်အောင်သည် အိပ်ရာမှထပြီး စီးကရက်ခဲကာ ဝရန်တာပေါ်တွင် ပစ်တင်ထားခဲ့သော ယနေ့ထုတ်သတင်းစာကို ဖတ်ကြည့်မိသည်။

သတင်းစာတစ်နေရာတွင် စက်ပိတ်သတင်းဟုခေါ် မလားမသိ။ မမလွင်နှင့်ပတ်သက်သော သတင်းတစ်ခု ပါရှိလာသည်ကို အံ့သြစွာ စိတ်မကောင်းစွာ တွေ့ရှိရသည်။

သတင်းအဆိုမှာ မနေ့ည(၁၁)နာရီခန့် ရဲပတ္တရောင်များ ကင်းလှည့်စဉ် (...) ကားပေါ်တွင် အမျိုးသမီးတစ်ဦး လမ်းပေါ်၌ သေဆုံးနေသဖြင့် အလောင်းကို ဆေးရုံပို့စစ်ဆေးရာ အမျိုးသမီး၏ပိုက်ဆံအိတ်ထဲမှ တွေ့ရှိသော အမျိုးသားမှတ်ပုံတင်ကတ်ပြားအရ သေဆုံးသူသည် ရန်ကင်းတိုက်အမှတ်(  )နှင့် အခန်းအမှတ် (...)နေ ဒေါ်ကေသီလွင်ဟု သိရှိရသည်။ မော်



တော်ကား အတိုက်ခံရပြီး သေဆုံးသွားသည်ဟု သက်ဆိုင်ရာမှ ယူဆသည်။ အမှုကို သက်ဆိုင်ရာမှ ဆက်လက်စုံစမ်းလျက်ရှိကြောင်းဟု ဖော်ပြထားသည်။

အောင်အောင်သည် ၎င်းသတင်းစာကိုဖတ်ပြီး စိတ်မကောင်းစွာဖြင့် ငိုင်နေမိသည်။

ဗေဒင်မမေးနှင့် ဆန်ကုန်သည်။ ဤသည်မှာ ကိုလှိုင်ဘွား၏လက်ချက်ဖြစ်မှန်း သေချာသည်။

ငွေညှစ်သူကို တစ်ပြားမှမပေးဘဲ လူ့လောကကြီးမှ အပြီးအပိုင် မောင်းထုတ်လိုက်ခြင်းဖြစ်ပေသည်။

မမလွင်လို မိန်းမကလည်း အပြင်ခေါ်ထုတ်ရန် လွယ်သည်။ အချိန်မရွေးလည်း လိုက်သည်။ သည်တော့လည်း ကိုလှိုင်ဘွားက မမလွင်ကို အပြင်ခေါ်ထုတ်ပြီး ကားနှင့် တိုက်သတ်လိုက်ခြင်းဖြစ်ပေသည်။

ကိုလှိုင်ဘွားသည် ရက်စက်လွန်းသည်။ အဆုံးအဖြတ် မြန်ဆန်လွန်းသည်။

တကယ်ဆိုလျှင် လူလူချင်း ငဲ့ညှာသောအားဖြင့် သူ၏လူမိုက်အုပ် အရှိန်အဝါပြပြီး မမလွင်ကို ခေါ်ယူခြိမ်းခြောက်ပြီး ငွေညှစ်ခြင်းအလုပ် ရပ်တန့်ရန်ပြောလျှင် မမလွင်က ကိုလှိုင်ဘွားကိုတော့ ကြောက်ပြီး လိုက်နာမည်ထင်ပါသည်။

ဒါမှမဟုတ်လည်း မမလွင်ကို ခေါ်ယူဖမ်းဆီးလာပြီး ကိုလှိုင်ဘွားနှင့် မိမိကိစ္စပြီးမှ ပြန်လွှတ်ပေးလျှင်လည်းရသည်။

ယခုမူ ချက်ချင်းလက်ငင်းကြီးကို အပျောက်ရှင်းပစ်လိုက်သည်။ ရက်စက်လွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝိုက်၍ ကိုလှိုင်ဘွား၏လုပ်ရပ်ကို ဆက်စပ်တွေးကြည့်လျှင် ကိုလှိုင်ဘွားသည် မိမိအား သူ့ကိုယ်သူ နဂါးမှန်းသိအောင် အမောက်ထောင်ပြခြင်း ဖြစ်နိုင်သည်။

“မင်း ငါ့ကို သစ္စာမဖောက်နဲ့၊ သစ္စာဖောက်မယ်ကြံရင် ကေသီလွင်ကို နမူနာကြည့်”ဆိုသည့် သဘောဖြင့် ကေသီလွင်ကို သတ်ပြလိုက်ခြင်းသည် မိမိအား ပို၍ကျိုးနွံပြီး သူ့ကို မလှန်ရဲ၊ သစ္စာမဖောက်ရဲအောင် သာဓက လုပ်ပြလိုက်ခြင်းလည်းဖြစ်နိုင်ပါ၏။

အောင်အောင် အံကြိတ် လက်သီးဆုပ်မိပါ၏။

သတင်းစာကို လုံးခြေပြီး နံရံသို့ ပစ်ပေါက်ကာ ထိုင်ရာမှထသည်။

မမလွင် ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းရင်း ကားဂိုဒေါင်မှာ ကားထုတ်ရန် အောက်သို့ဆင်းခဲ့သည်။

ကားတွေ ကုန်အောင် လာမထုတ်သေးသဖြင့် အစောင့် ဦးကျော့မောင်သည် အပေါက်ဝတွင် ကုလားထိုင်နှင့် ထိုင်နေသည်ကို တွေ့ရသည်။

မိမိ ကားပါကင်အဝင် ကားလေးငါးစီး ဂိုဒေါင်ထဲတွင် ရှိနေသေးသည်။

အောင်အောင်က သူ့ကားကို မောင်းထုတ်ရာတွင် ကားရှေ့ပိုင်းမှ ငြိနေသော အသံမျိုးထွက်နေသည်။ မနေ့က မိမိကားသွင်းခဲ့သည်အထိ မိမိကားမှာ ဘာအပြစ်မှမရှိပါဘဲလျက် ယခု နံနက်မောင်းမှ တဂျိဂျိ အသံတစ်သံ ရှေ့ပိုင်းမှ ထွက်နေသည်။

အောင်အောင် စက်သတ်ပြီး ကားရှေ့ပိုင်းကို ဆင်းကြည့်သည်။



ကား၏လက်ယာဘက် ရှေ့ကာမတ်ကပ်သည် ချိုင့်ဝင်နေကာ ဘီးနှင့်ငြိပြီး တဂျိဂျိမြည်သံထွက်နေခြင်းဖြစ်သည်။

လက်ယာဘက် ရှေ့ဘန်ကာလည်း အတွင်းသို့ အနည်းငယ်ကွေးဝင်နေသည်။

“ဗျို့ ... ဦးကျော့မောင်၊ ခဏလောက် လာစမ်းပါဦး”

“ဗျာ ... ဆရာအောင်”

ဦးကျော့မောင် ရောက်လာပါ၏။

“ဒီမှာ ကျွန်တော့်ကား မနေ့ညက ဦးကျော့မောင် ရှေ့မှာပဲ ဂိုဒေါင်သွင်းခဲ့တာ၊ ဘာသံမှလဲ မမြည်ဘူး၊ ဘာမှလဲ မချွတ်ယွင်းတာ ဦးကျော့မောင် အမြင်ပဲ”

“ဟုတ်ပါတယ် ဆရာအောင်”

“ဟုတ်ပါတယ် လုပ်မနေနဲ့၊ အခု ညာဘက် ဘန်ဘာလည်း ကွေးဝင်နေတယ်၊ မတ်ကပ်အကာလည်း ပိန်ချိုင့်ပြီး ဘီးနဲ့ ငြိနေတယ်၊ ဂိုဒေါင်ထဲမှာဖြစ်တာ၊ ညက ကျွန်တော့်ကား ပြန်မထုတ်တာ ဦးကျော့မောင် အသိပဲ”

ကားပိုင်ရှင်များသည် ကားဂိုဒေါင်သွင်းပြီးမှ အရေးကိစ္စရှိ၍ ညဘက် ကားပြန်ထုတ်ယူလိုက်လျှင် အစောင့်ဦးကျော့မောင်ထံ ပြောကြားပြီးမှ ထုတ်ယူရသည်။ ကိစ္စပြီး၍ ကားပြန်သွင်းလျှင်လည်း ဦးကျော့မောင်ကို အသိပေးပြီး ပြန်သွင်းရသည်။ သည်အတွက် ဦးကျော့မောင်အား လက်ဖက်ရည်ဖိုး မုန့်ဖိုး တစ်ဆယ် နှစ်ဆယ် ပေးရပါ၏။

ထို့ကြောင့် ယခု အောင်အောင်က ညက မိမိ ကားပြန်မထုတ်ကြောင်းကို ပြောပြသည်ကို ဦးကျော့မောင် မငြင်းနိုင်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ပါဘူး ဆရာအောင်ရယ်၊ မနေ့ညက ဆရာအောင် ကားသွင်းပြီး မိုးကြိုးချုပ်မှ ဂျစ်ကားတစ်စီး ဂိုဒေါင်သွင်းဖို့ ရောက်လာတယ်၊ ပိုင်ရှင်ရဲ့စာနဲ့ လက်မှတ်ပါလာတော့ ကျုပ်က လက်ခံရတာပေါ့၊ ဂျစ်ကားပေါ်က မှူးရှေးသုံးယောက်လေ အရက်မူးပြီး ဂျစ်ကားဘက်ဆုတ်သွင်းတာ ဆရာအောင့်ရဲ့ကားကို ဝင်တိုက်မိတယ်"

"ဘာဗျ၊ ဦးကျော့မောင်က ဘာမှ မပြောဘူးလား"

"ပြောတာပေါ့ ဆရာအောင်ရယ်၊ သူတို့က အဘိုးကြီး ဘာမှ လာမပြောနဲ့၊ မနက်ကျမှ ပိုင်ရှင်နဲ့ ကြည့်ရှင်းမယ်၊ ခင်ဗျားအပူမဟုတ်ဘူးလို့ ပြန်ဟောက်သွားတယ်၊ ကျုပ်က ဘယ်သူဟောက်ဟောက် ခံရတဲ့လူ မဟုတ်လား"

"ဒါဆို အဲဒီလူတွေ ဘယ်မှာလဲ၊ ကျွန်တော်နဲ့ ရှင်းမယ်"

"မနက်ခြောက်နာရီတည်းက ကားထုတ်ယူသွားပြီ ဆရာ"

"သူတို့အိမ်လိပ်စာနဲ့ နာမည်ကော"

"အဲဒါကို ကျုပ် ဘာသိနိုင်မလဲ၊ ဂိုဒေါင်ပိုင်ရှင်တော့ သိမလားပဲ၊ ဂိုဒေါင်ပိုင်ရှင်က ဒီကားလက်ခံဆိုရင် ကျုပ်က လက်ခံရတာပဲ ဆရာ၊ အဲ ... နောက်တစ်ချက်က ဒီလူတွေဟာ ရန်ကုန်က မဟုတ်ဘူးလို့ ကျုပ်ထင်တာပဲ၊ သူတို့ချင်းချင်းပြောတဲ့ထဲမှာ မိုးလင်းတာနဲ့ ခရီးဆက်မယ်လို့ ပြောကြသံကြားတယ်"

အောင်အောင် ဘာမျှ မတတ်နိုင်ပါလေတော့။ ဦးကျော့မောင်ကို အပြစ်ပြောရန်ကလည်း သူ့ခမျာ မရှိလို့ အစောင့်လုပ်စားနေသူမို့ မိမိက ကြိမ်းမောင်းလည်း ခံရုံသာရှိသည်။



အောင်အောင်က ကားမတ်ကပ်ကို လက်ဖြင့်တွန်းပြီး ငြိနေသည်ကို ခွာထုတ်လိုက်ပြီး ဆက်မောင်းလာခဲ့သည်။

ကိုယ့်အကုသိုလ်နှင့်ကိုယ်မို့ ကိုယ့်ဟာကိုယ် ပြုပြင်တော့မည်ဟုသာ ဆုံးဖြတ်လိုက်ရသည်။

အိမ်ကိုပြန်ရောက်ပြီး ကိုလှိုင်ဘွားအား ခင်ဗျားသိပ်ရက်စက်တဲ့လူပဲဟု အပြစ်တင်စကား ပြောမည်ဟု စိတ်ကူးသေးသည်။

သို့သော် မပြောဘဲနေသည်က ပိုကောင်းသည်ဟု တွက်ကာ မပြောဘဲ နေလိုက်တော့သည်။

တစ်နေ့လုံး နံနက်စာထမင်း ထွက်စားသည်မှအပ အောင်အောင်သည် ဘယ်မှမသွားဘဲ နေလိုက်သည်။

ညနေ လေးနာရီထိုးသည်နှင့် အောင်အောင် တင်းနစ်အဝတ်အစားဝတ်ဆင်ပြီး မျက်နှာသုတ်ပုဝါ၊ တင်းနစ်ရက်ကက်တို့ယူပြီး ကန်သာယာကလပ်သို့ လာခဲ့သည်။

ဒါက တာဝန်တစ်ရပ်ဖြစ်ပါ၏။

ရုံးသမားတွေ ရုံးတက်ရသည်ကဲ့သို့ မတက်မနေ ရုံးသို့သွားရောက်ရခြင်းမျိုးပါတည်း။

ကိုလှိုင်ဘွား ပေးအပ်ထားသော တာဝန်အရ ကန်သာယာကလပ်သို့ ညနေတိုင်း အောင်အောင် သွားရောက်ရမည်သာ။

ကားရပ်ရာကုန်းမြင့်တွင် ရပ်ထားသော ကားများထဲမှ စိမ်း၏ ပါဗလစ်ကာကားလေးကို ရှာကြည့်သည်။

ယနေ့ တစ်ခုဆန်းနေသည်မှာ ကားများရပ်ထားရာ ကုန်းမြင့်တွင် ရဲကားအပြာတစ်စီး ရပ်ထားသည်ကို တွေ့ရပြီး

www.burmeseclassic.com

www.burmeseclassic.com



ငှင်းကားပေါ်တွင် ရဲဝတ်စုံနှင့် လူသုံးယောက်ကို တွေ့ရခြင်းဖြစ်သည်။

အောင်အောင်က စိမ်း၏ ပါဗလစ်ကာကားဘေးတွင် မရမကယှဉ်ပြီး သူ၏ကားကို ရပ်ပြီးနောက် ကားပေါ်မှ ဆင်းလိုက်သည်။

ကားမှန်များတင်၊ ချက်ချပြီး တံခါးကို သော့ခတ်နေစဉ် မိမိဘေးသို့ ဒုရဲအုပ်တစ်ဦး ရောက်လာပေသည်။

"စိတ်မရှိပါနဲ့နော်၊ ကျွန်တော်က တာဝန်အရပါ"

ဒုရဲအုပ်က ပြုံးလည်းပြုံးသည်။ အောင်အောင်အား လေးစားသည့်အမူအရာလည်း ပြသသည်။

ဤကန်သာယာကလပ်သို့ လာသည့် မင်ဘာတွေသည် ရာထူးဌာနန္တရရှိသူ၊ ငွေကြေးချမ်းသာသူ ပုဂ္ဂိုလ်ကြီးများ မဟုတ်ပါလား။

ဒုရဲအုပ်နောက်တွင် မှတ်စုစာအုပ်နှင့် ဖိုင်တွဲကိုင်ထားသော ရဲကြပ်ကြီးတစ်ဦး ပါရှိပါသေး၏။

စိတ်မရှိပါနဲ့နော်ဟု ရည်မွန်စွာပြောသော ရဲအရာရှိက ဆက်ပြောသည်။

"လူကြီးမင်းရဲ့နာမည်လေး တစ်ဆိတ်လောက် အမိန့်ရှိပါလားဗျာ"

"အောင်အောင်ပါ"

"ဒီကလပ်ရဲ့ မင်ဘာအမှတ်ကကော ခင်ဗျာ"

"ရှစ်ဆယ့်သုံးပါ"

အောင်အောင် ဖြေကြားသည်နှင့် နောက်မှ ရဲကြပ်ကြီးက လက်ထဲမှ ဖိုင်တွဲကို လှန်ကြည့်ပြီး တစ်ခုခု ရှာဖွေတော့သည်။



"ဟုတ်တယ် ဆရာ၊ ဦးအောင်အောင် မင်ဘာအမှတ် ရှစ်ဆယ့်သုံးလို့ တွေ့ပါတယ်"

ရဲအရာရှိက ဆက်ပြောသည်။

"မနေ့ညက ဒေါ်ကေသီလွင်ဆိုတဲ့ အမျိုးသမီး ကားတိုက်ခံရပြီး သေဆုံးသွားပါတယ်၊ အဲဒီအမှုကို စုံစမ်းတော့ ဒေါ်ကေသီလွင်ဟာ ကန်သာယာကလပ်က မင်ဘာတစ်ဦးဖြစ်ပြီး မနေ့ညနေက ကန်သာယာကလပ်ကို လာသွားသေးတယ်လို့ စုံစမ်းလို့ ရပါတယ်"

"ဩော် ... ဩော်"

ဟု အောင်အောင်က အလိုက်သင့် ပြောလိုက်သည်။

"အဲဒီ သေဆုံးသွားတဲ့ ဒေါ်ကေသီလွင်နဲ့ လူကြီးမင်းကိုအောင်အောင်ဟာ သိကျွမ်းပါသလား၊ ရင်းနှီးပါသလား"

"အာ"

အောင်အောင် ဘယ်လိုဖြေရမှန်း မသိသဖြင့် "အာ" ဟု နှုတ်မှ အလိုလို ထွက်သွားပေသည်။

"ဒေါ်ကေသီလွင်ရဲ့မင်ဘာအမှတ်က အမှတ်စဉ်ခြောက် ဆရာ၊ ဒီကလပ်ကို စတင်ဝင်ရောက်တဲ့ နေ့စွဲအရဆိုရင် ဒေါ်ကေသီလွင်က ဒီကလပ်မင်ဘာဖြစ်တာ သုံးနှစ်ကျော်နေပြီ၊ အခု ဦးအောင်အောင်ရဲ့ မင်ဘာအမှတ်စဉ် ရှစ်ဆယ့်သုံးဟာ နောက်ဆုံးဂဏန်း ဖြစ်နေတယ်။ ဦးအောင်အောင် ဒီကလပ်ကို ဝင်ရောက်တဲ့ နေ့စွဲကို တွက်ကြည့်ရင် ဒီနေ့မှ ဆယ်ရက်ပဲ ရှိသေးတယ် ဆရာ၊ ဦးအောင်အောင်ဟာ မင်ဘာအသစ်စက်စက်ပဲ ရှိသေးတယ်"

အောင်အောင် အသက်ရှူမှန်သွားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်တော်က လူသစ်မို့ ဒီကလပ်မှာ သိကျွမ်းသူ သိပ်နည်းနေပါသေးတယ်၊ ဒေါ်ကေသီလွင်ဆိုတာ မသိရုံမကဘူး၊ မြင်ဖူးရဲ့လားတောင် မပြောတတ်ပါဘူး၊ ဒီကလပ် မင်ဘာဟောင်းတွေကို လူနဲ့နာမည်တွဲပြီး သိကျွမ်းတာ လေးငါးခြောက်ဦးလောက်ပဲ ရှိပါသေးတယ်၊ ဖြုန်းခနဲ မေးလိုက်တော့ ကျွန်တော် ဘာဖြေရမှန်းမသိအောင် ဖြစ်သွားပါတယ်"

"ဟုတ်ကဲ့ ကိုအောင်အောင်၊ ဒါပေမဲ့ မနေ့က ညနေပိုင်းမှာ ဒေါ်ကေသီလွင် ဒီကလပ်ကို လာသွားတာဟာ နောက်ဆုံးပါပဲ၊ ဒါကြောင့် နောက်ဆုံး ဒီကလပ်ကို ဒေါ်ကေသီလွင် လာသွားကြောင်း အတည်ပြု ကွန်ဖန်းလုပ်ချင်လို့ မင်ဘာတွေကို လာမေးရတာပါ"

"ဒါဆိုရင်တော့ မင်ဘာဟောင်းတွေကိုမေးမှ ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့ ... အခု ရောက်လာပြီးသမျှ မင်ဘာတွေကို ဒီကစောင့်ပြီး ကျွန်တော် မေးပြီးပါပြီ၊ ကဲ ... ကိုအောင်အောင် သွားနိုင်ပါပြီ၊ တာဝန်အရ မေးရတာမို့ အနှောင့်အယှက် ဖြစ်သွားရင် ခွင့်လွှတ်ပါ"

အောင်အောင် ဂူခန္ဓြေရရုပ်ပင် ရဲအရာရှိနှင့် ရဲကြပ်ကြီးကို နှုတ်ဆက်ကာ ကုန်းမြင့်မှ လှေကားအတိုင်း ဆင်းလာခဲ့သည်။

ယခုလို ရဲအဖွဲ့က စုံစမ်းသည့်အတွက် ကိုလှိုင်ဘွားကို အောင်အောင်ကျိတ်၍ ကျိန်ဆဲမိလိုက် ပြန်တော့သည်။

❖ ✧ ❖



# ( ၉ )

အပန်းဖြေစားသောက် အဆောက်အအုံတွင် စိမ်းရောက်ရှိပြီး ဖြူဖြူ၊ မာဂရက်ချို၊ နွယ်နွယ်တို့နှင့် ထိုင်နေပေသည်။

အခြား အမျိုးသားတွေလည်း သူ့ဝိုင်းနှင့်သူ ထိုင်နေကြသည်။

စကားဝိုင်း၊ စားသောက်ဝိုင်း။ နားနေဝိုင်းတိုင်းလိုလိုတွင် ကေသီလွင် သေဆုံးသွားခြင်းနှင့် ပတ်သက်ပြီး ဝေဖန်ပြောဆိုနေကြခြင်းဖြစ်သည်။

ကုန်းမြင့်မှ အောက်သို့ ရောက်လာသူတိုင်းအား ရဲကစစ်ဆေးမေးမြန်းခြင်း ခံရသည်မို့ အားလုံးသည် ကေသီလွင်၏ကိစ္စကို စိတ်ဝင်စားနေကြပေသည်။

သို့သော် ယနေ့ဝိုင်းတွင် ကိုဟန်ဝင်းကြီးရောက်ရှိမလာပေ။ စိမ်းတစ်ယောက်တည်း လာခြင်းဖြစ်သည်။

"ဟော ... လာပါပြီ၊ ကိုအောင်အောင်လေ"

နှုတ်သွက်သော မာဂရက်က အောင်အောင် ဆင်းလာသည်ကို တွေ့သည်နှင့် ခပ်ကျယ်ကျယ်လေး ပြောလိုက်ပြီး စိမ်းကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မိဖြူတို့၊ မိနွယ်တို့၊ ဟိုဘက်ကွင်း အားတော့မယ်၊ သွားကြစို့၊ စိမ်းကတော့ သူ့ပါတနာ ကိုအောင်အောင် ရောက်လာမှ လက်ညီတက်ညီရိုက်ဖို့ တမင်စာရင်းမသွင်းသေးဘဲ စောင့်နေတာ၊ တို့ သွားကြမယ်"

ရက်ကက် ကိုယ်စီကိုင်ကာ သုံးယောက်သား ထကြစဉ် မာဂရက်က ခတ်မင်းသားလေသံဖြင့် စိမ်းကိုကြည့်ကာဆိုလိုက်သည်။

"သွားခါနီး မောင်ကြီးမှာခဲ့မယ်၊ မင်းလက်ကို လူမဆွဲစေနဲ့၊ ဝဲပေါက်တတ်တယ်"

အားလုံး ရယ်ကြသည်။

စိမ်းက မာဂရက်၏တင်ပါးလုံးလုံးလေးကို ဖြန်းခနဲ လက်ဝါးနှင့်ရိုက်ပြီး ပြုံးနေပါ၏။

သူတို့ ထွက်သွားပြီး အောင်အောင် ရောက်လာကာ မိမိနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"မစိမ်းစိမ်း ရောက်နေတာ ကြာပြီလား"

"ရောက်တာတော့ ကြာပြီ၊ ကုန်းပေါ်မှာ ရဲတွေတောင်မေးမြောက်မေး မေးတာကို ဖြေတာက ဆယ်မိနစ်လောက်ကြာတယ်၊ အခု ဒီမှာ ဖြူဖြူတို့နဲ့ ထိုင်နေတာ မိနစ်နှစ်ဆယ်လောက် ရှိသွားပြီ၊ ကိုအောင်အောင်ကိုကော ရဲတွေက မေးသေးလား"

"မေးပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဘာဖြေတတ်မှာလဲ၊ မနေ့ကမှ ဒေါကေသီလွင့်ကို မြင်ဖူးတာပဲဟာ၊ ကဲ — ဒီလို သတင်းဆိုးစကားတွေ ပြောမနေပါနဲ့, မစိမ်းရား အခု မစိမ်း ဘယ်နှပွဲ ကစားပြီးပြီလဲ"



"အိုး ... ဒီမှာ ထိုင်တာမှ မိနစ်နှစ်ဆယ်ပဲ ရှိသေးတာ၊ ဘာတစ်ပွဲမှ မကစားရသေးဘူးပေါ့"

"မစိမ်း ရိုက်ဖို့ လူတွဲကော စာရင်းပေးထားပြီးပြီလားဟင်၊ ဘယ်သူနဲ့ရိုက်ဖို့ စာရင်းပေးထားလဲ"

စိမ်းက အောင်အောင် မေးလိုက်သည်နှင့် အလိုလို ခေါင်းငုံ့သွားပေသည်။

ဤကွင်းတွင် စိမ်းလောက်နီးပါး ကောင်းသူ အမျိုးသားတွေ ရှိပေသည်။ စိမ်းနှင့်ရိုက်ချင်သူ တစ်ဦးဦးက စိမ်းလက်ခံလျှင် စာရင်းသွားပေးထားနိုင်သည်။ မိနစ် နှစ်ဆယ်ပင် စောရောက်နေသည် မဟုတ်လား။ စိမ်းသည် ဘယ်သူနှင့်မှ တွဲရိုက်ဖို့ စာရင်းမပေးသေးခြင်းသည် မိမိကို တမင်စောင့်နေခြင်း ဖြစ်ရမည်။

ထို့ကြောင့် ယခု မိမိမေးလိုက်သည်နှင့် မိမိကိုစောင့်နေမှန်း သိသာသွားသောကြောင့် စိမ်း ရှက်ပြီး ခေါင်းငုံ့သွားခြင်း ဖြစ်ပေမည်။ အောင်အောင် ရင်ထဲ၌ အရမ်းကျေနပ်ရပါ၏။

"ကျွန်တော့်ကို စောင့်နေတာလား မစိမ်း"

စိမ်းက ခေါင်းလေး ပြန်မော့လာပြီး ခေါင်းညိတ်ပြသည်။

"ကိုအောင်အောင်နဲ့ ရိုက်ရတာ လက်ညီတယ်လေ"

ဒါကတော့ မိန်းမသားပီပီ ဆင်ခြေ့ရန်ရှောင်ပြောခြင်းသာ ဖြစ်ရမည်ဟု အောင်အောင် ရင်ထဲက နားလည်ပါ၏။

"ဒါဆို ကျွန်တော်နဲ့ မစိမ်း ရိုက်ဖို့ အတွဲစာရင်းသွားပေးဦးမယ်၊ ခဏစောင့်နော်"

ပြောပြောဆိုဆို အောင်အောင် ထကာ အတွဲစာရင်းသွားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရင်းပေးပြီး ပြန်လာကာ စိမ်းနှင့် မျက်နှာချင်းဆိုင်မှာပင် ပြန်ထိုင်သည်။

အောင်အောင်သည် ငူငူငေါင်ငေါင် ဖြစ်နေသည်။ စိတ်ထဲတွင် မမလွှင် သေဆုံးမှုကိစ္စကြီးက အနှောင့်အယှက် အရှမ်းဖြစ်နေသည်။ ရဲက အမေးအမြန်း အစစ်အဆေးတွေ လုပ်လာသောကြောင့် စိတ်ထဲတွင် ပိုမို၍ နှောက်ကျိလာသည်။

"ကိုအောင်အောင်"

စိမ်းက လေသံထက် ပိုမိုကျယ်ရုံမျှလေး ခေါ်လိုက်သည်။

"ဟင် ... မမစိမ်း"

"ကိုအောင်အောင် ဒီနေ့ ငိုင်လှချည်လား၊ ကိုအောင်အောင်ကို ကြည့်ရတာ တစ်ခုခုမှာ သိပ်အာရုံစိုက်နေသလိုပဲ"

အောင်အောင်က ပြုံးလိုက်သည်။ စိမ်းကိုလည်း ကြည့်လိုက်သည်။

စိမ်း၏အမြေးမြန်းမှာ မိမိအတွက် အကွက်ဝင်လာသည်ကိုလည်း သတိထားမိသည်။

ဘောဘီပတ်ဝန်းကျင်ကို ပတ်ချာလှည့် စွေစောင်းကြည့်ပြီး အကဲခတ်လိုက်သည်။

စောစောက စကားဝိုင်း၊ စားသောက်ဆိုင်ဝိုင်းများ ရှင်းသွားပြီ။ မမလွှင်အကြောင်း ပူပူနွေးနွေး ကိုယ်စိတ်ထင်ရာတွေ ပြောဆိုပြီးစီးသွားသဖြင့် ပြောစရာမရှိတော့ဘဲ ကစားကွင်းဆီသို့ သွားကြဟန် တူပေသည်။

"ဟုတ်တယ် မစိမ်း၊ ကျွန်တော် အင်မတန် အာရုံရှုးစိုက်နေတဲ့ ကိစ္စအကြောင်းတစ်ခု ရှိနေတယ်"



"ဘာကိုများ အင်မတန် အာရုံစိုက်နေတာလဲရှင်"

စိမ်းက ပြုံးပြုံးရယ်ရယ်လေး ပြန်မေးသည်။

"ကျွန်တော် တွက်ရခက်တဲ့ ပုစ္ဆာတစ်ပုဒ် မစိမ်းကို ပြောပြမယ်၊ မစိမ်းလည်း တွက်ကြည့်ပေးပေါ့"

"ဆိုပါဦး ပုစ္ဆာက"

"ဒီလိုလေ မစိမ်း၊ ပုစ္ဆာက အိမ်နီးနားချင်း နှစ်အိမ်ရှိတယ်ဆိုပါတော့၊ တစ်အိမ်နဲ့ တစ်အိမ်ကလည်း ခင်မင်ကြတယ်၊ အဲဒီလို ခင်မင်တာကို အကြောင်းပြုပြီး တစ်အိမ်က ငရုတ်သီးလေးတောင်းလိုက်၊ ကြက်သွန်လေးတောင်းလိုက်၊ ဆန်ချေးလိုက်၊ ဆီချေးလိုက်၊ လုပ်တယ်၊ အမိက ပိုက်ဆံပါ ချေးလာတယ်၊ အဲဒီတော့ ကျန်တဲ့တစ်အိမ်က အတောင်းအရမ်း အချေးအငှား ထူပြောလိုက်တာ၊ ဒီအိမ်နဲ့ အရောမဝင်တော့ဘဲ ခပ်တန်းတန်း နေနေမှဆိုပြီး ရှောင်ဖယ်ဖယ်လုပ်လိုက်တော့ မူလ နှစ်ဦးခင်မင်မှုဟာ ပျက်ပြယ်သွားပါရောတဲ့"

အောင်အောင်ပြောသည့် ဥပမာလေးကို စိမ်းက အသံလေးထွက်လာအောင်ပင် ရယ်မောလိုက်သည်။

ခေတ်ပညာတတ်ရုံမက အကင်းပါးသော မိန်းကလေးမို့ အောင်အောင်သည် ဗဟိုပစ်မှတ်သို့ပစ်ရန် မြားချိန်နေပြီမှန်း ရိပ်မိသည်။

"ဒီပုစ္ဆာက အလွယ်လေးပဲ ကိုအောင်အောင်၊ ငရုတ်သီးလည်းမတောင်းနဲ့၊ ကြက်သွန်လည်းမတောင်းနဲ့၊ ဆန်၊ ဆီ၊ ပိုက်ဆံလည်း မချေးနဲ့၊ ဒါဆိုရင် မူလ ခင်မင်နေတာ ဘာမှပျက်ပြယ်စရာ မရှိဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ"

ဟာဗျာ ဟူသော အသံမှာ အလိုမကျသော အသံ မဟန်း ထင်ရှားပေါ်လွင်စေပါ၏။

လုပ်ငန်းသဘောအရကိုကပင် စိမ်း၏မေတ္တာကို အရယူဖို့ဖြစ်ရာ စိမ်း၏စကားက ငြင်းပယ်စကားမျိုး ဖြစ်နေသဖြင့် အောင်အောင်က စိတ်ထိခိုက်သွားသော သဏ္ဌာန်ကို တမင်လုပ်ဆောင်ပြရမည်ဖြစ်ပါ၏။

သို့တစေ ...

ဟာဗျာဟု အောင်အောင် အလိုမကျ ဖြစ်သွားသည်မှာ တမင်တကာ သဏ္ဌာန်လုပ်ခြင်း မဟုတ်ပါလေ။ အောင်အောင်၏ရင်ထဲ၊ အသည်းထဲ၊ နှလုံးထဲက တကယ်ပင် အငြင်းပယ်ခံရသည်ကို စိတ်ထိခိုက်သွားသည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း အောင်အောင်၏ မျက်နှာပေါ်တွင် ဟာဗျာနှင့်အတူ စိတ်ထိခိုက်သွားသည့် ရုပ်က တကယ်ပေါ်လွင်သွားပေသည်။ စိမ်းက အောင်အောင်၏ စိတ်ထိခိုက်သွားသော မျက်နှာကို အကြင်နာ ကရုဏာအကြည့်ဖြင့် ငေးကြည့်နေသည်။

စိမ်း၏ရင်ထဲတွင်လည်း တစ်မျိုးတစ်မည် ယခင်က တစ်ကြိမ်တစ်ခါမျှ မခံစားရဖူးသေးသော ခံစားမှုတစ်မျိုးကို ခံစားလိုက်ရပါ၏။

"ကဲပါ ... ကိုအောင်အောင်၊ ငရုတ်သီး၊ ကြက်သွန်၊ ဆန်၊ ဆီ၊ ပိုက်ဆံကိစ္စတွေပြောဖို့ အချိန်တွေ အများကြီးရှိပါသေးတယ်၊ အခု စိမ်းတို့ စာရင်းပေးထားတဲ့ကွင်း အားတော့မယ်၊ လာ ... သွားကစားကြစို့"



ပြောပြောဆိုဆိုပင် စိမ်းကထပြီး ကစားကွင်းဆီသို့ ခြေလှမ်းသည်။

အောင်အောင်မှာ ပျာခနဲ သုတ်ခနဲ မလိုက်ဘဲ ထိုင်ပြီး ငူငေါင်နေမိသည်။ ကိုယ်လိုချင်တာ မရသဖြင့် ငိုချင်သော ကလေး၏ ရင်ထဲခံစားမှုမျိုး အောင်အောင် တကယ်အဟုတ်ခံစားနေရသည်။ နဂိုကပင် မမလွင် ကိစ္စကြောင့် စိတ်မကြည်မသာ ဖြစ်နေစဉ် ယခုတစ်ခါ စိမ်း၏ငြင်းပယ်စကားကြောင့် အောင်အောင် အမှန်တကယ် စိတ်မကောင်း ဖြစ်ရပေသည်။

"အယ် ... လာလေ"

စိမ်း၏ဝမ်းတွင်းစိတ်က အောင်အောင် ပါမလာသည်ကို အလိုလို သိနေသလား မပြောတတ်။ လေးငါးလှမ်း ခြေလှမ်းပြီးမှ နောက်သို့ ပြန်လှည့်ကြည့်ရာ ငူငူငေါင်ငေါင် ထိုင်နေဆဲ အောင်အောင်ကို တွေ့ရသဖြင့် ရပ်ကာခေါ်လိုက်ခြင်းဖြစ်သည်။

"အယ် ... လာလေ"

စိမ်း၏ဝမ်းတွင်းစိတ်က အောင်အောင် ပါမလာသည်ကို အလိုလို သိနေသလား မပြောတတ်၊ လေးငါးလှမ်း ခြေလှမ်းပြီးမှ နောက်သို့ ပြန်လှည့်ကြည့်ရာ ငူငူငေါင်ငေါင် ထိုင်နေဆဲ အောင်အောင်ကို တွေ့ရသဖြင့် ရပ်ကာ ခေါ်လိုက်ခြင်းဖြစ်သည်။

အောင်အောင် ဖြည်းလေးစွာ မတ်တတ်ရပ်ပြီး ရပ်စောင့်နေသော စိမ်းထံသို့ တရွေ့ရွေ့ပင် လှမ်းလာခဲ့ပေသည်။

ကောင်တာမှ ဦးရဲအောင်ကြီးက စိမ်းနှင့် အောင်အောင်၏အဖြစ်ကိုကြည့်ကာ ပြုံးပြီး သူ၏စိတ်ထဲမှာပင် တိုးတိုးလေး ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း စွံနေပြီ အောင်အောင်၊ ငူမနေနဲ့ ငိုင်မနေနဲ့၊ ကောင်မလေးက မင်းအပေါ် ကျနေတာ အမှန်ကွ"

နှစ်ယောက်စလုံး ယှဉ်တွဲပြီး ကွင်းထဲရောက်လာသည်အထိ ကိုယ့်အတွေးနှင့်ကိုယ် စကားမပြောမိကြပါလေ။

စိမ်း ဘာတွေ စဉ်းစားလဲတော့ မသိ။

အောင်အောင်ကမူ စိတ်မချမ်းသာစရာတွေ တွေးနေမိသည်။

အကယ်၍သာ မိမိသည် ကိုလှိုင်းဘွားနှင့် မပတ်သက်ခဲ့မိလျှင် မမလွင်သည် ယခုလို အသေဆိုးနှင့် သေစရာမရှိ။ အထိုက်အလျောက် မမလွင်သည် သူ့လုပ်ငန်းဖြင့် ပျော်မွေ့နေသူ ဖြစ်ပေသည်။

ပြီး စိမ်းကိုလည်း မိမိသည် ပတ်သက်စရာမရှိ။ မိမိကို လာပတ်သက်သော မမလွင် အသေဆိုးနှင့် သေလေပြီ။ သည့်နောက် မိမိနှင့်ပတ်သက်သော စိမ်းတွင် မည်သို့သော အန္တရာယ်ကြီးများ ဆိုက်လေဦးမည်မသိ။

ဒါတွေ အရင်းစစ်လျှင် လူယုတ်မာ လှိုင်ဘွားသာလျှင် အဓိကတရားခံဖြစ်သည်။ မိမိကိုယ်တိုင်ပင်လျှင် လှိုင်ဘွား၏ ကျော့ကွင်းတွင် မိနေသော သားကောင် မဟုတ်ပါလေလား။

အောင်အောင်နှင့် စိမ်းတို့စတင်၍ ကစားကြသည်။

အောင်အောင်၏ ယနေ့ရိုက်ချက်တွေသည် ပြင်းလွန်းနေသည်။ ဘောလုံးပဲ ကွဲမလား၊ ရက်ကက်ကြိုးတွေပဲ ပြတ်မလား ထင်ရအောင် ရိုက်ချက်က ပြင်းလှသည်။ ထို့ကြောင့်လည်း ရိုက်ချက်ပြင်းသော ဘောလုံးသည် စည်းအပြင်ရောက်သွား၍ အောင်အောင်သည် စိမ်းအား သုံးမှတ်အကွာဖြင့် ရှုံးနေပေပြီ။



အောင်အောင်၏ စိတ်ထဲတွင် ဘောလုံးကို လှိုင်ဘွားဟု သဘောထားကာ ဒေါသဖြင့် ဖိရိုက်နေခြင်း ဖြစ်ပေသည်။

စိမ်းသည် အောင်အောင်၏ ရိုက်ချက်တွင် ခါတိုင်းလိုမဟုတ်ဘဲ ခြေမမှန် လက်မမှန် ဖြစ်နေသည်ကို အံ့သြနေမိသည်။ အောင်အောင်ကို လှမ်းကြည့်ရာ မျက်နှာထားကြီး တင်းမာနေသည်ကိုလည်း မြင်နေရသည်။

ဒါကိုပင် စိမ်းက ကျေနပ်စွာ ပြုံးမိသည်။

စိမ်းစိတ်ထဲတွင် မိမိထံမှ မေတ္တာမရသေးသဖြင့် ကိုယ်တော်ချော စိတ်ထိခိုက်ပြီး ခြေမမှန် လက်မမှန် ဖြစ်ရခြင်းသည် မိမိကို တကယ်ချစ်လေသောကြောင့်ဟု ကျေနပ်စွာ ယူဆပါ၏။

ဆက်ရိုက်နေစဉ်မှာပင် ...

ယခုတစ်ကြိမ် အောင်အောင် ဖိရိုက်လိုက်သော ဘောလုံးမှာ ပိုက်ကွန်ကို ရှပ်ကျော်ပြီး စိမ်းထံသို့ တည့်တည့်ကြီး အရှိန်နှင့်ဝင်သွားသည်။

စိမ်းက အလူးအလဲ အားရှိသလောက် ခုံပြီးပြန်အရိုက်တွင် စိမ်းလက်မှ ရက်ကက်ပါလွင့်သွားပြီး စိမ်းမှာကွင်း၏သမံတလင်းတွင် လဲပြိုကာ နှစ်ပတ်သုံးပတ် လိမ့်သွားတော့သည်။

"ဟင် ... စိမ်း ... စိမ်း ... စိမ်း"

အောင်အောင်သည် သူ့လက်ထဲမှ ရက်ကက်ကို အားသို့ လွှင့်ပစ်ကာ ပြေးလာသည်။ ပိုက်ကို တန်းမြင့်ခုန်ခုန်ကျော်ပြီး စိမ်းလဲရာသို့ လွှားခနဲ လွှားခနဲ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းဆောသို့ ရောက်သည်နှင့် ဘာဘာညာညာမစဉ်းစားနိုင်ဘဲ စိမ်းကိုပွေ့ပြီး ရင်ခွင်ထဲ ထားလိုက်ကာ စိမ်း ... စိမ်း၊ စိမ်း ဘာဖြစ်သွားလဲ ... ဘယ်ထိသွားလဲဟု အငမ်းမရ မေးတော့သည်။

စိမ်းသည် သတိလစ်သွားသည် မဟုတ်ပေ။ စိမ်းသည် နာကျင်သည်ထက် ကွင်းထဲ လူမြင်ကွင်းကြီးတွင် အောင်အောင်၏ ရင်ခွင်တွင် အပိုက်အထွေးခံရသည်ကို ရှက်သည့်စိတ်က ပိုနေသည်။

"အို ... ရပါတယ်၊ စိမ်းဘာမှမဖြစ်ဘူး"

ဟု ပြောရင်း အောင်အောင်၏ ရင်ခွင်ထဲမှ အတင်းရုန်းထွက်လိုက်ပေသည်။

ယခု အောင်အောင် ပြုမူခြင်းမှာ တာဝန်ထမ်းဆောင်နေခြင်း မဟုတ်ပါ။ လှိုင်းဘွားကို သတိလုံးဝမရ။ စိမ်း ပွန်းပဲ့ကွဲပြဲသွားမည်ကိုသာ စိုးရိမ်စိတ် အားလုံးလွှမ်းနေသည်။

လူတွေ ပြေးလာကြသည်။ နဂိုကတည်းက လက်ရည်တူသော စိမ်းနှင့် အောင်အောင်၏ပွဲကို ဂရုတစိုက် အလေးအနက်ထား၍လည်း ကြည့်နေကြသဖြင့် ချက်ချင်း လူတွေအုံလာခြင်း ဖြစ်ပါ၏။

ဖြူဖြူ၊ မာဂရက်၊ နွယ်နွယ်တို့လည်း အပြေးအလွှားရောက်လာသည်။

"လုပ်ပါဦးဗျာ မဖြူဖြူ၊ စိမ်းကိုပွေ့ထူပြီး ကုသမှုတစ်ခုခု အရေးပေါ် လုပ်ကြပါဦး၊ စိမ်း လိမ့်သွားတာ နှစ်ပတ် သုံးပတ်တောင်ပဲ၊ တော်တော် နာသွားမယ်ဗျာ"



"လောလောဆယ် စားသောက်ဆိုင်ကို တွဲခေါ်သွားပြီး ဆေးခန်းသွားသင့် သွားရမှာပဲ"

ဟု ဖြူဖြူက ပြောရင်း ...

"ကဲ ... မာဂရက်နဲ့ နွယ်နွယ်က ဟိုဘက်ကတွဲ၊ ငါက ဒီဘက်က တွဲမယ်"

စိမ်းအား ဟိုဘက် သည်ဘက်တွဲပြီး ထရပ်စေသည်။

"အား ... အား ... မရဘူး ... မရဘူး၊ ငါ့ခြေမျက်စိက သိပ်နာတယ်၊ ထောက်လို့မရဘူး"

စိမ်းက ဇွတ် ပြန်ထိုင်ချလိုက်သည်။

စိမ်း မျက်ရည်များ ကျလာပါ၏။

"ကျိုးသွားသလားမှ မသိတာ၊ ဆေးရုံပို့တာ အကောင်းဆုံးဖြစ်မှာ၊ ဓာတ်မှန်တွေ ဘာတွေ ရိုက်ကြည့်သင့်တယ်"

ဆောတွင်ရပ်နေသူ တစ်ဦးက အကြံပေးစကားပြောသည်။

အောင်အောင်က အနာရသွားသည့် စိမ်းခြေမျက်စိတို သူ၏လက်ချောင်း လက်ဝါးဖြင့် စမ်းသပ်ရင်း ...

"စိမ်း ခြေမျက်စိကို ကျွန်တော် နည်းနည်းပါးပါး ကိုင်ကြည့်မယ်နော်၊ အရိုးတွေ ဘာတွေ ကျိုးသွားသလားဆိုတာ စမ်းကြည့်မှာပါ"

စိမ်းက အောင်အောင်အား ခေါင်းညိတ်ပြသည်။

အောင်အောင်က စိမ်း၏ဒဏ်ရာရ ခြေမျက်စိတစ်ဝိုက်ကို သူ၏လက်ချောင်းများဖြင့် တရွေ့ရွေ့ စမ်းသည်။ လက်ဝါးပြင်ဖြင့် စိမ်း၏ခြေမျက်စိ တစ်ဝိုက်ကို ပွတ်သပ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရိုးတော့ ဘာမှမဖြစ်တာ သေချာတယ် စိမ်း၊ အကြော ထုံး အဆစ်လွဲလောက် ဖြစ်သွားတယ်၊ ကျွန်တော် သဘော် လိုက်ခဲ့တုန်းက သင်္ဘောမှာတီဗက်သဘော်သားတစ်ယောက် ပါလာတယ်၊ သူက အရိုးအကြော၊ အဆစ်အမြစ်ပညာကို သူတို့ရိုးရာပညာအဖြစ် တတ်ကျွမ်းထားတယ်၊ ကျွန်တော် သူ့ဆီမှာသင်လာခဲ့တာ တတ်သင့်သလောက် တတ်တယ်၊ အဲဒါ အခု စိမ်းရဲ့ခြေနာကို ကျွန်တော် ကုပေးခွင့်ပြုမလား ဟင်"

ဘေးမှ ရပ်ကြည့်သူတစ်ဦးက ဝင်၍ပြောပြန်သည်။

"အင်း ... အရမ်းမလုပ်ရင် ကောင်းမယ်၊ ဆရာဝန်ဆီပို့တာ အကောင်းဆုံးဖြစ်မယ်၊ တိဗက်က ရိုးရာပညာဆိုတာက လည်း မြန်မာပြည်က အနှိပ်သည်လောက် ရှိမှာပါ"

"မဟုတ်ဘူးဗျ၊ တချို့ အကြော အဆစ် အရိုးမှာ တကယ် တော်တဲ့လူတွေ ရှိတယ်၊ ဒါ ပညာပဲဗျ"

ဘေးစကားတွေကြောင့် အောင်အောင် ဘာလုပ်ရမည် မသိ ဖြစ်နေပေသည်။

မာဂရက် ကပ္ပလီ ဂျပုမသည် စွာတေးသံဖြင့် ဝင် ပြောလိုက်သည်။

"ဒီမယ် စိမ်း၊ ကိုအောင်အောင်ဟာ ခေတ်ပညာတတ်လူ ရွယ်ပါ၊ မဟုတ်ဘဲ မတတ်ဘဲ လုပ်မလား၊ သူ့ပညာကို သူယုံကြည်လို့ လုပ်ပေးမှာ စေတနာသက်သက်နဲ့လုပ်ပေး မှာ၊ လုပ်ပေးပြီး မသက်သာတော့လည်း ဆရာဝန်ဆီသွား ပေါ့"

အောင်အောင်က စိမ်းအားကြည့်လိုက်သည်။



"စိမ်း ... ဘယ်လိုလဲဟင်"

ဟု မေးလိုက်သည်။

စိမ်းက အောင်အောင် ကုသပေးရန် ခေါင်းညိတ် ပြလိုက်ပေသည်။

"ဆတ်ခနဲ နည်းနည်းတော့ နာမယ်နော်၊ ဒါပေမဲ့ စိတ်ချ၊ နာရီဝက်အတွင်း နဂိုအတိုင်း ပြန်ကောင်းစေရမယ်"

ပြောပြောဆိုဆို အောင်အောင်သည် စိမ်း၏ခြေ မျက်စိတစ်ဝိုက်ကို ညင်သာစွာ ပွတ်ပေးပြီး လက်ချောင်းများက ရှစီ ရှစိနှင့် နေရာမှန်ကို ရှာဖွေပြီး ဘာမပြော ညာမပြော ခြေ ဖဝါးကိုကိုင်ကာ အထက်သို့ ဆိုးခနဲ ဆတ်ခနဲ ဆွဲလှန်လိုက်သည်။

အနီးကပ်နေသူတို့သည် စိမ်းခြေမျက်စိမှ ဂျွတ်ခနဲ ထွက်လာသည့် အသံကိုပင် ကြားရပေသည်။

"အား ... နာလိုက်တာ ကိုအောင်အောင်ရယ်"

စိမ်း ညည်းတွားရင်း နာကျင်သွားသူတို့ ထုံးစံ အတိုင်း ကိုင်မိကိုင်ရာ အားပြုကိုင်သည်မှာ ရှေ့တည့်တည့်တွင် ရှိနေသော အောင်အောင်၏ပခုံးနှစ်ဖက်ကို သူမ၏လက်နှစ်ဖက် ဖြင့် လှမ်းကိုင်မိတော့သည်။

"ပြီးသွားပါပြီ စိမ်း၊ ခုန ခြေခေါက်ပြီး အလိုင်မင်အောက် နေတဲ့ အနေအထားကို အခု ပြန်တည့်ပြီးပါပြီ၊ တစ်ခဏ အတွင်း စိမ်း ခြေထောက်နိုင်မယ်၊ လမ်းလျှောက်နိုင်မယ်၊ အလိုင်မင် ပြန်တည့်ပေးတဲ့အချိန်မှာ စိမ်း နာသွားတာပါ၊ ကဲ ... မတ်တတ်ရပ်၊ ရဲရဲပြန်ထောက်ကြည့်၊ မဖြူဖြူနဲ့ မာဂရက်က ဘေးက မလိုလဲ လိုလဲ နည်းနည်းထိန်းထား ကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စိမ်းသည် ဖြူဖြူနှင့် မာဂရက် အကူအညီဖြင့် မတ်တတ်ရပ်သည်။ ခြေ,ထောက်ကြည့်သည်။

ခြေ,ထောက်နိုင်ပါ၏။ အနည်းငယ် နာကျင်သေးသည်ကလွဲပြီး ကောင်းကောင်း ခြေထောက်သွားနိုင်ပြီ။

"မဖြူဖြူနဲ့ မာဂရက်၊ စိမ်းကို လွှတ်ပေးလိုက်ပါ၊ သူ့ဟာသူ နဂိုအတိုင်း လျှောက်နိုင်မှာပါ၊ မလျှောက်နိုင်ရင် ကျွန်တော့်လက်ကို ဖြတ်ပစ်ဗျာ"

"အဲ"

ဟု မာဂရက် ရှုတ်ပြောင် နောက်ပြောင် မျက်နှာနှင့် ပြောလိုက်သည်။

"အဲ ... ဒီအနှိပ်သည် မဆိုးဘူးဟဲ့၊ အလကားလည်း ပျောက်အောင် ကုပေးတယ်၊ သူ့လက်လည်း အဖြတ်ခံတယ်"

အားလုံး ရယ်မောကြပါ၏။ စိမ်းကိုယ်တိုင်လည်း ရယ်မောလာပေတော့သည်။

"ကဲ ... မိဖြူ၊ ငါတို့ ဦးရဲအောင်ကြီးဆိုင် သွားပြီးနားကြမယ်လေ"

"အံမာ ... လမ်းလျှောက်နိုင်မှတော့ ကိုယ့်ဟာကိုယ် ကြွပေတော့ မိစိမ်း၊ နင့်နောက်မှာ ဟာကြူလီလောက် တောင့်တင်းတဲ့ ကိုအောင်အောင်က လိုက်မှာပဲဟာ၊ ငါ နောက်တစ်ပွဲ ဆက်ကစားမလို့ ကိုလှကြိုင်နဲ့ပါတနာတွဲ စာရင်းပေးထားပြီးပြီ၊ အခု ရိုက်မယ့်ပွဲက ဘက်တင်ကြေးလေ၊ ဒီနေ့ ညစာကို ရှုံးသူက အင်းလျားလိတ်မှာ ကျွေးကြေးရိုက်မှာဟဲ့၊ ငါ နိုင်အောင်ရိုက်မှာ၊ ငါ တကယ်ရိုက်ရင် ကိုလှကြိုင် ငါ့ကို မနိုင်ပါဘူး"



ဟိ ... ဟိ ... ဟု မာဂရက်က ရယ်လိုက်ပေသည်။

"ကောင်မ ဘာရယ်တာလဲ"

"ဟဲ့ ... ကိုလှကြိုင်က နိုင်လည်းရှုံး၊ ရှုံးလည်းရှုံး သဘောနဲ့ရိုက်မှာ၊ နင်နိုင်မှာ သေချာတာပေါ့ မိဖြူ"

"ဘာရယ် ... နင့်စကားက"

"ဟ ... ငါ့စကားက ရှင်းနေသားပဲ၊ ကိုလှကြိုင်ကြီးက နင့်ကို သိပ်ကျွေးချင် မွေးချင်နေတာ၊ ဘာမှမရိုက်ဘဲ နင့်ကို ဒိတ်လုပ်လို့ မရမှန်းသိလို့ ရှုံးရင် ညစာကျွေးမယ်ဆိုပြီး ရိုက်မှာ"

"ကောင်မ ... ပြောရဲ့မယ် ပေါက်ကရ"

ဟု ပြောပြောဆိုဆို ဖြူဖြူသည် ရိုက်မည့်ကွင်းဘက်သို့ ထွက်သွားပေသည်။

"ဟေ ... ငါလည်း လိုက်သွားဦးမှ၊ သူတို့ ဘယ်သူရှုံးရှုံး ဘယ်သူနိုင်နိုင် အင်းလျားလိတ်မှာ ညစာ စားရမှာ သေချာတယ်၊ ဒီညစာ ကပ်ပြီးလိုက်စားမှ"

ပြောပြောဆိုဆို မာဂရက် ထွက်သွားသည်။ ပါးစပ်မှလည်း အော်သွားသေးသည်။

"အနှိပ်သည်ဗျို့ ... အနှိပ်သည်၊ အကြောထုံးရင် နှိပ်ပေးမယ်၊ အဆစ်လွဲရင် နှိပ်ပေးမယ်၊ ကောင်မချောချောဆိုရင် ဖရီးနှိပ်ပေးမယ်"

ဟု အော်သွားသည်ကို စိမ်းက မျက်စောင်းထိုးရင်း...

"ဒီကောင်မ တော်တော်ကို ကဲတယ်"

ဟု ပြုံးရင်း ရေရွတ်လိုက်ပေတော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နံနက်ပိုင်း ကော်ဖီဝိုင်းမှ ဦးမင်းဆွေ စားသောက်ပြီး ထွက်သွားသည်နှင့် ကိုဟန်ဝင်းက စိမ်းအား သူ့ရင်ထဲရှိတာတွေ ဖွင့်ပြောတော့သည်။

"နင်နဲ့ ဟိုသဘော်သားကောင် အခြေအနေ အမှန်ကို ငါ သိချင်တယ် စိမ်း"

"ဘာ အခြေအနေကို ပြောတာလဲ ကိုကိုဟန်ဝင်း"

"ငါ ကြားနေတယ်၊ နင်နဲ့ အောင်အောင် ကွင်းမှာတပူးတွဲတွဲ ဖြစ်နေတယ်ဆို၊ ဒါကြောင့် ကွင်းကို ငါမလာတော့တာ၊ ငါ့လာရင် ဒီကောင့်ကို ဆွဲထိုးမိမယ်"

"ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့၊ ဒီမယ် စိမ်း၊ ငါ ရှင်းရှင်းပဲ ပြောမယ်၊ နင့်ကို ငါ လက်ထပ်ချင်ပါတယ်လို့ ဖေဖေ့ကို အခု ဖွင့်ပြောတာနဲ့ ဖေဖေက နင်နဲ့ ငါ့ကို လက်ထပ်ပေးမှာပဲ၊ ဒါဟာလည်း အဖြစ်သင့်ဆုံးနဲ့ အကောင်းဆုံးပဲ"

"ကိုကိုဟန်ဝင်းက ဘာဘာဆွေကို ဖွင့်ပြောရင် ဘာဘာဆွေက စိမ်းရဲ့ဆန္ဒ ဘယ်လိုလဲလို့ ပြန်မေးဦးမှာပါ"



"အေး ... ဖေဖေကမေးရင် နင် ဘယ်လိုဖြေမလဲ"

"စိမ်းမှာ ကိုကိုဟန်ဝင်းနဲ့ ပတ်သက်ပြီး အဖြေတစ်ခုပဲ ရှိတယ်၊ ကိုကိုဟန်ဝင်းကို စိမ်း အစ်ကိုတစ်ယောက်လိုပဲ မေတ္တာထားလို့ရတယ်၊ ချစ်သူ လက်ထပ်မယ့်သူအနေနဲ့ လုံးဝလက်ခံလို့ မရဘူးလို့ ဘာဘာဆွေကို ဖြေရမှာပဲ"

ဖြန်းခနဲနေအောင် ကိုဟန်ဝင်းက စားပွဲကို လက်ဝါးဖြင့် ဒေါသတကြီး ပုတ်လိုက်သည်။

"နင် အရူးပဲ စိမ်း၊ နင် ဦးနှောက်ကြောင်နေတယ်၊ ဖေဖေဟာ သိန်းပေါင်းများစွာ ချမ်းသာတယ်၊ ဖေဖေရဲ့ချမ်းသာသရွေ့ကိုလည်း တစ်ဦးတည်းသော သား၊ ငါသာ အမွေဆက်ခံရမှာ၊ နင့်ကို ငယ်ငယ်တည်းက ဖေဖေနဲ့ မေမေက မွေးစားလာတယ် ဆိုပေမယ့် စာချုပ်စာတမ်းနဲ့ အမွေစားအမွေခံ မွေးတာ မဟုတ်ဘူး"

"အဲဒါကို စိမ်း သိနေသားပဲ"

"နင် သိနေရင် ငါ့ကို နင် လက်ထပ်လိုက်တာဟာ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်စိုက်တဲ့ ဖြောင့်ဖြူးတဲ့လမ်းကို တို့နှစ်ယောက် လျှောက်ရာမရောက်ဘူးလား စိမ်း"

"ရောက်သားပဲ"

"ဒါနဲ့များ စိမ်းရာ၊ နင် အောင်အောင်ဆိုတဲ့ ကောင်ကိုများ ခေါင်းထဲ ထည့်ထားသေးတယ်"

ခေါင်းထဲထည့်တာ မဟုတ်ဘူး၊ နှလုံးသားထဲထည့်မိတာဟု စိမ်းရင်ထဲတွင် သူ့ဘာသာ ပြောမိသည်။ ကိုကိုဟန်ဝင်းကိုမူ ယင်းသို့မပြောသေးပေ။ ကိုအောင်အောင်က ငရုတ်သီး

www.burmeseclassic.com



ကြက်သွန် အိမ်နီချင်း ဥပမာပေးပြီး မိမိကို မေတ္တာရှိကြောင်းတော့ ပြောထားပြီးပြီ။ မိမိက ကိုအောင်အောင့်ကိုဆက်ပြီး အကဲခတ်လိုသေးသောကြောင့်လည်းကောင်း၊ လက်ခံလိုက်လျှင် အင်မတန် အချိန်စောနေသေးသောကြောင့် မိမိ၏နှလုံးသားအချစ်တန်ဖိုးလျော့မည်ကို ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း ပြန်၍အချို့ အခါးအဖြေ မပေးသေးပေ။

သူချစ် ကိုယ်ချစ် နှစ်ဦးနှစ်ဖက် မပွင့်လင်းသေးသောကြောင့် ကိုကိုဟန်ဝင်းအား ကိုအောင်အောင်ကိုသာ လက်ထပ်မည်ဟု ဖွင့်မပြောသေးခြင်း ဖြစ်ပါ၏။

"ငါမေးနေတယ် စိမ်း၊ နင် ငါ့ကို လက်ထပ်မလားလို့"

"စိမ်းဟာ အရွယ်ရောက်လာတဲ့ အချိန်ကစပြီး ဆုံးဖြတ်ခဲ့တာရှိတယ် ကိုကိုဟန်ဝင်း၊ စိမ်း လက်ထပ်သူဟာ စိမ်းရင်ထဲ နှလုံးထဲကကို ချစ်တဲ့သူ ဖြစ်ရမယ်လို့၊ စိမ်းမှာအရွယ်ရောက်တဲ့အချိန်ကစပြီး ချဉ်းကပ်တဲ့ ယောကျ်ားတွေ ထစ်ပုံကြီးပဲ၊ ဘယ်သူ့ကိုမှ စိမ်းရင်ထဲက ချစ်မရလို့ ဘယ်သူ့ကိုမှ လက်မခံတာ ကိုကိုဟန်ဝင်း ရိပ်မိမှာပါ"

"ဒါဆို အခုတော့ နင်က အောင်အောင် ဆိုတဲ့ကောင်ကျတော့ နင့်ရင်ထဲက ချစ်မိပြီပေါ့ ဟုတ်လား"

"ဒါက စိမ်းရဲ့ကိုယ်ရေးကိုယ်တာပါ၊ စိမ်းကို တရားခံအမှုစစ်သလို မေးနေစရာ မလိုပါဘူး"

"အောင်အောင်လိုလူကို ဖေဖေက သဘောတူမယ်လို့ နင်ထင်နေသလား၊ မျိုးရိုးမထင်ရှားဘူး၊ ဘယ်တက္ကသိုလ်ကဘာဘွဲ့မှ ရထားတဲ့လူ မဟုတ်ဘူး၊ ခေတ်အလျှောက်သဘော်သားတွေ ခေတ်စားနေလို့သာ လူရာဝင်နေတာ"



စိမ်းက ပခုံးတွန့်ပြလိုက်သည်။

"ဘဘဆွေက ကိုကိုဟန်ဝင်းကိုရော၊ စိမ်းကိုရော ပွင့်ပွင့်လင်းလင်း ပြောထားသားပဲ၊ စိမ်းတို့ရဲ့ ကိုယ်ရေးကိုယ်တာမှာ စိမ်းတို့ဘာသာ ဆုံးဖြတ်ခွင့် ရှိတယ်တဲ့၊ အဲ ... ဘဘဆွေ အနေနဲ့ စိမ်းတို့မှာ ချစ်သူရှိလာပြီဆိုရင် ဘဘဆွေဆီကို ခဏခေါ်လာခဲ့တဲ့၊ အဲဒီလူကို ဘဘဆွေ ကိုယ်တိုင်အကဲခတ်ကြည့်ပေးမယ်တဲ့၊ အဲဒီလောက်ထိ အခွင့်အရေးဘဘဆွေက ပေးထားပြီးသားပဲဟာ"

"အေး ... နင် တစ်ခုတော့ စွဲစွဲမြဲမြဲ မှတ်ထား၊ ဖေဖေကနင့်ကို သမီးရင်းလို ချစ်ခင်မှန်း ငါသိတယ်၊ နင် ငါကလွဲပြီး တခြားတစ်ယောက်ကို လက်ထပ်လို့ ဖေဖေက သူချမ်းသာတဲ့ အထဲက နင့်ကို ခွဲဝေပေးမယ် ဆိုရင်တော့ငါက ရေရေလည်လည် ကန့်ကွက်ပြီသာမှတ်၊ အမွေဆက်ခံမှုဥပဒေအရ ဖေဖေ ချမ်းသာသရွေ့ ငါပဲ ခံစားခွင့်ရှိတယ်၊ ဒါပဲ"

ကိုဟန်ဝင်း ဒေါသနှင့် ထမင်းစားခန်းမှ ထွက်ခွာသွားတော့သည်။

ချက်ချင်းတော့ ကိုဟန်ဝင်း အမွေကိစ္စ ပြောသွားသည်ကို စိမ်းရင်ထဲတွင် နာကျင်စွာ ခံစားလိုက်ရသေးသည်။

သို့သော် ချက်ချင်းပင် ကိုယ် မချစ်ခင် မနှစ်သက်သူနှင့် တစ်သက်လုံး ပေါင်းသင်းရေးသည် အမွေမရသည်ထက်တစ်သက်လုံး ရင်ထဲခံစားရမည်မို့ ခဏအတွင်း စိမ်း စိတ်ဖြေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်တိုင် စီးပွားရေးတက္ကသိုလ်မှ ဘီကွန်း အောင်ထားသည်မို့ အလုပ်တစ်ခုခု လုပ်ကိုင်နိုင်မည်။

ပြီး ကိုအောင်အောင်ကလည်း သဘော်လိုက်လျှင် ကိုယ့်ချစ်သူနှင့် ရာသက်ပန် အိမ်တစ်ဆောင် မီးတစ်ပြောင် နေနိုင်သည်ဟု တွေးကာ စိတ်အေးချမ်းမှု ရယူလိုက်ပါ၏။

ညနေပိုင်းတွင် ထုံးစံအတိုင်း ဘဘဆွေကို ပြောပြီး ကန်သာယာကလပ်သို့ ပါဗလစ်ကာ ကားလေးကို စိမ်း မောင်း ထွက်လာခဲ့သည်။

ကိုကိုဟန်ဝင်းတစ်ယောက် ဒေါ်နှင့် မောနှင့် ဘယ်ထွက်သွားသည်မသိ။ ကားဂိုဒေါင်ထဲတွင် ဘဘဆွေ၏ကားသစ်ကြီးလည်း ရှိနေသည်။ ကိုကိုဟန်ဝင်း စက်ဘီးနှင့် ထွက်သွားသည်မို့ အနီးအနားပင် သွားလိမ့်မည်ဟု ထင်ပါ၏။

ကွင်းကုန်းမြင့်ပေါ်တွင် ကိုအောင်အောင်ကို သူ့ကားနှင့်အတူ တွေ့ရပေသည်။

ကွင်းထဲသို့ မဆင်းဘဲ စိမ်းအလာကို ကုန်းမြင့်ကားရပ်ရာနေရာမှ စောင့်နေခြင်း ဖြစ်ပေသည်။

"စိမ်း လာမှလာပါ့မလားလို့"

"လာမှာပေါ့၊ နေ့တိုင်းလာနေကျပဲဟာ"

"ခြေထောက်များ နာနေသလားလို့ပါ"

"အနည်းအပါးတော့ နာသေးတာပေါ့၊ ဒါပေမဲ့ အနိုပ်သည် ကြီးစွမ်းလို့ အများကြီး သက်သာသွားပြီလေ"

စိမ်းက ရယ်မောရင်း ပြောသဖြင့် အောင်အောင်လည်း ရယ်ပေသည်။

"စိမ်း"



"ဟင် ... ဘာလဲ ကိုအောင်အောင်"

ယခင်က မစိမ်းဟု ခေါ်သော်လည်း မနေ့ကတည်းက "မ"ကိုဖြုတ်ကာ အောင်အောင်သည် စိမ်းဟုပင် ခေါ်နေသည်ကို စိမ်းကိုယ်တိုင်လည်း သတိထားမိပါ၏။

"ဒီနေ့ ကွင်းထဲ မဆင်းနဲ့စို့လား၊ စိမ်းလည်း ခြေနာထားတယ်၊ ကျွန်တော်လည်း ဒီနေ့ ကစားချင်စိတ်မရှိလို့"

"ရတယ်လေ၊ ဒါဆို အိမ်ပြန်ရုံပေါ့"

"မပြန်ပါနဲ့ စိမ်း၊ ကျွန်တော်နဲ့အတူ ကားလျှောက်စီးကြပါစို့လား၊ ကျွန်တော် စိမ်းကို စကားတွေအများကြီးပြောချင်နေတယ်"

"လာချေပြီ"

ဟု စိမ်း စိတ်ထဲက မှတ်ယူလိုက်သည်။

စိမ်း စဉ်းစားသည်။

ယခု ကားနှင့်လျှောက်သွားစဉ် သူက မိမိအား ချစ်တဲ့အကြောင်း ပြောမည်။ မိမိက သူ့ကို ပြန်ချစ်ရဲ့လားဟု မေးမည်။ အဖြေတောင်းမည်။

သာမန်အားဖြင့်မူ မိန်းမသားဖြစ်သော မိမိက အချိန်ဆွဲထားသင့်သေးသည်။

သို့သော် ယနေ့နံနက်ပင် ကိုကိုဟန်ဝင်းနှင့် မိမိအခြေအနေမှာ တင်းမာခဲ့သည်။

ကိုအောင်အောင်အား မိမိက အဖြေမပေးထားသေးသောကြောင့် ချစ်သူပါဟု ပြောရန်ခက်ခဲသည်။

တကယ်တော့ မိမိကိုယ်တိုင် ကိုအောင်အောင်အား ရင်ထဲက နှလုံးသားမေတ္တာဖြင့် ချစ်နေမိခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းအခြေအနေအရ ဆက်ပြီးဟန်မဆောင် အချိန်မဆွဲလိုတော့ပြီ။

"သွားလေ ... ဘယ်ကားနဲ့ သွားမလဲ"

"စိမ်းရဲ့ကားနဲ့ပဲ သွားကြတာပေါ့။ ကျွန်တော် မောင်းပါ့မယ် စိမ်း၊ စိတ်အေးလက်အေးပေါ့"

စိမ်းက နေရာရွှေ့ပေးလိုက်ရင်း ပြုံးလိုက်သည်။ ကားမောင်းသူသည် ခြေနှစ်ဖက် လက်နှစ်ဖက် အားလပ်သည် မဟုတ်။ စိမ်းကို စိတ်အေးလက်အေးဟု ပြောသည်မှာ သူ မရမ်းကားပါဟု ပြောသည့်အဓိပ္ပာယ် ဖြစ်နေသောကြောင့် စိမ်းပြုံးခြင်း ဖြစ်ပါ၏။

အောင်အောင်က မောင်းပြီး စိမ်းက ဘေးမှထိုင်ကာ ကန်သာယာခြံဝင်းပြင်သို့ ထွက်လာခဲ့သည်။

"ကျွန်တော် ပြောတော့မယ် စိမ်း"

"ဘာလဲ ... ငရုတ်သီး၊ ကြက်သွန် တောင်းတာရယ်၊ ဆန်၊ ဆီ၊ ပိုက်ဆံချေးတာရယ်မျိုး ပြောမှာပဲ မဟုတ်လား"

"အဲဒီနိဒါန်းတွေ မခံတော့ပါဘူး၊ တိုတိုနဲ့ အဓိကလိုရင်းကို ကျွန်တော် ပြောပါ့မယ်၊ စိမ်းကို ကျွန်တော် ချစ်တယ် စိမ်း"

စိမ်း ရင်ခုန်ပါလေတော့သည်။ သည်စကား ပြောလေမည်မှန်း တင်ကြိုသိထားလျက်နှင့် လက်တွေ့ပြောလာသော အခါ စိမ်းရင်ခုန်နေသည်။ ဘာပြန်ပြောရမည်မှန်းလဲ ရုတ်တရက် မသိ။

"တစ်ခုခု ပြန်ပြောပါလား စိမ်း"

"ဘာပြန်ပြောရမှာလဲ"



"သြော် ... ကျွန်တော့်မေတ္တာကို လက်ခံရင် လက်ခံတယ်ပေါ့၊ လက်မခံဘူးဆိုလည်း လက်မခံဘူးပေါ့ စိမ်း၊ အဲဒါ တစ်ခုခုတော့ ပြန်ပြောပါလို့"

"ကောင်းပြီလေ၊ တစ်ခုခု ပြန်မဖြေခင် စိမ်းက ကိုအောင်အောင်ကို မေးချင်စရာတွေ ရှိနေတယ်"

"မေး ... ကြိုက်တာ မေး"

"ကိုအောင်အောင်မှာ စိမ်းအရင် ချစ်ခဲ့ဖူးတဲ့သူ ရှိသလား၊ ရှိရင် ဘာလို့ ကိုအောင်အောင်နဲ့ ကွဲကွင်းသွားသလဲ"

"မရှိခဲ့ဖူးဘူး၊ တစ်ယောက်မှ မရှိခဲ့ဖူးဘူး"

"အဲဒါ ယုံရခက်တယ်၊ ကိုအောင်အောင်ရဲ့ရုပ်၊ ခန္ဓာနဲ့ ပြောပေါက်ဟာ မိန်းကလေးတွေ နှစ်သက်နိုင်တဲ့ အရည်အသွေးတွေပဲ၊ ဒီရုပ်၊ ဒီခန္ဓာ၊ ဒီအပြောနဲ့ ဒီအရွယ်အထိ ချစ်သူမရှိခဲ့ဘူးဆိုတာကို လွယ်လွယ်နဲ့ ယုံလိုက်ရင် မိုက်မဲရာ ရောက်နေမလားလို့"

"ဖြေပါ့မယ်၊ စိမ်း ယုံတာ မယုံတာတော့ ကျိုးကြောင်းဆက်နွယ်ကြည့်ပြီးမှ ဆုံးဖြတ်ပေါ့၊ ကျွန်တော် ပြောခဲ့ပြီးပါပြီ၊ ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်မှာ ဆယ်တန်းအောင်ပြီး ဖခင်ရဲ့ ပစ်ပယ်လိုက်ခြင်းကို ခံရတယ်၊ ကိုယ့်ဒူးကိုယ်ချွန် စာရေးနှစ်နှစ်ဝင်လုပ်တယ်၊ အဲဒီနောက် သင်္ဘောလိုက်သွားတာ သင်္ဘောပေါ်မှာချည်း ငါးနှစ်ကြာခဲ့တယ်၊ ဖခင်ပစ်ပယ်လို့ ကိုယ့်ဒူးကိုယ်ချွန် နှစ်နှစ်အတွင်းမှာ စိတ်မကောင်း ဖြစ်တာရော တခြား ဘာကိုမှ အာရုံမထားနိုင်ဘူး၊ ဘာချစ်သူမှ စိတ်ကူးထဲ မထည့်ရဲဘူး၊ ဒီနောက် ပြီလယ်

www.burmeseclassic.com

www.burmeseclassic.com



ထဲသွားနေတဲ့ ငါးနှစ်လုံးလုံး သင်္ဘောပေါ်မှာ နေခဲ့ရတယ်၊ သင်္ဘောပေါ်မှာ ဘယ်ကလာပြီး ချစ်သူတွေ့နိုင်မှာလဲ၊ ဒီတော့ ကျွန်တော့်မှာ ချစ်သူတစ်ခါမှ မရှိခဲ့ဖူးဘူးဆိုတာ ကျွန်တော့်ရဲ့ မှန်သောသစ္စာစကားပဲ စိမ်း"

"ဒါဆို ဘယ်မိန်းမနဲ့မှ မပတ်သက်ခဲ့ဖူးဘူးပေါ့၊ ဟုတ်လား"

"ဒါတော့ မကင်းဘူး၊ ပတ်သက်ခဲ့ဖူးတယ်"

"ဟွန်း ... ခုတစ်မျိုး၊ ခုတစ်မျိုးပါလား စကားက"

"ချစ်သူ မရှိတာက တစ်ကဏ္ဍ၊ မိန်းကလေးတွေနဲ့ ပတ်သက်တာက တစ်ကဏ္ဍပဲ စိမ်း၊ ကမ္ဘာအနှံ့ သင်္ဘောဆိုက်ကပ်တဲ့မြို့တွေမှာ ဒေါ်ကေသီလွင်လိုအမျိုးသမီးတွေ ရှိစမြဲပေါ့။ ဒါမျိုးတွေနဲ့ ကျွန်တော် မကင်းတာ ပတ်သက်တာမျိုးတော့ ရှိခဲ့တာပေါ့ စိမ်း၊ ဒါဟာ ရာနှုန်းပြည့် သင်္ဘောသားတိုင်း မကင်းတဲ့ ကိစ္စပဲ"

"ဟင် ... သူ ပွေတယ်"

"သက်ကြီးရွယ်ရင့် သင်္ဘောသားကြီးတွေတောင် မကင်းပါဘူး စိမ်း၊ ဒါပေမဲ့ ကျွန်တော် ကိုယ်ရည်သွေးတယ် ထောင်ပါနဲ့၊ ကျွန်တော် ဆိပ်ကမ်းမြို့ကပ်တိုင်း အောက်မဆင်းပါဘူး၊ သင်္ဘောပေါ်မှာပဲ အနေများခဲ့ပါတယ်၊ ကျွန်တော်အလခ ဒေါ်လာငွေကို စုဆောင်းချင်တဲ့လူကိုး၊ အလဟဿ ဖြုန်းပစ်တာကို ဆင်ခြင်တာမို့ ထိန်းထိန်းသိမ်းသိမ်းရှိသင့်သလောက် ရှိခဲ့ပါတယ်"

"ဟွန်း ... အပြောကောင်းတယ်"



"မှန်တာကို ပြောကာပါ စိမ်း"

စိမ်း ရင်ထဲက အောင်အောင် ပြောသည်ကို ယုံကြည်ပါ၏။ ကျိုးကြောင်း ဆက်နွယ်ပြီးလည်း ယုံကြည်သည်။ ချစ်မိပြီမို့ ချစ်သူအား ခွင့်လွှတ်သည့်စိတ်ဖြင့်လည်း ယုံကြည်ပေးသည်။

"ဒါဆို ထပ်မေးဦးမယ်၊ ဆယ်တန်းအောင်ပြီးချိန်ကစပြီး သင်္ဘောငါးနှစ်လိုက်သွားတဲ့အထိတော့ ထားပါတော့၊ အခု မြန်မာပြည်ပြန်ရောက်ပြီးမှကော ဘယ်မိန်းကလေးနဲ့မှ မငြိခဲ့ဘူးလား"

"ဘုရားပေးပေး ကျမ်းပေးပေး မငြိခဲ့ပါဘူး စိမ်း၊ အချစ်ဆိုတာ အခက်သားပဲ၊ ယောကျာ်းမှာဖြစ်ဖြစ်၊ မိန်းမမှာဖြစ်ဖြစ် ဆန္ဒကြောင့်ဖြစ်စေ၊ အိမ်ထောင်ဖက်အဖြစ် ရွေးသင့်လို့ဖြစ်စေ လက်ထပ်လိုက်ကြတာမျိုးတွေတော့ ရှိကြတာပေါ့၊ ဆန္ဒကြောင့် ဆိုတာက ငယ်ရွယ်တဲ့ ဆယ့်ခြောက်၊ ဆယ့်ခုနစ်၊ ဆယ့်ရှစ်တွေအတွက် ဖယ်ထားလိုက်၊ အိမ်ထောင်ဖက် ရွေးသင့်လို့ ဆိုတာကျတော့ အရောင်းအဝယ်သဘောနဲ့ သူမြတ် ကိုယ်မြတ်ဆိုတဲ့ တွက်ကိန်းနဲ့ပါ၊ ဒါမျိုးကျတော့ မြန်တယ်လေ၊ ခုတွေ့ ခုလက်ထပ် ဖြစ်နိုင်တယ်၊ ကျွန်တော့်ကျတော့ အိမ်ထောင်ဖက်ရွေးတာမှ မဟုတ်တာ၊ ရင်ထဲ နှလုံးထဲကစိမ့်ယိုပြီး ချစ်လာမှ ချစ်သူအဖြစ်၊ အိမ်ထောင်ဖက်အဖြစ် ထားချင်တာကိုး၊ ပြောရရင်တော့ စိမ်းရယ်၊ ရင်ထဲက နှလုံးထဲက သူ့ဟာသူ ချစ်လာတဲ့ ချစ်သူကိုမှ ကျွန်တော်က လက်ထပ်ချင်တာ၊ စိမ်းကို ပထမဆုံး မာဂရက်ချို မိတ်ဆက်ပေးလို့ မြင်လိုက်ကတည်းက ကျွန်တော့်ရင်မှာ ဒိန်းခနဲ ခုန်သွားတယ်၊ ပြောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စိမ်းကို မျက်စိထဲမှာ စွဲနေတယ်၊ လစ်တာနဲ့ ဦးနှောက်က စိမ်းအကြောင်း တွေးနေတယ်၊ စိမ်းကို နေ့တိုင်း အချိန်တိုင်း တွေ့ချင်နေတယ်၊ ညနေလေးနာရီထိုးအောင် တမင်စောင့်နေရတယ်၊ ဒီကလပ်ကိုလာမှ စိမ်းနဲ့တွေ့နိုင်မှာကိုး၊ အဲဒါဟာ နှလုံးသားထဲက ချစ်တာပဲ စိမ်း"

အောင်အောင် ယခုပြောနေသည်မှာ လုပ်ငန်းဆောင်ရွက်နေခြင်းမဟုတ်။ ကိုလှိုင်ဘွားကို ယခုအခိုက်တွင် လုံးဝသတိမရ။ တကယ်ဖြစ်ခဲ့ ခံစားခဲ့ရသည်ကို တကယ်ပြောနေသည်မို့ တစ်ဖက်သား မြင်ရုံကြားရုံနှင့် သိသာသည်။

အကယ်၍ လုပ်ငန်းအရ ပြောကြေးဆိုလျှင် ယခုလို ယထာဘူတကျအောင်ပင် ပြောနိုင်မည်မထင်။ သမုဒ်ကိုမင်ရည်ဖျော်တာတွေ၊ မြင်းမိုရ်တောင်ကို တုံးမှတ်လို့ခုန်တာတွေ၊ ရူပံ ကြယ်ဆွတ်ခူးပေးမယ်တွေ စသည်ဖြင့် ပြောမိလေမလား မပြောတတ်။

ဤသည်ပင်လျှင် မှန်ကန်သောမေတ္တာကို စိမ်းလိုမိန်းကလေးကလည်း မှန်ကန်စွာ သဘောပေါက် လက်ခံခြင်းဖြစ်လာပေသည်။

စိမ်းကဲ့သို့ ဒါဇင်လိုက် ယောကျ်ားသားတွေ ချဉ်းကပ်ပြီး မေတ္တာစကားတွေ ပြောသည်ကို နားငြီးအောင် အမျိုးမျိုး ကြားနာပြီးသော မိန်းကလေးအဖို့ တော်ရုံတန်ရုံ မေတ္တာစကားသည် နားထဲမပေါက်လေတော့ပြီ။

ယခုမူ ...

အောင်အောင် ပြောသွားသမျှသည် စိမ်းကိုယ်တိုင်ဖြစ်ခဲ့သည်နှင့် ထပ်တူထပ်မျှ တူညီနေသည်။



စိမ်းကိုယ်တိုင် အောင်အောင်သည် စပို့ရှပ်နီ၊ ခြေအိတ်နီဝင်ပြီး ကလပ်၏လှေကားထစ်မှ မာဂရက်ချီနှင့်အတူ ဆင်းလာသည်ကို တွေ့လိုက်သည်နှင့် ပထမဆုံး အောင်အောင်တဲ့သို့ပင် စိမ်းမှာ ဒိန်းခနဲ ရင်ခုန်ခဲ့သည်။

အောင်အောင်သည် အင်းလျားကန်သို့ ဝင်သော တံခါးပေါက်ကြီးမှ ကားကိုချိုးကွေ့ဝင်ခဲ့သည်။ ဤနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများ အုပ်ဖားပြီး ချောင်ကျသောနေရာဖြစ်ပါ၏။

"ဘယ့်နှယ်လဲ စိမ်း၊ အဖြေစကား တိတိကျကျ မပေးသေးဘူးနော်"

"ကိုအောင်အောင် စိမ်းအပေါ်မှာ မေတ္တာရှိတယ်ဆိုတဲ့ အထိတော့ စိမ်းရင်ထဲက လက်ခံပါပြီ၊ ဒါပေမဲ့ ပြောစရာစကားတစ်ခု ကျန်သေးတယ် ကိုအောင်အောင်"

"ပြောပါ စိမ်း၊ ပြောစရာရှိရင် ပြောသာပြော၊ ရင်ထဲမှာ တအုံတနွေးနွေး ဖြစ်နေတာမျိုး မထားနဲ့"

"ဒီနေ့မနက် ကော်ဖီဝိုင်းမှာ ကိုဟန်ဝင်းနဲ့ စိမ်းတို့ စကားများခဲ့တယ်၊ ကိုဟန်ဝင်းက သူ့ကိုလက်ထပ်မှ စိမ်းရဲ့ဘဝ ဖြောင့်ဖြူးမယ်တဲ့၊ သူ့ကိုလက်မထပ်ရင် ဘဘဆွေ ချမ်းသာသမျှ အမွေတွေကို မွေးစားသမီးဖြစ်တဲ့ စိမ်းကိုတစ်ပြားတစ်ချပ် မပေးစေရဘူးတဲ့၊ အမွေဆက်ခံခွင့် ဥပဒေအရလည်း ကိုကိုဟန်ဝင်းသာလျှင် ဘဘဆွေရဲ့အမွေကို ဆက်ခံနိုင်ခွင့် ရှိနေတယ်၊ ဒီတော့ ကိုအောင်အောင့် အနေနဲ့ စိမ်းကိုချစ်ပါတယ်ဆိုတဲ့ အထဲမှာ အဲဒီအချက်ကိုလည်း ထည့်စဉ်းစားပါနော်၊ အခု စိမ်းက ကိုအောင်အောင်ကို လက်ခံပါတယ်၊ လက်ထပ်ပါမယ်လို့ မပြောသေးဘူး၊ ကိုအောင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့မေတ္တာကို ပြန်ရုပ်သိမ်းမယ်ဆိုရင် ရုပ်သိမ်းနိုင်တယ် ကိုအောင်အောင်"

အောင်အောင်က အေးအေးဆေးဆေးပင် စီးကရက်ဘူးထုတ်ကာ တစ်လိပ်မီးညှိရှူဖွာလိုက်သည်။

"စိမ်းဟာ ဘဘဆွေရဲ့ တူမနှစ်ဝမ်းကွဲတော်တယ်၊ မိဘတွေ ဆုံးတဲ့အချိန်မှာ စိမ်းဟာ ရှစ်နှစ် ကိုးနှစ်အရွယ်ပဲ ရှိတာမို့ ဘဘဆွေက စိမ်းကို မွေးစားလိုက်တယ်၊ ဒါပေမဲ့ စာချုပ်စာတမ်းနဲ့ အမွေစားအမွေခံ မွေးစားတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဘဘဆွေနဲ့ စိမ်းရဲ့ အပြန်အလှန် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဟာ ဖအေရင်း သမီးရင်းလို ကြီးမားတယ်၊ ဘဘဆွေရဲ့ တကယ့်သဘောထားကတော့ စာချုပ်စာတမ်း လုပ်စရာ မလိုဘူးဆိုတဲ့စိတ်မျိုး ရှိပုံရတယ်၊ ဒါပေမဲ့ တကယ်တမ်းကျတော့ ကိုကိုဟန်ဝင်း ကန့်ကွက်ရင် အမွေဥပဒေအရေ စိမ်း တစ်ပြားမှ ခံစားခွင့်မရှိဘူး"

"အို ... စိမ်းရယ်၊ အဲဒါတွေ ကျွန်တော် သိပြီးသားတွေပါ၊ ကိုဟန်ဝင်းရဲ့သဘောထားကိုလည်း ရိပ်မိပြီးသားပါ၊ အဲဒီကိစ္စကို လုံးဝထည့်မတွက်ဘဲ စိမ်းကို မေတ္တာရှိတဲ့အတိုင်း ဖွင့်ပြောတာပါ၊ ကျွန်တော်ရဲ့သဘော်လိုက်ဝင်ငွေဟာ အိမ်ထောင်တစ်ခုကို တင့်တောင်းတင့်တယ် ဖြစ်စေနိုင်ပါတယ် စိမ်း"

ပြောပြောဆိုဆို ရှေးမဆွကတည်းက အင်မတန် အင်မတန် မွေ့ချင်ပိုက်ချင်ခဲ့သော စိမ်း၏ခန္ဓာကိုယ် လှလှလေးကို အောင်အောင်က ရင်ခွင်ထဲ ဆွဲသွင်းကာ ကျစ်ကျစ်ပါအောင်ဖက်ထားရင်း ပါးချင်းကပ်ထားသည်။



"မလိုပါဘူး စိမ်း၊ ဘာမှမလိုပါဘူး၊ စိမ်းကို ကိုယ်ချစ်တဲ့အထဲမှာ အနားကွပ်တွေ၊ အဆောင်အယောင်တွေ လုံးဝမပါခဲ့ပါဘူး"

ယခုအချိန်ထိ အောင်အောင်သည် ရင်ထဲနှလုံးထဲရှိသည့်အတိုင်း ပြောဆိုပြုမူခြင်းသာ ဖြစ်ပေသည်။

ကိုလှိုင်ဘွားကို လုံးဝသတိပင်မရ။ လုပ်ငန်းဆောင်ရွက်ခြင်း ဆိုသည်မှာ လတ်တလော အောင်အောင်၏ဦးနှောက်ထဲ၌ လုံးဝမရှိ။

စိမ်းကို တကယ်ချစ်မိခြင်းဖြစ်သည်။ ယခုအရွယ်ထိ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးသေးသော အချစ်မျိုးဖြင့် ချစ်ခြင်းဖြစ်ပါ၏။

စိမ်းသည် မရုန်းပါလေ။

မရုန်းရုံမက အောင်အောင်အား ပြန်၍ပင် ဖက်ထားသေးသည်။

"ကိုအောင်"

"စိမ်း"

"စိမ်းလေ ကိုအောင့်ကို ရင်ထဲ နှလုံးထဲက ယိုစိမ့်တဲ့အချစ်နဲ့ ချစ်မိနေတာပါ၊ တစ်ကြိမ်တစ်ခါမှ ဘယ်သူ့ကိုမှ မချစ်ဖူးသေးတဲ့ အချစ်မျိုးနဲ့ ချစ်တာပါ ကိုအောင်"

"ယုံတယ် စိမ်း ... ယုံတယ်"

တအားကြီး ပွေ့ပိုက်ထားကြသည်။

ချစ်သူတွေ ဖြစ်သွားကြပြီကိုး။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ဘယ်လိုလဲကွ အောင်အောင်၊ သတ္တလောကကြီးတစ်ခုလုံး သာယာနေတာတွေ၊ စိုပြည်နေတာတွေ၊ ကြည်နူးနေတာတွေကိုပဲ မင်း အခုက ခံစားနေသလား

ယနေ့ ...

ကိုလှိုင်ဘွားသည် ကြောင်တစ်ကောင်၏ တိတ်တဆိတ် ရောက်လာပုံမျိုးဖြင့် အောင်အောင်၏တိုက်ခန်းသို့ ရောက်လာသည်။

စိမ်းနှင့် အောင်အောင်တို့ အပြန်အလှန် ပွင့်လင်းစွာ ချစ်ခဲ့သည်မှာ သတင်းတစ်ပတ်ခန့် ရှိလေပြီ။

ချစ်သူနှစ်ဦး ချစ်ကြလေသည်မှာ ရယ်စရာပင် ကောင်းအောင် ချစ်ကြသည်။

ညနေစောစော (၄)နာရီလောက် ကန်သာယာ ကလပ်သို့ အယောင်ပြနှစ်ယောက် လာကြသည်။ လူမြင်ကောင်းအောင် တပွဲတလေ ကစားသည်မျိုးလည်း ရှိသည်။ တစ်ပွဲမှမကစားဘဲ ဦးရဲအောင်ဆိုင်တွင် လူများမြင်အောင် ခဏထိုင်ကြသည်မျိုးလည်းရှိသည်။ သည့်နောက် နှစ်ယောက်သား စိမ်း၏ကားတစ်



လှည့်၊ အောင်အောင်၏ကား တစ်လှည့်ဖြင့် မောင်းထွက်လာခဲ့ကြသည်။ အင်းလျားကန်ဘောင်တွင် ထိုင်ကြသည်။ ကြည်နူးကြသည်။ အိမ်ပြန်သင့်သော အချိန်ရောက်မှ ကလပ်သို့ ပြန်လာကာ ကိုယ့်ကားကိုယ်မောင်းပြီး အိမ်ပြန်ကြသည်။

ငယ်စဉ် ကလေးငယ် ကျောင်းသားဘဝက လွယ်အိတ်လွယ်ပြီး ကျောင်းကိုလာ၊ ကျောင်းရောက်ပြီး ကျောင်းတက်ခေါင်းလောင်းထိုးသည်နှင့် အပြင်ထွက်ဂ.ဘ ကွမ်းယာဆိုင်တွင် လွယ်အိတ်ထားခဲ့ပြီး ကျောင်းပြေးသည်။ ညနေ ကျောင်းဆင်းချိန်ကျမှ ပြန်လာ၍ ကွမ်းယာဆိုင်မှ လွယ်အိတ်ပြန်ယူပြီး အိမ်ပြန်သော ကျောင်းပြေးလေးနှင့် အောင်အောင်နှင့် စိမ်းတို့ ဘာထူးသေးသနည်း။

သို့သော် ...

အရေးကောင်း ဒိန်းခေါင်းဖျက် ဆိုသလို ယနေ့ ကိုလှိုင်ဘွား ရောက်လာပြီး ခနိုးခနဲ့ စကားကို စတင်ပြောတော့သည်။

"ဒီမယ် အောင်အောင်၊ ရုပ်ရှင်မင်းသား မင်းသမီးတွေ သရုပ်ဆောင်ကောင်းလွန်းလို့ အကယ်ဒမီတွေ ဘာတွေ ရပေမယ့် သရုပ်ဆောင်တာဟာ သရုပ်ဆောင်တာပဲကွ၊ သရုပ်ဆောင်တယ်ဆိုတာ တကယ် မဟုတ်ဘူး၊ ပရိသတ်စွဲသွားအောင် ရိုက်ကွင်း ရိုက်ကွက်မှာ ရိုက်ပြီးတဲ့နောက် ဘယ်မင်းသား ဘယ်မင်းသမီးမဆို ကိုယ့်အိမ်ကိုပြန်ပြီး ကိုယ့်အလုပ်ကိုယ် လုပ်ရတာပါ"

အောင်အောင်က ဘာမှ ပြန်မပြောသေးဘဲ စီးကရက်ဖွာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ဟာ အလုပ်ပဲ၊ အလုပ်ထဲမှာ ချစ်တာတွေ၊ မေတ္တာတွေ မစွက်ဖက်နဲ့၊ လုပ်ငန်းမှာ ထိခိုက်နိုင်တယ်ကွ"

"ခင်ဗျား မိန်းမတစ်ယောက်လို စကားပြောတယ် ကိုလှိုင်ဘွား၊ မိန်းမတောင်မှ မိန်းမပျက်တစ်ယောက်ရဲ့အပြောမျိုးတွေ ပြောတယ်၊ ခင်ဗျား သိပ်အောက်တန်းကျတယ်"

"ဘာကွ"

ကိုလှိုင်ဘွားက ထိုးတော့မလို ကြိတ်တော့မလိုပုံစံဖြင့် အောင်အောင်၏ ပြန်ပြောချက်ကို မခံချင်စိတ်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ အောင်အောင် လျင်ပါ့။

အလယ်ရှိ ဧည့်ခံစားပွဲကို ခြေဖြင့်ကန်ကာ ကိုလှိုင်ဘွား ရပ်ရာသို့ တွန်းပို့လိုက်သည်။

"အား ... အား၊ မင်း ဘယ်လိုလုပ်တာလဲ"

စားပွဲစောင်းသည် ကိုလှိုင်ဘွား၏ ဒူးဆစ်အောက်ပိုင်း ညို့သကျည်းကို ထိကာ ကိုလှိုင်ဘွား နာကျင်စွာအော်သည်။ ကုလားထိုင်ပေါ်သို့လည်း ဖင်ထိုင်လျက်သား ပြန်ထိုင်ကျသွားသည်။

"အပိုတွေမပြောနဲ့၊ အပိုတွေ ဟန်ရေးမပြနဲ့ ကိုလှိုင်ဘွား၊ ကျုပ်က တကယ်လုပ်တဲ့လူ၊ ကျုပ်ဦးနှောက်ထဲမှာ ဆင်ခြင်တုံတရား ရှိနေတုန်း ကိစ္စမရှိဘူး၊ ကျုပ် ဆင်ခြေတုံတရား လွတ်သွားပြီး သေရမှာ မကြောက်တော့ဘူးဟေ့ ဆိုတဲ့အခါမျိုး ရောက်သွားရင် ခင်ဗျားလို လူဆယ်ယောက်ကို ကျုပ်က ငရုံပြည်ကို လွယ်လွယ်နဲ့ အတူခေါ်သွားမယ် သိလား၊ ကျုပ်ကို မဟိန်းနဲ့၊ မဟောက်နဲ့၊ ဟန်ရေးမပြနဲ့၊ လုပ်ငန်းကိစ္စကို ပြောစရာရှိပြော၊ ဒါပဲ"



တကယ်တမ်းကျတော့ ကိုလှိုင်ဘွားသည် အောင်အောင်ကို လန့်သည်။ ဤအခန်းထဲဝယ် နှစ်ယောက်တည်းရှိသည်။ ကိုလှိုင်ဘွားတွင် တပည့်လူမိုက်တွေ ပါမလာခဲ့။ နှစ်ယောက်ချင်းဆိုလျှင် သူပင်လျှင် ခံရမည်မှန်းကို ကိုလှိုင်ဘွား သဘောပေါက်သည်။ ယခုပင် ညို့သကျည်းနှစ်ဖက်လုံး နာကျင်သွားသည်ကို အောင့်နေရသည်။ ပြီး လုပ်ကိုင်မည့် လုပ်ငန်းသည် ယခုအချိန်ဝယ် အောင်အောင်၏အပေါ်တွင် အများဆုံး မူတည်နေသည်။

အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ကိုလှိုင်ဘွားသည် မျက်နှာရှုံးလို တဟဲဟဲ ရယ်လိုက်ပေသည်။

"ငါ အကွန့်ကြားပြီးသားပါ အောင်အောင်၊ ကောင်မလေးကစားရင်း ခြေခေါက်လဲတဲ့နေ့ကစပြီး မင်းအပေါ် ကောင်မလေး လုံးလုံးပြိုဆင်းလာတယ်ဆိုတာ"

ကိုလှိုင်ဘွား ပြောသည်မှာ တိတိကျကျတော့ မမှန်။ မိမ်း၏အချစ်ကို ခြေခေါက်လဲပြီး နောက်နေ့ကျမှ အောင်အောင် ရရှိခြင်းဖြစ်သည်။

ရှိစေတော့၊ ကိုလှိုင်ဘွားက သူ့ကိုယ်သူ ငါ ဘာဆိုသိသည်ဟု အကြားအမြင်ရ ပုဂ္ဂိုလ်ဟန်မျိုးနှင့် ပြောသည်ကို အောင်အောင် စောဒက မတက်လိုတော့ပေ။

သို့ပေမဲ့ အောင်အောင် ချက်ချင်းရိပ်စားလိုက်မိသည်။ ကလပ်တွင် ဖြစ်သမျှကို ကိုလှိုင်ဘွားအား ကလပ်ထဲမှ လူတစ်ယောက်ယောက်က သတင်းပြန်ပေးသည်ပဲ ဖြစ်ရမည်။

ထိုသတင်းပေးသူသည် ကလပ်တွင် အချိန်ပြည့်ရှိနေသော စားသောက်ခန်းကောင်တာမှ ဦးရဲအောင်ပင် ဖြစ်ရမည်ဟု အောင်အောင် ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှိုင်ဘွားသည် မိမိ၏လှုပ်ရှားမှုကို ရှုဒိုးချထားမှန်း သေချာနေပါ၏။

ကိုလှိုင်ဘွားက ဆက်ပြောပြန်သည်။

"အဲဒီကစပြီး ကောင်မလေးနဲ့မင်း နေ့တိုင်း ကားနဲ့ထွက်သွားကြတာ ဒီနေ့ထိ မဟုတ်လား အောင်အောင်"

"အဲဒါ ဟုတ်ပါတယ် ဆိုတော့ကော ဘာဖြစ်လဲ ကိုလှိုင်ဘွား"

"ဟ ... ဒီအခြေအနေ ရောက်နေပြီလို့ မင်းက ငါ့ကို အကြောင်းကြား အသိပေးသင့်တာပေါ့ အောင်အောင်"

"ခင်ဗျား စကားအမျိုးမျိုးပြောတယ်၊ ခင်ဗျားပဲ ကျုပ်ကို ပြောထားတယ် မဟုတ်လား၊ ခင်ဗျားအိမ်ကိုလည်း မလာနဲ့၊ ခင်ဗျားဆီကိုလည်း သေရေးရှင်ရေးကိစ္စကလွဲပြီး ဖုန်းမဆက်နဲ့၊ ကျုပ်ဆီကို ခင်ဗျားအနေနဲ့ အခြေအနေအရ လစ်ရင် လစ်သလို လာခဲ့မယ်လို့ ပြောထားတာ ခင်ဗျားပါးစပ်ပုပ်ကြီးကပဲ မဟုတ်လား"

"လေ့နံ့ဓားထစ်ကြီး မှတ်ထားလို့ ဘယ်ရမလဲကွာ၊ ကောင်မလေးနဲ့ မင်းနဲ့ ချစ်လာကြဖို့၊ အဲ ... မင်းက ချစ်ဖို့မလိုပါဘူးလေ၊ ကောင်မလေးဆီကမေတ္တာ မင်းရဖို့က လုပ်ငန်းရဲ့ အဓိကသော့ချက် မဟုတ်လား၊ ဒီသော့ချက် ပွင့်လာပြီဆိုတာဟာ တို့လုပ်ငန်းမှာ အင်မတန် အရေးကြီးတဲ့အချက်ပဲ၊ အဲဒါ မင်းက ငါ့ကို အသိမပေးတာကို ပြောတာ"

အောင်အောင်က မကြည်သော မျက်လုံးအကြည့်ဖြင့် ကိုလှိုင်ဘွားကို ပြန်ကြည့်စေကာမူ ထပ်ပြီး စောဒကစကားမဆိုပေ။



ဤလုပ်ငန်းကိစ္စတွင် ကိုလှိုင်ဘွားက ဒါရိုက်တာဖြစ်နေပြီး မိမိက သရုပ်ဆောင် ဖြစ်ပေသည်။ ဤဇာတ်လမ်းတွင် ဒါရိုက်တာလှိုင်ဘွား ပြောသည်ကို မိမိလုပ်ရမည်၊ နာခံရမည်ဟုလည်း အောင်အောင်သည် တစ်ဖက်မှပြန်၍ ခံယူထားလိုက်ပါ၏။

"အဲဒီတော့ ကောင်မလေးရဲ့အိမ်ကို မင်း ဝင်နိုင်ထွက်နိုင်ဖို့ ကောင်းနေပြီ အောင်အောင်၊ အဲဒီ အိမ်ကို မင်း တံခါးမရှိ ဝင်နိုင် ထွက်နိုင်ဖို့ဟာ အဓိက မင်းရဲ့တာဝန် မဟုတ်လား"

"တစ်နေ့နေ့တော့ ဖြစ်လာရမှာပေါ့"

"အဲဒီ တစ်နေ့နေ့ဆိုတာက ငါတို့ သွားကျိုးဆံဖြူတဲ့အထိ စောင့်ရမှာလားကွာ"

"ခင်ဗျား ခွမပြောနဲ့ ကိုလှိုင်ဘွား၊ ကျုပ် အခုလုပ်ငန်းကိစ္စ ဆွေးနွေးနေတာ၊ လုပ်ငန်းတစ်ခု လုပ်တယ်ဆိုတာ အခြေအနေနဲ့ အချိန်အခါအားလျော်စွာ လုပ်ရတယ်၊ ဟောက်ရမ်းကြီး ကိုယ်လုပ်ချင်တာကို စွတ်လုပ်လို့ မရဘူး၊ ခင်ဗျား ဦးနှောက်သုံးပါ၊ ခေါင်းသုံးပါ ကိုလှိုင်ဘွား"

"ပြောပါဦး၊ မင်းရဲ့အခြေအနေနဲ့ အချိန်ကာလ အားလျော်စွာကြီး ဆိုတာကို"

"အခုနေ စိမ်းက ကျုပ်ကို သူ့အိမ်လာဖို့ ခေါ်ချင်တယ်ထားဦး လက်ရှိအခြေအနေမှာ သူ့အစ်ကို ဟန်ဝင်းနဲ့စိမ်း မကြည်ကြဘူး၊ စိမ်းက သူ့ဘဘ ဦးမင်းဆွေကို ဖွင့်ပြောလို့ အဘိုးကြီးက လက်ခံတယ် ထားဦး၊ ဟန်ဝင်းက ကျုပ်ကို လုံးဝလက်မခံဘူး၊ သူ့အိမ်သွားပြီးမှ ဟန်ဝင်းနဲ့ကျုပ် မချေမင်တွေ ဖြစ်ကြရင် နောက်ထပ်ဝင်ဖို့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲသွားမယ်ဆိုတာ ခင်ဗျား နားလည်ရဲ့လား ကိုလှိုင်ဘွား"

အောင်အောင်က ဟန်ဝင်း ကိုယ်တိုင် စိမ်းကိုလက်ထပ်ချင်နေသူမို့ အောင်အောင်အား လုံးဝကြည့်မရဖြစ်နေသည့် အခြေအနေမှန်ကိုပါ ပြောပြလိုက်သည်။

ကိုလှိုင်ဘွားသည် ငြိမ်သွားပါ၏။

အောင်အောင် ပြောပြချက်မှာ ဟုတ်နေမှန်လည်း ကိုလှိုင်ဘွား သိနေသည်။

"အေး ... ဒါတော့ မှန်တယ်၊ ဒီတော့ ငါ တစ်ခုစဉ်းစားမိတယ်၊ ငါ စဉ်းစားမိတယ် ဆိုတာကလည်း ငါ့ဆရာကြီး ပြောပြချက်တွေနဲ့ ဆက်စပ်ပြီး စဉ်းစားမိတာပါ"

ကိုလှိုင်ဘွားသည် ဤလုပ်ငန်းစတင်လုပ်မည် ဆိုကတည်းက သည်လုပ်ငန်းသည် သူ၏ဆရာကြီး လုပ်ခိုင်းသောလုပ်ငန်းဖြစ်ကြောင်းလည်း ပြောသည်။ မကြာခဏလည်း သူ၏ဆရာကြီး ထက်မြက်ပုံကိုလည်း ပြောလေ့ရှိသည်။

သို့စေကာမူ သူ၏ဆရာကြီး ဆိုသူမှာ မည်သူမည်သူဟူ၍တော့ ထုတ်မပြောပေ။ အောင်အောင်ကလည်း ရေးကြီးခွင်ကျယ်လုပ်ပြီး သူ၏ဆရာကြီး ဘယ်သူလဲဟု ရှေးမဆွက တစ်ခါမျှ မမေးမိပေ။ မိမိအနေနှင့် ကိုလှိုင်ဘွား၏ပိုက်ကွန်အုပ်ခံရပြီး ရုန်းမထွက်သာသောကြောင့် သည်လုပ်ငန်းကို လုပ်ပေးဖို့ လက်ခံရလေရာ ကိုလှိုင်ဘွားသာ မိမိနှင့် အဓိကပတ်သက်သူဖြစ်သည်။ ကိုလှိုင်ဘွား၏ဆရာကြီးတွေ၊ ဆရာလေးတွေကို အောင်အောင် ထည့်စဉ်းစားစရာ မလိုပေ။



သို့သော် ယခုတော့ သိချင်လာစိတ် ဖြစ်ပေါ်လာသဖြင့် မေးလိုက်သည်။

"နေပါဦး ကိုလှိုင်ဘွား၊ ခင်ဗျားက ခင်ဗျားရဲ့ဆရာကြီး ဆိုတာကို သိပ်အပြောများတယ်၊ ခင်ဗျား ဆရာကြီးက ဘယ်သူလဲ၊ သူက ဘာကောင်ကြီးမို့လဲ"

"အဲဒါ မင်း အလုပ်မဟုတ်ဘူး အောင်အောင်၊ နောက်ပြီး ငါ့ဆရာကြီးကို မင်းက ဘာကောင်ကြီးမို့လဲလို့ ဘယ်တော့မှ မပြောပါနဲ့၊ အခု လုပ်ငန်းမှာ ဆရာကြီးဟာ သိပ်အဓိကကျနေတယ်"

လုပ်ငန်းအကြောင်းကို ကိုလှိုင်ဘွား ဆက်ပြောသည်။

"ငါ စဉ်းစားလို့ရပြီ အောင်အောင်၊ ငါ့ဆရာကြီးက ငါ့ကို ပြောဖူးတယ်၊ ဦးမင်းဆွေဟာ သူတို့လမ်းထဲက ဦးလှဘူး ဆိုတဲ့ လူကြီးအိမ်ကိုသွားပြီး ဦးမင်းဆွေနဲ့ ဦးလှဘူး စစ်တုရင် ထိုးလေ့ရှိတယ်တဲ့၊ စစ်တုရင် တစ်ပွဲဆိုရင် သိပ်ကြာတာတဲ့၊ ထိုးတာကလည်း မြန်မာစစ်တုရင်တဲ့၊ တစ်ခါတလေ နှစ်ပွဲနဲ့ ပွဲသိမ်းတယ်၊ တစ်ခါတလေ သုံးပွဲအထိ ထိုးရတယ်တဲ့"

"ဒါဆိုရင် အိမ်မှာ အဘိုးကြီးမရှိတဲ့ အချိန်ပဲ"

"အေး ... နောက်တစ်ခု ကျန်သေးတယ်"

"ခင်ဗျားဆရာကြီးက ပြောတာပဲလား"

"အေးပေါ့ကွ၊ ဆရာကြီးက ဘာမဆို စေ့စပ်သေချာတယ်၊ အကွက်စေ့တယ်၊ ဦးမင်းဆွေရဲ့သား ဟန်ဝင်းဟာ တစ်လ တစ်ကြိမ်၊ တစ်ခါတလေ နှစ်လတစ်ကြိမ်ဖြစ်စေ မန္တလေးကို သွားလေ့ရှိတယ်တဲ့၊ ဦးမင်းဆွေရဲ့လုပ်ငန်းတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှာရှိနေလို့ သား ဟန်ဝင်းကိုပဲ အခုလွှတ်တယ်တဲ့၊ အရင်လတည်းတုန်းက ဟန်ဝင်း မန္တလေးမသွားဘူးတဲ့၊ ဒီလထဲမှာတော့ သွားရလိမ့်မယ် ထင်တယ်တဲ့၊ အဲဒီတော့ ဟန်ဝင်း မန္တလေးသွားတဲ့အချိန် တို့လုပ်ငန်း လုပ်နိုင်ဖို့ အရေးကြီးတယ်၊ ဟန်ဝင်း မန္တလေး တစ်ခေါက်သွားရင် လေးငါးခြောက်ရက် ကြာသတဲ့ကွ။ အေးလေ ... ဟန်ဝင်း မန္တလေးသွားရင် မင်းနဲ့ငါ ထပ်တွေ့သေးတာပေါ့"

ကိုလှိုင်ဘွားသည် ထိုမျှပြောပြီး ပြန်သွားသည်။

❖ ✧ ❖



နောက်နေ့တွင် စိမ်းနှင့် အောင်အောင်တို့ အင်းလျားကန်ဘေး တွေ့နေကျ နေရာတွင် ထုံးစံအတိုင်းတွေ့ကြသည်။

သို့တစေ ယနေ့အဖို့ အောင်အောင်၏စိတ်အစဉ်ကို ကိုလှိုင်ဘွား၏ လောင်းရိပ်ကြီးက မိုးထားသဖြင့် အောင်အောင် ချွင်မပျ မအီမလည်ကြီး ဖြစ်နေရပါ၏။

"ကိုအောင်"

"ဟင် ... စိမ်း"

"ဒီနေ့ ကိုအောင် သိပ်ငိုင်တာပဲ၊ ဘာလို့လဲဟင်၊ ကိုအောင့်မှာ ဘာအခက်အခဲတွေ ရှိနေလို့လဲ"

အောင်အောင်သည် မိမိ မူပျက်နေသည်ကို စိမ်းက မေးလာသောကြောင့် သူ့ကိုယ်သူ ချက်ချင်း သတိပြန်ထားပြီး ရယ်လိုက်သည်။ ပြုံးလိုက်သည်။

စိမ်းကို သူ့ရင်ခွင်ထဲ ဆွဲသွင်းသည်။ ပါးချင်းကပ်ပြီး ပြန်ပြောပါ၏။

"ငိုင်တာမဟုတ်ဘူး အချစ်ရေ၊ စဉ်းစားတာ၊ စဉ်းစားနေတာ"

"ဘာစဉ်းစားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အတူတူနေချင်ပြီ စိမ်းရယ်၊ ကိုအောင် စိမ်းနဲ့လက်ထပ်ချင်ပြီ"

ယခု ငိုင်သွားသည်မှာ စိမ်း ဖြစ်ပါ၏။

အောင်အောင်အား စိမ်း လက်ထပ်ဖို့ အရေးမှာ လွယ်မည်မဟုတ်။ လက်ထပ်ဖို့ကိစ္စ အသာထားဦး။ ခုချိန်ထိ ဘဘဆွေအား မိမိတွင် ချစ်သူရှိနေပါပြီဟု ဖွင့်မပြောရသေး။ မိန်းကလေးဘက်မှ လက်ထပ်ဖို့ကိစ္စ ဆိုသည်မှာ တင့်တောင်းဝင့်တယ် လူကြီးမိဘတွေက စီစဉ်ပေးရစမြဲ။ မိမိက ဘဘဆွေကို ဖွင့်ပြောသည်နှင့် ဘဘဆွေက အဖြေမပေးမီ ကိုကိုဟန်ဝင်းက အပြင်းအထန် ငြင်းဆန်မည်ကတော့ သေချာသည်။ ပြီး ကိုအောင်သည် သင်္ဘောအရာရှိဖြစ်သည်ကလွဲပြီး တက္ကသိုလ်မှ ဘာဘွဲ့ ညာဘွဲ့မှ ရသူမဟုတ်။ စိမ်းကို လက်ထပ်ချင်သည်မှာ ဖေဖေထ ပေးမည်ဟုထင်သော အမွေတွေရလိုမှုကြောင့် စိမ်းအားလက်ထပ် ခြင်းဖြစ်မည်။ စိမ်းကို အမွေခွဲပေးရန် ကျွန်တော် လုံးဝသဘော မတူဆိုသည့် စကားတွေဝင်တော့မည်မှာ သေချာသည်။

ကိုကိုဟန်ဝင်းမှာ တစ်ဦးတည်းသော သားအရင်း ကိုကိုဟန်ဝင်း စကားကို ဘဘဆွေ လက်ခံမည်၊ ကိုကိုဟန်ဝင်း ဘက်သို့ ဘဘဆွေ ပါသွားမည် ဆိုသည်ကိုလည်း ထည့်တွက် နိုင်သည်။

ဒါဆို ရှုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ဆိုသည် တော့ လုပ်၍ရပါ၏။

သို့သော် အိမ်ထောင်တစ်ခု ထူထောင်ရန် မိမိ ရော၊ ကိုအောင့်မှာရော အခြေခံနိုင်မာမှု မရှိသေး။ မိမိက စာ တစ်ခုခုတွင် အလုပ်ဝင်လုပ်ရမည်။ သည်ကြားထဲ ကိုအောင်



သင်္ဘောလိုက်သွားလျှင် မိမိ တစ်ယောက်တည်း ကျန်ခဲ့မည်။ သင်္ဘောတစ်ခေါက် ဆိုသည်ကလည်း တစ်နှစ်၊ နှစ်နှစ်ကြာမည်။ ခုန်တာပြောရလျှင် လက်ထပ်ပြီးမှ ကိုအောင် သင်္ဘောဆက်လိုက် ချည်ကို စိမ်းရင်ထဲက မလိုလားပေ။ မလွှတ်ချင်ပေ။ မကွဲချင်ပေ။

"စိမ်း"

"ဟင် ... ကိုအောင်"

"စိမ်း ငိုင်လှချည်လား"

"ငိုင်တာမဟုတ်ဘူး ကိုအောင်၊ စဉ်းစားတာ သိလား"

စောစောက အောင်အောင် ပြောသည့်အတိုင်း စိမ်းက ပြန်ပြောသဖြင့် ဟာသမြောက်သွားပြီး နှစ်ဦးသား ရယ်ကြသည်။

"တကယ်နော်၊ ချစ်ကြပြီဆိုတော့လည်း အတူတူ နေချင်လာတယ်၊ လက်ထပ်ပြီး အတူတူနေဖို့ အရေးကျတော့လည်း အခက်သား"

"ခက်မနေနဲ့ စိမ်း၊ အခု လတ်တလော အခြေအနေနဲ့ လက်ထပ်နိုင်တဲ့ အဆင့်ထိ မပြည့်စုံကြသေးဘူး၊ အနည်းဆုံး ကိုအောင် နောက်ထပ် သင်္ဘောတစ်ခေါက်လိုက်ပြီး ပြန်လာမှ တင့်တောင်းတင့်တယ် ဖြစ်နိုင်မယ့်ကိန်း ဆိုက်နေတယ်၊ ဒီတော့ ကိုအောင် တစ်ခုပဲ စိမ်ကို ပြောချင်တယ်"

"ပြော"

"အခု စိမ်းနဲ့ ကိုယ့်အဖြစ်က ချစ်သူချင်း တွေ့ကြဖို့ ကျောင်းသားတုန်းက ကွမ်းယာဆိုင် လွယ်အိတ် ထားပြီး ကျောင်းပြေးတဲ့ ကျောင်းသားလို တွေ့နေကြရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါမဟုတ်ဘူး၊ စိမ်းကိုလည်း အထင်သေးကြမယ်၊ စိမ်း သိက္ခာလည်း ကျတယ်"

"သိပ်မှန်တာပေါ့ ကိုအောင်၊ အခုပဲ ဖြူဖြူ နွယ်နွယ်၊ မာဂရက်တို့ စိမ်း ကွယ်ရာမှာ စိမ်းကို ဘယ်လောက်ထိ အပုပ်ချနေပြီလဲ မသိဘူး"

"ကိုအောင်ရဲ့ ဗိုလ်အောင်ကျော်လမ်းက အိမ်ခန်းမှာ သွား တွေ့လည်း ယောကျ်ားလေးအိပ်ခန်းအထိ လိုက်တယ်ဆို ပြီး သာပြီးတော့် စိမ်း သိက္ခာကျဦးမယ်"

"အဲဒါလည်း အမှန်ပဲ၊ စိမ်းကိုယ်တိုင် မလိုက်ရဲဘူး ကိုအောင်၊ အဲဒါလောက်ထိ စိမ်းမှာ သတ္တိမရှိဘူး"

"အကောင်းဆုံးကတော့ စိမ်းတို့အိမ်ကို ကိုအောင် ဣန္ဒြေ ရရ တည်တည်တံ့တံ့ ဝင်နိုင် ထွက်နိုင်ဖို့ အရေးအကြီးဆုံး ပဲ၊ ဒါဆို ချစ်သူအိမ်ကို လူပျိုလာလည့်တာ သိက္ခာရှိတယ် ပဝေသဏီခေတ်ကတည်းကလည်း ချစ်သူအပျိုရှိရာ ချစ်သူ လူပျိုက သုံးနှစ်သုံးမိုးတောင် သွားရတယ် မဟုတ်လား"

"စိမ်း ဒီနေ့ကစပြီး ကြိုးစားမယ် ကိုအောင်၊ ဘဘဆွေ ဖွင့်ပြောမယ်၊ ဘဘဆွေကတော့ စိမ်းပြောရင် နားဝင်မှာ အဲ ... ကိုကိုဟန်ဝင်းကတော့ မလွယ်ကြောကြီးပဲ၊ ... ရတဲ့အမဲ သဲနဲ့ပက်နိုင်တယ်၊ ရတယ်လေ၊ စိမ်း ကြိုး မယ် ကိုအောင်"

❖ ✧ ❖



# ၁၂

အအေးရှိရင် အပူရှိတယ်။

အဖြူရှိရင် အမည်းရှိတယ်။

အချစ်ရှိရင်လည်း အမုန်းဆိုတာ ရှိရမည်ပဲပေါ့။

"ဟား ... ဟား ... ဟား၊ ကမ္ဘာ့နိယာမ ဆန့်ကျင်ဘက် တွေလေ၊ ရှိကြတယ်၊ အဲဒီလိုပဲ ရှိကြတယ်၊ စိမ်းရေ ... အဲဒီလိုပဲ ရှိကြစမြဲပဲတဲ့၊ ဒီတော့လည်း စိမ်းနဲ့ကိုယ်အချစ် ရှိလာပြီဆိုတော့ အမုန်းဖြစ်လာရတော့မယ် စိမ်းရေ ... ဟား ဟား ဟား"

အောင်အောင် လွတ်ပေပြီ။

သူ၏အခန်းမှ တံခါးဟူသမျှ အားလုံးပိတ်ထား သည်။

စားပွဲတွင် ဘလက်ခ်လေဘယ်လ် အရက်ပုလင်း ဆောက်ထားပြီး သောက်ထားပြီး ဖြစ်ပါ၏။ အမြည်းမပါ၊ ဆော်ဒါ ပါ၊ ရေပုလင်းသာရှိပြီး အရက်များများကို ရေနည်းနည်းနှင့် သောက်နေခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အံမာမင်း၊ ကိုယ့်အတွက် ဆယ့်လေးငါးခြောက်သိန်းကြီး ပက်ခနဲ ခက်ဒနဲ ရမှာတဲ့၊ ဒါတောင် အနည်းဆုံးတွက်ထားတာတဲ့၊ ဒီထက်ပိုပြီး ရချင်ရဦးမှာတဲ့လေ၊ အဲဒီအနည်းဆုံး ဆယ့်လေးငါးခြောက်သိန်းရမယ့် အလုပ်က မင်းအတွက် အလွယ်လေးပါတဲ့၊ စိမ်းရဲ့အိမ်ဝင်ပေါက်တံခါးကို မင်းက ဖွင့်ပေးရုံလေးပါတဲ့၊ ဟား … ဟား … လွယ်လိုက်တာနော်၊ ကိုလှိုင်ဘွားဆိုတဲ့ မိစ္ဆာကောင်ကြီး ပြောလိုက်ပုံကဖြင့် လွယ်မှလွယ်၊ တကယ့်ကို ဘုရားစူးမိုးကြိုးပစ် လွယ်တယ်ဗျို့"

ဖန်ခွက်ထဲ ရှိနေသေးသော အရက်ကို အောင်အောင်မော့ချလိုက်ပြန်သည်။ အကုန် တစ်ဘရိတ်တည်း မျိုချလိုက်ပြီး ဖန်ခွက်ကိုဆောင့်ပြီး စားပွဲပေါ် ပြန်တင်ထားလိုက်သည်။

"မင်းက ရုပ်ဖြောင့်တယ်၊ ကိုယ်လုံးကိုယ်ထည်ကလည်း သိပ်ကြည့်ကောင်းတယ်၊ အပြောအဆိုမှာလည်း ဆွဲဆောင်မှုရှိတယ်၊ မိန်းကလေးတွေဟာ မင်းကိုမြင်ရုံနဲ့ ပစ်ကျနိုင်တယ်၊ ဒါကြောင့် မင်းကို ငါက ငွေသိန်းနဲ့ချီ အကုန်ခံပြီး မွေးရတာတဲ့ …

"အမေရေ … သေသွားတဲ့ အမေ့ရေ၊ အမေ့သားငအောင်အောင်ကို ဘာဖြစ်လို့ ဒီလောက်ကြည့်ကောင်းအောင် ချောအောင် မွေးပေးခဲ့တာလဲ အမေရယ်၊ ဟင်း … ဟင်း …

"မင်းက ကမ္ဘာနဲ့အဝန်း ခေတ်စားနေတဲ့ တင်းနစ်ရိုက်လည်း တော်တော်ကျွမ်းကျင်တယ်၊ ကောင်မလေးက တင်းနစ်ဝါသနာအိုးမလေးတဲ့၊ မင်း ကန်သာယာကလပ်ကွင်းထဲ ဝင်လိုက်တာနဲ့ ကောင်မလေးက မင်းကို ပစ်ကျမှာ သေချာတယ်တဲ့၊ ဟဲ … ဟဲ … တွက်ကိန်းလေး၊ ကိုလှိုင်ဘွား ဆိုတဲ့ ကောက်ကျစ်တဲ့၊ ပါးနပ်တဲ့ မြေခွေးရဲ့ ဦးနှောက်နဲ့ တွက်ပြတဲ့ တွက်ကိန်းတွေ …

"မှန်တယ် ကိုလှိုင်ဘွားရေ၊ သဘော်ကြီးနဲ့ ကမ္ဘာအရပ်ရပ်က ဆိပ်ကမ်းမြို့ကိုကပ်လို့ ကျုပ် မြို့ထဲဆင်းတာနဲ့ နိုင်ငံခြားသူ ကောင်မလေးတွေ ကျုပ်ကိုပစ်ကျတယ်ဆိုတာလည်း အမှန်ပဲ၊ ဒါပေမဲ့ ခင်ဗျားမသိတာ ရှိနေသေးတယ် ကိုလှိုင်ဘွား၊ ကျုပ်က သဘော်ဆိပ်ကမ်းကပ်တိုင်း အောက်ကိုဆင်းတဲ့လူ မဟုတ်ဘူးဗျ၊ ကျုပ် အဓိကလိုချင်တာက ဒေါ်လာငွေဗျ၊ အောင်အောင်ဆိုတဲ့ ကျုပ်က ဘဝကိုစခဲ့ရတာ သုညကနေပြီး စခဲ့တဲ့ ကောင်လေဗျာ …

"တခြားသင်္ဘောသားတွေ ဆိပ်ကမ်းမှာ တက်ကြွတက်ပလူးနေတဲ့ အချိန်မှာ ကျုပ်က တစ်နာရီငါးဒေါ်လာရရ၊ ဆယ်ဒေါ်လာရရ အိုဗာတိုင် အချိန်ပိုလုပ်တယ်၊ အချိန်ပို အလုပ်မရှိရင် သင်္ဘောကြီးပေါ်က တင်းနစ်ကွင်းမှာပဲ တစ်ဂိမ်းကို ဆယ်ဒေါ်လာ၊ ဆယ့်ငါးဒေါ်လာကြေး တင်းနစ်ရိုက်ပြီး အနိုင်ယူတယ် …

"ဒါကြောင့်လည်း တင်းနစ်မှာ ကျွမ်းကျင်အောင် လေ့ကျင့်ထားတယ်၊ တခြား သင်္ဘောသားဆိုတဲ့ ကောင်တွေက 'နိုင်ငံခြားသားတွေ၊ ဒေါ်လာငွေကို မက်လှတယ် မဟုတ်ဘူး၊ သူတို့ရတဲ့ လခကို သုံးဖြုန်းပစ်ဖို့ ဝန်မလေးတဲ့လူတွေ၊ ဒီလူတွေကို အချဉ်ထားပြီး ကျုပ်က တင်းနစ်ရိုက် အနိုင်ယူ ဒေါ်လာငွေစုခဲ့တဲ့ကောင်ဗျ၊ သင်္ဘောပေါ်မှာ

www.burmeseclassic.com



ခပ်ကြမ်းကြမ်း အလုပ်တွေလည်း ကျုပ်လုပ်တယ်၊ တင်းနစ်လည်း ရိုက်တယ်၊ ဒါကြောင့် ကျုပ်တစ်ကိုယ်လုံးမှာ အဆီအသားပို မရှိဘူး၊ မာဆယ် ကြွက်သားတွေနဲ့ ဘော်ဒီအချိုးကျနေတာဗျ ကိုလှိုင်ဘွားရ ...

"ဟဲ ... ဟဲ ... ဟဲ ... လှိုင်ဘွား ... လှိုင်ဘွား၊ လှိုင်ဘွားဆိုတဲ့လူဟာ တကယ်ကောက်ကျစ်စဉ်းလဲ ယုတ်မာတဲ့လူပဲ၊ ကမ္ဘာမှာ ကောက်ကျစ်စဉ်းလဲ ယုတ်မာရက်စက်တဲ့ လူပြိုင်ပွဲသာရှိရင် ခင်ဗျား ဝင်ပြိုင်လိုက် ကိုလှိုင်ဘွား၊ သေချာတယ် ပထမဆု ရမှာ ...

"ပြောသေးတယ်၊ ခင်ဗျား လူယုတ်မာရဲ့ပါးစပ်ပုပ်ကြီးနဲ့ ပြောတာလေ၊ လုပ်ငန်းကိစ္စမှာ အချစ်တွေ၊ မေတ္တာတွေ၊ စေတနာတွေ၊ အကြင်နာတွေ ဘာမှ မစွက်ဖက်နဲ့တဲ့၊ ဟင်း ... ပြောရက်တဲ့လူပဲ၊ ခင်ဗျားကတော့ ပြောနိုင်မှာပေါ့၊ ခင်ဗျားက တဏှာနဲ့ရမ္မက်သက်သက်ကောင်ကြီးပဲဟာ၊ ခင်ဗျားက သူများ သားပျိုသမီးရော၊ လင်မရှိမယားရော ငွေတွေပေးလိုက်ရင် ပြီးရောဆိုတဲ့ ဖိုမဆက်ဆံရေးသက်သက် လူစားမျိုးကြီး၊ ခင်ဗျားမှာ အသည်းနှလုံးရဲ့ချစ်ခြင်းမေတ္တာခံစားချက်မရှိတဲ့ လူ့ခွေးကြီး ...

"ကျုပ်မှာ အသည်းနှလုံးနဲ့ ကိုလှိုင်ဘွား၊ ကျုပ်စိမ်းကို တကယ်ချစ်သွားမိတာဗျ ...

"သိပ်ကောင်းတယ်၊ ကျုပ်မေတ္တာနဲ့ ကျုပ်အချစ်ကိုယုံကြည်တဲ့ စိမ်းက ကျုပ်ကို သူ့အိမ်လာစေမယ်၊ ကျုပ်ကသူ့အိမ်ထဲကနေပြီး ခင်ဗျားတို့ လာတာနဲ့ တံခါးဖွင့်ပေးရမယ်၊ ခင်ဗျားတို့က ဦးမင်းဆွေရဲ့ လျှို့ဝှက်မြေတိုက်ကို



ဖွင့်မယ်၊ မီးခံသေတ္တာကိုဖွင့်မယ်၊ ဦးမင်းဆွေ ချမ်းသာသမျှငွေတွေရော၊ ဘိုးစဉ်ဘောင်ဆက်က အမွေဆက်ခံလာတဲ့စိန်တွေ၊ ပတ္တမြားတွေ၊ နီလာတွေ ဖောက်ယူကြမယ်၊ ဦးမင်းဆွေက ဘဏ်မှာ ငါးသိန်း ခြောက်သိန်းလောက်ဟန်ပြအပ်ထားပြီး ချမ်းသာသမျှတွေ မြေတိုက်ခန်းထဲမှာပဲထားကြောင်း ခင်ဗျား ဆရာကြီးဆီကတစ်ဆင့် သေချာပေါက် သိထားတယ်ဆို၊ ခင်ဗျားတို့ မြေတိုက်နဲ့မီးခံသေတ္တာ ဖောက်နေတုန်း စိမ်းကို ငြိမ်အောင် ကျုပ်ကထိန်းပေးထားရမယ်၊ ဒါ ကျုပ်တာဝန် မဟုတ်လား၊ ဟား ... ဟား ...၊ ခင်ဗျားပေးတဲ့ တာဝန်ကို ကျုပ်က လုပ်ရမှာပေါ့ဗျာ၊ လုပ်ပေးရမှာပေါ့၊ ပထမ အလုပ်ကိစ္စ စပြီးပြောစဉ်ကတော့ ကျုပ်ဝေစု ဆယ့်လေးငါးခြောက်သိန်း ရမယ်ဆိုတာကို ကျုပ် မက်မောမိပါရဲ့ ...

"အခုတော့ ကျုပ်ဝေစုကို ကျုပ် မမက်မောတော့ဘူး ကိုလှိုင်ဘွား၊ လုံးဝ လုံးဝကြီးကို မမက်မောတာ၊ ကျုပ်ကို စိမ်း မုန်းသွားမှာနဲ့ ခင်ဗျား ဆယ့်လေးငါးခြောက်သိန်း ဝေစုနဲ့ မလဲချင်တော့ဘူး ကိုလှိုင်ဘွားရေ့၊ မလဲချင်တော့ဘူး ...

"ဒါပေမဲ့ ခင်ဗျားခိုင်းတာ ကျုပ်လုပ်ရမှာပါ၊ လူဆိုတာ အတ္တမဟုတ်လား၊ ကိုယ့်ထက်ပိုပြီး ဘယ်သူ့ကိုမှ မချစ်နိုင်တဲ့ အတ္တလေ၊ ကမ္ဘာမီးလောင် သားကောင်ချနင်းမဟုတ်လား ...

"ဒီအလုပ်ကို မင်း မလုပ်ရင် မင်း ထောင်ထဲဝင်ပေတော့၊ မင်း ညတစ်ညမှာ တာဝန်ထမ်းဆောင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ထိန်းရဲ့ ကိုကောင်းဇံကို ကားနဲ့တိုက်သတ်ခဲ့တယ် မဟုတ်လား၊ အဲဒါ နေ့စွဲအတိအကျ၊ အချိန်အတိအကျ၊ နေရာအတိအကျနဲ့ မင်းကားနံပါတ်အတိအကျကို ငါရဲမှာ ဖော်လိုက်ရင် မင်းထောင်ထဲ တန်းဝင်သွားပြီပေါ့ အောင်အောင်၊ မီးနီကို အတင်းဖြတ်မောင်းတာရော၊ တာဝန်ကျ ယာဉ်ထိန်းရဲကို အသေတိုက်သတ်တာရောဆိုတော့ မင်းအတွက် ထောင်ငါးနှစ်နဲ့ ဆယ်နှစ်ကြားမှာ ကျပြီပေါ့ကွာ တဲ့ ...

"ဟဲ ... ဟဲ၊ ခင်ဗျားခိုင်းတာ မလုပ်ရင် ခင်ဗျားက ကျုပ်ကို ရဲလက်ထဲအပ်မယ်၊ ဒီတော့လည်း ကျုပ်က ကျုပ်ဘဝနဲ့ ကျုပ်အသက်လေးကို ခင်တွယ်နေသေးတော့ ခင်ဗျားခိုင်းတာ လုပ်ပါ့မယ်ပေါ့ ကိုလှိုင်ဘွားရာ"

တကယ်ပင် ...

အင်းလျားလိတ်ဟိုတယ်တွင် အောင်အောင် ပရိုက်ဗိတ်တက္ကစီဆွဲစဉ် တစ်ခုသောညက အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။

အင်းလျားလိတ်ဟိုတယ်မှ အနောက်တိုင်းဝတ်စုံကို စမတ်ကျကျ ဝတ်ထားသော ကိုလှိုင်ဘွားသည် သူ၏တက္ကစီကို ငှားရမ်းသည်။ သူနှင့်အတူ သူကဲ့သို့ပင် အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ထားသည့် အဖော်တစ်ဦးလည်းပါသည်။

ရွှေဘုံသာလမ်းကို သွားချင်သည်ဟု ပြောသည်။ အောင်အောင်က အင်းလျားလိတ်ဟိုတယ်မှ ရွှေဘုံသာလမ်းကို ငွေငါးရာတောင်းသည်။ ကိုလှိုင်ဘွားက ဈေးမဆစ်ဘဲ ကားပေါ် တက်ထိုင်သည်။



တိုစဉ်က ကိုလှိုင်ဘွားကို အောင်အောင် မသိကျွမ်းသေး။ အင်းလျားလိတ်ဟိုတယ်တွင် လာရောက်တည်းခိုသော ဂျပန်လား၊ တရုတ်လား၊ အင်ဒိုနီးရှားလားဟု အရှေ့တိုင်းတစ်ပါးသား ဖြစ်မည်ဟု ထင်မိသည်။

ကိုလှိုင်ဘွားက ကားငှားရာတွင် အင်္ဂလိပ်စကားဖြင့် ပြော၍ငှားသောကြောင့် မြန်မာမှန်း မသိပေ။ သူနှင့်အဖော်ပါလာသူကလည်း အင်္ဂလိပ်လိုပင် သူတို့အချင်းချင်း ပြောကြသည်။

သူ၏အဖော်ဆိုသူမှာ ကိုလှိုင်ဘွား၏ တကယ့်လူယုံတော်တပည့် ချာလီ ဖြစ်ကြောင်း နောက်မှသိရသည်။

သူတို့နှစ်ယောက်ကိုတင်ရင်း ကုက္ကိုင်းလမ်းမကြီးအတိုင်း မောင်းလာရာ ဗဟ္တလစ်မီးပွိုင့်တွင် မီးသည် နီရာမှဝါသွားသည်။ မီးနီပြလျှင် မီးပွိုင့်မျဉ်းတွင် အောင်အောင် ရပ်ပေးရမည်။

မီးဝါသည်နှင့် နောက်မှ ကိုလှိုင်ဘွားက မြန်မာလိုပင် လှမ်းပြောသည်။

"မီးပွိုင့်မှာ မရပ်နဲ့၊ လုံးဝမရပ်နဲ့"

"ဟာ ... မရပ်လို့ ဘယ်ဖြစ်မလဲ၊ ဒါ မော်တော်ယာဉ် ဥပဒေပဲ"

"လုံးဝမရပ်နဲ့၊ မင်းကို အပိုကြေး ငွေတစ်ထောင်ပေးမယ်၊ ဆက်မောင်းပါ"

"မီးပွိုင့်စခန်း မသိမ်းသေးဘူး၊ ယာဉ်ထိန်းရဲ ရှိနေသေးတယ်၊ ကျုပ် ကားနံပါတ်မှတ်ပြီး အမှုဖွင့်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း လာရှည်တယ်၊ ငွေတစ်ထောင် အပိုကြေးယူမလား၊ သေနတ်နဲ့ ကျောကိုအပစ်ခံမလား၊ ငါ့အဖို့ မီးပွိုင့်ရပ်ဖို့ လုံးဝခွင့်မပြုဘူး၊ ငါ ဘယ်ယူနီဖောင်းဝတ် ဥပဒေဘက်တော်သားနဲ့မှ မတွေ့ချင်ဘူး၊ မီးနီ ရပ်နေတုန်း ဒီကားကို အစစ်အဆေး လုပ်တာမျိုး ငါ မခံနိုင်ဘူး၊ မင်းမနာချင်ရင် ဆက်မောင်း၊ တစ်ထောင်ထပ်ပေးတာ နည်းသေးရင် နှစ်ထောင်ပေးမယ်"

မလွှဲမရှောင်သာတော့သဖြင့် မီးဝါမှာပင် အရှိန်မလျှော့ဘဲ မောင်းလာသည်ကို လှမ်းမြင်သော ယာဉ်ထိန်းရဲသည် လမ်းပေါ်သို့တက်လာကာ လက်ပြ၍ ရပ်ခိုင်းစဉ်မှာပင် မီးနီသွားသည်။

"မောင်း ... မောင်း၊ ဆက်မောင်း"

နောက်မှ ကိုလှိုင်ဘွား အမိန့်လည်း ပေးသည်။ အောင်အောင့် ကျောကိုလည်း မာကျောသော သေနတ်ပြောင်း ထောက်ထားသည်။

အောင်အောင် မီးနီကို အတင်းဝင်ဖြတ် မောင်းရတော့သည်။

ထိုစဉ်မှာပင် ဆန့်ကျင်ဘက်မှ မီးစိမ်းသောကြောင့် ဒေါ့ဂျစ်ကားကြီး မောင်းလာသည်နှင့် ထိပ်တိုက်တွေ့သဖြင့် အောင်အောင်က ဒေါ့ဂျစ်ကားကြီးနှင့်လွတ်အောင် စတီယာရင်ကို တစ်ဖက်သို့ ဆွဲကွေ့လိုက်ရာ လမ်းပေါ်ထွက်လာသော ယာဉ်ထိန်းရဲအား အောင်အောင်၏ ကားဘော်ဒီဘေးပိုင်းနှင့် "အုန်း" ခနဲ တိုက်မိပြီး ယာဉ်ထိန်းရဲမှာ လမ်းဘေးရေမြောင်းဆီသို့ လွင့်ကျသွားတော့သည်။



ကျွီ ... ကျွီ ... ကျွီ။

အောင်အောင် အရှိန်ပြင်းကားကို ဘရိတ်နင်းရပ်ဖို့ ကြိုးစားသေးသည်။

"ဆက်မောင်းလေ ... ဆက်မောင်း၊ ရပ်ပေးရင် ပိုဆိုးကုန်မှာပေါ့"

ကိုလှိုင်ဘွား စကားကို နားယောင်ကာ အောင်အောင်သည် နောက်ပြန်မကြည့်တော့ဘဲ တစ်ဖွတ်ထိုး မောင်းထွက်ခဲ့သည်။

ဆက်ပြီးမောင်ခဲ့ရာ ရွှေဘုံသာလမ်းသို့ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ ရောက်ခဲ့သည်။

"မင်း ဘာမှမပူနဲ့၊ မင်းကိစ္စအားလုံး ငါ တာဝန်ယူတယ်၊ မင်းနာမည် ဘယ်သူလဲ"

"အောင်အောင်"

"မင်းလိပ်စာ ငါ့ကိုပေးထား အောင်အောင်၊ နက်ဖြန် မင်းဆီကို ငါ လာခဲ့မယ်၊ မင်း တက္ကစီဆက်မမောင်းနဲ့တော့၊ မင်းအတွက် ငါ တာဝန်ယူမယ်၊ ရော့ ... အခု လည်း ငွေငါးထောင်ယူသွား၊ ဘာမှစိတ်ပူမနေနဲ့"

အောင်အောင်သည် နောက်တစ်နေ့တွင် သတင်းစာ လာသည်နှင့် ကောက်ယူဖွင့်ဖတ်သည်။

ထင်သည့်အတိုင်းပင် သတင်းတစ်ပုဒ် ပါလာတော့သည်။ သတင်းစာဖော်ပြချက်မှာ ...

"မနေ့ညက ကုက္ကိုလမ်း မီးပွိုင့်တွင် စည်းကမ်းမဲ့ အရှိန်ပြင်းထန်စွာဖြင့် မောင်းလာသော ကားတစ်စီးအား အထူး

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဖြင့် ယာဉ်ထိန်းဒုတိယရဲအုပ် ဦးကောင်းစံက ရပ်ရန်တားဆီးရာ ၎င်းကားမှာ မရပ်ရုံမက ဦးကောင်းစံအား တိုက်ပြီး မောင်းပြေးရာ ဦးကောင်းစံမှာ ပွဲချင်းပြီးသေဆုံးသွားသည်။ ကားနံပါတ် မီးမလင်းသောကြောင့် ထိုကားနံပါတ်ကို မမြင်ရ မမှတ်မိသဖြင့် ၎င်းကားကို သက်ဆိုင်ရာမှ အပြင်းအထန် စုံစမ်းလျက်ရှိပါကြောင်း”

ဟု ပါရှိလာသည်ကို အောင်အောင် ဖတ်ရပေသည်။

အောင်အောင် သတင်းစာဖတ်အပြီးမှာပင် ကိုလှိုင်ဘွားနှင့် သူ့တပည့် ချာလီတို့ အောင်အောင်၏အိမ်သို့ ရောက်လာသည်။ ကိုလှိုင်ဘွား၏ လက်တွင်လည်း ယနေ့ထုတ်သတင်းစာကိုင်လျက်သား ပါရှိလာသည်။

“မင်း ဘာမှမပူနဲ့၊ တက္ကစီ ဆက်မဆွဲနဲ့၊ ဒီအိမ်မှာလည်း ဆက်မနေနဲ့၊ မင်းအတွက် ငါ အားလုံး အကုန်အကျခံ စီစဉ်ပေးမယ်၊ အေး ... ရှေ့ဆက်ပြီး ငါနဲ့ လက်တွဲပြီး အလုပ်လုပ်ကြတာပေါ့ အောင်အောင်”

ထိုစဉ်က မိုလ်အောင်ကျော်တိုက်ခန်း ဝယ်ပေးခြင်း၊ တယ်လီဖုန်း၊ ရေခဲသေတ္တာ၊ အိမ်ထောင်ပရိဘောဂမှအစ ပြည့်စုံစွာ ထားရှိပေးခြင်း၊ သုံးစွဲရန်ငွေကို ထောင်နှင့်ချီပြီး မကြာခဏ ပေးသဖြင့် ကိုလှိုင်ဘွားကို တကယ့် သူတော်ကောင်းကြီးဟု အောင်အောင် ကြည်ညိုလေးစားခဲ့သည်။

သူ့ကိစ္စကို ဆောင်ရွက်ပေးရင်း ယာဉ်ထိန်းရဲအရာရှိ တိုက်မိသည့်အတွက် သူကပြန်၍ ငဲ့ညှာသည်ဟု အောင်အောင် မှတ်မိသည်။



ယခုမူ ကိုလှိုင်ဘွား၏ သဘောထားကို သေသေချာချာကြီး ရေရေလည်လည် သိရပြီမို့ သည်လူကြီးမျက်နှာကို လက်သီးနှင့် ထိုးရုံမက ဖနောင့်နှင့်ပါ ပေါက်ချင်မိသည်။

ယခုမူ အောင်အောင်သည် ကိုလှိုင်ဘွား၏ နဖားကြိုး အထိုးခံထားရသည့် ချည်တိုင်မှနွား ဖြစ်ပြီမဟုတ်လော။

တကယ်တော့ ကိုလှိုင်ဘွား၏ အကွက်ဆင်ခဲ့ခြင်း ဖြစ်သည်။

သည်လိုမီးနီကိုမောင်းလျှင် သည်လိုပင် ယာဉ်ထိန်းရဲက ထွက်တားမည်။ ထိုစဉ် ကားနောက်မှနေ၍ အောင်အောင်အား ကယောင်ချောက်ချားဖြစ်အောင် ကိုလှိုင်ဘွားက လှုံ့ဆော်သည်။

အောင်အောင်မှာ မဝေခွဲနိုင်သောစိတ်ဖြင့် ယာဉ်ထိန်းရဲကို တိုက်ရခြင်း ဖြစ်တော့သည်။

ကိုလှိုင်ဘွား ဆင်သော အကွက်ထဲသို့ ဒက်ထိဝင်သွားခြင်း ဖြစ်ပေတော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



# ၁၃

ရန်ကုန်မြို့၏ သမ္မတရုပ်ရှင်ရုံကို လူတိုင်းလိုလို သိကြပါ၏။

ယင်း သမ္မတရုံကြီး၏ဘေးမှ လမ်းသည် ယခင်က ယောက်လမ်းဟု ခေါ်ခဲ့ပြီး ယခုမူ ယောမင်းကြီးလမ်းဟု အမည်ပြောင်းထားပေသည်။

ယောမင်းကြီးလမ်းသည် ရန်ကုန်မြို့လယ်တွင် ရှိစေကာမူ ခြံကြီးဝင်းကျယ်ကြီးများဖြင့် သီးသန့်ဆန်သောလမ်း ဖြစ်သည်။

ထိုလမ်း၏ အလယ်ခန့်တွင် ပေတစ်ရာငါးဆယ်ပတ်လည်ခန့် ခြံကျယ်ကြီးအား အုတ်တံတိုင်း ခြံစည်းရိုးကာထားပြီး အလယ်တွင် လှပထည်ဝါခန့်ညားသော နှစ်ထပ်တိုက်ကြီးတစ်လုံးသည် ဦးမင်းဆွေ၊ ကိုဟန်ဝင်းနှင့် စိမ်းတို့ နေထိုင်ကြသော တိုက်အိမ်ကြီး ဖြစ်ပါ၏။

ယင်း ယောမင်းကြီးလမ်းလယ်မှ ဟိုဘက် ဗိုလ်ချုပ်ဈေးသို့ မီးရထားလမ်းကို ဖြတ်ကျော်ကူးနိုင်သည့် ကြီးမားသော သံတံတားကြီးလည်း ရှိပေသည်။



အချို့ ကိုယ်ပိုင်ကားဖြင့် ဗိုလ်ချုပ်ဈေးသို့ ဈေးလာဝယ်သူများသည် ဗိုလ်ချုပ်ဈေးအတွင်း၌ မော်တော်ကားရပ်ရန် အခက်အခဲရှိသဖြင့် ဤယောမင်းကြီးလမ်း သံတံတားကြီးအောက်ခြေတွင် ကားရပ်ကာ သံတံတားကြီးကို ခြေကျင်ဖြတ်ကျော်ပြီး ဗိုလ်ချုပ်ဈေးသို့ သွားတတ်ကြသေးသည်။

စိမ်းသည် တိုက်အိမ်ကြီး၏ အောက်ထပ်ထောင့်ချိုး၌ထားရှိသော ဘဘဦးမင်းဆွေ၏ သီးသန့်စာကြည့်ခန်းတွင် လက်နှိပ်စက်ရိုက်လျက် ရှိပေသည်။

ယနေ့ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။

သောကြာနေ့တွင် ကိုကိုဟန်ဝင်းသည် ဘဘဆွေ၏ ခိုင်းစေချက်အရ မန္တလေးသို့ သွားရမည်။ မန္တလေးသွားလျှင် ယူသွားရမည့် အလုပ်ကိစ္စနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဘဘဆွေ ခိုင်းသည့်အတိုင်း စိမ်းက လက်နှိပ်စက်ရိုက်ပေးနေခြင်း ဖြစ်သည်။

ရှစ်နာရီလောက်တွင် ဘဘဆွေ ရိုက်ခိုင်းသမျှ ရိုက်ပြီးသွားသဖြင့် အမှားအယွင်းပါ၊မပါ ပြန်လည်စစ်ဆေးသည်မှာ မိနစ်နှစ်ဆယ်ခန့် ကြာသွားပေသည်။ အားလုံးစိတ်ချရမှ ဘဘဆွေ ရုပ်မြင်သံကြား ကြည့်နေရာ ဧည့်ခန်းဆီသို့ ကော်ရစ်ဒါလမ်းအတိုင်း စာရွက်စာတမ်းတွေကို အထပ်လိုက်ကိုင်ပြီး လျှောက်လာခဲ့သည်။ ဘဘဆွေ၏တိုက်ကြီးမှာ တည်ဆောက်ထားစဉ်ကတည်းက ဘဘဆွေ ကိုယ်တိုင် စိတ်ကြိုက်ပုံဆွဲပြီး ကြပ်မတ်ဆောက်သော တိုက်ကြီးမို့ ထုထည်ကြီးမားသလောက် အခန်းဖွဲ့ပုံတွေ၊ ကော်ရစ်ဒါထားရှိပုံတွေ၊ မှန်ချပ်ကြီးများ တပ်ဆင်ထားပုံတွေသည် တခြား သာမန်တိုက်နှင့် မတူဘဲ တစ်မျိုးတစ်ဖုံ ဆန်းပြားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကော်ရစ်ဒါဘေးမှ မှန်ချပ်ကြီးများမှ ဘဘဆွေတီဗီကြည့်နေသည်ကို မြင်ရပေသည်။

ဝင်ပေါက်တံခါးကို ဖွင့်ဝင်ခဲ့ပြီး ဘဘဆွေဘေးကြမ်းပြင်ခင်းထားသည့် မှိုင်းလုံးကော်ဇောကြီးပေါ်တွင် စိမ်းကမှဆစ်တုပ်လေး ထိုင်လိုက်သည်။ လက်နှိပ်စက် ရိုက်ခဲ့သော စာရွက်စာတမ်းတွေ ဘဘဆွေအား ပေးလိုက်သည်။

ဘဘဆွေက တီဗီကို အဝေးထိန်းစက်ခလုတ်ဖြင့် ထိုင်ရာမထ ပိတ်လိုက်သည်။

"သမီး ... ဆိုဖာမှာ ထိုင်လေ"

"အလှမ်းဝေးနေလို့ ဘဘဆွေ၊ စာရွက်စာတမ်းတွေမှာ ဘဘဆွေ စစ်ကြည့်လို့ အမှားပါရင် ချက်ချင်းသိနိုင်အောင် ဘဘဆွေဘေးမှာ ထိုင်တာပါ"

ဟုတ်၏။ ဘဘဆွေတိုက်၏ ဧည့်ခန်းသည် ကျယ်ပြောသည်။ ဆိုဖာတွေကလည်း လက်တန်းပါ ကတ္တီပါဖုံးဆိုဖာအကြီးကြီးတွေ ဖြစ်သည်။ တစ်လုံးစီ နေရာချထားရာတွင်လည်း တစ်လုံးနှင့်တစ်လုံး အလှမ်းအနည်းငယ် ကွာပေသည်။

"စိမ်းက ဘဘဆွေ ဦးလှဘူးအိမ်ကို ရှစ်နာရီကတည်းက စစ်တုရင် သွားကစားပြီလို့ ထင်နေတာ"

"ဦးလှဘူးကို ဖုန်းဆက်လိုက်တယ် သမီး၊ ဒီနေ့ ဘဘ မလာတော့ဘူးလို့၊ သောကြာနေ့ကျမှ ပွဲကြီးပွဲကောင်း သုံးပွဲထိုးမယ်လို့ ပြောလိုက်တယ်၊ ဒီနေ့ည သမီးရိုက်ပေးတဲ့ စာရွက်စာတမ်း ကိန်းဂဏန်းတွေကို ဘဘ ပြန်စစ်ဆေးရဦးမှာ မဟုတ်လား"



"ဟိုတုန်းကလည်း ဘဘဆွေ ဦးလှဘူးအိမ်က စစ်တုရင်ကစားပြီး ပြန်လာမှ စာရွက်စာတမ်းကို စစ်ဆေးတာပဲဟာ"

"အင်း ... ဟိုတုန်းက ဟုတ်တယ်၊ ဘဘဆွေ ဦးလှဘူးအိမ်က ပြန်လာမှဆိုတော့ အနည်းဆုံး ဆယ်နာရီပဲ။ စစ်တုရင် သုံးဖွဲ့ထိုးတယ်ဆိုတာ သိပ်ပြီး လက်ရည်တူ၊ ဉာဏ်ရည်တူနေရင် မိုးတောင် လင်းသွားနိုင်တယ်၊ သမီးက ဘဘ မလာမချင်း စောင့်နေတော့ သမီး အိပ်ရေးပျက်မှာ နောက်ဆံတင်းနေတာနဲ့ ကစားရာမှာ အာရုံပျောက်ပျောက်သွားတယ်"

"ရပါတယ် ဘဘဆွေ၊ သမီးမှာ ဘဘ အလုပ်ဆိုလို့ ဒီတစ်ခု လုပ်ပေးတာကလွဲပြီး တခြားအလုပ်မှ မရှိတာ"

"သမီးကတော့ စိတ်ထားကောင်းတဲ့ မိန်းကလေးပဲ၊ ဒါပေမဲ့ ဒီနေ့တော့ ဘဘကိုယ်တိုင် သားဟန်ဝင်း ပြန်လာတာကိုစောင့်ချင်တယ်လေ၊ မန္တလေးလုပ်ငန်းတွေမှာ မှတ်နဲ့မှာစရာတွေ ရှိသေးတယ်၊ သားက ပြန်လာရင် အိပ်မယ့်ကောင်၊ မနက်အစောကြီး မန္တလေးကို ထသွားရင် မှာချင်တာတွေ မမှာလိုက်ရမှာစိုးလို့ တမင် စောင့်နေတာ"

ထို့နောက် စိမ်းရိုက်ပေးထားသော စာရွက်စာတမ်းနှင့် ကိန်းဂဏန်းတွေကို ဘဘဆွေက စစ်ဆေးဖတ်ရှုပေသည်။

နာရီဝက်လောက် ကြာသွားသည်။ စိမ်းက အောက်ကော်ဇောပေါ်မှာပင် ထိုင်စောင့်နေပါ၏။

"အားလုံး မှန်တယ်၊ သမီးက စေ့စပ်သေချာပြီး တော်မှန်း ဘဘ သိနေသားပဲ၊ လိုလိုမည်မည်သာ ဘဘ ပြန်စစ်ဆေးရတာပါ၊ သမီး အိပ်ချင်ပြီလား"

www.burmeseclassic.com



"ဘဘအတွက် ကော်ဖီဖျော်ပေးရဦးမယ်လေ ဘဘ၊ စိမ်း မအိပ်ချင်သေးပါဘူး"

"အေး ... သမီးကို ဘဘ ပြောချင်တာလေးတွေ ရှိနေသေးတယ်၊ ကော်ဖီသောက်ရင်း ပြောကြတာပေါ့၊ ဟိုကောင်သား ဟန်ဝင်းကိုလည်း စောင့်ရင်းပေါ့"

စိမ်း ကော်ဖီသွားဖျော်သည်။ ဘဘမှ အထွေအထူး မလုပ်ရ။ ခါတ်ဘူးထဲမှ ရေနွေးဖြင့် အသင့်ဖျော်ရုံသာရှိသည်။ ဘဘအကြိုက် ချိုချိုခါးခါးလေး ဖြစ်ဖို့သာ သတိထားရသည်။

ကော်ဖီပန်းကန် ဘဘရှေ့မှာ ချပေးသည်။ စိမ်းက ညပိုင်း ကော်ဖီသောက်လေ့မရှိ။ ဘဘက အငွေ့ထနေသေးသော ကော်ဖီကို မသောက်သေးဘဲ နွေးနွေးလေး ဖြစ်သည်အထိ စောင့်နေသည်။

"ဟဲ ... ဟဲ၊ ဒီနေ့ သမီးကို ဘဘပြောချင်တဲ့စကားက သမီးအတွက် ဆန်းနေမလားပဲ"

"ဘယ်လို ဆန်းနေလို့လဲ ဘဘဆွေ"

"အင်း ... ညနေက သမီး တင်းနစ်ကွင်းကို ကားမောင်းထွက်သွားတော့ သားဟန်ဝင်းက ဘဘကိုပြောတယ်၊ ဖေဖေ့တူမကို နည်းနည်းမေးမြန်းကြည့်ပါဦးတဲ့၊ အနေအထိုင် အရင်ကလို မဟုတ်ဘူးတဲ့၊ အဲဒီ စကားက ဆန်းနေသလားလို့ပါ သမီး"

စိမ်း သက်ပြင်းချမိသည်။

"တကယ်တော့ လူတိုင်းမှာ ဖြစ်ရိုးဖြစ်စဉ်တွေ ရှိစမြဲပေါ့၊ အဲ ... ဖြစ်ရိုးဖြစ်စဉ်ထဲက မဖြစ်ဘူးသေးတာ တစ်ခုခုဖြစ်လာရင် ပထမဦးစွာ ဆန်းတယ်လို့ ထင်ရတာပေါ့လေ၊



သမီးမှာ တစ်ခါမှ မဖြစ်ဘူးသေးတဲ့ အဆန်းအပြားလေး တစ်ခုခု ရှိနေတယ် ဆိုရင်တော့ ဘဘ နားထောင်ချင်မိတယ် သမီး"

စိမ်းသည် ဖွင့်ပြောသင့်ပြီဟုလည်း နဂိုကတည်းက ဆုံးဖြတ်ထားသည်မို့ ပွင့်ပွင့်လင်းလင်းပင် ဘဘဆွေကို ပြောလိုက်သည်။

"စိမ်းမှာ ချစ်သူရှိနေပြီ ဘဘဆွေ"

"ဟုတ်လား၊ သမီးမှာ တစ်ခါမှ ချစ်သူမရှိခဲ့ဘူးလေတော့ နည်းနည်း ဆန်းသယောင်ယောင်ပေါ့ကွယ်၊ ဒါပေမဲ့ သမီးမှာ ချစ်သူလည်း ရှိသင့်တယ်၊ လက်ထပ်မယ်ဆိုလည်း လက်ထပ်သင့်တဲ့အရွယ် ရောက်နေပြီပဲ"

"သမီး တခြားချစ်သူထားတာ ကိုကိုဟန်ဝင်းက မနှစ်သက်ဘူး၊ ကိုကိုဟန်ဝင်း ကိုယ်တိုင်က စိမ်းကို လက်ထပ်ချင်တယ်တဲ့"

"အင်း ... ဒါကိုလည်း ဘဘ ရိပ်မိသလိုလိုပါပဲ"

"ခက်သားပဲ ဘဘ၊ ဘယ်သူမဆို ကိုယ့်ရဲ့ချစ်သူကိုသာ လက်ထပ်ချင်စမြဲပေါ့"

"အင်း ... ဒါ အမှန်တရားပဲပေါ့"

စိမ်း ဝမ်းသာသွားမိသည်။

"ဒါဆို ဘဘက စိမ်း ကိုကိုဟန်ဝင်းကို လက်မထပ်ချင်တာ အပြစ်မတင်ဘူးပေါ့နော် ... စိတ်လည်းမဆိုးဘူးပေါ့နော်"

"ကြဲကြဲဖန်ဖန်ကွယ်၊ သား ဟန်ဝင်းကို လက်မထပ်တာနဲ့ သမီးကို ဘဘက ဘာလို့ စိတ်ဆိုးအပြစ်တင်ရမှာလဲ၊ ချစ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမေတ္တာဆိုတာ ရုပ်ကိစ္စ၊ ဒြပ်ကိစ္စမှ မဟုတ်တာ၊ နှလုံးသားက သူ့အလိုလို ဖြစ်ပေါ်လာရတဲ့ ကိစ္စပဲ၊ ဘဘ ပြောထားသားပဲ၊ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာကကိစ္စမှာ သမီးရော သားရော ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိတယ်လို့"

"ဒါဆို စိမ်းကိစ္စမှာ ဘဘက သဘောတူတယ်၊ မကန့်ကွက်ဘူးပေါ့၊ ဟုတ်လား ဘဘ"

ဘဘဦးမင်းဆွေ ခေါင်းမခါ၊ ခေါင်းမညိတ်ဘဲ ဖြည်းလေးစွာ ပြန်ပြောပေသည်။

"မကန့်ကွက်ဘူး ဆိုတာတော့ မှန်တယ်၊ သဘောတူတယ် ဆိုတာကတော့ မမှန်သေးဘူး၊ သမီးရဲ့ချစ်သူကို သမီးက အပြစ်ကင်းတယ် ထင်ပေမယ့် ဘဘကိုယ်တိုင် တွေ့ကြည့်ရဦးမယ်၊ သမီးကို ရှစ်နှစ်သမီးအရွယ်ကတည်းက ဘဘ မွေးလာတာမို့ ဘဘဟာ သမီးရဲ့မိခင်ဆိုလည်း ဟုတ်တယ်၊ ဖခင်ဆိုလည်း ဟုတ်နေတယ်၊ ဒီတော့ သမီးချစ်သူကို မိဘက အကဲခတ်သလို ဘဘကလည်း ကြည့်ရှုအကဲခတ်ပြီးမှ သဘောတူသင့် တူမယ်၊ မတူသင့် မတူဘူးဆိုတာ ပြောနိုင်မယ်၊ မကန့်ကွက်ဘူးဆိုတဲ့ စကားနဲ့ သဘောတူတယ်ဆိုတဲ့ စကားဟာ ကွာခြားသေးတယ် သမီး၊ သမီးရဲ့ ချစ်သူနာမည်က ဘယ်သူတဲ့လဲ"

"အောင်အောင်တဲ့ ဘဘ"

"အသက်အရွယ်ကော"

"အသက်အစိတ်ထဲမှာပဲ ဘဘ"

"အင်း ... သမီးထက် သုံးနှစ်လောက် ပိုကြီးတာပေါ့၊ အလုပ်အကိုင်ကျတော့ကော"



"ဂျပန်သင်္ဘောကုမ္ပဏီမှာ ဒုတိယအရာရှိရာထူးနဲ့ သင်္ဘောလိုက်ပါတယ် ဘဘ၊ အခု ခွင့်နဲ့ရန်ကုန်ပြန်လာပြီး တစ်နှစ်လောက် နေဦးမယ် ပြောပါတယ်"

"ဥပဓိရုပ်ကကော"

"ရုပ်ချောပါတယ်၊ အရပ်လည်း ငါးပေရှစ်လက်မလောက်ရှိမယ်၊ ကိုယ်လုံးကိုယ်ထည် ကြည့်ကောင်းတယ်၊ ကိုကိုဟန်ဝင်းမှာလို အဆီတွေ အသားပိုတွေ မရှိဘူး၊ ဒါပေမဲ့ မိန်းကလေးလို ချောတာ မဟုတ်ဘူး၊ ယောက်ျားဆန်ဆန် ကြည့်ကောင်းတာ၊ တည်တယ် ခန့်တယ် ဆိုပါတော့ ဘဘ"

"အင်းပေါ့လေ၊ သူစိမ်းသက်သက် ဖိုနဲ့မဟာ ပထမအဆင့်ကတော့ ရုပ်ကိုကြည့်ပြီး ကြိုက်ကြတာပဲ၊ ကြိုက်ရာကမှ တစ်ဆင့် တဖြည်းဖြည်း ချစ်တယ်ဆိုတဲ့ဆီကို ကူးသွားတာပေါ့၊ ငါ့သမီး စိမ်းဟာ တော်ရုံယောက်ျားဆို ကြိုက်ခဲ့တာမှ မဟုတ်တာ၊ အဲ ... အခု သူငယ်ကတော့ သမီးကြိုက်သွားရာက မေတ္တာဘက်ကို ကူးသွားတာပဲ ဖြစ်မှာပေါ့၊ သူ့ဘဝအကြောင်းလေးတွေကော ဘဘ သိခွင့်ရမလား"

စိမ်းက အောင်အောင့်အကြောင်း အားလုံး ပြောပြသည်။ မိခင်ဆုံးပြီးနောက် ဆယ်တန်းအောင်သည်။ ဆယ်တန်းအောင်သည်နှင့် ဖခင်က ဆက်လက်၍ တာဝန်မယူသဖြင့် သံရုံးတွင် (၂)နှစ် စာရေးဝင်လုပ်ရသည်။ ထိုမှတစ်ဆင့် သင်္ဘောတွင် ပညာသင်ဘဝနှင့်လိုက်ရာမှ ငါးနှစ်လိုက်ပြီးနောက် ဒုတိယအရာရှိ ဖြစ်လာသည်တို့ကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူး၊ ယောက်ျား ပီသတယ်၊ ကိုယ့်ဘဝကို ကိုယ့်ဒူးကိုယ်ချွန်နဲ့ ရုန်းကန်တိုးတက်ခဲ့ရတယ်၊ အဲဒီယောက်ျားမျိုး ဘဘ နှစ်သက်တယ်၊ သား ဟန်ဝင်းတို့ကျတော့ မွေးကတည်းက မိဘချမ်းသာတော့ ဘဝကို ရုန်းကန်ရတာကို နားမလည်ဘူး၊ ဒါထက် သမီးလူရဲ့အကျင့်စာရိတ္တကကော ဘယ်လိုလဲ"

"စိမ်း အကဲခတ်မိသလောက်ကတော့ ယောက်ျားလေးတိုင်းလိုလို မကောင်းတာမျိုးလောက်တော့ သူ့မှာရှိတယ် ဘဘ၊ ဒါပေမဲ့ ခွင့်မလွှတ်နိုင်လောက်အောင်၊ ပြုပြင်လို့မရလောက်အောင် အကျင့်ပျက်တာမျိုး သူ့မှာ မရှိဘူးလို့ စိမ်း အကဲခတ်တယ်၊ အဲ ... တားမရ ဆီးမရတာ တစ်ခုတော့ရှိတယ်၊ စီးကရက် သိပ်သောက်တယ်၊ အဲဒါကိုတော့ သူ ဖြတ်မယ် မထင်ဘူး၊ ဒီ့ပြင် ကိစ္စတွေမှာတော့ အပေါင်းအသင်းနဲ့ကြုံရင် ကြုံသလို လုပ်ဆောင်တတ်ပေမယ့် အကျင့်ပျက်နေတဲ့ အထိတော့ မရှိဘူးလို့ ထင်တာပဲ"

"လူပျိုဘဝမှာ ယောက်ျားလေးတွေ ဟိုစပ်စပ် ဒီစပ်စပ် ဆိုတာမျိုး ရှိတတ်ကြတာပဲ၊ အရေးကြီးတာက အိမ်ထောင်ကျပြီးတဲ့နောက် မကောင်းတဲ့အကျင့် ပျောက်သွားရင်တော်လောက်ပြီပဲ၊ ဒါထက် အဲဒီသူငယ်ရဲ့ စိတ်နေသဘောထားကကော"

စိမ်း ခေါင်းကုတ်မိပါ၏။

"အဲဒါကျတော့ ပြောရခက်တယ် ဘဘ၊ စိမ်းကိုမေးရင်တော့ ကိုအောင်အောင်ဟာ စိတ်နေသဘောထား သိပ်ကောင်းပါတယ်လို့ ဖြေမှာပဲ၊ အဲဒီလိုဖြေတာဟာ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရာ ရောက်သွားမလားလို့၊ လူဟာ ပေါင်းကြည့်မှ အကြောင်းသိဆိုတဲ့ စကားလို ဘဘကိုယ်တိုင် သူ့ကိုတွေ့ပြီး အကဲခတ်ကြည့် ပေါင်းကြည့်မှ သူ့စိတ်နေသဘောထား ဘယ်လိုဆိုတာ ဘဘဘာသာဆုံးဖြတ်နိုင်မလားလို့"

"အား ... မှန်တယ်၊ သမီးပြောတာ မှန်တယ်၊ ဘဘအနေနဲ့ သူ့ကို အကြာကြီး ပေါင်းကြည့်ဖို့ မလိုတောင် နာရီဝက် တစ်နာရီလောက် မျက်နှာချင်းဆိုင် စကားပြောရရင် သူဟာ ဘယ်လိုလူ၊ ဘယ်လို စိတ်သဘောထားရှိတယ်ဆိုတာ ယောက်ျားအချင်းချင်း အကဲခတ်နိုင်လောက်တယ်၊ ဒီသူငယ်ကို ဘဘ မြင်ဖူး၊ စကားပြောဖူးရရင် ကောင်းမယ်"

"သူကလည်း ပြောပါတယ် ဘဘ၊ သမီးတို့အိမ်ကိုလာပြီး မိဘားဖသားပီပီ သမီးနဲ့ တွေ့ချင်တယ်တဲ့၊ ကွယ်ရာမှာ တွေ့ကြတယ်ဆိုတာ လူကြီးတွေကို စော်ကားရာလည်း ရောက်တယ်၊ စိမ်းမှာရော၊ သူ့မှာရော သိက္ခာလည်းကျစေတယ်တဲ့ ဘဘဆွေ"

"အေးပေါ့ သမီး၊ သူပြောတာ မှန်သားပဲ"

"စိမ်းက သူ့ကို အိမ်လာပါလို့မခေါ်ရဲဘူး ဘဘ၊ အိမ်ခေါ်ရင် ပထမအချက်က ကိုကိုဟန်ဝင်းက မချေမငံတွေ ပြောမှာ လုပ်မှာ စိုးရိမ်တယ်၊ နောက်တစ်ချက်က ဘဘကို စိမ်း ဖွင့်မပြောရသေးတော့ ဖွင့်ပြောရင် ကောင်းမလားလို့ ချိန်နေတာနဲ့ ခေါ်မလာသေးတာပဲ"

ဦးမင်းဆွေက စိမ်းပြောသမျှသည် ယထာဘူတကျသည်၊ သဘာဝကျသည်ဟု နားလည်ပြီး ဦးခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆို သောကြာနေ့ ညဥ့်ဦးပိုင်းမှာ သမီးချစ်သူကို အိမ်အလည်လာဖို့ ဖိတ်လိုက်၊ သောကြာနေ့မှာ သားဟန်ဝင်းက မန္တလေးသွားမှာ"

"ဟုတ်ကဲ့ ဘဘဆွေ"

"ကဲ ... သမီး သွားအိပ်တော့၊ ညဥ့်နက်သွားပြီ"

"ကိုကိုဟန်ဝင်းလည်း မလာသေးဘူး၊ ဘဘဆွေ တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ရတယ် ... ရတယ်၊ သား ဟန်ဝင်း ပြန်လာတော့မှာပါ၊ သူ ပြန်လာရင် မန္တလေးက အလုပ်ကိစ္စတွေ ဆက်ဆွေးနွေးဦးမှာမို့ ဗိုပြီးညဥ့်နက်မယ်။ သမီး သွားအိပ်တော့၊ မိန်းကလေးဟာ အိပ်ရေးပျက်ရင် အလှလည်း ပျက်တတ်တယ်"

စိမ်းသည် ထုံးစံအတိုင်း ညစဉ် ဘဘဆွေအား ကန်တော့ပြီးမှ အိပ်ရာဝင်သည့်အတိုင်း ဘဘဆွေအား ကန်တော့လိုက်ပေတော့သည်။

❖ ✧ ❖



# ( ၁၄ )

ကိုလှိုင်ဘွားသည် သွက်လွန်းပါ၏။

ဗုဒ္ဓဟူးနေ့ ညနေပိုင်း တင်းနစ်ကွင်းတွင် စိမ်းက အောင်အောင်အား သောကြာနေ့ ညဥ့်ဦးပိုင်း သူမ၏အိမ်သို့လာလည်ပြီး ဘဘဆွေနှင့်တွေ့ရန် ဖိတ်ကြားလိုက်ပြီဖြစ်ကြောင်း ကိုလှိုင်ဘွားအား ပြောကြားလိုက်သည်နှင့် ကိုလှိုင်ဘွားသည် ကြာသပတေးနေ့တွင် လူတွေ အဆင်သင့်၊ ပစ္စည်းတွေအဆင်သင့် စီစဉ်လိုက်တော့သည်။

ကြာသပတေး ညဥ့်ဦးပိုင်းတွင် ကိုလှိုင်ဘွားသည် ဆလွန်းကားတစ်စီးဖြင့် အောင်အောင်အား လာခေါ်သွားသည်။

ကိုလှိုင်ဘွားနှင့်အတူ လူနှစ်ယောက် ပါလာသည်။ တစ်ယောက်သည် ကိုလှိုင်ဘွား၏တပည့်ရင်း လူယုံတော် အင်္ဂလိုကပြား မစ္စတာချာလီ ဖြစ်ပါ၏။

"ဟောဒါ စိန်လက်ဝါးပဲ အောင်အောင်၊ ဖောက်ထွင်းတဲ့နေရာမှာတော့ ရန်ကုန်မြို့မှာ မပြောနဲ့၊ မြန်မာတစ်ပြည်လုံးမှာ အတော်ဆုံး ပုဂ္ဂိုလ်ကြီးပဲ၊ ငါနဲ့ သူ ဒီလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



စလုပ်တော့မယ်လို့ စီစဉ်ကတည်းက အားလုံး တိုင်ပင်
ညှိနှိုင်းထားပြီးသားပဲ”

ဟု ပြောရင်း မိတ်ဆက်ပေးသည်။

စိန်လက်ဝါးသည် အသက်လေးဆယ်ခန့်ရှိမည်။ အသားညိုပြီး ကြံ့ခိုင်သော ကိုယ်လုံးရှိသည်။ စကားနည်းသည်။ ပြောစရာရှိမှ ပြောသည်။ စိန်လက်ဝါး၏ မျက်လုံးများသည် ဆင်မျက်လုံးလို သေးပြီးမှေးသော်လည်း ဘာကိုကြည့်ကြည့် စူးစူးရှရှ ကြည့်တတ်သည်။ စကားမပြောဘဲ ငုတ်တုတ်ထိုင်နေလျှင် ကျဉ်းပြီးမှေးနေသော သူ့မျက်လုံးကြောင့် ထိုင်လျက်သား အိပ်နေသည်ဟု ထင်ရသည်။

ချာလီနှင့် စိန်လက်ဝါးက ရှေ့မှထိုင်ပြီး ချာလီက ကားမောင်းသည်။ ကိုလှိုင်ဘွားနှင့် အောင်အောင်က နောက်မှထိုင်သည်။

ကြို့ကုန်းဘက်သို့မောင်းပြီး လက်ဝဲဘက်မြေနီလမ်း တစ်လမ်းကို အဆုံးအထိ မောင်းလာရာ ပျဉ်ထောင်ပျဉ်ခင်း၊ ပျဉ်ကာသွပ်မိုး အိမ်မည်းမည်းကြီး တစ်ခုသို့ ရောက်လာသည်။ နေထိုင်သူမရှိဘဲ သော့ခတ်ထားသည်။

ထိုအိမ်တံခါးသော့ကို ချာလီက ဆင်းဖွင့်သည်။ ကားပေါ်တွင် အသင့်ယူဆောင်လာသော ဓာတ်ခဲခြောက်လုံးဖြင့် သုံးသည့် တစ်ပေမီးချောင်း လက်ဆွဲမီးအိမ်နီနီကိုဆွဲကာ အိမ်ကြီး ထဲ၏စားပွဲတွင် လေးယောက်သား ဝိုင်းထိုင်ပြီး သောကြာနေ့ည ဦးမင်းဆွေ၏အိမ်မှ ငွေတိုက်(VAULT)ကို ဖောက်ထွင်းရေးကိစ္စ တိုင်ပင်ကြသည်။



မီးချောင်း မှန်အိမ် အလင်းရောင်တွင် ကိုလှိုင်ဘွားက အသင့်ရေးဆွဲထားပြီးသော မြေပုံတစ်ခုကို ချခင်းပြလိုက်လေသည်။

“အဲဒါ ဦးမင်းဆွေရဲ့တိုက်အိမ်ကြီးရဲ့ အခန်းဖွဲ့စည်းထားတဲ့ မြေပုံကြမ်းပဲ၊ အပေါ်ထပ်ကတော့ တို့လုပ်ငန်းနဲ့ဘာမှ မဆိုင်ဘူး၊ အောက်ထပ်မှာ ဦးမင်းဆွေရဲ့ငွေတိုက်ရှိတယ်၊ တော်ရုံတန်ရုံ ဆောက်ထားတာ မဟုတ်ဘူး၊ ထုကြီးထည်ကြီးနဲ့ ဆောက်ထားတဲ့ ငွေတိုက်လို့ ငါ့ဆရာကြီးကပြောလိုက်တယ်”

“လာပြန်ပြီ ငါ့ဆရာကြီး”ဟု အောင်အောင်က စိတ်ထဲမှ ပြန်ရွတ်လိုက်မိသည်။ သို့သော် ဘာမှမပြောဘဲ ကိုလှိုင်ဘွား ဆက်ပြောသည်ကို နားထောင်မြဲ နားထောင်နေလိုက်သည်။

“ရှေ့က ဘီလပ်သံဆွဲတံခါးကြီးကို ဖွင့်လိုက်တာနဲ့ ဒီပြင်အိမ်တွေလို ဧည့်ခန်းကို တန်းခနဲ ရောက်မသွားဘူးကွ၊ တံခါးဖွင့်ဖွင့်ချင်း အနံ့ခြောက်ပေရှိတဲ့ ကော်ရစ်ဒါကိုရောက်သွားမယ်၊ ကော်ရစ်ဒါကတစ်ဆင့် အနောက်ဘက် ပေသုံးဆယ်လောက် လျှောက်သွားမှ ဧည့်ခန်းတံခါးဆီ ရောက်သွားမယ်၊ ကော်ရစ်ဒါတစ်လျှောက် ဘေးဧည့်ခန်းမှာ မှန်ချပ်ကြီးတွေ တပ်ဆင်ထားတယ်၊ ဒါပေမဲ့ တို့အနေနဲ့ ဧည့်ခန်းကို ထည့်စဉ်းစားစရာ မလိုဘူး၊ သံဘာဂျာတံခါးဖွင့်တာနဲ့ ကော်ရစ်ဒါကနေ ဧည့်ခန်းနဲ့ ဆန့်ကျင်ဘက် ပေနှစ်ဆယ်လောက် အရှေ့ဘက်ကို ဆက်လျှောက်သွားရင် ဦးမင်းဆွေရဲ့သီးသန့်အလုပ်ခန်းနဲ့ စာကြည့်ခန်းကို ရောက်သွားမယ်၊ အဲဒီ သီးသန့်စာကြည့်ခန်းနဲ့ ကပ်လျက်

www.burmeseclassic.com



သားကမှ ငွေတိုက်ကြီးပဲ၊ အင်္ဂလိပ်လိုတော့ VAULT လို့ ခေါ်တယ်၊ VAULT ဆိုတာ ငွေနဲ့အဖိုးတန်ပစ္စည်းတွေ ထားသိုဖို့ စပါယ်ရှယ်သီးသန့်ဆောင်ထားတာကို ခေါ်တယ်၊ ဦးမင်းဆွေရဲ့ ငွေတိုက်ဟာလည်း ထုထည်သိပ်ခိုင်ခန့်ကြီးမားတယ်လို့ ဆရာကြီးက ပြောတယ်၊ လွယ်လွယ်နဲ့တော့ ဖောက်ဖို့မလွယ်ဘူး၊ ဒါကြောင့် စိန်လက်ဝါးကို အထူး စပါယ်ရှယ် ငွေဆယ်သိန်း ပေးငှားတာပဲ၊ စိန်လက်ဝါးပေါ်မှာ မူတည်တယ်"

စိန်လက်ဝါးက ကိုလှိုင်ဘွားအား လက်တစ်ဖက်ဖြင့် နှင်ပြ ခါပြလိုက်သည်။ အမိပ္ပာယ်မှာ ခက်ခဲတာတွေ၊ မလွယ်တာတွေ၊ ထုထည်ကြီးမားခိုင်ခန့်တာတွေ သောချိတ်ထားစမ်းပါဟု အဓိပ္ပာယ်သက်ရောက်ပေသည်။

"အဲဒီလို ခက်တာတွေ ထည့်မပြောနဲ့ ကိုလှိုင်ဘွား၊ ကျုပ်ကိုင်တဲ့ လွန်ပူယာ ကျုပ်ကိုယ်တိုင် တီထွင်ပြီး အကောင်းဆုံး သံမဏိသားနဲ့ လုပ်ထားတာ၊ လျှပ်စစ်အားရှိတဲ့ အိမ်ကိုဖောက်ရင် ပလပ်ထိုးလိုက်ရုံပဲ၊ အဲ ... လျှပ်စစ်အားမရှိတဲ့ အိမ်ဆိုလည်း ကျုပ်ဟာကျုပ် လက်လှည့်ပြီးဖောက်နိုင်တယ်၊ လက်လှည့်ဖောက်တာကတော့ အချိန်ကြာတယ်ပေါ့ဗျာ၊ ဒါမှမရသေးရင် ကျုပ်ဟာကျုပ် ယမ်းဘီးလူးအားစပ်ပြီး ဘီယာဘူး၊ နို့ဆီဘူးနဲ့ ထွင်ထားတဲ့ ပေါက်ကွဲဘူးတစ်မျိုး ရှိသေးတယ်"

"ဟာ ... ပေါက်ကွဲဘူးကတော့ သုံးလို့မဖြစ်ဘူး၊ အသံမြည်တယ်၊ ဘေးပတ်ဝန်းကျင်က ပေါက်ကွဲသံကြားလို့ မဖြစ်ဘူး"



"အို ... ကျုပ်ဟာကျုပ် တီထွင်လုပ်ထားတာလို့ ပြောထားသားပဲ၊ အသံမြည်တော့ မြည်တာပေါ့၊ ဒါပေမဲ့ သိပ်အပြင်းအထန်ကြီး မဟုတ်ဘူး၊ အုတ်တိုက်မှာ လူဝင်ပေါက်တစ်ပေါက်လောက်ရရုံ ပြိုကွဲစေတာပဲ ရှိတယ်၊ အိုဗျာ ... ဖောက်ထွင်းတဲ့ ကိစ္စကတော့ ကျုပ်တာဝန်ပဲ ထားလိုက်၊ ကျုပ်နာမည်တစ်လုံးနဲ့ ဒီအလုပ် လုပ်စားနေတာ၊ ဒါကြောင့် ဒီအလုပ်ကို ငွေဆယ်သိန်းနဲ့ ရဲရဲကြီး လက်ခံတာပေါ့။ မအောင်မြင်ရင် တစ်ပြားမှမယူဘူးဗျာ"

ကိုလှိုင်ဘွားက ရဲရဲကြီး အာမခံနေသော စိန်လက်ဝါးကို ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်သည်။ ပြီး သူ့ကိုယ်သူ ဆရာကြီးပုံစံဖမ်းကာ ဆက်ပြောသည်။

"ကျုပ် နောက်ထပ်တိုးလာတဲ့ အစီအစဉ်ကို ထပ်ပြောစရာရှိနေတယ်၊ ပထမ ကျုပ် ပြောထားတာက ဖောက်ထွင်းတဲ့နေ့မှာ ကားမောင်းတာဝန်အရ သုံးသိန်းပေးမယ်၊ ကိုစိန်လက်ဝါးက ဖောက်ထွင်းပေးခ ဆယ်သိန်းပေးမယ်၊ အောင်အောင်က ဆယ့်လေးငါးသိန်းလို့ ပြောထားခဲ့တယ်၊ ဒါပေမဲ့ အောင်အောင်အတွက် အလုပ်သစ်တစ်ခု ထပ်လုပ်ပေးရမယ်၊ အဲဒီအလုပ်သစ်အတွက်ပါ စုစုပေါင်း သိန်းနှစ်ဆယ်ပေးမယ်"

"ဆိုပါဘူး၊ ငါးသိန်းကြီးတောင် တိုးပေးတဲ့ ခင်ဗျားရဲ့ အလုပ်သစ်ဆိုတာက"

"အေး ... အလုပ်သစ်က စိမ်းကိုရော၊ ဦးမင်းဆွေကိုရော ငါတို့ ကားရောက်မလာခင် မင်းက အသေသတ်ပေးထားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... ဘာဗျ"

"ငါပြောတာ ရှင်းပါတယ်နော်၊ သူတို့ တူဝရီးကို ငါတို့ မရောက်ခင် မင်းက သတ်ပေးထားရမယ်"

"ခင်ဗျား ရူးနေသလား ကိုလှိုင်ဘွား၊ ကျုပ်က ဘာကိစ္စ စိမ်းကို သတ်ရမှာလဲ၊ သတ်ဖို့နေနေသာသာ ထိခိုက်နာကျင် သွားအောင်တောင် ကျုပ် မလုပ်ရက်နိုင်ဘူး"

"မင်း သတ်ပေးရမယ် အောင်အောင်"

"မသတ်ဘူး၊ လုံးဝမသတ်ဘူး၊ ကျုပ်ဟာ အခု ခင်ဗျားနဲ့ ပေါင်းမိမှ ဒီအလုပ်ကို လုပ်မိတာ၊ ကျုပ်တစ်သက်လုံး ရိုးရိုးသားသား သဘောလိုက်လာတဲ့ကောင်။ အခု တစ်ခါ လူဆိုးလူညစ်ဘဝတင် မကဘူး၊ လူသတ်သမားဘဝရောက် အောင် ခင်ဗျား ပြောနေတယ်၊ ကျုပ် လူသတ်သမားမဟုတ် ဘူး ကိုလှိုင်ဘွား"

"မင်း မှားနေပြီ အောင်အောင်၊ မင်း လူသတ်ခဲ့ဖူးပြီပဲ၊ ဒုရဲအုပ်ဦးကောင်းခံကို မင်း ကားနဲ့တိုက်သတ်ခဲ့ဖူးပြီလေ"

"ဒါကို မှတော်တဆပဲ၊ နောက်ပြီး ကျုပ်ဘာလုပ်ရမှန်းမသိ ဇဝေဇဝါ ဖြစ်နေချိန်မှာ နောက်ကနေပြီး ခင်ဗျားတိုက် တွန်းလုံ့ဆော်တာကို နားယောင်ပြီး ဦးကောင်းခံကို မတော် တဆ တိုက်မိတာ၊ ကိစ္စမရှိဘူး၊ ဦးကောင်းခံအမှု ခင်ဗျား ဖော်ချင်ဖော်လိုက်၊ ကျုပ် စိမ်းတို့တူဝရီးကိုတော့ မသတ် ဘူး၊ မသကာ ဦးကောင်းခံ အမှုအတွက် ကျုပ် ထောင်သုံး လေးငါးနှစ် ကျရုံပဲပေါ့၊ ကဲဗျာ ... ကျုပ် ခင်ဗျားနဲ့ ဘာ အလုပ်မှ ဆက်မလုပ်တော့ဘူး၊ ခင်ဗျား ဦးကောင်းခံကို ကျုပ်ကားနဲ့ တိုက်မိတာ ဖော်ချင်ဖော်တော့"



"မင်း စဉ်းစား အောင်အောင်၊ မင်း ဦးကောင်းခံကို ကား နဲ့တိုက်တာ မတော်တဆပါလို့ ရုံးတော်မှာ ထုချေဦးတော့ ကေသီလွင်ကို မင်း အသေကားနဲ့တိုက်သတ်တာကျတော့ ဘယ့်နှယ်လုပ်မလဲ"

"ဘာ ... ဘာ၊ ကေသီလွင်ကို ဟုတ်လား၊ ကျုပ်က ကေသီလွင်ကို ကားနဲ့တိုက်သတ်တယ် ဟုတ်လား၊ ခင်ဗျား အရူးပဲ၊ အရူးစကားတွေ ပြောနေတယ်"

ကိုလှိုင်ဘွားက ဣန္ဒြေမပျက်ပြုံးပြီး ချာလီ့ကိုလှမ်း ပြောလိုက်သည်။

"ချာလီရေ ... အောင်အောင်က ကေသီလွင်ကို ကားနဲ့တိုက် သတ်လိုက်တာ အထောက်အထားသက်သေ သူ့ကိုပြလိုက် ပါကွာ"

မစ္စတာချာလီက သူ့ကုတ်အင်္ကျီအတွင်းအိတ်ကပ် ထဲ လက်နှိုက်ကာ ပြန်အထုတ်တွင် ပို့စကတ်အရွယ် ဓာတ်ပုံ တစ်ပုံ ပါလာသည်။ ဓာတ်ပုံကိုကိုင်ကာ အောင်အောင့်ရှိရာ လျှောက်လာပြီး ဓာတ်ပုံကို အောင်အောင်အား ပေးလိုက်သည်။

အောင်အောင် ဓာတ်ပုံကို ယူကြည့်ပါ၏။

"ဗုဒ္ဓေါ ... မြတ်စွာဘုရား၊ လောကကြီးတွင် ကိုလှိုင်ဘွားလောက် စုတ်ပဲ့ညစ်ပတ်သူများ တခြားမှာ ရှိနိုင်ဦးမှာ တဲ့လား"ဟု အောင်အောင် ဘုရားတယူရပါ၏။

ဓာတ်ပုံမှာ လမ်းပေါ်တွင် ကေသီလွင်သည် ခွေတိ ခွေခေါက်ဖြင့် လဲကျသေဆုံးနေသည်။ သွေးများပေကျံနေသည်။ သူမနှင့် မလှမ်းမကမ်းတွင် ယာဉ်အမှတ် ကောင်းကောင်းပေါ်နေ သော ကားတစ်စီး၏ ဖင်ပိုင်းကို ထင်ရှားစွာ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကားနံပါတ်သည် အောင်အောင်၏ကားနံပါတ်၊ ယင်းကားအဖြူသည် အောင်အောင်၏ အက်စ်အီးကား အဖြူဖြစ်ပါ၏။

ကေသီလွင်ကို အသေတိုက်ပြီးနောက် ကေသီလွင် လဲကျသေဆုံးသည်ကိုရော၊ မော်တော်ကား၏ ဖင်ပိုင်းကိုရော ဖလက်(ရှ်)ကင်မရာဖြင့် မိအောင်ရိုက်ထားသောဓာတ်ပုံ ဖြစ်တော့သည်။

အောင်အောင်သည် အသားဆတ်ဆတ်တုန်လာသော ဒေါသဖြင့် ဓာတ်ပုံကို ချာလီ၏မျက်နှာသို့ ပစ်ပေါက်လိုက်သည်။ မျက်နှာကို ထိမှန်ပြီး ကြမ်းပေါ်သို့ ကျသွားသည့် ဓာတ်ပုံကို ချာလီက ဖြည်းလေးစွာ ကောက်ယူပြီး သူ့အင်္ကျီအတွင်းအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

"ခင်ဗျား ခွေး ... ခွေးထက် ယုတ်မာတဲ့ကောင်"

အောင်အောင်သည် လှိုင်ဘွားအား လက်ညှိုးထိုး ပြောရင်း အမှတ်မထင် လှစ်ခနဲ လွှားခနဲ ခုန်အုပ်လိုက်သည်။

လှိုင်ဘွားမှာ သူ့ခါးကြားမှ သေနတ်မထုတ်မိနိုင်မှာပင် အောင်အောင်၏ ချုပ်ကိုင်မှုကို မလှုပ်သာအောင် ခံရတော့သည်။

အောင်အောင်က လှိုင်ဘွားကို ချုပ်ကိုင်ရင်း နံရံဆီသို့ တွန်းသွားသည်။

"ခင်ဗျားကို ကျုပ် သတ်မယ်"ဟု အာဂလောင်သံကြီးနှင့်ပြောရင်း လှိုင်ဘွား တစ်ကိုယ်လုံးကို နံရံနှင့်ကျောကပ်ပြီး သုံးလေးချက် ကိုင်ဆောင့်တော့သည်။



ဖောက်ထွင်းဝိဇ္ဇာ စိန်လက်ဝါးသည် ဤကိစ္စသည် မိမိနှင့် လားလားမျှမဆိုင်၊ သူတို့ကိစ္စ သူတို့ဘာသာရှင်း ပုံစံဖြင့် မျက်လုံးမှေးထားလိုက်သည်။

ဗရုတ်ဗရက်ထဲတွင် စိန်လက်ဝါးက တစ်မှေးငိုက်မျဉ်းနေသလားပင် မပြောတတ်။

လှိုင်ဘွား၏တပည့်ရင်း ချာလီသည် သူ့ဆရာခံနေရသည်ကို မကြည့်နိုင်ဘဲ အိတ်ထဲမှ မောင်းပြန်အော်တိုမက်တစ်ဓားကို ဖြောက်ခနဲဖွင့်ကာ အောင်အောင်တို့ရှိရာ ခြေလှမ်းလိုက်သည်နှင့် ချာလီ၏ဓားကိုင်လက်ကို စိန်လက်ဝါးက ပြွတ်တူနှင့်ညှပ်သည့်အလား ဆုပ်ကိုင်ပြီး ခါချသည်။

ချာလီမှာ သူ့လက်ကောက်ဝတ်ကို စိန်လက်ဝါးဆုပ်ကိုင်ညှစ်သည်မှာ နာလွန်းသဖြင့် ဓား လွတ်ကျသွားသည်။

"သူ့မှာ ဘာလက်နက်မှ မပါဘူး ချာလီ၊ လက်ချည်းသက်သက် သတ်ပုတ်နေတာ၊ မင်းက ဓားနဲ့ဝင်ထိုးရင် ဘယ်မှာ ဒီပွဲကြည့်ကောင်းမလဲ၊ အေး ... မင်းဆရာကိုဝင်ကူချင်ရင် မင်းလည်း လက်ချည်းသက်သက် ဝင်ကူလေကွာ"

ချာလီသည် စိန်လက်ဝါးအား ဘာမျှပြန်မပြောတော့ဘဲ ရှေ့သို့တိုးသွားကာ အောင်အောင်၏ နောက်ကျော ချိုင်းအောက်သို့ သူ့လက်နှစ်ဖက်လျှိုပြီး အောင်အောင်အား သူ့အင်အားနှင့် ဖမ်းချုပ်ပေးသည်။

မှားလေစွ ချာလီ။

အောင်အောင်က လှိုင်ဘွားကို ဆောင့်တွန်းပြီး ချာလီကို လက်နောက်ပြန်ကိုင်ကာ သူ၏ခါးနှင့် အပေါ်ပိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကိုးဆယ်ဒီဂရီ ကုန်းချလိုက်ရာ ချာလီမှာ အောင်အောင်၏ခြေ ပေါ်မှ တစ်ပတ်ကျွမ်းလည်ပြီး ကြမ်းပေါ်တွင် ပက်လက်ကြီးကျ သွားတော့သည်။

ပက်လက်ကျသွားသော ချာလီ၏ရင်ဝသို့ အောင် အောင်က ခြေတစ်ဖက်တင်ပြီး ဖိထားလိုက်စဉ်မှာပင် လူချင်းကွာ သွားပြီဖြစ်သော လှိုင်ဘွားသည် သူ့ခါးကြားမှ ပစ္စတိုကိုထုတ်ကာ မောင်းဆွဲတင်လိုက်ပြီး ...

"ဟေ့ကောင် အောင်အောင်၊ မင်း တစ်ချက်လေး နောက် ထပ်မလှုပ်နဲ့၊ ငါ တကယ်ပစ်မှာနော်"

စိန်လက်ဝါးထံမှ တဟဲဟဲ ရယ်သံထွက်လာပြီး စိန်လက်ဝါးက အောင်အောင်အား လှမ်းပြောလိုက်သည်။

"မောင်အောင်အောင်၊ ခဏနားလိုက်ကွ၊ လက်ရှိအခြေအနေ မှာ ကိုလှိုင်ဘွားက မင်းကို တကယ်ပစ်မယ်ဆို ပစ်နိုင်တယ် ငါက မျက်မြင်သက်သေ ဖြစ်ပေမယ့် ရဲတွေ တရားရုံးတွေ နဲ့ မပတ်သက်ချင်ဘူး။ ငါကိုယ်တိုင်နဲ့ ငါ့အလုပ်ကိုထ ရဲနဲ့မျက်နှာချင်းမဆိုင်သင့်တဲ့ လူကိုးကွ၊ နောက်ပြီး ဒီနေ ရာမှာ သေနတ်သံ ထွက်လာလည်း ဘေးပတ်ဝန်းကျင်က ကြားနိုင်တဲ့လူ မရှိဘူး။ မင်း အရှုံးသက်သက်နဲ့ အသက် ထွက်သွားမယ့် အခြေအနေလေကွာ"

စိန်လက်ဝါး၏စကားကို အောင်အောင် နားဝင်ပေ သည်။ သေနတ်ကိုတော့ မိမိ အန်မတုနိုင်။ သည်လိုနေရာတွင် ငုတ်တုတ် သေသွားရမည်ထက် အသက်ဆက်၍ ရှင်နေလျှင် ဘဏ်ရှိသလောက် ကိုလှိုင်ဘွားကို တုံ့ပြန်နိုင်မည် မဟုတ်လား။



အောင်အောင်က ချာလီ၏ ရင်ဘတ်ကို ဖနောင့်နှင့် ဆောက်မည့် အနေအထားမှ အလျှော့ပေးကာ သူ၏ခြေထောက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ပြီး အောင်အောင်က ကိုလှိုင်ဘွားဘက်သို့ ပြန်လှည့် လိုက်သည်။

"တောက်"

ပြင်းထန်သော တောက်ခတ်သံ အောင်အောင့်ထံမှ ထွက်လာသည်။

"ကေသီလွင်ကိစ္စမှာ ကျုပ်ကို ခင်ဗျားက အကွက်ဆင်လိုက် တာပေါ့ ... ဟုတ်လား ကိုလှိုင်ဘွား"

"အေးလေကွာ၊ မင်းကို ငါ အကွက်ဆင်တာမှ တစ်ကွက် တည်း ဘယ်ဟုတ်မလဲ၊ နှစ်ကွက်တောင်ဆင်ထားတာ၊ ဒါပေမဲ့ မင်းကို ငါ မုန်းလို့မဟုတ်ဘူး အောင်အောင်၊ အသုံးချချင်လို့ အကွက်ဆင်ရတာပါကွာ၊ ငါ့ဆရာကြီးက ပြောတယ်၊ ယောမင်းကြီးလမ်းက ဦးမင်းဆွေ အိမ်ကိုဝင် ဖို့ မလွယ်ဘူးတဲ့၊ ငွေတိုက်ဖောက်ဖို့ဆိုတာလည်း အတွင်း လူမပါဘဲ လုံးဝမရနိုင်ဘူးတဲ့၊ ဒါကြောင့် စိမ်းဆိုတဲ့ကောင် မလေးက ချစ်ကြိုက်နိုင်လောက်တဲ့ လူကိုရှာတဲ့၊ ကောင်မ လေးနဲ့ အဲဒီ သူ့ချစ်သူ အိမ်ထဲမှာ ချိန်းတွေ့စေပြီး အဲဒီ ကောင်မလေးရဲ့ချစ်သူက အတွင်းကနေပြီး တံခါးတွေဖွင့် ပေးရမယ်၊ လိုအပ်ရင် ကောင်မလေးနဲ့ ဦးမင်းဆွေကို အပြီးအပိုင် နှုတ်ပိတ်ပစ်ရမယ်၊ ဒါမှ မင်းအကြံအစည် အောင်မှာလို့ ပြောခဲ့တယ်၊ ဒါကြောင့် ရန်ကုန်တစ်မြို့လုံး

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကြိုက်နိုင်မယ့်လူကို ငါ ရှာခဲ့တာ နှစ်နဲ့ချီ ကြာခဲ့တယ်၊ အေး ... တွေ့မယ့် တွေ့တော့ မင်းကို အင်းလျားလိတ်ဟိုတယ်မှာ တက္ကစီဆွဲနေတာ ငါတွေ့တယ်၊ ငါရှာသမျှ လူတွေထဲမှာ မင်းဟာ မလွဲမသွေ ကောင်မလေး ကြိုက်နှစ်သက်သူ ဖြစ်ရမယ်လို့ တစ်ထစ်ချတွက်ပြီး မင်း ကို ငါ အကွက်တွေဆင်ခဲ့တာပဲ အောင်အောင်"

"ထို"

အောင်အောင်က တံတွေးမပါဘဲ အသံထွက်အောင် ထွေးထုတ်လိုက်သည်။

"ဒါကြောင့် ခင်ဗျားက ယာဉ်ထိန်းရဲအရာရှိ ဦးကောင်းစံ ကို ကျုပ်ကားနဲ့ တိုက်မိအောင် ပထမ အကွက်ဆင်ခဲ့တာ ပေါ့ ဟုတ်လား"

"အဲ ... အဲ ... အဲဒါကျတော့ မဟုတ်ဘူး အောင်အောင်၊ ဦးကောင်းစံနဲ့ ပတ်သက်တဲ့ကိစ္စက ငါ တမင်တကာဆင် တဲ့အကွက် မဟုတ်ဘဲ သူ့အလိုအလျောက် ဝင်သွားတဲ့ အကွက်ကွ၊ အဲဒီနေ့က ငါဆင်ထားတဲ့ အကွက်က မီးပွိုင့် ကိုကျော်ပြီး ဟာမစ်တစ်ကုန်းအဆင်းမှာ ငါ့တပည့်တစ် ယောက်က စောင့်နေတယ်၊ ငါ့တပည့်နဲ့အတူ မှန့်ကျွေးပြီး ချော့ခေါ်ထားတဲ့ ဘယ်ကမှန်းမသိတဲ့ ကလေးငယ်တစ် ယောက်တော့ ရှိနေမှာပေါ့ကွာ၊ အေး ... မင်း တက္ကစီကား မောင်းလာတာနဲ့ ငါ့တပည့်က အဲဒီကလေးကို ကားရှေ့ တွန်းပို့လိုက်ပြီး ကလေးသေအောင် မင်းကားက တိုက်မိ စေရမယ်ဆိုတဲ့အကွက် ဆင်ထားတာပါ"



"ခင်ဗျား ယုတ်မာတာတွေ မဆုံးတော့ပါလား ကိုလှိုင်ဘွား"

"ငါ ဉာဏ်ကောင်းတာတွေ မဆုံးတော့ပါလားလို့ မင်းက ငါ့ကို ချီးမွမ်းသင့်ပါတယ် အောင်အောင်၊ မီးပွိုင့်က ရဲကို တိုက်သတ်ဖို့ ဘယ်မှာအကွက်ဆင်လို့ လွယ်မလဲကွာ၊ ကိုယ်ရောက်တဲ့အချိန် မီးက စိမ်းချင် စိမ်းနေမှာ၊ မီးစိမ်း တုန်း ဖြတ်သွားတာကို ဘယ်ယာဉ်ထိန်းရဲက အလကား တားပါ့မလဲ၊ ဒါပေမဲ့ ဒီနေရာမှာ ငါ့ရဲ့ တခ်နုပ္ပတ္တိဉာဏ် လို့ ဆိုရမှာပေါ့ကွာ၊ ရုတ်တရက် ဖြတ်ထိုးဉာဏ်ကောင်း တာလေ၊ မီးပွိုင့်မှာ မီးနီတော့မယ်ဆိုတဲ့ တင်ကြိုအချက်ပြ မီးဝါကို ငါလှမ်းမြင်တာနဲ့ မီးနီကို အဘင်းဖြတ်မောင်းရင် ကောင်းမှာပဲလို့ ငါ ရုတ်တရက် ဉာဏ်ဆင်ရတယ်၊ မင်း အနေနဲ့ ဥပဒေဖောက်ဖျက်ဖို့ အစိက မဟုတ်လား ...

"ဒါကြောင့် ငါက ငွေတွေပိုပေးမယ်၊ မောင်း ... မောင်းလို့ ပြောတာ၊ အေး ... ပိုပြီး အဆင်ပြေချင်ရင် တော့ မင်း မီးနီကိုဖြတ်ဖြတ်တော့မယ် ဆိုတာကို ကား အရှိန်နှုန်းတွက်ပြီး ဦးကောင်းစံက ထွက်တားတယ်လေ၊ ဒီတော့ မင်း ဦးကောင်းစံကို တိုက်မိတော့တာပေါ့၊ အဲဒါ ငါ့အတွက် ပိုကောင်းသွားတယ်၊ ဘာမဟုတ်တဲ့ ကလေး ငယ်တစ်ယောက်ကို တိုက်မိသေသွားတာနဲ့စာရင် တာဝန် ကျယာဉ်ထိန်းရဲအရာရှိကို မင်း အသေတိုက်လိုက်တာဟာ ဥပဒေအရ ပိုပြီးအပြစ်ကြီးသွားတယ် မဟုတ်လား အောင် အောင်"

"တော်တော့ဗျာ၊ ခင်ဗျားစုတ်ပဲ့ ယုတ်မာတာတွေ ဆက်မ ပြောနဲ့တော့၊ ခင်ဗျားဟာ လောကကြီးမှာ အယုတ်မာဆုံး နဲ့ အရက်စက်ဆုံးလူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြီးတောင် ငါ့ကို မစွပ်စွဲပါနဲ့ကွာ၊ မင်းပြော သလောက် ငါ မရက်စက်ပါဘူး၊ မင်း ဦးကောင်းဇံကို တိုက်သတ်ခဲ့ပြီးတဲ့နောက် ဟားမစ်တစ် ကုန်းအဆင်းမှာ ငါက ငါ့တပည့်ဆီ လက်နှိပ်ဓာတ်မီး အနီရောင်နဲ့ အချက် လှမ်းပြခဲ့တယ်၊ ကလေးကို ကားရှေ့မတွန်းနဲ့တော့လို့လေ၊ ဒါဆို အပြစ်မဲ့တဲ့ ကလေးတစ်ယောက်ကို ငါ ကယ်တင် ရာမရောက်ဘူးလား၊ ကဲ ... ငါ မရက်စက် မဟုတ်မာဘူး ဆိုတာ မပေါ်လွင်ဘူးလား အောင်အောင်"

အောင်အောင်က နေရာရွှေ့ရန် ခြေလှမ်းလိုက်သည် နှင့် ကိုလှိုင်ဘွားက သေနတ်ကို မတ်ခနဲ အောင်အောင်အား ချိန် လိုက်သည်။

"ပြန်ထိုင်ပါ အောင်အောင်၊ မင်း သဘောပေါက်တဲ့အထိ ငါ ဆွေးနွေးပါ့မယ်၊ တင်းနေတဲ့ မင်းစိတ်တွေကို ခဏလေး လျှော့ထားလိုက်ကွာ"

"ခဏ ထိုင်လိုက်ပါကွာ"

စိန်လက်ဝါးက ဝင်ပြောသည့်ကြောင့် တစ်ကြောင်း၊ သေနတ်ဖြင့် အချိန်ခံထားရသည့်တစ်ကြောင်းကြောင့် အောင် အောင် ထိုင်လိုက်သည်။

"မင်း ငါပြောသလိုလုပ်ပါ အောင်အောင်၊ နို့မို့ရင် မင်း မှာ အမှုနှစ်မှုနဲ့ ပတ်သက်မယ်၊ အမှုနှစ်ခုစလုံးဟာ အမှု ကြီးတွေချည်းပဲ၊ ထောင်ဆယ်နှစ်မက ကျနိုင်တယ်၊ ကေသီ လွင်ရဲ့ဓာတ်ပုံကို ငါက သက်ဆိုင်ရာကို ပေးလိုက်ရင် မင်းအတွက် မလွယ်ဘူး"



"ခင်ဗျားဆင်တိုင်း ဝင်မလာဘူး ကိုလှိုင်ဘွား၊ ကျုပ်က တရားရုံးမှာ ပြန်ပြီး တင်ပြထုချေနိုင်တာတွေ ရှိတာပဲ"

"ဆိုပါဦး၊ ဘယ်လို တင်ပြထုချေမလဲ"

"ဦးကောင်းဇံကို ကားဘရိတ်ပေါက်ပြီး မထိန်းသိမ်းနိုင်လို့ မီးပွိုင့်နီကို ဖြတ်ရပါတယ်၊ ဦးကောင်းဇံကို တိုက်မိတယ် ပေါ့ဗျာ"

"တရားရုံးက လွယ်လွယ်နဲ့ ဘယ်လက်ခံမလဲ၊ အဲဒီတုန်း က မင်းက တစ်နည်းနည်းနဲ့ ကားရပ်ပေးရင် ဖြစ်ဖြစ်၊ သက်ဆိုင်ရာ နယ်မြေရဲမှာ ရိုးရိုးသားသား တိုက်မိတာပါ လို့ သွားအဖမ်းခံရင်ဖြစ်ဖြစ် ဒါဆိုရင်တော့ အမှုပေါ့နိုင် တယ်၊ အခုဟာက ခွတ်မောင်းပြေးခဲ့တာပဲ၊ ဘယ်လွယ် မလဲကွာ၊ အေး ... ကေသီလွင် အမှုက ရှိလာဦးမယ်၊ ကေသီလွင့် အမှုကျတော့ မင်း ဘယ်လိုထုချေမလဲ၊ ည ဘက်ကြီး ဒီလောက် လူရှင်းလမ်းကျယ်တဲ့နေရာမှာ ဘရိတ် ပေါက် တိုက်မိပါတယ်လို့ တရားရုံးမှာ ထပ်တင်ပြလို့ရ မလား၊ ငါက တစ်ဖက်လှည့်နဲ့ မင်းဟာ ကေသီလွင် ငွေ ညှစ်ခံနေရတာကို မခံနိုင်လို့ ကေသီလွင်ကို မင်း တိုက် သတ်တာပါလို့ သတင်းပေးနိုင်တယ်၊ မင်းနဲ့စိမ်း မေတ္တာ ရှိနေတာကို ကေသီလွင်က မင်း တက္ကစီကားမောင်းတဲ့လူ လို့ စိမ်းကို မပြောစေချင်ရင် ငွေပေးရမယ်ဆိုလို့ မင်း ကေသီလွင်ကို နှုတ်ပိတ်လိုက်တာလို့ရဲကို ငါက တစ်နည်း နည်းနဲ့ သတင်းပေးမယ်ကွာ"

"အို ... ခင်ဗျား ဘာပြောပြော အဲဒီညက ကျုပ် ကား ဂိုဒေါင်ထဲက လုံးဝမထုတ်တာ ကားဂိုဒေါင်စောင့်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော့မောင် သိတယ်၊ ကျုပ်က ကိုယ်ပိုင်ဂိုဒေါင်နဲ့ကား ထားတာ မဟုတ်ဘူး၊ ဦးကျော့မောင် စောင့်နေတဲ့ အငှား ဂိုဒေါင်မှာ ထားတာဆိုတော့ ဦးကျော့မောင်က အဲဒီညက ကျုပ် လုံးဝ ကားလာပြီး ဂိုဒေါင်ထဲက မထုတ်ဘူးလို့ သတ်သေထွက်ဆိုပေးရင် ပြီးတာပဲ"

"ကျွတ် ... ကျွတ် ... ကျွတ်၊ မင်းကို ငါ သနားတယ် အောင်အောင်၊ ငါလေ မင်းက ငါ့ကို ရက်စက်တဲ့လူလို့ ဘယ်လောက်ပဲ ပြောပြော ငါက လူတွေကို သနားတတ် ပါတယ်ကွ၊ မင်းရဲ့ကားဂိုဒေါင်စောင့်ကြီး ဦးကျော့မောင် ကိုလည်း ငါ သနားခဲ့ပါတယ်၊ ဒီလူကြီးက မိန်းမကလည်း မကျန်းမာလို့ ဆေးကုနေရတယ်၊ ကလေးတွေရဲ့ကျောင်း စရိတ်ကလည်း ကြီးရှာတယ်၊ ဒါကြောင့် နေ့ခင်းဘက် ဆိုက်ကားနင်းပြီး ညမှာ ဂိုဒေါင်စောင့်လုပ်ပြီး ပိုက်ဆံရှာ တာတောင် သူ့မှာ မလုံလောက်ရှာဘူးတဲ့ကွာ၊ ညအိပ်ရေး ပျက်တော့ နေ့ပိုင်းမှာ ဆိုက်ကားကောင်းကောင်း ဘယ် နင်းနိုင်ရှာမလဲ၊ အုံနာကြေးကလည်း ပေးရသေးတာကိုး၊ ဒါနဲ့ ငါက သနားလို့ ဦးကျော့မောင်ကို ညစောင့်ဒရဝမ် အလုပ်က ထွက်လိုက်၊ ကိုယ်ပိုင်ဆိုက်ကားနင်းဆိုပြီး ဆိုက်ကားတစ်စီး ဝယ်ထားပေးလိုက်ပါတယ် အောင်အောင်၊ ကဲ ... အကြင်နာတရား မရှိဘူးလားဟင်"

"ဩော် ... ဩော်၊ ခင်ဗျားက ဦးကျော့မောင် ကျွန်တော့် ဘက်က အမှန်အကန် သက်သေမထွက်ဆိုနိုင်အောင် ဆိုက်ကားဝယ်ပေးပြီး နှုတ်ပိတ်ခိုင်းလိုက်တာပေါ့၊ ခင်ဗျား ဟာ ခွေးထက်ယုတ်မာတဲ့လူပဲ"



"ဘယ်ဟုတ်မလဲ၊ ဦးကျော့မောင်က ဂိုဒေါင်စောင့်ဆိုတော့ မင်းရဲ့ကားနဲ့ ကေသီလွင်ကိုတိုက်မှန်း ရဲကသိတာနဲ့ ည ပိုင်းစောင့်ရတဲ့ ဦးကျော့မောင်ကို စစ်မေးတော့မှာပေါ့၊ အဲဒီတော့ ဦးကျော့မောင်ကို ငါက သေသေချာချာမှာထား တယ်၊ အဲဒီနေ့ညပိုင်း ဆယ့်တစ်နာရီလောက်မှာ အောင် အောင် သူ့ကားကို ဂိုဒေါင်က ပြန်ထုတ်ပြီး မောင်းသွား ပါတယ်၊ သူ ပြန်ပြီး ကားဂိုဒေါင်သွင်းတော့ သူ့ကား ရှေ့ပိုင်းဟာ ချွတ်ယွင်းလာတာ တွေ့ပါတယ်လို့ ဦးကျော့ မောင်က ပြောမယ်လေကွာ"

"တောက်"

အောင်အောင်မှာ တောက်ခတ်ရုံကလွဲပြီး ဘာမျှမ တတ်နိုင်ပါတော့လေ။ ကိုလှိုင်ဘွား၏ ဉာဏ်နီဉာဏ်နက်တွေက သူ့ကို နည်းနည်းလေးမှ မလှုပ်နိုင်အောင် တုပ်နှောင်ထားလေပြီ။

"ဝါး ... အား ... အား"

စိန်လက်ဝါးက အာခေါင်သံကြီးနှင့် ပါးစပ်ဖြဲသမ်း ဝေပြီး အညောင်းဆန့်လိုက်သည်။

"ကဲ ... ကိုလှိုင်ဘွား၊ ကျုပ်တော့ ပျင်းပြီဗျာ၊ ကိုယ့်လူ တွေက လုပ်ငန်းလုပ်တာမှ မဟုတ်တာ၊ ဒီမှာလာပြီး စကားရည်လုပြိုင်ပွဲ ကျင်းပနေတာကိုး၊ ကျုပ် ပျင်းသွားပြီ၊ စိတ်မရှည်ချင်တော့ဘူး"

"ဟုတ်တယ်၊ စိန်လက်ဝါးပြောတာ မှန်တယ် ဘော့စ်၊ အဲဒီတော့ ဘော့စ်ကို ကျွန်တော် အချက်နှစ်ချက်တင်ပြ မယ်"

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားဏ်တပည့် အင်္ဂလိုကပြား ချာလီက ဝင်ပြောလာသည်။ မြန်မာစကားဖြင့် ပြောခြင်းတော့မဟုတ်၊ အင်္ဂလိပ်စကားနှင့် သူ၏ဆရာ ကိုလှိုင်ဘွားကို ပြောခြင်းဖြစ်ပေသည်။

"ပြော ချာလီ"

"အောင်အောင်ဟာ သော့စ်ပြောတဲ့အတိုင်း ဦးမင်းဆွေနဲ့ စိမ်းကို သတ်ကိုသတ်ပေးရမယ် ဆရာ၊ ဒါမှ သူဟာ လူသတ်မှုကို တကယ်ကျူးလွန်ပြီး အမြဲတမ်း ဆရာ့ညဲဖခံလူ ဖြစ်သွားမှာ၊ ဟိုနှစ်မှုကတော့ တရားရုံးမှာ သူ့ဘက်က အကျိုးဆောင်ကောင်းရင် သူတောင် လေးငါးခြောက်နှစ် ကျရုံပဲရှိမယ်"

လှိုင်ဘွားက တပည့်ချာလီ စကားကို ထောက်ခံပြီး ခေါင်းညိတ်ပြသည်။ ချာလီက ဆက်ပြောသည်။

"နောက် ဒုတိယအချက်က အောင်အောင်ဟာ အိမ်တံခါးသော့ ဖွင့်ပေးမယ်၊ ဦးမင်းဆွေနဲ့ စိမ်းကို သူက မသတ်ဘူးဆိုတဲ့ အချက်ကို ဆရာ သဘောတူလိုက်ရင် ဖောက်ထွင်းမှု အောင်မြင်လာတောင်မှ အောင်အောင့်ကို စိတ်မချရတော့ဘူး၊ သူက သက်ဆိုင်ရာရဲမှာ ဖော်ကောင်လုပ်ရင် ဖောက်ထွင်းခဲ့သမျှ အကုန်ပြန်မိမှာပဲ၊ နောက်ပြီး ဦးမင်းဆွေနဲ့ စိမ်းကလည်း ကျုပ်တို့အားလုံးရဲ့မျက်နှာတွေကို မှတ်မိသွားမှာပဲ၊ ကျုပ်တို့ မလွတ်နိုင်ဘူး ဆရာ၊ ဒီတော့ ဦးမင်းဆွေနဲ့ စိမ်းကို သူ မသတ်နိုင်ပါဘူးဆိုရင် သူ့ကို ဒီနေရာမှာပဲ ဆရာက ပစ်သတ်လိုက်ပေတော့၊ သူ့ကိုသတ်ပြီးမှ ဖောက်ထွင်းမှုကို နောက်တစ်မျိုးကြံစည်ပါ ဆရာ၊ နို့မို့ရင် သူက ဒီဖောက်ထွင်းမှုကိစ္စ ရဲကိုတိုင်လိုက်ရင် ဆရာ နောက်ထပ်



ကြံစည်ဖို့ မလွယ်တော့ဘူး၊ အဲဒီနှစ်ချက်ကို စဉ်းစားပါ ဆရာ"

ချာလီက အင်္ဂလိပ်စကားနှင့် ပြောသမျှကို အောင်အောင်က အားလုံးနားလည်ပေသည်။

ချာလီ ပြောသမျှကို ကိုလှိုင်ဘွားကလည်း အလွန်ကျေနပ်သဘောကျပုံရနေပေသည်။

ဤနေရာတွင် မိမိကိုပစ်သတ်ဖို့ အချိန်ကာလရော၊ အခြေအနေရော သူတို့ဘက်မှာ ပေးနေသည်။ စိန်လက်ဝါးက မိမိကို လှိုင်ဘွားသတ်ပါသည်ဟု သက်သေထွက်ပေးမည့် လူစားမဟုတ်။ ထို့ပြင် မိမိကိုသတ်ခဲ့ပြီးနောက် တစ်လကိုးသီတင်းအထိ ဤအိမ်နှင့် ဤနေရာကို ရောက်လာသူ ရှိချင်မှရှိမည်။

ထိုရောအခါ မိမိ၏အလောင်းသည် ပျက်စီးယိုယွင်းပြီး တွေ့ရှိကြသည့်တိုင်အောင် ဘယ်သူဘယ်ဝါဟူ၍ သိနိုင်မည်မဟုတ်တော့။ မိမိကို သတ်ပြီးသည်နှင့် သူတို့သည် လက်စဖျောက်၍ မိမိ၏မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ ဝတ်ထားသောအဝတ်အစားမှစပြီး အားလုံးချွတ်ယူသွားလျှင် မိမိအလောင်းတွင် ဘာအထောက်အထားမျှ ရှိတော့မည် မဟုတ်ပါလေ။

"ဒီမယ် အောင်အောင်"

ကိုလှိုင်ဘွားက လေသံပျော့နှင့် ခေါ်သည်ကို အောင်အောင်က ပြန်ကြည့်သည်။

"ချာလီ ပြောတာတွေ မင်း အားလုံးကြားတယ်နော်၊ မင်းက သဘော်လိုက်ပြီး အင်္ဂလိပ်စကား မွတ်နေတဲ့လူပဲ ချာလီ ပြောသမျှ မင်းနားလည်ပြီးသားပါ၊ အဲဒီတော့မင်း ဘယ်လိုဆုံးဖြတ်မလဲ၊ တူဝရီးနှစ်ယောက်ကို သတ်ပေးမ

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒါမှမဟုတ် ဒီနေရာမှာတင် မင်းသေမလား၊ ငါက တော့ ဦးမင်းဆွေနဲ့ စိမ်းကို လုပ်ငန်းသဘောအရ မင်းက သတ်ပြမှ မင်းကို ယုံနိုင်မယ် အောင်အောင်"

အောင်အောင် ရှေ့သို့ လုံးဝမတိုးချင်ပါ။ သို့သော် အောင်အောင် လုံးဝနောက်ဆုတ်၍ မဖြစ်ပါလေတော့။

"ကောင်းပြီ၊ ကျုပ်က စိမ်းနဲ့ ဦးမင်းဆွေကို သတ်ပေးမယ် လို့ ဒီနေရာမှာ ကတိပေးပြီး ဒီကပြန်တာနဲ့ ကျုပ် တခြား ထွက်ပြေးမှာကိုကော ခင်ဗျား ထည့်မတွက်ဘူးလား ကို လှိုင်ဘွား"

လှိုင်ဘွားက ရယ်သည်။

"မင်း ဘယ်ပြေးလို့ လွတ်မလဲ အောင်အောင်၊ ရန်ကုန်မှာ ရော၊ အမြို့မြို့အနယ်နယ်မှာရော ငါ့တပည့်တွေ ငါ့အဆက် အသွယ်တွေ ရှိနေတာပဲ၊ မင်း ထွက်ပြေးတာနဲ့ တစ်နေရာ ရာမှာ မင်း အသတ်ခံရပြီမှတ်၊ ဘာလို့လဲဆိုတော့ မင်း က ငါ့အဆက်အသွယ်နဲ့ ငါ့လူတွေကို မသိဘူး၊ သူတို့က မင်းကိုမြင်တာနဲ့ သိအောင် ငါက မင်းဓာတ်ပုံတွေ ဖြန့် ဝေပေးထားနိုင်တာပဲ၊ ဒါတော့ စိတ်ချ၊ ငါ စိန်ခေါ်တယ်၊ မင်း ငါ့ကို ကတိပေးပြီးမှ ရှောင်ပြေးချင်ပြေး၊ မသကာ တစ်ညအိပ်ပေါ့ကွာ၊ နောက်တစ်နေ့ မင်းဟာ အလောင်း ဘဝ ရောက်စေရမယ်"

"ခြိမ်းခြောက်တာလား"

"ဟ ... ခြိမ်းခြောက်တာက အသံမြည်ပြီး အဆန်မပါတဲ့ ကိစ္စပဲ၊ ငါက လက်တွေ့သမားလေကွာ၊ ကေသီလွင် သေ သွားတာကိုပဲ မင်း အမှတ်ထားပြီး ကြည့်ပေါ့ကွာ"



"ကောင်းပြီ၊ ကျုပ် နောက်ထပ် မေးစရာရှိသေးတယ်၊ စိမ်းနဲ့ ဦးမင်းဆွေ တစ္ဆဝရီးကို ကျုပ်က သတ်ပေးလိုက်ပါ ပြီတဲ့၊ အဲဒီနောက် ဖောက်ထွင်းပြီး ပစ္စည်းတွေရပြီးရင် ခင်ဗျားက ကျုပ်ကို မသတ်ဘဲ နေမလား၊ ခင်ဗျား ကျုပ် ကို မသတ်ပါဘူး ဆိုတာကို ကျုပ် ဘယ်လိုယုံကြည်နိုင် မလဲ"

"စိတ်ချ အောင်အောင်၊ မင်း ငါလိုချင်တဲ့အတိုင်းသာ လုပ်ပေး၊ မင်းကို ငါမသတ်ဘူး၊ ကတိပေးတယ်"

ကိုစိန်လက်ဝါးက ကြားဝင် ပြောလာသည်။

"ဒီမယ် မောင်အောင်အောင်၊ ကိုလှိုင်ဘွားရဲ့ ကတိစကား ကို ကြားက ငါဝင်ပြီး အာမခံပေးမယ်၊ အခု လုပ်ငန်း သဘောအရ ဟိုတစ္ဆဝတီး ဆိုတာကို သတ်ပေးပြီးတာနဲ့ မင်းဟာ အခု တို့အဖွဲ့ထဲက တို့လူ ဖြစ်သွားပြီ၊ တို့ဟာ တို့လူမဟုတ်တဲ့ လူတွေအပေါ်မှာ ကတိမတည်ပေမယ့် တို့လူအချင်းချင်း အပေါ်မှာတော့ ကတိတည်ရတယ်၊ စိတ်ချ၊ ကိုလှိုင်ဘွားက ကတိဖျက်ပြီး လုပ်ငန်းကိစ္စပြီး တာနဲ့ မင်းကို သတ်တယ်ဆိုရင် ကိုလှိုင်ဘွားကို ငါကပြန် ပြီး သတ်ပစ်မယ်၊ ငါက လူဆိုးဆိုပေမယ့် အချင်းချင်း ကတိမတည်တာကို လုံးဝလက်မခံဘူး"

"ကိုစိန်လက်ဝါး ကိုယ်တိုင် ကိုလှိုင်ဘွားရဲ့တပည့် မဟုတ် ဘူးလား၊ ကိုလှိုင်ဘွားဟာ ခင်ဗျားဆရာ မဟုတ်လား"

စိန်လက်ဝါးက ခေါင်းခါပြသည်။ ပြီး ဆက်ပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ဆရာတစ်ယောက်မှ မရှိဘူး၊ ငါ့မှာ ငါကိုယ်တိုင်ခေါင်းဆောင်လုပ်နေတဲ့ အဖွဲ့ရှိတယ်၊ ငါကလည်း သီးခြားအဖွဲ့နဲ့ နေတဲ့လူပဲ၊ အခုကိစ္စမှာ ကိုလှိုင်ဘွားက ငါ့ကိုဖောက်ထွင်းဖို့ ကြိုက်ဈေးပေးငှားတယ်၊ ငါကျေနပ်လို့ ဒီအလုပ်ကို လက်ခံတယ်၊ ဒါပဲ၊ အေး … သူ့လုပ်ငန်းအတွက် ကိုယ်က အခယူပြီးမှတော့ အခုကိစ္စမှာ ကိုလှိုင်ဘွားက အလုပ်ရှင်၊ ငါက သူ့ရဲ့အလုပ်သမားသဘောပေါက်ပဲရှိတယ်၊ ဒါကြောင့် ငါနဲ့အတူ အခုလုပ်တဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီး မင်းကို သူက သတ်မယ်ဆိုရင် ငါက သူ့ကိုသတ်မယ်၊ စိတ်ချ"

ကိုစိန်လက်ဝါးကိုတော့ အောင်အောင်၏ စိတ်ထဲကကို ယုံကြည်စိတ် ရှိနေသည်။ စောစောက ချာလီ မားထုတ်ကိုင်သည်ကို ကိုစိန်လက်ဝါးကဝင်ပြီး တရားသဖြင့်လုပ်ရန် ဟန့်တားခဲ့သည်ကိုလည်း အောင်အောင် သတိထားလိုက်မိသည်။

ပြီး ချာလီက ကိုလှိုင်ဘွား၏ တပည့်ဖြစ်သော်လည်း ကိုစိန်လက်ဝါးက ကိုလှိုင်ဘွားကို တပည့်ခံသူ မဟုတ်ပေ။

ထို့ကြောင့်ပင် ကိုစိန်လက်ဝါးအား သွယ်ဝိုက်ပြီး စည်းရုံးသည့်စကားမျိုး၊ စိတ်ကိုဆွပေးသည့်စကားမျိုး အောင်အောင်က ကိုလှိုင်ဘွားကို ထပ်မံပြောလိုက်သည်။

"ဒီမယ် ကိုလှိုင်ဘွား၊ ကျုပ် လုပ်ရမယ့် အလုပ်ကိုလည်း ကတိပေးပြီးပြီ၊ ခင်ဗျားကလည်း ဒီဖောက်ထွင်းပွဲပြီးရင် ကျုပ်ကို မသတ်ပါဘူးလို့ ကိုစိန်လက်ဝါးရှေ့မှာပဲ ကတိပေးပြီးပြီ၊ ဒီတော့ သောကြာနေ့ညမှာလုပ်မယ့် အလုပ်ဟာ



အတည်ဖြစ်သွားပြီ၊ ဒါပေမဲ့ တစ်ခုကျန်နေတယ် ကိုလှိုင်ဘွား"

"မင်းက ဘာအတွန့်တက်ချင်ပြန်သလဲ အောင်အောင်"

"အတွန့်တက်တယ်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ လုပ်ကြပြီဆိုမှတော့ ရှာစင့်ရထိုက်တာ စကားပြောရမှာပေါ့။ ကျေကျေလည်လည် ပြောပြီးမှလုပ်ရင် ပိုကောင်းတာပေါ့"

"ငါ ဒီအတွက် မင်းကို သိန်းနှစ်ဆယ်၊ ကိုစိန်လက်ဝါးကို ဆယ်သိန်း၊ ချာလီကို သုံးသိန်းပေးဖို့ ငါသတ်မှတ်ပြီးသားပဲ၊ ဘာထပ်တွန့်စရာရှိလို့လဲ အောင်အောင်"

"ဘယ်ဟုတ်မလဲ ကိုလှိုင်ဘွား၊ အခု ခင်ဗျားပေးမယ်လို့ သတ်မှတ်တာက မြေတိုက်ဖောက်ပြီးတဲ့နောက် ရမယ့်ငွေသားထဲက ငွေတွေကိုပေးမယ့် သဘောပဲရှိတာ၊ ကျုပ်ကြားထားတာက ဦးမင်းဆွေမှာ ငွေသားတွေအပြင် သိပ်တန်ဖိုးကြီးမားတဲ့ တွင်းထွက်ကျောက်သံပတ္တမြားတွေ၊ စိန်တွေ၊ လက်ဝတ်ရတနာတွေ အထုပ်လိုက်၊ အိတ်လိုက် ရှိနေသေးတယ်လို့ ကြားထားတယ်၊ အဲဒါတွေကမှ တကယ့်အသားတွေ အဆီတွေဗျ၊ အဲဒီ ဖောက်ထွင်းရရှိတဲ့ လက်ဝတ်ရတနာတွေကျတော့ ကျုပ်နဲ့ ကိုစိန်လက်ဝါးကို ခင်ဗျားက ဘယ်လိုခွဲဝေပေးမှာလဲ"

"ဟာ … ဒါတွေက မင်းတို့နဲ့ မဆိုင်ဘူး"

"ဆိုင်တာပေါ့လေ ကိုလှိုင်ဘွားရဲ့၊ ဟဲ … ဟဲ"

စိန်လက်ဝါးက ရယ်၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ငှားစဉ်က ဒီမြေတိုက်ကြီးထဲမှာ အနည်းဆုံး ငွေသိန်းတစ်ရာဖိုးလောက် ငွေစက္ကူတွေရှိနေတယ်၊ အဲဒါကို ဖောက်ဖို့ပြောတာပဲ၊ စိန်နဲ့ လက်ဝတ်ရတနာတွေအကြောင်း ပါမလာဘူး၊ အခု မောင်အောင်အောင်ပြောမှ စိန်နဲ့ လက်ဝတ်ရတနာတွေ ရှိတယ်ဆိုတာ သိတာ၊ ကျုပ်တို့ အခု ဒီကိစ္စကိုလုပ်ကြတာ ခင်ဗျားတပည့်ချာလီအပါအဝင် လေးယောက်ရှိတယ်၊ ခင်ဗျားတပည့်ကိုတော့ ခင်ဗျားဘာသာ ပေးချင်သလောက်ပေးပေါ့၊ ကျုပ်တို့ကတော့ ကျုပ်တို့အတွက် အချိုးကျ လိုချင်တယ်၊ ငွေသိန်းတစ်ရာလောက် ရမှာကိုလည်း ခင်ဗျားက သိန်းခုနစ်ဆယ်လောက်ယူပြီး ကျုပ်နဲ့ အောင်အောင်ကို သိန်းသုံးဆယ်တည်း ပေးတာပဲ၊ ခင်ဗျားတပည့် ချာလီကိုတော့ ကျုပ်ထည့်မပြောတော့ပါဘူး၊ သူက ခင်ဗျားရဲ့ အာနေဝါသိကပဲ"

"ကျုပ်မှာက ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး ကိုစိန်လက်ဝါး၊ ကျုပ်ရသမျှ ထက်ဝက်ကို ကျုပ်ဆရာကြီးကို ပေးရဦးမှာဗျ"

အောင်အောင်က ရယ်လိုက်သည်။

"မင်းက ဘာလို့ ရယ်တာလဲ အောင်အောင်"

"ခင်ဗျားပြောတဲ့ ဆရာကြီးဆိုတာ ခင်ဗျားရဲ့အရိပ်ကို ပြောနေတာလား"

"ဘာကွ"

"ခင်ဗျားက နှစ်စုလိုချင်လို့၊ နှစ်ယောက်စာလိုချင်လို့ ဆရာကြီးဆိုတာကို တမင်ထွင်ပြီး ထည့်ပြောနေတာမဟုတ်လား ကိုလှိုင်ဘွား"



"မင်း လူဝါးမဝနဲ့"

"ကဲ ... ကိုလှိုင်ဘွား၊ အခုကိစ္စက နက်ဖြန် သောကြာနေ့ညမှာ တကယ်လုပ်ကြတော့မှာ၊ ဒီတော့ အခုပဲ အတိအကျပြော၊ ကျုပ်တို့လုပ်ငန်း ဘာမှလုပ်ငန်းစသေးတာ မဟုတ်ဘူး၊ အလုပ်ကို အခုပဲ ဖျက်သိမ်းချင် ဖျက်သိမ်းနိုင်တယ်၊ ကျုပ် အခု တောက်လျှောက် ခင်ဗျားလုပ်ခဲ့တယ်ဆိုတာတွေကို ခင်ဗျားအပြောနဲ့ပဲ နားထောင်ခဲ့ရာမှာ ခင်ဗျားက တော်တော်ညစ်တဲ့လူပဲ၊ ဒီတော့ အခုကတည်းက ခင်ဗျားနဲ့ ကျုပ် အတိအကျ ပြောထားမှဖြစ်မယ်၊ ဖောက်ထွင်းခငွေဆယ်သိန်းဆိုတာကတော့ ငွေကိစ္စနဲ့ပဲ ခင်ဗျားနဲ့ကျုပ်ပြောပြီးသားမို့ ထားလိုက်ပါတော့၊ အခု ရတနာတွေကိစ္စကျတော့ ကျုပ်ကို ဘယ်လိုပေးမလဲပြော၊ ရှင်းရှင်းပြောထား"

"ကိုစိန်လက်ဝါးက ဘယ်လို လိုချင်လို့လဲ"

"ဝေစုနဲ့ လိုချင်တယ်၊ အချိုးကျ လိုချင်တယ်"

"ဘယ်လိုဝေစု အချိုးလဲ"

"အခု လူလေးယောက်ရှိတယ်၊ လေးစုခွဲပြီး တစ်ယောက်တစ်စုယူမယ်"

အောင်အောင်သည် ကျိတ်၍ပြုံးမိပေသည်။ မိမိထောင်လိုက်သော ကိစ္စသည် တကယ် ကိုစိန်လက်ဝါးအား အလိုလို စည်းရုံးသလို ဖြစ်သွားပါ၏။

"များတယ်ဗျာ ... ခင်ဗျားတို့ တစ်ယောက်ကို တစ်စုဆိုတာ"

www.burmeseclassic.com



"များရင် မလုပ်နဲ့တော့၊ ကျုပ် ပြန်မယ်၊ ကျုပ်မှာ ခင်ဗျား အလုပ်တစ်ခုတည်း မဟုတ်ဘူး၊ တခြားလက်ခံထားတာတွေ အများကြီးရှိသေးတယ်၊ ကဲ ... ပြန်မယ်"

ကိုလှိုင်ဘွား မျက်ဖြူဆိုက်လေပြီ။

အောင်အောင်ကျတော့ တစ်ယောက်တည်းသမား လည်းဖြစ်သည်။ အကွက်ဆင်ပြီး ထောင်ကျပေါက်တွေလည်း အပိုင်ကိုင်ထားသည်။ လှိုင်ဘွား လက်ခုပ်ထဲကရေ ဖြစ်ရပါ၏။

စိန်လက်ဝါး ကျတော့ သွားမစမ်းလေနှင့်။ စိန်လက်ဝါးက သူ့အဖွဲ့နှင့်သူ ရှိသည်။ ကိုလှိုင်ဘွားကို အချိန်မရွေး ယှဉ်ပြိုင်နိုင်သည်။ ဒါကို လှိုင်ဘွားကိုယ်တိုင် အသိဆုံး။

ထို့ထက်မှာမူ သောကြာနေ့လုပ်ငန်းကို စိန်လက်ဝါး အပြင် အခြားသူခေါ်၍ မဖြစ်နိုင်တော့။ စိန်လက်ဝါးက လျှို့ဝှက် ချက်အားလုံး သိသွားလေပြီ။ အလုပ်ဖျက်၍ မဖြစ်တော့ပြီ။

"ဒီလိုလုပ်ဗျာ ကိုစိန်လက်ဝါး၊ လေးစု မထားနဲ့၊ ငါးစု ထားလိုက်၊ ကျုပ်မှာက ကျုပ်ဆရာကြီးဝေစုတစ်စု ထည့် တွက်ရဦးမယ်၊ ငါးစုမှာ ကျုပ်က နှစ်စုယူပြီး ကျန်တာ ခင်ဗျားတို့သုံးယောက် တစ်စုစီယူပေါ့၊ ဘယ့်နှယ်လဲ"

အောင်အောင် ဝင်၍ အတွန့်တက်လိုက် ပြန်လေ သည်။

"ချာလီက ခင်ဗျားပေးသလောက် ယူမှာပဲဗျာ၊ ခင်ဗျားတစ် ယောက်တည်း ငါးစုမှာ သုံးစုယူသလို ဖြစ်သွားမှာပေါ့"

"ဟေ့ကောင် အောင်အောင်"

ကိုလှိုင်ဘွားက ဒေါသဖြင့် လှမ်းအော်သည်။ အောင် အောင်က ပြုံးနေပါ၏။



ဤမှာပင် ချာလီက တစ်စခန်း ထပြန်သည်။

"အိုင် ... ကားမောင်းပေးတဲ့အတွက် ငွေသုံးသိန်းပေးမယ် ဆိုတာတော့ အိုင် ဘာမှ ထပ်မပြောတော့ပါဘူး ဘော့စ်၊ ဒါပေမဲ့ ရတနာတွေ ကျရင်တော့ အိုင် ဝမ်းရှယ်ယာတစ်စု တကယ်လိုချင်တယ်၊ အိုင် ဩစတြေးလျကို ထွက်သွားဖို့ ကြံစည်နေတာကြာပြီ၊ အဲဒီ ဂျူဝယ်လရီရတနာတွေ ဝမ်း ရှယ်ယာရပြီးရင် ဩစတြေးလျကို လစ်တော့မယ်၊ ဩစ တြေးလျမှာ ကျုပ်အမေရှိတယ်"

"ဟာ ... အရေးထဲ ဒီကောင်က တစ်မျောင့်၊ ကဲ ... ကဲ... ရမယ်၊ အားလုံး ရမယ်၊ ငါးစုမှာ ကျုပ်ကို ကျုပ်ဆရာကြီး အတွက်ပါ နှစ်စုပေး"

စိန်လက်ဝါးက အောင်အောင့်ကို လှမ်းကြည့်သည်။

အောင်အောင်ကလည်း စိန်လက်ဝါးကို လှမ်းကြည့် သည်။

စိန်လက်ဝါးက သည်လောက်ဆိုရင် မဆိုးပါဘူးဟု သတ်ရောက်သော အဓိပ္ပာယ်ဖြင့် အောင်အောင်အား ညိတ်နိုင်းလေ သည်။

အောင်အောင်က ခေါင်းပြန်ညိတ်ပြလိုက်ပါ၏။

"ကဲ ... ကောင်းပြီ ကိုလှိုင်ဘွား၊ ငါးစုမှာ ခင်ဗျားနှစ်စု ယူဖို့ ကျုပ်တို့ ကျေနပ်တယ်၊ ကဲ ... ဒါဆိုပြီးပြီ၊ လုပ်ငန်း ဆက်လုပ်မယ်"

ကိုလှိုင်ဘွားက လုပ်ငန်းအစီအစဉ် ဆက်ပြောပြ သည်။

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ညမှာ မင်းရဲ့ကား ယူမသွားနဲ့၊ လူချည်းသက်သက် အငှားကားနဲ့ စိမ်းတို့အိမ်ကိုသွားပါ အောင်အောင်"

"အဲဒါ မနိုပ်ဘူးဗျ၊ အဘိုးကြီး ဦးမှင်းဆွေက သူ့တူမစိမ်းရဲ့ချစ်သူဟာ ကိုယ်ပိုင်ကားတစ်စီးတောင် မစီးနိုင်ပါလားလို့ မြင်သွားရင် အင်ပရက်ရှင် အောက်တယ်"

"ခုအချိန်မှာ အောက်တယ် မအောက်တယ်ဆိုတာ မရှိတော့ဘူး၊ ကားဆိုတဲ့မျိုးက သဘော်ချ အသစ်ကြီးဖြစ်ပါစေ၊ အရေးအကြောင်းဆို ပျက်ချင်ပျက်တာမျိုး၊ အရေးအကြောင်းနဲ့ ပြန်အထွက်မှာ မင်းကား တစ်ခုခုချွတ်ယွင်းနေလို့ ထားခဲ့ရရင် သက်သေခံပစ္စည်းကြီး ဘွားခနဲတွေ့ပြီး ခြေရာကောက် အလိုက်ခံရမယ်၊ အဲဒီတော့ နက်ဖြန်ညကိုးနာရီလောက် တို့ ရောက်လာမယ်၊ မင်းကတိအတိုင်းတို့ရောက်လာချိန်မှာ မင်းကိစ္စတွေ ပြီးနှင့်နေရမယ် အောင်အောင်"

အောင်အောင်ငဲ ခေါင်းညိတ်ပြရပါ၏။

လှိုင်ဘွား ဆိုလိုသည်မှာ သူတို့ရောက်လာချိန်တွင် ဦးမင်းဆွေနှင့် စိမ်းအား မိမိက သတ်ပေးပြီးသား ဖြစ်ရမည်ဟု ဆိုလိုခြင်း ဖြစ်ပါ၏။

ညှိနှိုင်းတိုင်ပင်ကိစ္စတွေ ပြီးသဖြင့် ပြန်ခဲ့ကြသည်။ အပြန်တွင် အောင်အောင်ကို မိုလ်အောင်ကျော်လမ်းအိမ်တွင် ပထမဆုံး ချထားခဲ့ပေးသည်။

အိမ်ခန်းသော့ဖွင့်ပြီး အောင်အောင်သည် ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။



မိမိ ဘာလုပ်ရမည်နည်း။ ချစ်စွာသော စိမ်းနှင့် ဦးမင်းဆွေကို မိမိကသာ တကယ်သတ်ရမည်လား။

မသတ်ရက်ပါ။ စိမ်းကို မိမိ တကယ် ရင်ထဲနှလုံးထဲက ချစ်မိနေပြီ။

ကောင်းပြီ။ သူတို့ကို မသတ်လျှင် ဘာဖြစ်မည်နည်း။

ကိုယ်သေရမည်ပေါ့။

သူတို့ကိုလည်း မသတ်ရက်။ ကိုယ်လည်းမသေချင်။

ဒါဆို မိမိ ဘာလုပ်မည်နည်း။ သည်ကြားထဲ ကြံဖို့ဖန်ဖို့ အချိန်တွေ ရသေးသည်။

စဉ်းစားသည်။ စဉ်းစားသည်။ သေချာစဉ်းစားပါ၏။

မြွေဆိုးကို နိုင်သည်မှာ အလမ္ပာယ်ဆရာ ဖြစ်သည်။

လူဆိုးကို နိုင်သည်မှာ ရဲအဖွဲ့သာ ဖြစ်ပါ၏။ ရဲအဖွဲ့သို့ ကိုလှိုင်ဘွား၏ အကြံအစည်တွေကို ဖွင့်ချပြီး ကိုလှိုင်ဘွားကို အချိန်မီ ဖမ်းဆီးလိုက်လျှင် ကောင်းမည်။ မိမိအတွက် နောက်ပိုင်းအန္တရာယ်တော့ရှိမည်။ ကိစ္စမရှိ၊ နောင်ခါလာ နောင်ခါချေး။

အောင်အောင်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ သက်ဆိုင်ရာရဲအဖွဲ့သို့ဆက်ရန် ဖြစ်ပါ၏။

တယ်လီဖုန်းသည် လုံးလုံးသေနေပြီ။ တူတူဆိုသည့် အော်တိုသံ လုံးဝမဝင်ပါလေတော့။

လျှင်ပေစွ ကိုလှိုင်ဘွား။

တယ်လီဖုန်းကြိုးကို ကိုလှိုင်ဘွားက တင်ကြိုဖြတ်ထားခဲ့လေပြီ။

www.burmeseclassic.com



စိတ်ဆိုး မာန်ဆိုးဖြင့် ဖုန်းကိုဆောင့်ချလိုက်ရတော့သည်။

အောင်အောင် မလျှော့သေး။ အောက်ဆင်းကာ ကားဂိုဒေါင်မှ ကားထုတ်ကာ အနီးဆုံးရဲစခန်းသို့သွားရန် စိတ်ကူးလျက် လှေကားမှ အောက်သို့ဆင်းလာခဲ့သည်။

ပလက်ဖောင်းပေါ် ခြေချမိသည်နှင့် ပလက်ဖောင်းဘေးသို့ ဆလွန်းကားတစ်စီး ထိုးဆိုက်လာသည်။

ကားပေါ်မှလူက အောင်အောင်ကို လှမ်းမေးသည်။

"ဘယ်သွားချင်လို့လဲ ကိုအောင်အောင်"

"နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ"

"ကိုအောင်အောင် လိုအပ်သမျှ ကျွန်တော်က ကူညီရမယ်ဆိုပြီး ကျွန်တော့်အာစရိက ဒီကားနဲ့ ဒီနေရာမှာ စောင့်ဘိုင် ချထားတာလေ"

လှိုင်ဘွား၏အကွက်ပင်။ သည်လူ စေ့စပ်သည်ကတော့ အံ့မခန်းပင်။

"ငါ စီးကရက် သွားဝယ်မလို့"

"ဟာ ... ရတယ်၊ ဒီမှာ အဆင်သင့်ပဲ"

ထိုလူက ကားဒက်(ရှ်)ဘုတ်ထဲမှ ငါးသုံးလုံးအင်တာနေရှင်နယ်ဘူးပြား သုံးဘူးထုတ်ပေးသည်။

"ဒါ ကိုအောင်အောင် သောက်နေကျ စီးကရက်လေ၊ ဟင်နီကင်ဘီယာဘူးလည်း ပါသေးတယ်၊ ယူသွားမလား"

အောင်အောင် သက်ပြင်းချရသည်။ ဟန်မပျက် ထိုလူကမ်းပေးနေသော စီးကရက်သံဘူးကို ယူလိုက်ပြီး လှေကားဆီသို့ ပြန်လှမ်းရတော့သည်။



"ဩော် ... ကိုအောင်အောင်၊ ဟောဒီက ဗာဒံပင်အောက်မှာ ကျွန်တော် အမြဲရှိနေမယ်၊ သွားစရာရှိရင် ဆင်းလာခဲ့နော်၊ ဘယ်မဆို လိုက်ပို့ပေးရမယ်လို့ ကျွန်တော့် အာစရိက မှာထားတယ်၊ ခင်ဗျား ဂိုဒေါင်ထဲကကားနဲ့ လစ်ပြီးသွားဖို့တော့ မကြိုးစားနဲ့၊ ခင်ဗျားကားထဲမှာ ပလပ်လေးလုံးစလုံး မရှိဘူး၊ အာစရိ ဖြုတ်ယူထားတယ်"

ကိုလှိုင်ဘွားအား ကျိန်ဆဲရင်း အောင်အောင် ပြန်တက်ခဲ့ရသည်။

ပြင်ပဆက်သွယ်မှု ဘာမျှမရအောင် ကိုလှိုင်ဘွားက စီစဉ်ထားပြီးလေပြီကော။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

ချောမှချော။

လှမှလှ။

ကိုယ့်ချစ်သူ ကိုယ့်အိမ်သို့ လာမည်မှန်း သိသောကြောင့် လှအောင် ချောအောင် ပြင်ဆင်ထားသည်လည်း ပါရှိပေလိမ့်မည်။

ည(၇)နာရီခွဲတွင် လှိုင်ဘွား လိုက်ပို့သော ကားဖြင့် အောင်အောင် စိမ်းတို့ခြံဝသို့ ရောက်လာသည်။ ခြံထဲသို့ အောင်အောင် လျှောက်လာခဲ့ရသည်။ စိမ်းက သံဘာဂျာတံခါးတွင် အသင့်စောင့်ကြို ဖွင့်ပေးပါ၏။

များများစားစားကြီး စိမ်းက ခြယ်သထားသည်မျိုး တော့မဟုတ်။ သနပ်ခါးရည်ကျဲလေး တစ်ကိုယ်လုံး လိမ်းကျံထားသည်။ ဆံပင်ကို နောက်လှန်ပြီး ပိပိလေး ဖြီးထားသောကြောင့် ထင်းခနဲ စိမ်း၏မျက်နှာလေး ပေါ်လွင်နေသည်။

ခါတိုင်း အိမ်က သနပ်ခါးလေး လိမ်းလာသော်လည်း တင်းနစ်ကွင်းရောက်သောအခါ လေတိုးသည်ရော ချွေးထွက်သည်ရောကြောင့် ယခု အိမ်မှာကဲ့သို့ လတ်လတ်ဆတ်ဆတ် မဟုတ်



ပါလေတော့။ ဆံပင်လေးတွေဖွာပြီး သနပ်ခါးလေးနဲ့လေး ပြယ်နေပေသည်။

"ကိုအောင် ... ဘဘဆွေက ကိုအောင့်ကို တမင်စောင့်နေတာ၊ ရှစ်နာရီဆို ဘဘဆွေက ဒီလမ်းထဲက သူ့မိတ်ဆွေဦးလှဘူး ဆီမှာ စစ်တုရင် သွားကစားမှာ"

သံဘာဂျာတံခါးမှ ဧည့်ခန်းဆီသို့ မှန်ထူကြီးများ ကာထားသည့် ကော်ရစ်ဒါစင်္ကြံမှ အတန်ငယ် လျှောက်သွားရသည်။

"ထိုင်ဦးနော် ကိုအောင်၊ ဘဘဆွေ စာကြည့်ခန်းထဲမှာ ထွက်လာလိမ့်မယ်"

အလွန်ချမ်းသာသော ဦးမင်းဆွေ တိုက်အိမ်ကြီး၏ ဧည့်ခန်းကို မည်မျှခမ်းနားထည်ဝါသည်ကို စာမဖွဲ့လိုတော့ပြီ။ အရာရာသည် တန်ဖိုးကြီးမားလှသော ပစ္စည်းများကိုသာ ဧည့်ခန်းတွင်း၌ တွေ့ရပေသည်။

"ကိုအောင် ကားယူမလာဘူးလား"

"ကားက ဒီကိုလာမှ ဆီမမှန် မီးမမှန် ဖြစ်နေတယ် စိမ်း၊ ဝပ်ရှော့မှာ ထားခဲ့ပြီး အငှားကားနဲ့ ဆက်လာတာ၊ ပြီးတဲ့အထိ စောင့်ယူရင် ဒီအရောက် သိပ်နောက်ကျမှာစိုးလို့"

ချစ်မိပြီ ဆိုတော့လည်း ချစ်သူပြောသည့် စကားကို လွယ်လွယ်ပင် စိမ်း ယုံကြည်ပေသည်။

ဦးမင်းဆွေ ထွက်လာသည်ကို စောင့်ရင်း အောင်အောင်က မီးရောင်အောက်မှ စိမ်းကို သေချာကြည့်သည်။ စိမ်းသည် အသားလေးများ ဖြူဝင်းပြီး ပါးပြင်နှင့် လည်ပင်းအောက်ကြောစိမ်းလေးများ ယှက်သန်းနေသည်ကိုပါ တွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိမ်း၏လည်ပင်းမှ အကြောစိမ်းစိမ်းလေးတွေကို ငေးကြည့်ရင်း အောင်အောင်၏ ဦးနှောက်ထဲသို့ အကြံတစ်ခုရ ပေသည်။

"ဟော ... ဘဘဆွေ လာပြီ"

ဦးမင်းဆွေ ဧည့်ခန်းဆီသို့ လျှောက်လာသည်နှင့် အောင်အောင်သည် ထိုင်ရာမှထကာ လက်နှစ်ဖက် ဝမ်းဗိုက်တွင် ယှက်ထားပြီး ဦးခေါင်းနှင့် ခါးကို ကျိုးယို့သော အသွင်ဖြင့် ကြို ဆိုပေသည်။

ဒါလည်း အောင်အောင်က သူနှင့် ကိုလှိုင်ဘွား စီစဉ်ထားသော လုပ်ငန်းကြောင့် တမင်တကာ ရိုကျိုးပြခြင်းမဟုတ် ပါလေ။

အောင်အောင်၏ဘဝတွင် ကနဦးအစမှ ယခုအချိန် ထိ လူကြီးသူမများကို လေးစားထိုက်သူဆိုလျှင် ယခုကဲ့သို့ရိုကျိုး ဂါရဝထားခြင်းမှာ အကျင့်ပါနေပေပြီ။ ဆယ်တန်းအောင်၍ ကိုယ့် ဒူးကိုယ်ချွန် သံရုံးစာရေးလုပ်စဉ်ကတည်းက မိမိအထက်လူကြီး များကို ရိုသေကျိုးနွံစွာ ဆက်ဆံခဲ့သည်။

လောကကြီးတွင် မည်သို့သော လူကြီးပိုင်းမဆို ဂါရဝထားတတ်သည့် လူငယ်အား သဘောကျတတ်သည် မဟုတ် ပါလား။

စာရေးမှတစ်ဆင့် သဘောာပေါ် ရောက်သောအခါ ကိုယ့်ထက်ပို၍ ရာထူး ဆင့်ကဲ ဆင့်ကဲ ကြီးသူများကြားတွင် အလုပ်လုပ်ရသည်။ အောင်အောင်သည် ကိုယ့်ထက်လည်း အသက် ကြီးသူ၊ ကိုယ့်ထက်လည်း ရာထူးကြီးသူ မှန်သမျှ့ကို ရိုသေ ကျိုးနွံခဲ့ရသည်မှာ များပြားသောကြောင့် ၎င်းအကျင့် ယခုတိုင်ပါ ရှိနေခြင်း ဖြစ်ပေသည်။



"ထိုင်ပါ မောင်အောင်အောင်၊ လွတ်လွတ်လပ်လပ် နေ တတ်သလို နေပါ၊ အန်ကယ်နဲ့ နည်းနည်းပါးပါး မိတ် ဆွေဖြစ် စကားပြောကြတာပေါ့"

ဣန္ဒြေရရပင် အောင်အောင် ပြန်ထိုင်သည်။

ဆိုဖာတွင် ဦးမင်းဆွေက ဝင်ထိုင်ပြီး အောင်အောင် အား ကြည့်ရင်း စကားစတင်ပြောသည်။

"မောင်အောင်အောင်က တင်းနစ်မှာ တော်တော်လေးတော် တယ်လို့ သမီးစိမ်းက ပြောတယ်"

အောင်အောင်က ပြုံးသည်လည်း မဟုတ်၊ တည် သည်လည်းမဟုတ်သော မျက်နှာဖြင့် ပြန်လည်ပြောပါ၏။

"သိပ်တော်တယ်လည်း မဟုတ်ပါဘူး အန်ကယ်၊ ကိုယ့် ထက်လက်ရည်ညံ့တဲ့လူနဲ့တွေ့ရင် ကိုယ်က နိုင်လိုက်ပြီး ကိုယ့်ထက် လက်ရည်သာတဲ့လူကျတော့ သိပ်ကြိုးစားပြီး ရိုက်တဲ့ကြားကပဲ ကပ်ပြီးရှုံးတဲ့အခါ ရှုံးတာမျိုး တွေ့ကြုံ ခဲ့ပါတယ်၊ ကိုယ့်ထက်သာတဲ့ လူနဲ့ကျတော့ ပိုပြီးအာရုံ စိုက်ကစားရတယ်၊ လှုပ်ရှားမှုမှန်သမျှ အသွက်ဆုံးနဲ့အမှန် ဆုံးဖြစ်အောင် ကြိုးစားတာလောက်ပါ၊ အဲ ... တစ်ခုတော့ ရှိပါတယ် အန်ကယ်၊ ကစားနေတုန်း အာရုံက ဟိုရောက် ဒီရောက် ဖြစ်နေတဲ့အခါမျိုးကျတော့ ကိုယ့်ထက် လက် ရည်ညံ့ပါတယ်ဆိုတဲ့ လူကိုတောင် ကိုယ်က ရှုံးရတာမျိုး လည်း တွေ့ကြုံခဲ့ပါတယ်"

"သိပ်ကိုမှန်တဲ့ စကားပဲ၊ အန်ကယ်တို့ စစ်တုရင်ကစား တဲ့အခါမှာလည်း အာရုံစိုက်ပြီး စဉ်းစားကစားနိုင်မှ တော်

www.burmeseclassic.com

www.burmeseclassic.com



ကာကျတယ်၊ ကစားနေတုန်း အာရုံဟိုရောက်ဒီရောက် ဖြစ်သွားရင် အကွက်မှား၊ အရွေ့မှား၊ စိတ်ကူးမှားနဲ့ရှုံးပါလေရော၊ ဒါထက် မောင်အောင်အောင် စစ်တုရင်ကစားတတ်သလား"

"ကမ္ဘာနဲ့အဝန်း ကစားနေတဲ့ ချက်(စ်)ကိုလည်း မြန်မာတွေက စစ်တုရင်လို့ ခေါ်တတ်ပါတယ်၊ အဲဒါဆိုရင်တော့ ကျွန်တော် ကစားတတ်ပါတယ် အန်ကယ်"

ဦးမင်းဆွေက ခေါင်းခါပြသည်။

"အန်ကယ်ပြောတာက ချက်(စ်)မဟုတ်ဘူး၊ အန်ကယ်လည်း ချက်(စ်)ကစားတတ်ပါတယ်၊ အခု အန်ကယ်ပြောတာက မြန်မာစစ်တုရင်ကို ပြောတာ"

"အဲဒါတော့ ကျွန်တော် မကြုံကြိုက်ဖူးသေးဘူး အန်ကယ်"

"ချက်(စ်)ဆိုတာနဲ့ မြန်မာစစ်တုရင်ဟာ တစ်ခုနဲ့တစ်ခု အကွာခြားကြီးတော့ မဟုတ်ဘူးကွယ့်၊ ခပ်ဆင်ဆင် ပြောရရင် စန္ဒရားနဲ့ ပတ္တလားသဘောမျိုးလို့ ပြောရင်ရမလား မသိဘူး၊ မြန်မာစစ်တုရင်က အကွက်ပိုစိပ်တယ်၊ ပိုပြီးစဉ်းစားရတယ်၊ အင်္ဂလိပ် ချက်(စ်)ကို ကောင်းကောင်းကစားတတ်ရင် မြန်မာစစ်တုရင်ကို သင်ပြပေးလို့ အလှမ်းမဝေးတော့ဘူး၊ မြန်မာစစ်တုရင်ရဲ့ဥပဒေစည်းကမ်းနဲ့ စစ်တုရင်အကွက်တွေမှာထိုင်တဲ့ အကောင်တိုင်းရဲ့ စွမ်းအင်တန်ခိုးဆိုပါတော့လေ၊ အဲဒီဟာတွေ ကျေညက်သွားရင် ချက်(စ်)သမားဟာ မြန်မာစစ်တုရင်မှာ ကိုယ်ဉာဏ်သွားသလောက် အကွက်တွေကို မြင်နိုင်တယ်"



"စိတ်ဝင်စားပါတယ် အန်ကယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ မြန်မာစစ်တုရင် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်နဲ့ မနီးစပ်ခဲ့လို့ သင်ဖို့အခွင့်မသာခဲ့ပါဘူး"

"အေး ... ဒါဆို ဟန်ကျသားပဲ၊ နောက်ဆိုရင် မောင်အောင်အောင်ကို အန်ကယ်က မြန်မာစစ်တုရင် ကစားတဲ့အခါ လိုက်နာရမယ့် စည်းကမ်းတွေ၊ အကောင်တိုင်းရဲ့ စွမ်းအားနဲ့ အကွက်တက်ပုံတက်နည်းတွေကို သင်ပေးမယ်၊ မောင်အောင်အောင့်ကို ကြည့်ရတာ ခဏလေးမှာပဲ ကစားနိုင်မှာပါ၊ အန်ကယ်နဲ့ လက်ရည်တူတဲ့အခါ ဒီအိမ်မှာပဲ ကစားကြရင် အန်ကယ် တကူးတက အိမ်နားက ဦးလှဘူးဆီ သွားမကစားရတော့ဘူးပေါ့၊ မောင်အောင်အောင်ရဲ့မျက်လုံး၊ နားရွက်၊ နှုတ်ခမ်း၊ ဦးခေါင်း အဲ ... ဆိုကြပါစို့လေ၊ မောင်အောင်အောင်ရဲ့ ဥပဓိရုပ် မျက်နှာကို အန်ကယ် အကဲခတ်ခြင်းအားဖြင့် မောင်အောင်အောင်ဟာ ထက်မြက်ဉာဏ်ကောင်းတဲ့ လူငယ်တစ်ယောက်လို့ ဖော်ပြနေတာပဲ"

စိမ်း ကျေနပ်စွာ ပြုံးလိုက်ပါ၏။ ဘဘဆွေက ကိုအောင့်အား ဤမျှပြောလာပြီဆိုလျှင် မိမိနှင့် သဘောတူကြောင်း ရိပ်မိလောက်ပြီ။

လူဆိုသည်မှာ ဝါသနာတူ၊ စရိုက်တူ၊ အကျင့်တူသူများသည် တစ်ခဏအတွင်း ခင်မင်သွားတတ်သည့် သဘောလည်း ရှိပေသည်။ တစ်ခါမျှ ယခင်က မတွေ့ဘူး၊ မမြင်ဘူး။ မသိဘူးသော အရက်သမားအချင်းချင်း၊ ဖဲသမားအချင်းချင်း တစ်ဝိုင်းတည်း ကြုံကြိုက်တွေ့ဆုံပြီး ခင်မင်သွားကြသူတွေ များစွာရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဆွေသည် အောင်အောင်နှင့် စကားပြောပြီး ကျေနပ်သွားသောအသွင် ဆောင်သည်။

နံရံမှ သံစုံတီး နာရီကြီးကို လှမ်း၍ ဦးမင်းဆွေ ကြည့်လိုက်သည်။

“ဩော် ... သမီး”

“ရှင် ... ဘဘဆွေ”

“ရှစ်နာရီထိုးဖို့ ခြောက်မိနစ်ပဲ လိုတော့တယ်၊ ဦးလှဘူး မျှော်နေတော့မယ်၊ ဘဘ သွားလိုက်ဦးမှကွယ်၊ ရှစ်နာရီ တိတိ လာခဲ့မယ်လို့ ပြောထားပြီးသား ဖြစ်နေတယ်၊ ဘဘရဲ့ပစ္စည်းလေးတွေ ယူပေးတော့ သမီး”

စိမ်း ထပြီး ခေါင်းရင်းဘက် အိပ်ခန်းတစ်ခုသို့ ဝင်သွားသည်။ တစ်ခဏအတွင်း ပြန်ထွက်လာသည်။

စိမ်း လက်ထဲတွင် ချယ်ရီသား တုတ်ကောက်တစ်ချောင်း၊ အညိုရောင် သက္ကလတ်ပါးလောင်းကုတ်အင်္ကျီ၊ သိုးမွေး ခေါင်းစွပ်တစ်လုံးနှင့် လည်သိုင်း မာဖလာတစ်ထည်တို့ ပါလာသည်။

ဦးမင်းဆွေက အားလုံးကို ဝတ်ဆင်လိုက်သည်။

“ဘဘဆွေ ... လောင်းကုတ်အင်္ကျီထဲမှာ ဟိုဟာပါတယ် နော် ဘဘ”

ဦးမင်းဆွေက ခေါင်းညိတ်ပြသည်။

“သိပ်တော့ မိုးမချုပ်ပါစေနဲ့လား ဘဘ၊ အညောင်းမိ အိပ်ရေးပျက်မှာ စိုးလို့ပါ”

“အေးကွယ့် သမီးရဲ့၊ ဘဘလည်း အိမ်ကို နောက်ဆံတင်း ပြီး စောစောပြန်ချင်သား၊ ဒါပေမဲ့ တစ်ခါတလေ နှစ်ပွဲနဲ့



ပွဲမပြတ်ဘူး၊ သုံးပွဲဆက်တဲ့အခါဆိုရင် သူနိုင် ကိုယ်နိုင် စဉ်းစားပြီး ကစားတာ အချိန်သိပ်ကြာတယ်၊ ဒီနေ့ဘက် တင် အလောင်းအစားလေးနဲ့ ကစားမှာဆိုတော့ ပိုပြီး အကြိတ်အနယ်ပဲ၊ အင်းပါလေ၊ ညဆယ်နာရီထက်နောက် မကျအောင် ဘဘ သတိထားပါ့မယ်”

ဦးမင်းဆွေ တံခါးပေါက်သို့ မသွားမီ အောင်အောင့် ကို ရယ်မောရင်း ပြောလိုက်သေးသည်။

“ကဲ ... အိပ်(ခ်)ကျူမီ မောင်အောင်အောင်၊ ဝါသနာဆို တာက တယ်အဆိပ်ပြင်းသကိုးကွ၊ အန်ကယ် ဒီညရှစ်နာရီ မှာ ဒီလမ်းထဲမှာနေတဲ့ ဦးလှဘူးနဲ့ ကစားဖို့ ချိန်းထားပြီး သား၊ ရှုံးတဲ့လူက လေးအောင်စဝင် ကပ်(စ)တန် ဆေးတံ သောက်ဆေးဘူး နိုင်တဲ့လူကို ပေးစတမ်း ဘက်တင်ခေါ် ထားတယ်လေ၊ ကဲ ... မင်းတို့နှစ်ယောက် ရှေ့ရေးတိုင် ပင်စရာလေးတွေ ဆက်တိုင်ပင်ကြပေါ့”

အောင်အောင် ထိုင်ရာမှထကာ ကျိုးနွံစွာ ခေါင်း ညိတ်ပြပေသည်။

ဦးမင်းဆွေအား စိမ်း လက်မောင်းတွဲပြီး ဘာဂျာ တံခါးအဝအထိ လိုက်ပို့ပေးပေသည်။ သော့တွဲကို စိမ်း ကိုင်သွား ခြင်းဖြင့် ဦးမင်းဆွေ သွားပြီးနောက် သံဘာဂျာတံခါးကို သော့ ပြန်ခတ်မည်မှန်း သိသာသည်။

သံဘာဂျာတံခါးသော့ကို စိမ်းက ဖွင့်ပေးနေစဉ် ဦးမင်းဆွေက စိမ်းအား တိုးတိုးလေး ပြောပြပါ၏။

“မောင်အောင်အောင်ကို ဘဘ အကဲခတ်မိသလောက် တော့ လူတော်လူကောင်း တစ်ယောက်ပဲ၊ စိတ်ဓာတ်သော

www.burmeseclassic.com

www.burmeseclassic.com



ထားကောင်းပြီး တည်ကြည်ရဲရင့် သတ္တိရှိတဲ့ အရည်အသွေးတွေကို ဘဘ မြင်တယ်၊ ကျန်တဲ့ အရည်အချင်းတွေကတော့ သမီးက ဘဘကို ပြောထားပြီးသားမို့ သိပြီးသားပဲ သမီး၊ ဘဘ သဘောတူပါတယ်၊ သမီးနဲ့သူ လက်ထပ်ကြဖို့ တိုင်ပင်လို့ ရပါပြီ"

"စိမ်း ဝမ်းသာတယ် ဘဘ၊ နောက်ပြီး ဘဘကို ကျေးဇူးလည်းတင်ပါတယ်"

ဦးမင်းဆွေ ခေါင်းညိတ်ပြပြီး ထွက်သွားတော့သည်။

အောင်အောင်သည် ဦးမင်းဆွေနှင့် စိမ်း ထွက်သွားပြီးနောက် ဆိုဖာတွင် ပြန်ထိုင်သည်။

ဦးမင်းဆွေနှင့် စကားပြောနေစဉ် တစ်လျှောက်လုံး အောင်အောင်သည် လုပ်ငန်းကို မေ့နေမိသည်။ စိတ်တူ သဘောတူ၊ ဝါသနာတူချင်း စကားပြောသည်မို့ ဟန်ဆောင်ခြင်းလုံးဝ မပါဘဲ တကယ်စကားလက်ဆုံကျခြင်းကြောင့်လည်း ဖြစ်သည်။

ပြီး ဦးမင်းဆွေကိုကြည့်ကာ မြင်လျှင်မြင်ချင်း ကြည်ညိုလေးစားထိုက်သော ပုဂ္ဂိုလ်အဖြစ်မြင်ပြီး အလိုလိုကြည်ညိုလေးစားမိခြင်းကြောင့်လည်း ဖြစ်သည်။

ယခု ဦးမင်းဆွေ ထွက်သွားမှ "ဟာ ... ဒီလူကြီး အပြင်ထွက်သွားပြီ၊ ကိုလှိုင်ဘွားတို့လာရင် ဘယ်လိုရှင်းမလဲ" ဟု စိတ်ထဲတွင် ပြန်တွေးမိလာသည်။ ယခုမှ လုပ်ငန်းစိတ်၊ လုပ်ငန်းတာဝန် ခေါင်းထဲပြန်ဝင်လာသည်။

မတတ်နိုင်ပြီ။ မိမိအနေနှင့် ဟန့်တားဖို့ အချိန်မရလိုက်သလို ဖြစ်သွားသည်။ နောင်ခါလာ နောင်ခါချေးဟုသာ စိတ်ထဲတွင် ထားလိုက်တော့သည်။



ယခုအချိန်ထိ အောင်အောင်သည် စိတ်ဒွိဟဖြစ်နေဆဲရှိသည်။

"ကိုယ် အသေခံမလား၊ စိမ်းတို့ကို သတ်မလား"

"ကိုယ်လည်း မသေချင်၊ စိမ်းတို့ကိုလည်း မသတ်ရက်"

စိမ်း ပြန်အလာကိုစောင့်ပြီး ဟိုငေး သည်ငေး ဟိုတွေး သည်တွေးဖြင့် ညှော်ခန်းထောင့်မှ တယ်လီဖုန်းကို လှမ်းမြင်သည်။

အောင်အောင် ထိုင်ရာမှ ထလိုက်ပါ၏။

ယခု နောက်ဆုံးအချိန်တွင် သူ့အား ကယ်တင်နိုင်သူမှာ ရဲအဖွဲ့သာလျှင် ရှိတော့သည်။

အောင်အောင် တယ်လီဖုန်းဆီသွားကာ မ,ယူနားထောင်လိုက်သည်။

ဤအိမ်မှ တယ်လီဖုန်းသည် လုံးဝ သေပြန်လေပြီ။ တယ်လီဖုန်းနားထောင်ခွက်မှ ဘာဆို ဘာသံမျှ ထွက်မလာပေ။

လှိုင်ဘွား လျင်လိုက်ပြန်ပြီကော။

သည်အိမ်မှ ဖုန်းကြိုးကို လှိုင်ဘွားက ဖြတ်ထားနိုင်သွားပြန်လေပြီ။

"ကိုအောင်"

စိမ်း ပြန်ရောက်လာပြီး ဖုန်းကြိုးကိုင်ထားသော အောင်အောင့်ကို ခေါ်လိုက်သည်။

"ကိုအောင်က စိမ်းဆီရောက်နေတာတောင် ဘယ်ကိုများ နောက်ဆံတင်းပြီး ဖုန်းဆက်နေတာလဲ၊ ဆက်မနေနဲ့ ကိုအောင်၊ ညနေကတည်းက ဖုန်းပျက်နေလို့ ဘဘက နက်ဖြန်ဖြစ်ဖြစ် ဒါမှမဟုတ် တနင်္လာနေ့ဖြစ်ဖြစ် သက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာကို စိမ်း သွားပြောပေးဖို့တောင် ပြောသေးတယ်"

"ဘယ်ကိုမှ နောက်ဆံတင်းလို့ မဟုတ်ပါဘူး စိမ်းရယ်၊ ကားအပ်ထားခဲ့တဲ့ ဝပ်ရှော့ကို ဆက်ကြည့်တာပါ၊ ဟုတ်တယ်နော် ... ဆက်လို့မရဘူး၊ ပျက်နေတယ်"

အောင်အောင်သည် ဖုန်းကိုပြန်ချထားပြီး စိမ်းဆီသို့ပြန်လာခဲ့သည်။

ချစ်သူတွေ့တော့လည်း ချစ်စိတ်တွေ ဆူဝေလာသည်။

ဤအိမ်ကြီးတွင် ညအိပ်အလုပ်သမား တစ်ယောက်မှ မထားကြောင်း အောင်အောင် သိထားသည်။ စိမ်းနှင့်သူ နှစ်ယောက်တည်း။

❖ ✧ ❖



# ( ၁၆ )

"ဟင် ... ကိုအောင်"

"ဘာလဲ စိမ်း၊ ဘာလို့လဲဟင်"

"ဘာဘဆွေ ပြန်လာခါနီးပြီလေ၊ နှစ်ပွဲနဲ့ ပြတ်သွားရင် ကိုးနာရီသာသာလောက် ပြန်လာမယ်လို့ ပြောသွားတယ် မဟုတ်လား၊ ဘာဘ ပြန်လာလို့ ကိုအောင်နဲ့စိမ်း နှစ်ယောက် ထိုင်ဆိုဖာမှာတွေ့ရင် ဘယ်ကောင်းမလဲ၊ လူကြီးကို မရိုမသေရာ ရောက်သွားမယ်၊ ထတော့ ကိုအောင်"

"အခု ဘယ်နှနာရီ ထိုးသေးလို့လဲ စိမ်းရယ်"

"ကိုးနာရီခွဲတော့မယ် ကိုအောင်ရေ့၊ ဘယ်နှနာရီကြာမှန်းတောင် မသိတော့ဘူးလား"

"ဟင် ... ကိုးနာရီခွဲ ဟုတ်လား"

အောင်အောင်သည် ကျဉ်စက်နှင့် အတို့ခံလိုက်ရသည့်အလား ဝုန်းခနဲ ထရပ်လိုက်သည်။

"အဲဒါက ဘာဖြစ်သွားတာလဲ ကိုအောင်၊ ကင်းကိုက်ခိုက်တာ ကျနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင် နံရံကပ်သံစုံမြည်နာရီကြီးကို လှမ်းကြည့်သည်။ ကိုးနာရီနှင့် မိနစ်နှစ်ဆယ်သို့ ညွှန်ပြနေပါ၏။

သူ့လက်တွင်ပတ်ထားသော နာရီကို အောင်အောင် ထပ်ကြည့်ပြန်သည်။

(၉)နာရီ (၂၅)မိနစ်။

အောင်အောင့် နာရီကပင် ကိုးနာရီခွဲရန် ငါးမိနစ်သာ လိုတော့သည်။ သည်အိမ်က နာရီကြီးထက် ငါးမိနစ်ပိုမြန်နေသည်။

သို့သော် အောင်အောင်၏ လက်ပတ်နာရီကိုသာ အတည်ယူရမည်ဖြစ်သည်။ ကိုလှိုင်ဘွားနှင့်နာရီတိုက်စဉ်က မိမိလက်ပတ်နာရီဖြင့် အချိန်တိုက်ထားခြင်းဖြစ်သည်။

ဘုရား ... ဘုရား၊ ကိုလှိုင်ဘွား ရောက်လာဖို့ ငါးမိနစ်သာ လိုပါတော့လား။

"ကိုအောင် နေဦးနော်၊ စိမ်း အဝတ်တွေ တွန့်ကြေနေတယ်၊ စိမ်းတစ်ကိုယ်လုံး မသပ်မရပ်လည်း ဖြစ်နေတယ်၊ ခဏလေး စောင့်နော်"

စိမ်းက ပြောပြောဆိုဆို ခြေရင်းဘက်ရှိ သူမ၏ အိပ်ခန်းသို့ ဝင်သွားသည်။

ခုချိန်ထိ အောင်အောင် ဘာလုပ်ရမှန်း မသိသေး။ ကိုလှိုင်ဘွားတို့ ရောက်လာဖို့ကလည်း မိနစ်ပိုင်းသာ လိုတော့သည်။

အောင်အောင် ချက်ချင်း စဉ်းစားဆုံးဖြတ်လိုက်ပါ၏။ စိမ်း ပြန်ထွက်လာလျှင် စိမ်း၏လည်တိုင်မှ အစိမ်းရောင်ယှက်သန်းနေသော အကြောတစ်ခုကို ရှာဖွေပြီး ဖိနှိပ်ရပေမည်။



မေ့ကြောကို နှိပ်ခြင်းဖြစ်ပေသည်။

သဘော်လိုက်စဉ်က တိဗက်သဘော်သားကြီး သင်ပေးသော အတတ်ပညာကို ယခု သုံးရမည်။

စိမ်း တင်းနစ်ကွင်းတွင် လဲကျခြေခေါက်စဉ်ကလည်း ထိုပညာကို အသုံးပြုပြီး ပျောက်စေခဲ့သည်သာ။

"ဟေး ... ကိုအောင်၊ ဘာဖြစ်နေတာလဲ"

စိမ်း ပြန်ထွက်လာသည်။ အဝတ်အစားလဲပြီး ပေါင်ဒါပါးပါးလေး ဖို့လာသဖြင့် လှနေပြန်သည်။

စိမ်း သူ့ဆီသို့ တိုးကပ်လာသည်။

"ကြည့်စမ်း၊ မျက်နှာကြီးမှာ ချွေးစေးတွေထွက်ပြီး ပြောင်လက်နေတာပဲ၊ အံကြီးကြိတ်ထားတာလည် ကြောက်စရာ၊ ကိုအောင် ဘာဖြစ်နေတာလဲဟင်၊ ခုနလည်း ဆိုဖာပေါ်က ငေါက်ခနဲ ထထိုင်လိုက်ပုံက အဆန်းပဲ"

အောင်အောင် ဘာမျှမပြောဘဲ စိမ်းကိုဖက်ပြီး ရင်ခွင်ချင်းအပ်လိုက်သည်။ ပြီး အောင်အောင်၏ လက်တစ်ဖက်က စိမ်း၏လည်တိုင်မှ သွေးကြောကို သူ၏လက်ချောင်းဖြင့် ရှစ်တက်ရှာဖွေသည်။

စိမ် ချက်ချင်း ရိပ်မိသည်။

ယခု အောင်အောင်က ရင်ခွင်ထဲ ဆွဲသွင်းသည်မှာ ချစ်ခင်ယုယခြင်းမျိုး မဟုတ်ဘဲ ချုပ်ကိုင်သည့်သဘောမှန်း သိသာသည်။ ပြီး အောင်အောင်၏ မျက်နှာကြီးက ကြောက်စရာကောင်းအောင် မှုပျက်နေသည်။

"ဒါ ဘာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် ပြောမယ် စိမ်း၊ သေချာနားထောင်ပါ၊ လောလောဆယ် ဓာတ်ကြောင်းရှည်ကြီးကို ကိုယ်ရှင်းပြချိန်မရဘူး၊ ဒီအိမ်ထဲကို အခု မိနစ်ပိုင်းအတွင်းမှာပဲ လူဆိုးသုံးယောက် လာလိမ့်မယ်၊ လောကကြီးမှာ အရက်စက်ဆုံးနဲ့ အယုတ်မာဆုံးလူက ခေါင်းဆောင်ပဲ၊ သူတို့က ..."

"လွှတ် ... လွှတ်၊ ရှင် ..."

"နားထောင်ပါ စိမ်း၊ သူတို့က ဦးမင်းဆွေရဲ့ ငွေတိုက်ကြီးကို ဖောက်လိမ့်မယ်၊ စိမ်းနဲ့ ဦးမင်းဆွေကို အရှင်အတိုင်းတွေ့ရင် သတ်ပစ်ကြမှာ သေချာတယ်၊ ဒီတော့"

"လွှတ် ... လွှတ်၊ ဒါဆို ရှင်လည်း လူဆိုးပဲ၊ လူယုတ်မာပဲ၊ သူတို့နဲ့ပေါင်းပြီး ဘာဘရဲ့ငွေတိုက် ..."

စိမ်းက ရုန်းကန်ရင်း ပြောနေစဉ်မှာပင် အောင်အောင်က စိမ်း၏အကြောကို စမ်းမိပြီး နှိပ်လိုက်သည်။

မေ့ကြောကို နှိပ်မိပေပြီ။

"အို ... အမေ့"

ဟု ညည်းတွားသံလေးနှင့်အတူ စိမ်း သတိမေ့သွားသည်။

သတိမေ့သွားပြီဖြစ်သော စိမ်းကို ညော်ခန်းကြမ်းပြင်မှာပင် မှောက်လျက်သားလေး ချထားလိုက်သည်။ ပက်လက်ထားပါက အသက်ရှူလျှင် ရင်ညွန့်မို့ခြင်း၊ ဝမ်းဗိုက်အနိမ့်အမြင့်ဖြစ်ခြင်းကြောင့် မသေသေးမှန်း သိနိုင်သည်။

မှောက်လျက်သားကိုပင် လက်ကားရား ခြေကားရား ပုံစံဖြစ်အောင် ထားရသေးသည်။



သို့မှသာ မြင်ရုံဖြင့် ဤမိန်းကလေး သေပြီဟု မြင်သူယုံကြည်စေရန် ဖြစ်သည်။

"ဒင် ... ဒေါင် ... ဒင် ... ဒေါင်"

ကိုးနာရီခွဲသည်နှင့် နာရီဝက်တစ်ကြိမ်မြည်သော နံရံမှ သံစုံကျူးနာရီက မြည်တီးလိုက်သည်။

ဒါတောင်မှ အောင်အောင်၏ လက်ပတ်နာရီနှင့်စာလျှင် ငါးမိနစ်နောက်ကျပြီး မြည်ခြင်းဖြစ်သည်။

အောင်အောင်သည် သော့တွဲကို ဖြုတ်ယူကာ သံဘာဂျာတံခါးရှိရာသို့ ရောက်သွားသည်နှင့် ကိုလှိုင်ဘွားနှင့် သူ့တပည့်ချာလီတို့ ခြံထဲလျှောက်ဝင်လာသည်ကို လှမ်းမြင်ရသည်။

"ဖွင့်စမ်းကွာ မြန်မြန်"

"ဟ ... ဘယ်လိုဖြစ်လာတာလဲ၊ ဖွင့်နေတာ မြင်သားနဲ့၊ ဥဖြူဆို ပွင့်သွားတာ မဟုတ်ဘူး၊ သော့တံထိုးပြီးမှ လှည့်ဖွင့်ရတာ"

တံခါးပွင့်သွားသည်နှင့် ကိုလှိုင်ဘွားနှင့် သူ့တပည့်ချာလီ အတင်းရော အဓမ္မရော တိုးဝင်လာသည်။

"တောက် ... ဒီနေ့ညကျမှပဲ ရဲအုပ်ကိုတိုက်စိုး ဒီနေရာကို ဘာလို့ရောက်နေလဲ မသိဘူး"

"ဘာဗျ ကိုလှိုင်ဘွား၊ ဒီနေရာမှာ ရဲအုပ်ကိုတိုက်စိုးအဖွဲ့ ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒီရဲအုပ် သိပ်လျင်တယ်၊ ကားရပ်ပြီး မှောင်ထဲက ဘာကိုချောင်းနေလဲ မသိဘူး၊ ဒါကြောင့် တို့ကားကို ဘုရားလမ်းပေါ်မှာ ရပ်ထားခဲ့ရပြီး ဒီကို လူချည်းရောက်အောင် လာရတာ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အချိန်ငါးမိနစ် နောက်ကျမှ ရောက်လာခြင်းမှာ ရဲအုပ်ကိုတိုက်စိုးကို ရှောင်ကွင်းပြီး လာရသောကြောင့်ဟု အောင်အောင် သဘောပေါက်ရပါ၏။

"ဘယ့်နှယ်လဲ မင်းတာဝန်ကိစ္စ"

"အဲဒီစကြီးက မှန်ကာထားတဲ့ ဧည့်ခန်းကို လှမ်းကြည့်လေဗျာ၊ ကောင်မလေး ကြွသွားပြီ"

ကိုလှိုင်ဘွား လှမ်းကြည့်သည်။ မှောက်လျက်သား ကိုးရိုးကားရား အနေအထားနှင့် စိမ်းကို မြင်ရသည်။

"စိန်လက်ဝါးကော ဒီကိုမရောက်သေးဘူးလား အောင်အောင်"

"မရောက်သေးဘူး"

"တောက်"

ကိုလှိုင်ဘွား မကျေမနပ် တောက်ခတ်သည်။ သူ့တပည့် ချာလီက သူ့အံထင်ကို ပြောပြလိုက်သည်။

"စိန်လက်ဝါးက သူ့ရဲ့ဖောက်ထွင်းဖောက်ခွဲ ကိရိယာအိတ်ကြီးနဲ့ မဟုတ်လား ဆော့စ်၊ ဒီတော့ ရဲအုပ် ကိုတိုက်စိုးအဖွဲ့ကို သူ ရှောင်တိမ်းပြီးမှ လာရမှာမို့ နောက်ကျတာဖြစ်မယ်"

"အင်း... ငါအံ့သြနေတာက ရဲအုပ်ကိုတိုက်စိုးဟာ သတင်းတစ်ခု အခိုင်အမာ မရဘဲ ဒီလိုအချိန်ဖြုန်းတဲ့အကျင့် မရှိတာ သေချာတယ်၊ သူ သတင်းတစ်ခုခုရလို့ လာချောင်းတာပဲ ဖြစ်မယ်၊ အေး ... တို့လုပ်ငန်းသတင်းရလို့ မဟုတ်မှန်းတော့ ငါ လောင်းရဲတယ်"



"ကျွန်တော်တို့ လုပ်ငန်းသတင်းကြောင့် မဟုတ်ဘူး ဆော့စ်၊ ကျွန်တော် ကြားထားတဲ့ သတင်းတစ်ခုတော့ ရှိတယ်"

"ဘာလဲ ... မင်းကြားတာ"

"သာနီးတို့အဖွဲ့ဟာ ဗိုလ်ချုပ်ဈေးကို ဖောက်မယ်လို့ သတင်းထွက်နေတာ သုံးရက်ရှိပြီ၊ အဲဒီသတင်းနဲ့ ပတ်သက်ပြီး ဦးတိုက်စိုးက သာနီးကို လာချောင်းတာ ဖြစ်နိုင်တယ်၊ ဒီဘက်တံတားကြီးကတက်ပြီး ဆင်းလိုက်တာနဲ့ ဗိုလ်ချုပ်ဈေးထဲကို ရောက်နေတာ မဟုတ်လား"

"အေး ... မင်းပြောတာ ဖြစ်နိုင်တယ်၊ အခု လာရင်း ကိုတိုက်စိုးတို့အဖွဲ့ကို သတိထားကြည့်ခဲ့တော့ ဗိုလ်ချုပ်ဈေးဘက်ကို ကားခေါင်းလှည့်ထားပြီး အဲဒီကို အာရုံစိုက်နေတာ ငါတွေ့ခဲ့တယ်"

ကိုလှိုင်ဘွားသည် စိန်လက်ဝါးကိုစောင့်ရင်း ဧည့်ခန်းထဲ ကော်ဇောပေါ်လဲကျနေသည့် စိမ်းကို ထပ်ကြည့်ဖြန့်သည်။

"ဒီမယ် ... ကောင်မလေး ဟိုမှာလဲကျနေတာကိုတော့ ငါမြင်ရပြီ၊ ဟိုအဘိုးကြီးကကော၊ ဦးမင်းဆွေလေ"

"အဘိုးကြီး ပြန်မရောက်သေးဘူး"

"ဘာကွ အောင်အောင်၊ အဘိုးကြီးက ဘယ်သွားလို့ ပြန်မရောက်သေးတာလဲ၊ ဒါနဲ့ မင်းပြောတော့ မင်းကို အဘိုးကြီးက အင်တာဗျူးချင်လို့ မင်း လာခွင့်ရတာဆို၊ မင်းနဲ့ အဘိုးကြီး မတွေ့လိုက်ဘူးလား"

"တွေ့သွားပဲ၊ ဒါပေမဲ့ ကျုပ် ဘယ်လိုလုပ်ရပါ့မလဲလို့ စိတ်ကူးနေတုန်းမှာပဲ အဘိုးကြီးက ဒီလမ်းထဲက အိမ်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



စစ်တုရင်ကစားဖို့ဆိုပြီး ထွက်သွားတယ်၊ ကျုပ် ဘယ်လိုမှ ဟန့်တားနိုင်ခွင့် မရလိုက်ဘူး။ ညဆယ်နာရီမထိုးခင် ပြန်လာမယ် ပြောတယ်"

"ဒါဆို မင်းညံ့တယ်"

"ဟုတ်ကဲ့ ... ကျုပ်က ညံ့တယ်၊ ခင်ဗျားက လျှော်တယ် ပေါ့ ကိုလှိုင်ဘွား"

"ငါက လျှော်တယ် ဟုတ်လား၊ မင်းက ဘာလို့ ငါ့ကို လျှော်တယ်လို့ စွပ်စွဲနိုင်မှာလဲ"

"ခင်ဗျားလျှော်လို့ အခု ရဲအုပ်ကိုတိုက်စိုးနဲ့ လာပြီးတိုးနေတာပေါ့၊ တကယ်လို့သာ ခင်ဗျားတော်ရင် ဒီည ရဲအုပ်ကိုတိုက်စိုးအဖွဲ့က ဒီလမ်းထဲမှာ ရှိနေမယ်ဆိုတာ ခင်ဗျား ကြိုတင်သိတင်းရဖို့ ကောင်းတာပေါ့"

"တော်စမ်းပါ အောင်အောင်ရာ၊ မင်းက ဒီလောက အကြောင်း ဘာနားမလည် ညာနားမလည်နဲ့ ငါ့ကိုလျှော်တယ်လို့ ပြောသေးတယ်၊ ဒီမယ် ... မင်း မှတ်ထား၊ ငါ့ အနေနဲ့ ဘယ်လိုသတင်းမျိုးမဆို ကြိုတင်ရအောင် စုံစမ်းနိုင်ပေမယ့် ရဲအရာရှိတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကိုတော့ ငါ စုံစမ်းဖို့ မလွယ်ဘူး ... သိလား၊ ရဲဆီက သတင်းရဖို့ ဆိုတာ နွားထီးကို နို့ညှစ်လို့သာရချင်ရမယ်၊ ရဲဆီကပေါက် ကြားပြီးရဖို့ သိပ်ခက်တယ်"

အောင်အောင်က ဘာမျှပြန်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ အမြဲတမ်း လှုပ်ရှားနေသော ကိုလှိုင်ဘွားက ထပ်တွန့်လာပြန်သည်။



"စိန်လက်ဝါးကို စောင့်ရင်း ငါ ဟိုကောင်မလေးဆီသွား ကြည့်မယ်၊ တကယ်သေရဲ့လားဆိုတာ ငါကိုယ်တိုင်စစ် ဆေးချင်တယ်"

ဟိုက်ခနဲ အောင်အောင် ရင်ထဲ ဖြစ်သွားရသည်။ ကိုလှိုင်ဘွား သွားစစ်ဆေးကြည့်လို့ စိမ်း မသေသေးမှန်း သိသွား လျှင် ပြဿနာ အကြီးကြီး ဖြစ်တော့မည်။

"ခက်ပါလား ကိုလှိုင်ဘွား၊ ခင်ဗျားက ဘယ်သူ့အပေါ်မှာ ဖြစ်ဖြစ် ယုံကြည်စိတ် ခေါင်းပါးလွန်းတယ်"

"ဒီမယ် ... လုပ်ငန်းခေါင်းဆောင်ဆိုတာ ကိုယ်ခိုင်းထား တဲ့ကိစ္စကို သေချာပြန်စစ်ဆေးရတယ်ကွ၊ အဲဒါ လုပ်ငန်း ခေါင်းဆောင်ရဲ့ တာဝန်"

"ဒါဆို သွားကြည့်ဗျာ၊ သေထားလို့ အခုဆိုရင်တောင့်နေ ပြီလားတောင် မသိဘူး၊ အဲဒီ ကော်ရစ်ဒါက လျှောက်သွား ရင် ဧည့်ခန်းတံခါးကို ရောက်တယ်"

"ဒါဆို လာ၊ မင်းပါ လိုက်ခဲ့"

အောင်အောင် ပခုံးတွန့်လိုက်မိတော့သည်။ ထိပ် တိုက်ကြီးမို့ ရှောင်လွှဲ၍မရတော့ပြီ။

"သွားလေ ရှေ့က၊ ကျုပ် လိုက်မှာပေါ့"

ဧည့်ခန်းထဲ ရောက်ပြီးလေမှ စိမ်း မသေသေးသည် ကို ကိုလှိုင်ဘွား တွေ့ပြီးလျှင် ဘာဆက်လုပ်မည်နည်း။ သူ့ကိုယ် တိုင် စိမ်းကို သတ်မလား။ ဒါမှမဟုတ် မိမိကို သူက သတ်မ လား။ ဒါမှ မဟုတ်သေးလျှင် စိမ်းကိုရော၊ မိမိကိုရော သူသတ် မည်လား။ ကိုလှိုင်ဘွား တစ်ခုခု လုပ်တော့မည်။ ကိစ္စမှာ မိမိ အတွက် တစ်ခုမှ အကောင်းဖြစ်မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မတတ်သာလျှင် ကိုလှိုင်ဘွားကိုပင် မိမိက သတ်ပစ်ရန် ကြိုးစားရတော့မည်သာ။ နောက်ပိုင်း ဘာဖြစ်ဖြစ် မတတ်နိုင်တော့ပြီ။

ဧည့်ခန်းဆီသို့ ကိုလှိုင်ဘွား ခြေလှမ်းလိုက်သည်။

"သော့စ် ... ဟိုမှာ ကိုစိန်လက်ဝါး လာနေပြီလေ"

ကိုလှိုင်ဘွား၏ ခြေလှမ်း ချက်ချင်း နောက်သို့ပြန်လှည့်လာသည်။

ဟုတ်ပေ၏။ ကိုစိန်လက်ဝါးသည် ကင်းဗတ်အိတ် အထူစား အိတ်ကြီးတစ်လုံးဆွဲပြီး ပျာယီးပျာယာ အမူအရာဖြင့် ရောက်လာသည်ကို တွေ့ရသည်။

"အာပါး ... ရဲအုပ်ကိုတိုက်စိုးလေ အဖွဲ့နဲ့ရောက်နေတယ်၊ သူ့ကိုရှောင်ပြီး လွတ်အောင်လာရတယ်၊ ကဲ ... ကိုလှိုင်ဘွား၊ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး၊ ဘယ်မှာလဲ ဖောက်ရမယ့်အခန်း၊ ဖောက်ပြီး ပစ္စည်းတွေရပြီး မြန်မြန်လစ်ရမယ်"

ကိုလှိုင်ဘွားသည် စိမ်းကို စစ်ဆေးဖို့ မေ့လျော့သွားပြီ။ သူ၏အိတ်ထဲမှ မြေပုံစာရွက်ကိုထုတ်ကာ မြေပုံညွှန်းအတိုင်း ဖောက်ထွင်းမည့် ဦးမင်းဆွေ၏ သီးသန့်စာကြည့်ခန်းဆီသို့ ရှေ့ဆောင်ပြီး ဝင်ခဲ့သည်။

စာကြည့်ခန်းထဲမှ တစ်ဆင့် ငွေတိုက်ခန်းသို့ အုတ်လှေကားသုံးထစ် ထပ်ဆင်းပြီးမှ ငွေတိုက်တံခါးကို တွေ့ရသည်။ တံခါးကို စိန်လက်ဝါးက စစ်ဆေးသည်။

"တံခါးကတော့ မလွယ်ဘူး ကိုလှိုင်ဘွား၊ သံမဏိအပါးစား ဆိုပေမယ့် သံမဏိအမျိုးအစား တော်တော်ကောင်းနေ



တယ်၊ ကျုပ်မှာရှိတဲ့လွန်ပူ ဒီသံမဏိကို မစားနိုင်ဘူး၊ အဲ... ကျုပ် တီထွင်ထားတဲ့ ပေါက်ကွဲဘူးနဲ့ ဖွင့်ရင်တော့ တံခါးကွေးကောက်သွားပြီး သော့ချက်ပြုတ်သွားနိုင်စရာရှိတယ်၊ အခန်းကတော့ အသံလုံခန်းပဲ"

"ဘယ်ဖြစ်မလဲ၊ ပေါက်ကွဲသံဟာ မတော်တဆ ကျယ်လောင်သွားရင် လမ်းထဲမှာ ကိုတိုက်စိုးတို့ ~ရဲအဖွဲ့က ရှိနေတော့ ချက်ချင်း ဒီဘက်ကို ရောက်လာနိုင်တယ်၊ ဒီပြင်နည်း ကြံပါဦး ကိုစိန်လက်ဝါး"

"ဒီပြင်နည်း ဆိုရင်တော့ အုတ်နံရံကို ဖောက်ရမှာပဲ၊ အုတ်နံရံကလည်း ဆယ့်တစ်လက်မထု ရှိနိုင်လောက်တယ်၊ အချိန်ကြာမယ်၊ လွန်ကို တစ်လှည့်စီ ဖိအားပေးကိုင်ရမယ်"

"ရတယ်လေ၊ ချာလီရော ကျုပ်ရော ဖိကိုင်ပေးမယ်၊ အောင်အောင်ကတော့ မင်းတာဝန် မပြီးသေးဘူး၊ ဦးမင်းဆွေ ပြန်လာတာစောင့်ပြီး မင်းတာဝန်ကို မင်း လက်စသတ် ပြီးစီးအောင် လုပ်ပေးဖို့ ကျန်သေးတယ်"

အုတ်နံရံကို ကိုစိန်လက်ဝါးက ခဲကြောင်းဆွဲလိုက်သည်။ ခဲကြောင်းမှာ လူတစ်ယောက် ကုန်းပြီးဝင်နိုင်လောက် စက်ဝိုင်းပုံ ဖြစ်သည်။

ထိုခဲကြောင်းအတိုင်း လွန်ပူကို လျှပ်စစ်ပလပ်ထိုးကာ စတင်ဖောက်တော့သည်။

တရှီးရှီး တရှဲရှဲ အသံတွေ ထွက်လာသည်။ အုတ်ကို ထိုးဖောက်သဖြင့် အုတ်အစအနများ ကြမ်းပေါ်သို့ ကျလာသည်။ ချာလီက အုတ်အစအနများကိုယက်ပြီး တစ်နေရာတွင် စုပုံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင်သည် သူတို့အနားတွင် နေရသော်လည်း စိမ်းကို စိတ်မချ ဖြစ်နေသည်။

ဒီဟာ မေ့ကြောကွ၊ နှိပ်လိုက်ရင် သတိမေ့သွားရော ဟု တိဗက်သင်္ဘောသားကြီးက သင်ပြပေးခဲ့သည်။ ကိုယ့်လက်ဆအရ မည်မျှနှိပ်လိုက်လျှင် မည်မျှအချိန်ကြာသည်အထိ သတိမေ့နေစေသည်ဟုလည်း တိဗက်သင်္ဘောသားကြီးက သင်ပြပါ၏။

သို့သော် အောင်အောင်သည် သူ၏လက်ဆကိုတစ်ကြိမ်မျှ မစမ်းသပ်ခဲ့ဖူးသေးပေ။ လူတစ်ယောက်ကို ကိုယ်စမ်းသပ်ရုံမျှနှင့် နှိပ်လိုက်၊ လက်ဆမှတ်ထားလိုက်၊ မေ့နေသော နာရီကို ကြည့်လိုက်ဖြင့် လက်တွေ့စမ်းသပ်ရန် ခက်ခဲလှသည်။ အဘယ်သူသည် အနှိပ်ခံလိုက် မေ့သွားလိုက် လုပ်သည်ကို လက်ခံချင်ပါမည်နည်း။

စိမ်းကို သိပ်နာကျင်သွားမည်စိုး၍ အောင်အောင်၏ နှိပ်ချက်သည် ပျော့ကော့င်း ပျော့ပေမည်။

အကယ်၍ စိမ်းသည် ယခု လောလောဆယ် သတိပြန်ရပြီး ဆူဆူညံညံ အော်အော်ဟစ်ဟစ်တွေ လုပ်လာလျှင် ပြဿနာ။ ပြဿနာမှ တကယ့်ပြဿနာ။ ဒါဆို လှိုင်ဘွားက စိမ်းကို တကယ်အသေသတ်ပစ်ပေမည်။ မိမိလည်း သက်သာမည် မဟုတ်။

ကိုယ့်ဟာကိုယ် စိမ်းထံသို့လည်း ထမသွားရဲ၊ မိမိထလိုက်သည်နှင့် ကိုလှိုင်ဘွားက အမေးအမြန်း အစစ်အဆေးတွေ ရှိလာမည်မှာ သေချာသည်။

"ဟော့ ... အောင်အောင်၊ မင်းအဘိုးကြီး ဦးမင်းဆွေ ဘယ်အချိန်ပြန်လာမှာလဲ"



"ဆယ်နာရီလို့ ပြောတာပဲ"

"မင်းဟာ ဟုတ်မှဟုတ်ရဲ့လား အောင်အောင်၊ မင်းအဘိုးကြီးကို မသတ်ဘဲ အပြင်သွားခိုင်းလိုက်တာဟာ တို့အပေါ် မကောင်းတဲ့ အကြံအစည်တစ်ခုခုနဲ့များ လွှတ်လိုက်တာလား"

"ခင်ဗျားက အတွေးခေါင်တယ်၊ လူတစ်ဖက်သားကို ယုံကြည်မှု မရှိသလောက် နည်းတယ်၊ ဒါပေမဲ့ ဦးနှောက်မရှိဘူး"

"ဘာကွ၊ မင်းက ငါ့ကို"

"ခင်ဗျား စဉ်းစားကြည့်ပါလား၊ အခု ခင်ဗျားတို့အိမ်ထဲ ရောက်လာပြီး ငွေတိုက်ကိုတောင် ဖောက်နေပြီ၊ လမ်းပေါ်မှာလည်း ဦးတိုက်စိုး ရောက်နေတယ်၊ အဘိုးကြီးကိုသာ ကျုပ်က အကြံတစ်ခုခုနဲ့ လွှတ်လိုက်ရင် အဘိုးကြီးက ဦးတိုက်စိုးကို အဆင်သင့်တွေ့ပြီး ခေါ်လာလို့ ခင်ဗျားတို့ ကားခနဲ မိပြီပေါ့"

"မှန်တယ်၊ အောင်အောင့်ဘက်က ကျုပ် ထောက်ခံတယ်၊ အဘိုးကြီးသာ ကလီကမာနဲ့ သွားတာဆိုရင် ရဲအုပ်တိုက်စိုးလက်ထဲ ကျုပ်တို့ ခုလောက်ဆို ရောက်ပြီပေါ့၊ ကျုပ်ယုံကြည်တာတော့ အဘိုးကြီး သူ့ဟာသူ စစ်တုရင်သွားထိုးတယ်ဆိုတာလည်း မှန်မယ်၊ ရဲအုပ်တိုက်စိုးတို့ကလည်း မိုလ်ချုပ်ဈေးဖောက်မယ် ဆိုတဲ့ သာနိုးကို လာချောင်းတာဖြစ်မယ်၊ နို့မဟုတ်ရင် ကျုပ်တို့ကို ဖမ်းပြီပေါ့၊ အဲ ... ခင်ဗျား စိတ်ချမ်းသာဖို့ ကျုပ် တစ်ခုတော့ပြောမယ်၊ သာနိုးကို ကျုပ်တို့အားလုံး နာမည်ပေးထားတာ သန်းခေါင်လို့ ပေးထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ သန်းခေါင်လို့ ပေးတာလဲ"

ဟု ကိုလှိုင်ဘွားက မြန်မေးသည်။

"သာနီးဟာ သူ အလုပ်တစ်ခု ကြံစည်ပြီဆိုရင် ညသန်းခေါင် ညတစ်ဆယ့်နှစ်နာရီအထိပဲ ကြံစည်လုပ်ဆောင်တယ်၊ သူ့အကြောင်းနဲ့သူ ဘာလို့မှန်းတော့ မသိဘူး၊ သာနီးအကျင့်က ညသန်းခေါင် ဆယ့်နှစ်နာရီ ထိုးလို့မှ လုပ်ငန်းမအောင်မြင်ရင် အလုပ်သိမ်းပြီး ပြန်သွားလေ့ရှိတယ်၊ ဘယ်တော့မှ သန်းခေါင်ကျော်တဲ့အထိ အလုပ်မလုပ်ဘူး၊ ဒါ့ကြောင့် သူ့ကို ကျုပ်တို့ ဓာတ်သိတွေက သန်းခေါင်လို့ နာမည်ပေးထားတယ်"

"အဲဒါနဲ့ ကျုပ် ဝမ်းသာစရာရှိတယ် ဆိုတာနဲ့ ဘာဆိုင်လဲ ကိုစိန်လက်ဝါး"

"သိပ်ဆိုင်တာပေါ့။ သာနီး အကြောင်းကို ရဲအုပ်တိုက်စိုးက သိနေတာပဲ၊ သန်းခေါင်ကျော်လို့မှ ဗိုလ်ချုပ်ဈေး ဘာမှ မဖြစ်ရင် တိုက်စိုးကလည်း ပြန်သွားမှာပဲ၊ ဒီည သာနီး မလုပ်တော့ဘူးဆိုတာ အလိုလို နားလည်သွားမယ်၊ တိုက်စိုး ပြန်သွားပြီဆိုရင် ကျုပ်တို့က ဒီက အထွက်ချောင်တာပေါ့"

လှိုင်ဘွားက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဒါဆို ဝမ်းသာစရာကြီးပေါ့၊ ကဲ … အောင်အောင်၊ မင်း အဘိုးကြီး ပြန်လာဖို့ မိနစ်ပိုင်းပဲ လိုတော့တယ်၊ မင်း တာဝန် မင်းဆက်လုပ်၊ တာဝန်ကျေပါစေနော်၊ ဒါပဲ ငါ ပြောလိုက်မယ်"

အောင်အောင် သူတို့ဆီမှ ထလာခဲ့သည်။ စိမ်းကို ထားခဲ့ရာ ဧည့်ခန်းသို့ အောင်အောင် ဝင်လိုက်သည်နှင့် …



"ဟာ … စိမ်း၊ စိမ်း ဒီလိုမလုပ်နဲ့လေ"

စိမ်းသည် သတိရရုံမက ဧည့်ခန်းထဲတွင် ဖန်သားပန်းအိုးရှည်မျောမျောလေးကို ယူကိုင်ကာ မှန်ချပ်ကြီးကို ရိုက်ခွဲဖို့ ဟန်ပြင်နေသည်။ စိမ်းသည် မှန်ကိုရိုက်ခွဲပြီး မှန်ပေါက်မှ အကူအညီ အော်ဟစ်တောင်းရန်လည်းကောင်း သို့မဟုတ် မှန်ပေါက်မှ ထွက်ပြေးရန် ကြံစည်သည်လည်းကောင်း ဖြစ်ပေမည်။

အောင်အောင်သည် အပြေးအလွှား စိမ်းဆီသို့ ရောက်သွားသည်။ မှန်ကိုရိုက်ခွဲ၍ အသံတွေ ထွက်လာသည်နှင့် ကိုလှိုင်ဘွား ရောက်လာပြီး စိမ်းကိုရော မိမိကိုပါ ပစ်သတ်မည်မှာသေချာသည်။ ကိုလှိုင်ဘွားသည် အမြဲတမ်း ပစ္စတိုသေနတ် ဆောင်ထားသူ ဖြစ်ပါ၏။

"သွား … ရှင် အနားမလာနဲ့၊ ရှင် လူယုတ်မာ"

စိမ်းက အော်ပြောလိုက်သည်ကို အောင်အောင်တသူ၏နှုတ်ခမ်းကို လက်ညှိုးကန့်လန့်ဖြတ်ပြီး ရှူးခနဲ တိုးတိုးပြောရန် သင်္ကေတပြလိုက်သည်။

"ဟုတ်ပါတယ် စိမ်း၊ ကိုယ် လူယုတ်မာပါလို့ ဝန်ခံပါတယ်၊ ဒါပေမဲ့ အခု လတ်တလောမှာ ဒီအခန်းထဲက ဘာသံမှမထွက်စေနဲ့ စိမ်း၊ သူတို့အားလုံး စာကြည့်ခန်းထဲတတစ်ဆင့် ငွေတိုက်ကို ဖောက်နေကြပြီ၊ သူတို့ လွန်ရှာဖြီးနေသံ စိမ်း ကြားမှာပေါ့၊ အမှန်တော့ စိမ်းနဲ့ စိမ်းရဲ့ဘဘဆွေကို သတ်ပေးရမယ်လို့ ကိုယ့်ကို တာဝန်ပေးထားတယ်၊ ကိုယ့်အနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် သူတို့ကိုဆန့်ဆန်နိုင်တဲ့ အခြေအနေမှာ ရှိတယ်၊ ဒါပေမဲ့ စိမ်းတို့

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ကိုယ် မသတ်ရက်ဘူး၊ စိမ်းကို ကိုယ် တကယ်ချစ်မိလို့ပဲ”

“သွားစမ်းပါ၊ ခုချိန်ထိ ဒီစကားပြောတာ ရှင့်ကိုယ်စောင့်နတ်ကို ရှင် မရှက်ဘူးလား၊ စိမ်းကတော့ ရှင့်လိုလူယုတ်မာကို မုန်းတယ်”

အောင်အောင်၏ ရင်ထဲတွင် ကျင်ခနဲလည်း ခံစားရသည်။ နင့်ခနဲလည်း ခံစားရသည်။

“အင်းလေ၊ ရှင်းပြလို့ ယုံနိုင်စရာမှ မဟုတ်တာ၊ ကိုယ် ဘာမှ ရှင်းမပြပါဘူး၊ ကိုယ့်တာဝန်က စိမ်းတို့တူဝရီးကို သတ်ပေးဖို့ ဖြစ်ပေမယ့် စိမ်းကို ကိုယ်မသတ်ရက်လို့ သတိမေ့ရုံလေး လုပ်ထားတာ၊ အဲ ... ဒီက အသံတွေ ထွက်လို့ သူတို့ ဒီကိုရောက်လာရင်တော့ စိမ်းကို ရက်ရက်စက်စက် သူတို့ သတ်လိမ့်မယ်၊ သူတို့ဟာ ရဲမှတ်တမ်းဝင် လူဆိုးတွေပဲ၊ အခု ကိုယ်ပြောနေတာတွေဟာ တကယ်ပဲ စိမ်း”

စိမ်း တွေဝေသွားသည်။

“ရှင်ဟာ ကျွန်မအချစ်ကို အရယူပြီး လူဆိုးတွေနဲ့ပေါင်းကြံတဲ့လူ၊ ခွေးထက်ယုတ်မာတဲ့လူ”

“ကြိုက်သလိုပြော၊ ကြိုက်သလိုစွပ်စွဲ စိမ်း၊ ရတယ်၊ အဲ... အခုလောလောဆယ် အရေးအကြီးဆုံးက စိမ်းရောအန်ကယ် ဦးမင်းဆွေရော မသေဖို့ပဲ”

“အခု ဘဘဆွေကော”

“ပြန်မလာသေးဘူး”



စိမ်းက နံရံကပ်နာရီကြီးကို လှမ်းကြည့်သည်။ (၉)နာရီ (၅၀)မိနစ် ရှိနေပြီ။

“ဘဘဆွေ ပြန်လာခါနီးပြီ၊ ရှင် ဘဘဆွေကိုကော ဘာလုပ်မှာလဲ”

“အန်ကယ် ဦးမင်းဆွေလည်း မသေစေရဘူး စိတ်ချ၊ အခု အရေးကြီးတာက စိမ်း စောစောက မှောက်လျက်လဲကျနေတဲ့ ပုံစံအတိုင်း ဆက်နေပါ၊ သေဟန်ဆောင်နေပါ၊ ခေါင်းဆောင် လူဆိုးက ကိုယ့်ကိုမယုံကြည်ဘူး၊ စိမ်း တကယ်သေမှန်း သေချာအောင် သူကိုယ်တိုင် လာကြည့်မယ် တကဲကဲ လုပ်နေတယ်”

စိမ်းသည် တွေဝေသွားပြန်သည်။

ထိုစဉ်မှာပင် ငွေတိုက်ဆီမှ လွန်ပူထိုးသံ တရှဲရှဲအသံ ရပ်သွားသည်ကို အောင်အောင်ရော စိမ်းရော သတိထားမိလိုက်သည်။

“ဟော ... ရပ်သွားပြီ၊ စိမ်း ကိုယ်ပြောသလို သေဟန်ဆောင်ပုံစံ ပြန်နေပါ၊ ကိုယ်သွားကြည့်ပြီး အခြေအနေပေးရင် ပေးသလို စိမ်းဘက်က ကိုယ်ရပ်တည်ပေးပါ့မယ်၊ ကဲ ... ကိုယ်သွားလိုက်ဦးမယ်”

အောင်အောင် ချက်ချင်း ပြန်ထွက်လာခဲ့ရပေသည်။

ထင်သည့်အတိုင်းပင် စာကြည့်ခန်းဝသို့ ထွက်လာသော ကိုလှိုင်ဘွားနှင့် အောင်အောင် ပက်ပင်းတိုးတော့သည်။

“ဘာလို့လဲ ကိုလှိုင်ဘွား”

“အေး ... အရက်လိုတယ်ကွ၊ ကိုစိန်လက်ဝါးလိုလူက အရက်သောက်မှ အလုပ်တွင်ကျယ်တဲ့လူ၊ ဒါကို ငါက

www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိလို့ အရက်ပါမလာဘူး၊ ဒီအိမ်မှာတော့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ မင်း သိတယ်၊ အရက်သွားရှာယူခဲ့ကွာ”

“ရတယ်လေ၊ ယူပေးမယ်”

ပြောရင်း လျှောက်လာရာ ဧည့်ခန်းမှန်ချပ်ကြီးအစပ်သို့ ရောက်လာသည်။ ကိုလှိုင်ဘွားက ဧည့်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

စိုးရိမ်စိတ်ကြီးစွာဖြင့် ဘုရားတ,ရင်း အောင်အောင်လည်း ဧည့်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

“တော်သေးတာပေါ့”ဟု ရင်ဝမှ အလုံးကြီးကျသွားရသည်။

စိမ်းသည် ဧည့်ခန်းကော်ဇောပေါ်တွင် မှောက်လျက်သားလေး ရှိနေသည်ကို ပြန်တွေ့ရသောကြောင့် ဖြစ်ပါသည်။

“စောစောက ငါရောက်ရောက်ချင်း ကြည့်တုန်းက ကောင်မလေးဘေးမှာ ဖန်သားပန်းအိုး မရှိဘူးလို့ ငါ ထင်တယ်၊ အခုမှ ဖန်ပန်းအိုးက သူ့ဘေးကို ဘယ်လိုရောက်လာတာလဲ”

“ခက်ပါလား ကိုလှိုင်ဘွား၊ ခင်ဗျားတစ်ကိုယ်လုံး တစ်ဖက်သားကို သံသယတွေဖုံးနေတယ်၊ ဒီမယ် ကိုလှိုင်ဘွား၊ လူတစ်ယောက်ကို လည်ပင်းညှစ်သတ်ရင် ဘယ်သူမဆို အတတ်နိုင်ဆုံး ပြန်ခုခံမှာပဲ၊ သီချင်းလေးဆိုပြီးတော့ အေးအေးဆေးဆေး ဘယ်သူမှ အညှစ်မခံဘူးဗျ၊ စိမ်းဟာ ကျုပ်ကိုပြန်ရိုက်ဖို့ ဖန်သားပန်းအိုးကို လှမ်းယူပေမယ့် လွှတ်ကျသွားတာ”



“လာကွာ ... သေချာသွားအောင် ငါအထဲဝင်ပြီး ကောင်မလေးကို ကြည့်မယ်”

ဒီလောက် ကြည့်ချင်လည်း ကြည့်တော့ဟု အောင်အောင် လက်သီးဆုပ်မိရင်း စိတ်ထဲက မှတ်ချက်ပြုရတော့သည်။ စိမ်းကို သူ တကယ်ငုံ့ပြီး စစ်ဆေးပြီဆိုသည်နှင့် ဖြစ်ချင်ရာဖြစ်ပါလိမ့်စေတော့။ လှိုင်ဘွားကို ဤနေရာမှာပင် အသေသတ်ရန် အောင်အောင် တစ်မုဟုတ်ချင်း ဆုံးဖြတ်ရတော့သည်။

“ဘော့စ်”

နောက်မှ ချာလီ အပြေးလေးလိုက်လာပြီး သူ့ဆရာ လှိုင်ဘွားကို ခေါ်လိုက်သည်။

“ဘာလဲ ချာလီ”

“အုတ်နံရံပွင့်သွားပြီ၊ ဒါပေမဲ့ အထဲမှာ နံရံမြုပ် လူတစ်ရပ်ထက်မြင့်တဲ့ မီးခံသေတ္တာကြီး ရှိနေတယ်၊ ကိုစိန်လက်ဝါးက မီးခံသေတ္တာကြီးကို ပြချင်လို့ ဘော့စ်ကို ခေါ်ခိုင်းလိုက်တယ်”

“အေး ... အေး၊ ကဲ ... အောင်အောင်၊ အရက်ပုလင်းနဲ့ ရေကိုသာ မင်း သယ်လာခဲ့တော့ကွာ၊ ငါပြန်လိုက်သွားမယ်”

ချာလီနှင့်အတူ လှိုင်ဘွား ပြန်လိုက်သွားပေသည်။

အောင်အောင့်ခမျာ ဟင်းခနဲ သက်ပြင်းချပြီး ထမင်းစားခန်းဘက်သို့ လျှောက်ခဲ့ရပြန်သည်။

ဤအိမ်တွင် ဦးမင်းဆွေလည်း အရက်သောက်ကောင်းသောက်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်ဝန်းကတော့ တကယ့် အရက်ဖိုးသမားဖြစ်သည်။ အရက်ရှိမည်မှာ အမှန်ပင်။

ထမင်းစားခန်းရေခဲသေတ္တာတွင် ဖွင့်ကြည့်သည်။ အရက်ပုလင်းများ ရှိမနေပေ။

ကြောင်အိမ်ကို ဖွင့်ကြည့်ပြန်သည်။

အရက်ပုလင်းတွေ တန်းစီနေသည်။ ရမ်၊ ဂျော်နီဝါကား၊ ဝီုက်လေဘယ် စသည့် အရက်များဖြစ်သည်။

ဂျော်နီဝါကားနှစ်လုံး၊ ရေပုလင်းနှစ်လုံးနှင့် ဖန်ခွက်တွေကို သယ်ယူပြီး လာခဲ့သည်။

သူတို့သုံးယောက်စလုံးသည် လေးဖက်တွားပြီး ငွေတိုက်အုတ်နံရံပေါက်မှ အထဲသို့ ဝင်သွားကြပေပြီ။ ဆက်လက်၍ လူတစ်ရပ်သာသာ မီးခံသေတ္တာတံခါးပွင့်အောင် ဆက်လက်လုပ်ဆောင်ကြပေဦးမည်။

အပေါက်ကြီးမှ လက်ကမ်းပြီး အရက်ပုလင်းတွေအားလုံး ပေးလိုက်သည်။

"ဗျို့ ... ကိုလှိုင်ဘွား၊ ဆယ်နာရီထိုးဖို့ မိနစ်ပိုင်းပဲ လိုတော့တယ်ဗျ၊ ကျုပ် အဘိုးကြီး ပြန်အလာကိုစောင့်ပြီး စတေးရဦးမယ်"

"အေး ... မင်းသွားတော့၊ မင်းတာဝန်နဲ့ မင်းနော်၊ ဒါပဲ"

အောင်အောင် ထွက်လာသည်။

သည်တစ်ခါတော့ ကိုလှိုင်ဘွားကို စိတ်ချသည်။ အရက်သောက်ကြဦးမည်။ အရက်သောက်ပြီး မီးခံသေတ္တာတံခါးဖွင့်ဖို့ လုပ်ဆောင်ကြမည်။



ကိုလှိုင်ဘွားလိုလူသည် မီးခံသေတ္တာဖောက်ပြီဆိုလျှင် အနားမှမခွာ စောင့်ကြည့်မည်မှာ သေချာသည်။ မီးခံသေတ္တာတံခါးပွင့်သွားလျှင် ငွေတွေ ဘယ်လောက်၊ လက်ဝတ်ရတနာတွေ ဘယ်လောက်ဆိုသည်ကို ကိုလှိုင်ဘွား စောင့်ကြည့်မည်သာ။

အောင်အောင်သည် ဧည့်ခန်းဆီသို့လာ၍၊ စိမ်း၏ မှောက်လျက်သားဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

"စိမ်း"

တိုးတိုးညင်းညင်းလေး အောင်အောင်က ခေါ်လိုက်သည်နှင့် စိမ်းသည် အလွန်လျင်မြန်သော အရှိန်အဟုန်နှင့်ထရပ်ကာ ဖန်သားပန်းအိုးဖြင့် အောင်အောင်၏ ဦးခေါင်းကို ရိုက်တော့သည်။

စိမ်း၏အကြံမှာ အောင်အောင်အား သတိမေ့အောင်ရိုက်ပြီး သံဘာဂျာတံခါးဆီသို့ ပြေးမည်။ ဘဘဆွေ လာသည်နှင့် ဘဘဆွေကို လက်ဆွဲကာ မြို့ပြင်သို့ ထွက်ပြေးရန် ဖြစ်ပါ၏။

သို့သော် အောင်အောင်က စိမ်းထက်ပို၍ လျင်မြန်သည်။ စိမ်း၏ဖန်သားပန်းအိုးရိုက်ချက်ကို လွတ်အောင်ရှောင်နိုင်လိုက်သည်။

"ခက်ပါလား စိမ်းရယ်"ဟု ညည်းကာ စိမ်း၏ မျက်နှာကို လက်သီးတစ်ချက် ခွပ်ခနဲ ထိုးချလိုက်သည်။

ယခုတစ်ခါ စိမ်းအား မေ့မြောနိုင်ရန် မလွယ်တော့မှန်း သိသောကြောင့် မျက်နှာကို တမင်ထိုးလိုက်ရခြင်းဖြစ်သည်။

စိမ်း ပုံ့ပုံ့လေး လဲပြိုကျသွားကာ ဒုတိယအကြိမ်မေ့သွားပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုမလုပ်၍ မဖြစ်သောကြောင့် အောင်အောင်က လုပ်ရခြင်း ဖြစ်ပါ၏။ စိမ်း ဒွတ်သောင်းကျန်း၍ အသံတွေ ဘာတွေကြားပြီး ကိုလှိုင်ဘွား ထွက်လာလျှင် မလွယ်တော့သောကြောင့် ဖြစ်ပါ၏။

အောင်အောင် သံဘာဂျာတံခါးဆီသို့ လာခဲ့ပြီး မိနစ်ဝက်ပင် မကြာလိုက်ဘဲ ဦးမင်းဆွေ ရောက်လာသည်။

အောင်အောင်က သံဘာဂျာတံခါးသော့ ဖွင့်ပေးလိုက်သည်။

စိမ်း လာမဖွင့်ဘဲ အောင်အောင် လာဖွင့်သည်အတွက် အောင်အောင်၏မျက်နှာကို ဦးမင်းဆွေ ကြည့်လိုက်သည်။

အောင်အောင်၏မျက်နှာမှာ ချွေးစေးများဖြင့် ပြောင်နေသည်။ ဆံပင်ကလည်း ဖိုးရိုးဖားရား ဖြစ်နေသည်ကို ကြည့်ကာ ဦးမင်းဆွေ ပြုံးလိုက်သည်။

အင်း ... ချစ်စ ခင်စ ဤကလေးနှစ်ယောက်သည် မိမိမရှိခိုက် တော်တော်ကဲထားကြသည်ဟု ထင်သဖြင့် ပြုံးခြင်း ဖြစ်ပါ၏။

ဦးမင်းဆွေကပင် ရှေ့ဆောင်ပြီး ဧည့်ခန်းသို့ဝင်လိုက်သည်။

ဧည့်ခန်းထဲဝယ် ပက်လက်လေးရှိနေသော စိမ်းကို ကြည့်ပြီး ဒုတိယအကြိမ် ပြုံးရပြန်သည်။ ထိုစဉ်မှာပင် ဦးမင်းဆွေ၏လည်တိုင်သို့ အောင်အောင်၏လက် ရောက်လာကာ မေ့ကြောကို နှိပ်လိုက်ပြန်သဖြင့် ဦးမင်းဆွေ ခွေလဲကျသွားပေတော့သည်။

❖ ✧ ❖



## ( ၁၇ )

ဧည့်ခန်းလယ်တွင် လဲကျနေသော စိမ်း။

လှေကားရင်းတွင် လဲကျနေသော အန်ကယ်ဦးမင်းဆွေ။

သူတို့နှစ်ယောက်စလုံးသည် သတိမေ့ရုံသာ ရှိပြီး အသက်ရှိနေသေးသည်။

သို့သော် မကြာမီ ကိုလှိုင်ဘွား ထွက်လာပြီးစစ်ဆေးပါက အသက်ရှိနေမှန်းသိလျှင် သတ်ပစ်မည်မှာ သေချာသည်။

အောင်အောင် ဘာဆက်လုပ်မည်နည်း။

ယခုနေ ကိုယ်လွတ်ရုန်း ထွက်သွားပြီး ရဲအုပ်ကိုတိုက်စိုးအား အကြောင်းကြားပြီး ကိုလှိုင်ဘွားတို့ကို ဖမ်းစေမလား။

သို့သော် ထိုစိတ်ကူးကို ချက်ချင်းလက်လျှော့ရသည်။

အကြောင်းမူ စာကြည့်တိုက်ဆီမှ မီးခံသေတ္တာတံခါးကို ဖောက်နေသည့် ကျွင် ... ကျွင် ... ကျွင် ဆိုသည့်အသံ ရပ်သွားသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသံရပ်သွားလျှင် ကိစ္စတစ်ခုခုအတွက် ကိုလှိုင်ဘွား ထွက်လာနိုင်မည် ဖြစ်သောကြောင့် အောင်အောင်ကပင် သူတို့ရှိရာသို့ အပြေးအလွှားလေး ရောက်သွားသည်။

ငွေတိုက်ပေါက်ထဲမှ လေးဖက်ကုန်းထွက်လာသော ကိုလှိုင်ဘွားနှင့် ပက်ပင်းတွေ့ရပေသည်။

ကိုလှိုင်ဘွားသည် အောင်အောင်ကို တွေ့သည်နှင့် ထိုင်ချပြီး အတွင်းခန်းဘက်ကို မျက်ခြည်မပြတ်ကြည့်ရင်း မေးလိုက်သည်။

"အဘိုးကြီး ပြန်လာပလား"

"ပြန်လာလို့ တမလွန်ဘဝကိုတောင် ကူးသွားပြီလေဗျာ"

"ဟုတ်လား၊ ဒါဆို ဘယ်ဆိုးလို့လဲ"

ယခုတစ်ခါတော့ ကိုလှိုင်ဘွားသည် သံသယစကားတွေမဆိုသည့်ပြင် မျက်နှာကြီးတစ်ခုလုံး ပြုံးနေသည်။

"မီးခံသေတ္တာပွင့်သွားပြီကွ၊ စိန်လက်ဝါးက မီးခံသေတ္တာမှာတော့ သိပ်အထာပေါက်တယ်၊ သော့တစ်ဝိုက် ပတ်ဝန်းကျင်မှာ ပျော့ချက်တွေ ရှိတယ်ကွ၊ ထုကြီးတော့ထူတယ်၊ ဒါပေမဲ့ သော့ချက်တွေရဲ့အပျော့နေရာကို ဖောက်တာလေ၊ ပွင့်သွားပြီ"

အောင်အောင်က ဘာမျှမပြော။ အရိပ်အကဲကိုသာ ခတ်နေသည်။

"ငွေစက္ကူတွေဟာ လူတစ်ရပ် အထပ်လိုက်ပဲကွ၊ ငါးရာတန်တွေရော၊ နှစ်ရာနဲ့ တစ်ရာတန်တွေရော၊ ကိုးဆယ်တန်ရော အိုကွာ ... လေးဆယ့်ငါးကျပ်တန်ကစပြီးပါတယ်။ ပြီး အဟောင်းထုပ်တွေရော အသစ်ထုပ်တွေရောကွ၊ ငါ



ထင်မှတ်ထားတာထက် ငွေတွေက အများကြီး များနေတယ်၊ ငါ့မှာပါတဲ့ ဆာလာအိတ်နဲ့ ထည့်လို့မလောက်ဘူး၊ ဒီတော့ ဒီအိမ်မှာ မင်းက ကျွမ်းပြီးသားပဲကွာ၊ သားရေဆွဲအိတ်ဖြစ်ဖြစ်၊ သေတ္တာဖြစ်ဖြစ် နှလုံးလောက် သွားယူခဲ့ကွာ၊ သွားကွာ ... မြန်မြန်ထည့်ရအောင်"

ကိုလှိုင်ဘွားက ယခုတော့မူ သူလည်း အတူလိုက်မည်ဟု မပြောတော့ပေ။

တစ်ပါးသူကို အမြဲမယုံကြည်တတ်သူပီပီ ပွင့်သွားသော မီးခံသေတ္တာကို စိန်လက်ဝါး၊ ချာလီတို့ဖြင့် ထားပစ်ခဲ့ရန် စိတ်မချသည့်သဘော ပြနေသည်။

အောင်အောင် ပြန်ထွက်လာခဲ့သည်။

ဦးစွာ ညေ့ခန်းသို့ဝင်လိုက်ချိန်မှာပင် စိမ်းသည် လူးလူးလွန့်လွန့် ရှိနေသည်ကို တွေ့ရသဖြင့် ဦးမင်းဆွေအား ဂရုမထားနိုင်ဘဲ စိမ်းဆီသို့ လွှားခနဲ အောင်အောင် ရောက်သွားသည်။

အောင်အောင်က ဒူးထောက်ပြီး စိမ်းကို ရင်ခွင်ထဲ ပွေ့ချီလိုက်သည်။

စိမ်းသည် သူမ၏မျက်နှာလေးကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားပေသည်။

နောက်ထပ် အောင်အောင်က လက်သီးနှင့် ထပ်ထိုးမည်ကို ကြောက်သောကြောင့် ဖြစ်ပေသည်။

"ဒီမယ် စိမ်း၊ နောက်ပိုင်းကျရင် ကိုယ့်ကို မုန်းချင်မုန်း၊ အဆက်ဖြတ်ချင်ဖြတ်၊ မခေါ်ဘဲနေချင်နေပါ၊ အခုတော့ ရှန်းလားကန်လား ဆူဆူညံညံ လုံ၀မဖြစ်စေနဲ့၊ ကိုယ်ပြော

www.burmeseclassic.com

www.burmeseclassic.com



တာ နားထောင်ပါ၊ ဟိုလူဆိုးတွေ ကြားသွားတာနဲ့ စိမ်းနဲ့ အန်ကယ်ကို လာသတ်မှာ သေချာတယ်၊ ကိုယ့်မှာ ရဲက ဖမ်းပြီး နှစ်အရှည်ကြီး ထောင်ချနိုင်တဲ့ အမှုနှစ်ခုကို ကိုယ်တို့ခေါင်းဆောင် လှိုင်ဘွား ဆိုတာက ဖန်တီးပြီး ကိုယ့်ကို ချုပ်ကိုင်ထားတယ်၊ ဒါကြောင့် ဒီလုပ်ငန်းထဲ ကိုယ်ပါလာရတာပါ၊ ကိုယ့်အနေနဲ့ လှိုင်ဘွား ပိုက်ကွန်ထဲ မိပြီး ရုန်းမထွက်သာဘူး၊ ဒါပေမဲ့ အခုတော့ ကိုယ်သူတို့ကို ရင်ဆိုင်မယ်၊ နို့မို့ရင် အန်ကယ်နဲ့ စိမ်း အသက်ရှင်ဖို့ မလွယ်ဘူး၊ စိမ်းနဲ့ အန်ကယ့်ကို လုံခြုံတဲ့ အခန်းတစ်ခုထဲမှာ ထားမယ်၊ ကိုယ်တစ်ယောက်တည်း သေချင်သေပါလိမ့်စေတော့၊ သူတို့ကို ရင်ဆိုင်မယ်၊ ကိုယ်ပြောတာ စိမ်း နားလည်ပါတယ်နော်”

စိမ်းက ခေါင်းညိတ်ပြသည်။

“ဒါဆို စိမ်းတို့အိမ်မှာ ထုထည်ကြီးမားပြီး ခိုင်ခန့်တဲ့ အခန်းလွတ် ရှိလား”

“ရှိတယ်၊ အပေါ်ထပ်မှာ၊ ပထမတုန်းက ငွေတိုက်ကိုအပေါ်ထပ်မှာထားတယ်၊ ဘဘက အသက်ကြီးလာတော့ နေ့တိုင်း အခေါက်ခေါက် အခါခါ လှေကားအဆင်းအတက် မလုပ်ချင်ဘူး၊ ပင်ပန်းတယ်၊ ဒါကြောင့် ငွေတိုက်ကို အောက်ထပ်ပြောင်းလိုက်တော့၊ အဲဒီအပေါ်ထပ်က ငွေတိုက်ခန်းဟောင်းက အိမ်မှာ ထုထည်အကြီးမားဆုံးပဲ”

စိမ်း ပြောပုံမှာ မေး၍ပြောသည် ဆိုသည့်သဘော သက်ဝင်နေသည်။ သံပြတ်နှင့် ပြောသည်။ အောင်အောင့်အား နာကြည်းနေကြောင်း သိသာသည်။



“ကဲ ... ထ၊ ဒါဟောဒီအပေါ်ထပ်က ငွေတိုက်ဟောင်း အခန်းကိုပဲ သွားကြမယ်”

နှစ်ဦးစလုံး ထ၍ရပ်သည်။

“အန်ကယ်လည်း ကိုယ့်လက်ချက်နဲ့ သတိမေ့နေတယ်၊ အန်ကယ့်ကိုပါ အပေါ်ထပ် တွဲခေါ်သွားရမယ်”

“မင်း ငါ့ကို တွဲခေါ်စရာမလိုဘူး မောင်အောင်အောင်၊ မင်းကိုယ်တိုင်တောင် ဘုရားတရား အာရုံပြုပေတော့”

ဦးမင်းဆွေက လက်ထဲတွင် ဒသမသုံးနှင်ပစ္စတိုကို မောင်းဆွဲပြီး အောင်အောင်အား တည့်မတ်စွာ ချိန်ထားသည်ကို တွေ့ရသည်။

“ငါ ညဘက် အပြင်ထွက်ရင် ဘေးဆီးရန်ကာ လောင်းကုတ်အင်္ကျီအိတ်ထဲမှာ သေနတ်ဆောင်ထားလေ့ ရှိတယ်လို့ ငါ့သမီး စိမ်းက မင်းကို ပြောမပြထားတာ ငါ့အတွက် ကံကောင်းတယ်၊ နို့မို့ရင် ငါ့ကိုမေ့အောင် လုပ်ကတည်းက မင်း သေနတ်ကို နှိုက်ယူထားရမှာ”

“ပစ်ချင်ပစ်ပါ အန်ကယ်၊ အန်ကယ် လက်ဖြောင့်ရင် ကျွန်တော့် နဖူးတည့်တည့်ကိုပစ်၊ တစ်ချက်တည်းနဲ့ပွဲချင်းပြီးတယ်၊ လက်သိပ်မဖြောင့်ရင် ဟောဒီလက်ဝဲရင်အုံကို ပစ်၊ လက်ဝဲရင်အုံအောက်မှာ နှလုံးရှိတယ်၊ နှလုံးကိုလည်း ထိလည်း ချက်ချင်းသေတာပဲ၊ ကျွန်တော့်အဖို့က မထူးတော့ဘူးလေ၊ အန်ကယ်နဲ့ စိမ်းကိုလည်း အသေသတ်မယ်၊ ကျွန်တော့်ကိုလည်း အသေသတ်မှာပဲ၊ အခု ကျွန်တော် တကယ်အမှန် ကြိုးစားနေတာက အန်ကယ်နဲ့စိမ်း အသက်ကို မသေအောင် ကာကွယ်ဖို့ ကြိုးစားနေတာ၊ သူတို့ကို ပြန်တိုက်ခိုက်ဖို့ ကြိုးစားနေတာ”

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဆွေ တွေဝေသွားသည်။

အောင်အောင်က အပြစ်ခံရမည်ကို မမှုဘဲ ရှေ့သို့ တစ်လှမ်းချင်း တိုးလာခဲ့သည်။

"အန်ကယ် ကျွန်တော့်ကို ပစ်တာနဲ့ သေနတ်က အသံမြည်မှာပဲ၊ သေနတ်သံကြားတာနဲ့ သူတို့အားလုံး ဒီကို ရောက်လာမှာပဲ၊ လှိုင်ဘွားမှာ သေနတ်ပါတာ သေချာတယ်၊ ကိုစိန်လက်ဝါးမှာလည်း ပါမှာပဲ"

ဦးမင်းဆွေက ဘာမျှပြန်မပြောဘဲ ချိန်မြဲချိန်ထားသည်။ ခုနက စိမ်းအား အောင်အောင်က သူ့အနေနှင့် မလွှဲသာ မရှောင်သာ လုပ်ပေးရကြောင်း ရှင်းပြသည်တို့ကိုလည်း ဦးမင်းဆွေ ကြားပြီးသား ဖြစ်နေပါသည်။

"ပေးပါ အန်ကယ်၊ အဲဒီသေနတ် ကျွန်တော့်ကို ပေးထားပါ၊ သူတို့ကို ပြန်တိုက်ခိုက်တဲ့ နေရာမှာ ဒီသေနတ်ကျွန်တော့်လက်ထဲမှာ ရှိနေရင် ပိုပြီးထိရောက်အောင် ခုခံနိုင်မယ်၊ ကာကွယ်နိုင်မယ်၊ အန်ကယ်တို့တူဝရီး အပေါ်ထပ် ငွေတိုက်ခန်းမှာ သွားနေပါ"

အနီးကပ်အရောက်တွင် အောင်အောင်က ဦးမင်းဆွေထံမှ သေနတ်ကို လက်ဝါးဖြန့်၍ တောင်းသည်။

ဦးမင်းဆွေသည် အောင်အောင်၏လက်ထဲသို့ သူ၏ သေနတ်ကို ပေးလိုက်လေသည်။

အောင်အောင် သေနတ်ကို ခါးကြားထိုးကာ စိမ်းကို တွဲပြီး အပေါ်ထပ်သို့ လှေကားအတိုင်း တက်ခဲ့သည်။

အပေါ်ထပ် ငွေတိုက်ယောင်း၏တံခါးသည် အောက်ထပ် ငွေတိုက်၏တံခါးကဲ့သို့ပင် သံမဏိအကောင်းစားတံခါးဖြစ်



သည်။ တံခါး၏ဖွင့်ချက်ကို လျှပ်စစ်ခလုတ်အားနှင့် ထိန်းပြီး လျှို့ဝှက်ခလုတ်ကို ဦးမင်းဆွေ၊ စိမ်းနှင့် ကိုဟန်ဝင်းသာ သိပေသည်။ အခြားဘယ်သူမှ မသိပါလေ။

တံခါးကို စိမ်းကပင် ဖွင့်လိုက်သည်။

"ကဲ ... အန်ကယ်နဲ့စိမ်းတို့ ဒီအခန်းထဲမှာ လုံလုံခြုံခြုံနေပေတော့၊ ကျွန်တော်တော့ ပြန်ဆင်းမှ ဖြစ်မယ်၊ သူတို့ကို အယုံသွင်းနိုင်သလောက် သွင်းပြီးမှ အခြေအနေပေးသလို ကျွန်တော် ဆက်လုပ်ရမှာပဲ၊ စိမ်း ကိုယ်သွားမယ်နော်"

စိမ်းက ဘာမှပြန်မပြောသည့်ပြင် တခြားဘက်သို့ မျက်နှာလွှဲထားလိုက်သည်။

အောင်အောင် အောက်သို့ဆင်းလာခဲ့သည်နှင့် စိမ်းက ငိုရှိုက်ကာ ဦးမင်းဆွေအား ပြောသည်။

"ကုန်ပြီပေါ့၊ ဘဘဆွေ ချမ်းသာသမျှ ကုန်ပြီ၊ ဘဘဆွေ ဒီလိုအဖြစ်မျိုးကြုံရတာ စိမ်းကြောင့်"

"မဟုတ်ဘူး သမီးရဲ့၊ အကုသိုလ်အကျိုးပေးကြောင့် ဖြစ်တာတွေ၊ မပူပါနဲ့ သမီးရယ်၊ ဘဘမှာ ဘဏ်အပ်ငွေကျန်သေးတယ်၊ လုပ်ငန်းလည်ပတ်နေတာတွေ ကျန်သေးတယ်၊ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းတွေ ကျန်သေးတယ်၊ ဆင်ပိန်ရင်ကျွဲလောက်တော့ ရှိသေးတာပေါ့ကွယ်၊ ပစ္စည်းသေ၊ ရပဲ၊ အခုလက်ရှိမှာ လူသေ၊ ရ မဖြစ်ဖို့ အရေးကြီးနေတယ် မဟုတ်လား၊ မငိုနဲ့ တိတ် ... တိတ် သမီး"

"သေချင်တယ် ဘဘ၊ စိမ်း ဒီဂြိုဟ်ဆိုး ကြမ္မာကောင် အောင်အောင်ကိုမှ ချစ်မိလို့ ဒီလိုဖြစ်ကုန်တာ၊ ဒီကောင် သစ္စာမဲ့တယ်၊ ယုတ်မာတယ်၊ စိမ်းရဲ့နှလုံးသားအချစ်ကို

www.burmeseclassic.com



ရော၊ ခန္ဓာကိုယ်ရော အပိုင်ကြီးရှုံးမကဘူး၊ ဘဘရဲ့ပစ္စည်းတွေကိုပါ ယုတ်မာတဲ့နည်းနဲ့ အရယူတယ်”

“မောင်အောင်အောင်ဟာ မယုတ်မာပါဘူး သမီး၊ သမီးကိုလည်း သူ့ရင်ထဲက ချစ်နေသားပဲ၊ အခုဟာက မလွှဲသာမရှောင်သာ သူ့ကို အနိုင်ကျင့်ခိုင်းတာကို သူ လုပ်ရရှာတဲ့သံသောပါ၊ သတ္တဝါတိုင်းဟာ အတ္တစွဲ ရှိစမြဲပေါ့ သမီးရယ်၊ အတ္တသမား ပေမံနတ္တိလို့တောင် ဘုရားဟောခဲ့တာပဲ၊ ကိုယ့်ကိုယ်ထက်ပိုပြီး တစ်ပါးသူကို မချစ်နိုင်ဘူးပေါ့။ ဒါတောင် အခုနောက်ဆုံး အခြေအနေမှာ မောင်အောင်အောင်ဟာ သူ့အသက်ကို ပဓာနမထားတော့ဘဲ ဘဘနဲ့စိမ်း မသေဖို့ သူ ကာကွယ်ခုခံတွန်းလှန်ဖို့ စဉ်းစားသားပဲ၊ မောင်အောင်အောင် စိတ်ထားကောင်းပါတယ်၊ သမီးကိုလည်း သူ ချစ်ရှာပါတယ်”

“သြော် ... သြော် ... ဘဘက အခုအခြေအနေ ရောက်နေတာတောင် သူ့ကို အကောင်းထင်တုန်းပါလား”

“စောင့်ကြည့်ပေါ့ သမီးရယ်၊ မောင်အောင်အောင်ဟာ တမာလား၊ သကာလား ဆိုတာ နောက်ဆုံး အဖြေထွက်မှာပါ”

စိမ်း ဆက်၍ ငိုနေမိတော့သည်။

❖ ✧ ❖



# ( ၁၉ )

“မင်းဟာက ကြာလိုက်တာ အောင်အောင်”

အောင်အောင်က စိမ်း အိပ်ခန်းထဲတွင် တွေ့သော သားရေသေတ္တာနှစ်လုံးကိုဆွဲပြီး ငွေတိုက်အပေါက်ကြီးမှ သေတ္တာနှစ်လုံး လှမ်းပေးသည်ကို ကိုလှိုင်ဘွားက အထဲမှ အပြစ်တင်စကား လှမ်းပြောခြင်းဖြစ်သည်။

သူတို့တွင် ပါရှိလာသော ဆာလာထိတ်နှစ်အိတ်ဖြင့် ငွေစက္ကူများ ထည့်နေသည်မှာ နှစ်အိတ်လုံး ပြည့်လုနေပေပြီ။ မီးခံသေတ္တာထဲတွင် ငွေစက္ကူတွေက ကျန်သေးသည်။

“ဒီလောက်တော့ ကြာမှာပေါ့ဗျာ၊ သေတ္တာထဲမှာ ရှိနေတဲ့ ထဘီတွေ အင်္ကျီတွေ ထုတ်နေရသေးတယ်၊ ခင်ဗျားက တွေ့တာနဲ့ အပြစ်တင်ချင်တာ ပထမပဲ”

ကိုလှိုင်ဘွား ဘာမှပြန်မပြောတော့ဘဲ သရေသေတ္တာမှ ကလစ်များကိုဖွင့်ပြီး ငွေစက္ကူတွေ အထပ်လိုက် သေတ္တာထဲ ထည့်တော့သည်။

စိန်လက်ဝါးက မီးခံသေတ္တာ၏ အံဆွဲတစ်ခုကိုဖွင့်လိုက်ရာ ကျောင်းသုံးဗလာစာအုပ်အရွယ် အလျားအနံရှိပြီး အမြင့်

www.burmeseclassic.com

www.burmeseclassic.com



ငါးလက်မခန့်မြင့်သော သားရေသေတ္တာ အနက်ရောင်တစ်လုံး ထွက်လာသည်။ သားရေသေတ္တာငယ်လေးတွင် သော့ပိတ်ထားပါ၏။

သားရေသေတ္တာငယ်ကို လက်ပေါ်တင်၍ ဆကြည့်ရင်း ကိုစိန်လက်ဝါးက ပြောသည်။

"လေးပိဿာလောက် အလေးချိန်ရှိမယ်၊ အထဲမှာ စိန်ရွှေလက်ဝတ်ရတနာတွေ ဆိုရင်တော့ မနည်းမနောဘူးပဲဟေ့"

"သေတ္တာလေးကို ဒီသေတ္တာကြီးထဲ ထည့်လိုက်ကြစို့ဗျာ၊ အချိန်မရှိတော့ဘူး"

လှိုင်ဘွားက ပြောပြောဆိုဆို ငွေစက္ကူထည့်နေသည့် သေတ္တာကြီးထဲသို့ သေတ္တာငယ်လေးကိုယူ၍ ထည့်လိုက်တော့သည်။

မကြာမီ ဆာလာအိတ်နှစ်လုံး သေတ္တာပြည့်နှစ်လုံးစုစုပေါင်း နှစ်အိတ်နှင့် သေတ္တာထဲသို့ ထည့်ပြီးလေပြီ။ မီးခံသေတ္တာကြီးထဲ၌ ဖိုင်တွဲတွေ၊ စာချုပ်စာတမ်းတွေသာလျှင် ကျန်ပေတော့သည်။

အိတ်တွေ သေတ္တာတွေကို ထွင်းဖောက်ထားသည့် အပေါက်မှထုတ်ပြီး တစ်ယောက်တစ်ခုဆွဲကာ သံဘာဂျာတံခါးဆီသို့ ရောက်လာကြသည်။

"ကဲ ... မော်တော်ကားပဲ လိုတော့တယ်၊ ကိုတိုက်စိုးတို့အဖွဲ့ ရှိနေလို့ မော်တော်ကားကို ဘုရားလမ်းမှာ ထားခဲ့ရတယ်၊ အဲဒါ ချာလီ သွားယူမောင်းခဲ့ကွာ"

ချာလီ ကားယူရန် ထွက်သွားသည်။ ထွက်သွားပြီး ချက်ချင်းဆိုသလို ပြန်ရောက်လာပေသည်။



"မလွယ်ဘူး ဘော့စ်၊ ရဲအုပ်ကိုတိုက်စိုးက လမ်းထဲဝင်လာသမျှ ကားတွေကို လက်တားပြီး စစ်ဆေးနေတာ တွေ့ခဲ့လို့ မယူဘဲ ပြန်လာခဲ့တယ်"

"ဒုက္ခပဲ"

ကိုလှိုင်ဘွား ညည်းတွားသည်နှင့် အောင်အောင်က ကိုလှိုင်ဘွားကို ဖိတွယ်တော့သည်။

"ဘာ ... အခုမှဒုက္ခလဲ၊ ဒီလိုဖြစ်ရတာ ခင်ဗျား ... ခင်ဗျား ... အစီအမံ အခန့်အခွဲ ညံ့လို့"

"ဘာကွ ... မင်းက"

အောင်အောင်က စိန်လက်ဝါးကို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။

"ခင်ဗျား ဒီအိမ်ကြီးထဲက ငွေတိုက်နေရာရယ်၊ ငွေတိုက်ထဲမှာ ငွေတွေရော၊ ရတနာတွေရော ရှိတာကိုတော့ မြေပုံညွှန်းနဲ့ တိတိကျကျ ရပါရဲ့"

"အေး ... ဒါတွေဟာ ငါ့ဆရာကြီးရဲ့ စွမ်းဆောင်ချက်တွေပဲ၊ ဒါကြောင့်လည်း ဆရာကြီးကို ဝေစုထဲ ထည့်တွက်ရတာ"

"ဘေးချိတ်ထားလိုက်စမ်းပါ၊ ခင်ဗျား ဆရာကြီးဆိုတာ တကယ်လည်း မရှိဘဲနဲ့၊ တကယ်ရှိရင် အခုလို အကျဉ်းအကျပ်မှာ ဘာမဆို သိနေတဲ့ ခင်ဗျားဆရာကြီး လာကယ်ပေါ့၊ အခု ကျုပ် ဆိုလိုတာက ခင်ဗျားဟာ ဒီလုပ်ငန်းမှာ ခေါင်းဆောင်လုပ်နေပြီး ခေါင်းဆောင်တစ်ယောက်ရဲ့အရည်အချင်း မပြည့်ဝတာကို ကျုပ် ပြောနေတာ"

"မင်း ... တော်တော့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မတော်နိုင်ဘူးဗျာ၊ အခု ကိုစိန်လက်ဝါးက တာဝန်ပေး လို့ ငွေတွေ ရတနာတွေ ရယူပြီး ထွက်လာပြီ၊ ဒါပေမဲ့ ကားမရှိဘူး၊ လမ်းပေါ်မဆင်းရဲသေးဘူး၊ ခင်ဗျားအနေနဲ့ ဒီည ဒီမှာ အလုပ်လုပ်တော့မယ်ဆိုရင် ကိုတိုက်စိုးတို့ လည်း ဒီည ဒီမှာ ရောက်မယ်ဆိုတာ ခင်ဗျားတင်ကြိုသတင်း ရသင့်တယ်၊ ခင်ဗျားမှာ သိပ်လျှင် သိပ်တော်တဲ့ တပည့် တွေ ရှိတယ်ဆို၊ ဘယ်တပည့်ကမှ ကြိုတင်သတင်းမရဘူး တဲ့လား၊ သတင်းသာ တင်ကြိုရထားရင် ဒီနေ့မလုပ် နက်ဖြန်လုပ်လည်း ရတာပဲ၊ ကျုပ်က ဒီအိမ်မှာ အဝင် အထွက် ရနေပြီပဲဟာ"

"ငါ ပြောခဲ့ပြီ မဟုတ်လား၊ အရပ်သတင်းဆိုရင် ဘယ် လောက် ခက်ခက် ငါ တင်ကြိုသတင်းယူနိုင်တယ်၊ ဒါပေမဲ့ အခုဟာက ရဲအဖွဲ့ကွ၊ ရဲအဖွဲ့မှာ အင်မတန်လျင်တဲ့ ရဲအုပ်တိုက်စိုးရဲ့ အစီအစဉ်ကွ၊ ကျားဖင်နှိုက်တာက လွယ် ဦးမယ်၊ ကိုတိုက်စိုးဆီက သတင်းရဖို့ဆိုတာ သိပ်ကိုမလွယ် တဲ့ ကိစ္စပဲ"

"တော်စမ်းပါ၊ ခင်ဗျား ညံ့လွန်းတာကိုပဲ ကိုတိုက်စိုးတော် လွန်းလို့ဆိုပြီး ဘော်လီဘော ပုတ်တာမျိုးတွေ ပြောမနေ ပါနဲ့၊ ရဲနဲ့လူဆိုးဆိုတာ လူဆိုးက ရှေ့တစ်ကွက်သာပြီး အမြဲလုပ်ရတာပဲ၊ လူဆိုးလုပ်ပြီးမှ ရဲက သဲလွန်စတို့၊ အထောက်အထားတို့၊ သက်သေခံပစ္စည်းတို့ ရှာပြီး လူဆိုး နောက်ကို လိုက်ရတာ၊ ကျုပ်ဆိုလိုတာက လူဆိုးကို ရဲက နောက်ကျမှ မိချင်မိမယ်၊ လူဆိုးကတော့ ရှေ့ကလုပ်သွား တာချည်းပဲ၊ အခုတော့ ကျုပ်တို့လုပ်လျက် တန်းလန်းကြီး



မထွက်သာတဲ့ အခြေအနေဆိုက်နေတာဟာ ခင်ဗျားညံ့လို့၊ ခင်ဗျား မငြင်းနဲ့၊ ခင်ဗျား အသုံးမကျလို့"

"ဟာ ... ဒီကောင်"

ဟု ပြောပြောဆိုဆို ကိုလှိုင်ဘွားက ဒေါသတကြီး နှင့် သူ့ခါးကြားထဲမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

"မင်း သိပ်ကိုလူဝါးဝတယ်၊ ကြာလေ မင်းကို ငါ မကျေ နပ်လေပဲ၊ မင်းကို ငါ ပစ်သတ်မယ်"

"ပစ်လိုက်လေ ကိုလှိုင်ဘွား၊ သေနတ်ဆိုတာ ပစ်ရင်အသံ မြည်မှာပဲ၊ အခု ကျုပ်တို့က အိမ်ထဲက အသံလုံအခန်းထဲ မှာ မဟုတ်ဘူး၊ အပြင်ဘက် ရောက်နေတယ်၊ သေနတ်သံ မြည်တာနဲ့ ကိုတိုက်စိုးတို့ ဒီကိုပြေးလာပြီး ခင်ဗျားတို့ကို ကွဲခနဲ လက်ပူးလက်ကျပ် ဖမ်းမှာ၊ ဟဲ ... ဟဲ ... နိုင်ငံ ခြားက လူသတ်သမားရဲ့ သေနတ်လို ခင်ဗျား သေနတ်မှာ လည်း အသံတိတ်ကိရိယာလေး ဘာလေး ကြိုတင်တပ် ထားရောပေါ့ ကိုလှိုင်ဘွားရာ"

"တောက်"

ကိုလှိုင်ဘွား တောက်ခတ်ရပြန်သည်။

တကယ်တမ်း ပစ်ချလိုက်လျှင် ကိုတိုက်စိုးတို့ သေနတ်သံကြားရာ ဤနေရာသို့ ချက်ချင်းရောက်လာနိုင်သည်ကို ကိုလှိုင်ဘွားလည်း တွက်မိသောကြောင့် မပစ်ရဲဘဲ မကျေမနပ် တောက်ခတ်ရတော့သည်။

"သေနတ်ကို ပြန်သိမ်းထားပါ ကိုလှိုင်ဘွား၊ အင်း ... အောင်အောင်ပြောလည်း ပြောစရာပဲ၊ ကိုလှိုင်ဘွားအနေနဲ့ ကိုတိုက်စိုးရဲ့လှုပ်ရှားမှုကို တင်ကြိုသိဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ဗျာ … အခု ကိုတိုက်စိုး ရောက်နေတာဟာ ကျုပ်ရဲ့လုပ်ငန်းအစအန သတင်းရလို့ ကျုပ်တို့ကို လာချောင်းတာမှ မဟုတ်တာ၊ အခု ကျုပ်တို့နဲ့ လာကြုံနေတာဟာ မတော်တဆ တိုက်ဆိုင်မှုပဲဟာ"

စိန်လက်ဝါးက လှိုင်ဘွား ပြောသည်ကို နားထောင်ရင်း အတွေးတစ်ခု ရသွားပေသည်။ သူ့ညကြည့်လက်ပတ်နာရီကိုလည်း ငုံ့ကြည့်သည်။

"အခု ညဆယ့်တစ်နာရီထိုးဖို့ ငါးမိနစ်ပဲ လိုတော့တယ်၊ သာနီး အကျင့်က သန်းခေါင်ကျော်ရင် သူ့လုပ်ငန်းလုပ်လေ့မရှိဘူး၊ ညသန်းခေါင် ဆယ့်နှစ်နာရီအထိမှ သာနီး ဘာမှမလုပ်ဘူးဆိုရင် ရဲအုပ်တိုက်စိုးနဲ့ အဖွဲ့ဟာ သန်းခေါင်ကျော်တာနဲ့ ပြန်သွားမှာပဲ"

"ဒါဆို ဒီမှာပဲ ညဆယ့်နှစ်နာရီကျော်တဲ့အထိ ထိုင်စောင့်ရမှာလား ကိုစိန်လက်ဝါး"

ဟု လှိုင်ဘွားက ပြန်မေးလိုက်သည်။

"အဲဒီလို မလုပ်လို့ တခြား ဘယ်လိုလုပ်စရာ နည်းလမ်းရှိတယ်ဆိုလည်း ပြောလေ ကိုလှိုင်ဘွား"

"ကျုပ် စိတ်ကူးမိတာကတော့ ဒီအိမ်မှာ ကားနှစ်စီးတောင်ရှိတယ်၊ မန္တလေးသွားတဲ့ သူ့သားက လေယာဉ်နဲ့သွားတာ၊ ကားယူမသွားဘူး၊ ချာလီက ကားသော့မရှိပေမယ့် ဝါယာပူးပြီး မောင်းလို့ရအောင် လုပ်တတ်တယ်၊ အဲဒီကားနှစ်စီးထဲက တစ်စီးယူမောင်းသွားရင်ကော"

"မလုပ်နဲ့ ဘော့စ်"

"ဟ … ဘာလို့ မလုပ်ရမှာလဲ ချာလီ"



"အခုလက်ရှိ အခြေအနေက ကိုတိုက်စိုးက ရှေ့ကားပေါက မှောင်ရိပ်ခိုပြီး စောင့်ကြည့်တာ မဟုတ်တော့ဘူး၊ ဝင်လာသမျှကားတွေကိုရပ်ပြီး ခြောင်စစ်ဆေးနေတာ၊ တကယ်လို့ အိုင်တို့က ဦးမင်းဆွေ ကားကိုယူမောင်းသွားမယ်၊ ကိုတိုက်စိုးကလည်း ဦးမင်းဆွေနဲ့ သိနေတဲ့အပြင် ဦးမင်းဆွေရဲ့ကားကိုလည်း သူ မှတ်မိနေမယ်ဆိုရင် အခုမောင်းလာသူရော၊ စီးလာသူတွေရောဟာ ဦးမင်းဆွေ အိမ်သားတစ်ယောက်မှ မပါတာကို ပထမ မယုံသင်္ကာဖြစ်မယ်၊ မယုံလို့ ကားကို ဆက်ရှာရင် ငွေအိတ်တွေကို တွေ့သွားမယ်၊ ဒါဆို ကွိခနဲ မိသွားပြီပေါ့"

"ဒါလည်း မှန်တာပဲ"

ဟု စိန်လက်ဝါးက ချာလီ၏တင်ပြချက်ကိုထောက်ခံလိုက်ပေသည်။

"ဒါဆို ဒီလိုလုပ်ရင်ကော၊ ကျုပ်တို့ သုံးယောက်စလုံး ငွေအိတ်နဲ့ ငွေသေတ္တာတွေကို ခွဲဝေထမ်းပြီး အိမ်ကြီးရဲ့နောက်ဖေးဘက်က ဖောက်ထွက်သွားရင်ကော"

"အဲဒါ သိပ်ကောင်းတယ်"

ဟု အောင်အောင်က ချက်ချင်းဝင်၍ ထောက်ခံလိုက်သည်။

အောင်အောင်၏စိတ်ထဲတွင် သည်လူသိုက် သည်အိမ်မှ ဘယ်လိုနည်းနဲ့ထွက်ထွက် အမြန်ထွက်စေချင်ပြီ။ သည်အိမ်ထဲ ကြာကြာနေပါက ဘာဘာညာညာ ကိစ္စတစ်ခုခုဖြင့် အိမ်ဧည့်ခန်းထဲ ဝင်ကြပါက ဦးမင်းဆွေနှင့် စိမ်း၏အလောင်းကို မတွေ့သည်နှင့် မိမိနှင့် ကိုလှိုင်ဘွား အကြီးအကျယ် ပြဿနာတက်တော့မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း မကောင်းသေးဘူးကွ ချာလီရ"

ဟု ကိုလှိုင်ဘွားက ချာလီ တင်ပြချက်ကို ငြင်းပြန်သည်။

"ဒီလိုညဘက်မျိုးမှာ အထုပ်တွေထမ်းသွားတာကိုမြင်တဲ့လူက အဆင်သင့် ရောက်နေတဲ့ ကိုတိုက်စိုးတို့ကို ချက်ချင်း သတင်းပေးမှာပဲ၊ မဖြစ်သေးပါဘူးကွာ၊ စိန်လက်ဝါးကလည်း ရဲမှတ်တမ်းဝင် လူဆိုးဆိုတော့ တွေ့တာနဲ့မိသွားမှာ သေချာတယ်၊ မဟုတ်ဘူးလား ကိုစိန်လက်ဝါး"

စိန်လက်ဝါးက ကိုလှိုင်ဘွားကို ခေါင်ညိတ်ပြသည်။

ကိုလှိုင်ဘွားက ညည်းညည်းညူညူ ဆက်ပြောသည်။

"အကောင်းဆုံးကတော့ ကိုစိန်လက်ဝါး ပြောသလိုပဲ ကိုတိုက်စိုးတို့ ညဆယ့်နှစ်နာရီ ထိုးပြီးရင် ပြန်သွားတဲ့အထိ ဒီအိမ်ကပဲ ထိုင်စောင့်တာ အကောင်းဆုံးပါ"

ဒါကျတော့ အောင်အောင် ရင်ခုန်ရပြန်သည်။

တော်ကြာ စောင့်ရတဲ့အတူတူ အိမ်ထဲမှာ အရက်သွားသောက်မယ်တို့၊ စားစရာတစ်ခုခု စားကြမယ် ဆိုသည်နှင့် အိမ်ထဲသို့ ဝင်ကြတော့မည်။ ဝင်သည်နှင့် ဦးမင်းဆွေနှင့် စိမ်းကိုမတွေ့သဖြင့် အကြီးအကျယ် ပြဿနာဖြစ်ပေတော့မည်။

ယခု ညဆယ့်နှစ်နာရီကျော် ကိုတိုက်စိုးတို့ ပြန်မှသည်အိမ်က ထွက်ကြမည်ဆိုသည့် အကြံကို ကိုစိန်လက်ဝါးက တင်ပြပြီး နောက်ဆုံး ကိုလှိုင်ဘွားက ကိုစိန်လက်ဝါး၏တင်ပြချက်သည် အကောင်းဆုံးဟု ထောက်ခံသူဖြစ်သည်။

လူ့မနော လူ့သဘောအရ တင်ပြသူသည် ထောက်ခံသူနှင့် အဖွဲ့ကျသွားတတ်သည်။



ကိုစိန်လက်ဝါးနှင့် ကိုလှိုင်ဘွား အဖွဲ့ကျသွားခြင်းကို အောင်အောင် မလိုလားနိုင်ပေ။ သူတို့လေးယောက်တွင် ချာလီက ကိုလှိုင်ဘွား၏လူသက်သက်။ ကိုစိန်လက်ဝါးပါ သူ့ဘက်ပါသွားလျှင် သုံးယောက်နှင့်တစ်ယောက်ပုံစံ ဖြစ်သွားမည်။

သည်တော့ ကိုစိန်လက်ဝါးနှင့် ကိုလှိုင်ဘွား အစေးမကပ်အောင် အောင်အောင် ကုလားဖန်ထိုးရပေမည်။

"ကောင်းတယ်၊ ကိုစိန်လက်ဝါး စိတ်ကူးအတိုင်း ကိုတိုက်စိုးတို့အဖွဲ့ ထွက်သွားပြီးမှ ကျုပ်တို့ ထွက်ရတာ ပိုစိတ်ချရတယ်၊ ဒါပေမဲ့ ဆယ့်နှစ်နာရီထိုးဖို့ မိနစ်ငါးဆယ်လောက်လိုနေသေးတယ်၊ ဒီအတောအတွင်း ဒီလိုငုတ်တုတ်ထိုင်စောင့်နေမယ့်အစား စိန်ရွှေပတ္တမြား လက်ဝတ်ရတနာသေတ္တာကိုထုတ်ပြီး ဒီမှာတင် ဝေစုခွဲရင် အချိန်ရတယ်"

"အဲဒါ သိပ်မှန်တယ်၊ မောင်အောင်အောင် ပြောတာကျုပ်သဘောကျတယ်"

ကိုလှိုင်ဘွားမှာ အောင်အောင်၏ စကားကြောင့် ဆတ်ဆတ်ခါ နာသွားတော့သည်။

"ဒီမှာ ထုတ်ပြီး ဝေစုခွဲစရာ မလိုဘူး၊ ကျုပ်တို့လေးယောက် အတူပြန်ကြမှာပဲဟာ၊ လုံခြုံစိတ်ချရတဲ့နေရာရောက်မှ သေတ္တာဖွင့်ပြီး မြင်မြင်ထင်ထင် ဝေစုခွဲကြတာပေါ့"

အောင်အောင်က စောဒက ထပ်တက်သည်။

"ခင်ဗျား ဘာလို့ အချိန်ဆွဲချင်နေတာလဲ ကိုလှိုင်ဘွား၊ ဒီကထွက်သွားတာနဲ့ ခင်ဗျားက ကျုပ်ကိုအရင် မိုလ်အောင်ကျော်လမ်းပို့မယ်၊ ကိုစိန်လက်ဝါးကိုလည်း သူ့အိမ်ကိုပြန်

www.burmeseclassic.com



ပို့မယ်၊ ပြီး ဒီနေ့တော့ အချိန်လည်း မရတော့ဘူး၊ ကိုတိုက်စိုးရဲ့ ရန်ကလည်း နောက်ပိုင်းမအေးဘူး၊ နက်ဖြန်ကျမှ ခွဲကြတာပေါ့ ဆိုလိုက်တာနဲ့ ခင်ဗျားတပည့် ချာလီက ကားကို ဝူးခနဲမောင်းပြေးရင် ဖြစ်နိုင်နေတယ်"

"ဟေ့ကောင် အောင်အောင်၊ မင်းပြောပုံက ငါ့ကို စိန်လက်ဝါးကပါ အယုံအကြည်ကင်းပြီး ငါ့သိက္ခာကို ကျစေတယ်ကွ"

"ရှင်းရှင်းပြောမယ် ကိုလှိုင်ဘွား၊ ခင်ဗျားကို ကျုပ်မယုံဘူး၊ ခင်ဗျားဟာ မြေခွေးတစ်ကောင်လို ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်နီဉာဏ်နက် သိပ်များတဲ့လူ"

"ဟာကွာ ... ဒီကောင်၊ ဒီတစ်ခါ မင်းကို တကယ်ပစ်မယ်"

ကိုလှိုင်ဘွားက သေနတ်ကို ဆွဲထုတ်ပြန်သည်။

သည်တစ်ခါ တကယ်ပစ်မည်ဆိုက ပစ်လောက်အောင် အောင်အောင်၏စကားလုံးများက အထိနာသဖြင့် အောင်အောင်ကလည်း သူ့ခါးကြားထဲမှ ပစ္စတိုကို ထုတ်ယူပြီး ကိုလှိုင်ဘွားကို ချိန်ထားလိုက်သည်။

"လုပ်လိုက်လေ ကိုလှိုင်ဘွား၊ နောက်ဆုံး သူပစ်ကိုယ်ပစ်ကြရုံပေါ့၊ သူသေ ကိုယ်သေပေါ့ဗျာ၊ ကျုပ်ဘဝက မထူးတော့ဘူးလေ"

ကိုလှိုင်ဘွားသည် တကယ်မပစ်ပါလေ။ သူ့မျက်စိထဲတွင် အောင်အောင် သေနတ်တစ်လက် ရရှိကိုင်တွယ်နိုင်သည်ကို သူ အံ့လည်းအံ့သြသည်။ သည်ကောင် သည်သေနတ် ဘယ်ကရပါလိမ့်ဟု အံ့သြပြီး အောင်အောင်၏သတ္တိကိုလည်း သူကြောက်သည်။



သူတို့နှစ်ဦးကြားသို့ စိန်လက်ဝါးက ဝင်ရပ်လိုက်သည်။ လှိုင်ဘွားကို မျက်နှာချင်းဆိုင်ပြီး အောင်အောင်အားကျောပေး၍ ရပ်ခြင်းဖြစ်ပါ၏။

"ခင်ဗျား တော်တော်ခက်တဲ့လူပဲ၊ တစ်ဆိတ်ရှိ သေနတ်ဆွဲထုတ်နဲ့၊ အခုလက်ရှိ အခြေအနေက သေနတ်သံထွက်လို့ကောင်းတဲ့အခြေအနေမှ မဟုတ်တာ၊ ခင်ဗျား တကယ်သတ္တိရှိရင် ဒီခြံထဲမှာပဲ ဒီကောင်လေးနဲ့ခင်ဗျား နှစ်ယောက်ချင်းဖိုက်ဗျာ၊ လက်နက်မပါဘဲ လက်ချည်းပဲဖိုက်၊ ပေး ... ခင်ဗျားသေနတ် ကျုပ်ကို"

စိန်လက်ဝါးက ပြောပြောဆိုဆို ကိုလှိုင်ဘွား လက်ကို ဖျစ်ညှစ်ပြီး သေနတ်ကို အရယူလိုက်လေသည်။ ပြီး အောင်အောင်အား စိန်လက်ဝါးလှည့်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"မင်းကိုတော့ ငါ ယုံတယ်၊ မင်းက သူမပစ်ရင် ကိုယ်က စပြီး မပစ်ဘူးဆိုတဲ့ စိတ်ဓာတ်လည်း ရှိတယ်၊ သတ္တိလည်း ကောင်းပုံရတယ်၊ ဒါပေမဲ့ ဒီနေရာမှာ သေနတ်သံမထွက်သင့်ကြောင်း မင်းပဲ တဖွဖွပြောတယ်၊ အခု ငါ ကိုလှိုင်ဘွားဆီက သေနတ်ကို သိမ်းပြီးပြီ၊ မျှမျှတတဖြစ်အောင် မင်းသေနတ် ငါ့ကိုပေး၊ ငါက ဘာမဆို မျှမျှတတ ဖြစ်စေချင်လို့ ကြားဝင်တာ"

စိန်လက်ဝါးက လက်ကမ်းပြီ သေနတ်ကိုတောင်းသည်။

စိန်လက်ဝါးကိုတော့ အောင်အောင်က လေးစားပြီးသား ဖြစ်နေသဖြင့် မျှတစေရန် စိန်လက်ဝါးလက်သို့ သေနတ် ပေးအပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သေနတ်မပေးအပ်လျှင် စိန်လက်ဝါးနှင့် အောင်အောင် ပြဿနာ ဖြစ်တော့မည်။

ပြဿနာဖြစ်သည်နှင့် သူတို့သုံးယောက်က စိတ်တူ သဘောတူအဖွဲ့ ဖြစ်သွားမည်။ မိမိကပင် နာသွားမည်မှန်း အောင်အောင် တွက်မိသောကြောင့်လည်း သေနတ်ကို ပေးအပ် လိုက်ခြင်း ဖြစ်ပါ၏။

သေနတ်နှစ်လက်ကို ကိုစိန်လက်ဝါးက သူ၏ဖောက် ထွင်းကိရိယာတွေ ထည့်ထားသည့် ပတ္တူအိတ်စိမ်းကြီးထဲသို့ ပစ် ထည့်ထားလိုက်သည်။

"ဒီမယ် ကိုလှိုင်ဘွား၊ မောင်အောင်အောင် ပြောတာကို ကျုပ် သဘောကျတယ်၊ အချိန်တွေ ပိုနေတယ်၊ ဒီမှာပဲ ရသင့်တဲ့ ငွေရော၊ ရသင့်တဲ့ ရတနာဝေစုရော ယူချင်တယ်"

"တောက် ..."

ကိုလှိုင်ဘွား မချိမဆံ့ တောက်ခေါက်ပြန်လေသည်။

သေနတ်ကလည်း ကိုစိန်လက်ဝါး၏ အိတ်ထဲရောက် ရောက်နေသည်။ မိမိ မငြင်းနိုင်ပါလေတော့။

"ကောင်းပြီလေ၊ ဒီမှာပဲ ဝေစုခွဲချင် ခွဲကြပေါ့၊ ဒါပေမဲ့ ဒီနေရာက မှောင်ရိပ်ကျနေတယ်၊ ခြံပြင်က လှမ်းကြည့် လည်း လူစုလူဝေးကို မြင်နိုင်တယ်၊ အိတ်နဲ့သေတ္တာတွေ ကို မ,ယူပြီး မီးလင်းတဲ့ညွှန်းဆီသွားမယ်၊ နောက်ပြီး အဘိုးကြီးနဲ့ ကောင်မလေးရဲ့အလောင်းကိုလည်း စစ်ဆေး ကြည့်ရဦးမယ်"

"ဟိုက်"



အိမ်ပေါ်ထပ်တွင်လည်း စိမ်းသည် အောင်အောင် ပြန်ဆင်းသွားကတည်းက အောက်တွင် ဘာတွေဖြစ်နေကြပြီလဲ။ အကယ်၍ အောင်အောင် ပြန်လာလျှင် ကောင်းသောလာခြင်းဖြစ် လေမလားဟု သိလိုစိတ် မသက်မသာစိတ်ဖြင့် အတွင်းမှ သံမဏိတံခါး ကို မျက်နှာတစ်မျက်နှာစာမျှသာဖွင့်ပြီး လှေကားဆီသို့ လှမ်းကြည့် နေပေသည်။

အောင်အောင်ကပင် ရှေ့ဆုံးမှ သေတ္တာတစ်လုံးဆွဲ ကာ လာခဲ့သည်။

ကိုလှိုင်ဘွားသည် နောက်မှ လိုက်လာသော်လည်း ဘာပြောသံမျှ မကြားရပေ။

တကယ်ဆို မှန်ချပ်နံရံကြီးက ညွှန်းခန်းသို့ လှမ်း ကြည့်လျှင် အလောင်းတွေ ရှိနေပါက လှမ်းမြင်နိုင်သည်ကို လတ်တလော အခြေအနေအရ ကိုလှိုင်ဘွား သတိမရဖြစ်နေပုံရ သည်။ သူ့တွင် ဤနေရာမှာပင် ရတနာတွေ ခွဲဝေရေးကိုမလိုလား သော စိတ်အာရုံက ဖုံးလွှမ်းနေမည်။ အောင်အောင်ကိုလည်း အစိမ်းလိုက် ဝါးစားချင်အောင် အမြင်ကတ်သောစိတ်က လွှမ်းမိုး နေပြန်သဖြင့် မှန်ချပ်မှ အထဲသို့ကြည့်ရန် သတိမေ့လျော့နေဟန် တူပါ၏။

အောင်အောင့်အဖို့တော့ ဘုရင့်နောင်ဖောင်ဖျက်သလို လုပ်ဆောင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ညွှန်းခန်းထဲရောက် ရှိလာကြလျှင် ကိုလှိုင်ဘွားက အလောင်းနှစ်လောင်း ဘယ်မှာလဲ ဟု မေးတော့မည်။ မိမိအနေနှင့် မပြနိုင်သည်နှင့် ကိုစိန်လက်ဝါး နှင့် သူ ပူးပေါင်းပြီး မိမိကို အန္တရာယ်ပြုတော့မည်မှာ သေချာ သည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းတံခါးသို့ ဝင်လိုက်မိသည်နှင့် အောင်အောင်ကပင် အသွက်လက်ဆုံး လှုပ်ရှားတော့သည်။

ငွေသေတ္တာကိုဆွဲကာ လှေကားဆီသို့ အောင်အောင်ဦးတည်ပြေးတော့သည်။

"ဟာ ... ဒီကောင် ပြေးပြီ ... ပြေးပြီ၊ ညှော်ခန်းထဲမှာဘာအလောင်းမှလဲ မရှိဘူး၊ ဒီကောင် သစ္စာဖောက်ပြီးပေးစမ်းဗျာ ကိုစိန်လက်ဝါး၊ ကျုပ်သေနတ် ပေးစမ်း"

သူတို့သုံးယောက်လုံး နောက်မှ စုပြုံလိုက်လာကြသည်။

အောင်အောင်က လှေကားအတက် လှေကားထစ်လေးငါးထစ်တက်ပြီး အမြင့်ပိုင်းရောက်သည်နှင့် လှေကားသို့ရောက်လာသော သုံးယောက်စလုံးဆီသို့ လက်ထဲမှ သေတ္တာဖြင့်ပေါက်ချလိုက်သည်။

ကိုစိန်လက်ဝါးနှင့် ကိုလှိုင်ဘွား ဖင်ထိုင်လဲကျသွားသော်လည်း ကိုယ်လုံးကျစ်ကျစ်သေးသေး ချာလီသည် မလဲမပြိုဘဲ ရှောင်တိမ်းနိုင်သည်။

ချာလီသည် သူ့အိတ်ထဲမှ မောင်းပြန်ဓားကိုထုတ်ယူခလုတ်ဖြုတ်ရင်း လှေကားထစ်သို့ တက်လိုက်လာသည်။

လှေကားထစ်ပေါ် ဝမ်းလျားမှောက်ချပြီး ချာလီကအောင်အောင်၏ခြေတစ်ဖက်ကို သူ့မောင်းပြန်ဓားနှင့် ဇွေ့ယမ်းလိုက်သည်။

ခြေသလုံးကို ဓားချက်ထိသွားသည်။

ကျင်ခနဲ၊ ပူခနဲနှင့် နာကျင်သော ဝေဒနာကိုအောင်အောင် ခံစားလိုက်ရသည်။



သို့သော် အောင်အောင်က ထိုဓားထိသော ခြေဖြင့်ပင် ချာလီ၏မျက်နှာကို ဆောင့်ကန်ပစ်လိုက်ရာ ချာလီမှာလှေကားထစ်များမှ ကျွမ်းပစ်လိမ့်ကျ သွားပေတော့သည်။

လှေကားရင်းတွင် သုံးယောက်စလုံး ချာလီကျလာသော အရှိန်ဖြင့် ဗလုံးဗထွေး ဖြစ်နေစဉ်မှာပင် အောင်အောင်သည် အပေါ်ထပ်သို့ ပြေးတက်လာကာ သံမဏိတံခါးကို တဗုန်းဗုန်း လက်ဝါးဖြင့် ပုတ်လိုက်သည်။

ချက်ချင်း စိမ်းက ဖွင့်ပေးပါ၏။

အောင်အောင် ငွေတိုက်ဟောင်းအတွင်းသို့ လှိမ့်ဝင်လိုက်ရင်း ...

"ပြန်ပိတ်စမ်း၊ မြန်မြန်ပြန်ပိတ်ပြီး အတွင်းသော့ချက်ကိုပါပိတ်၊ ဒီကောင်တွေနောက်က လိုက်လာနေပြီ"

စိမ်းက ပိတ်ပြီး အတွင်းသော့ချက်ခလုတ်ကို ပိတ်လိုက်ပေတော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



# ၁၉

စိမ်းက တံခါးဖွင့်ပေးသော်လည်း တံခါးပြန်ပိတ်ပြီးသည်နှင့် နံရံကိုကျောမှီကာ အောင်အောင်အား စကားတစ်ခွန်းမျှ မပြောပေ။

ဦးမင်းဆွေကလည်း ငုတ်တုတ်ထိုင်ပြီး စကားမပြောဘဲ အရိပ်အကဲခတ်သည့် သဘောရှိနေသည်။

အောင်အောင်က သူ့ကို သူတို့ စိတ်ဆိုးမည်ဆိုဆိုးထိုက်ပေသည်ဟု ယူမှတ်ထားသူဖြစ်သည်။

သို့သော် သူတို့ကို အောင်အောင်က မျက်နှာ… မသွေးတော့ပေ။

ခြေနှစ်ဖက်ဆင်းပြီး နံရံကိုကျောမှီကာ အောင်အောင် မျက်စိစုံမှိတ်ထားသည်။

ချာလီ၏ဓားချက်သည် တော်တော်ဒဏ်ရာကြီးသွားပုံရသည်။ သွေးတွေစီးကျသည်မှာ ငွေတိုက်၏ ကြမ်းပြင်တွင် ခြေဆင်းထားသည့် ကြမ်းပြင်အနီမှုပိုင်းဆီသို့ သွေးစီးကြောင်းဖြစ်နေသည်။



အောင်အောင်မှာ တစ်ချိန်လုံး စိတ်မောခဲ့ရသည်။ လူမောခဲ့ရသည်။ ဓားဒဏ်ရာရထားသည်။ နံရံကိုမှီပြီး မှိန်းမှိန်းနေပါ၏။

ဦးမင်းဆွေသည် ပထမဆုံး လှုပ်ရှားလာသည်။ ထိုင်ရာမှထပြီး သူ၏လောင်းကုတ်အင်္ကျီကို ချွတ်လိုက်သည်။

လောင်းကုတ်အင်္ကျီ၏ အတွင်းခံလိုင်နာသားမှာ ဖလန်နယ်အသား ဖြစ်ပါ၏။ ထိုလိုင်နာသား ဖလန်နယ်ကို ဦးမင်းဆွေက ဆွဲဆုတ်ပြီး ထုတ်ယူလိုက်သည်။

"စိမ်း"

"ရှင် … ဘဘ"

"ကြွေဘေစင် ရေဆင်းပေါက်ကို အဆို့နဲ့ပတ်ပြီး ထက်ဝက်လောက် ရေခံထားပေးပါ"

"ဘာလုပ်မလို့လဲ ဘဘ"

"အိုကွယ် … လုပ်စရာရှိလို့ပေါ့"

ငွေတိုက်ထဲမှာပင် မျက်နှာသစ်ကြွေဘေစင် ထားရှိပေသည်။ ဘဘဆွေ အမိန့်အတိုင်း စိမ်းက သံကြိုးတန်းလန်းရာဘာအဆို့ကိုပိတ်ပြီး ရေတစ်ဝက် ခံပေးလိုက်သည်။

"ရပါပြီ ဘဘ"

ဦးမင်းဆွေက ဖလန်နယ်စထဲမှ လက်ကိုင်ပဝါအရွယ်လောက် ထပ်ဆုပ်ဖြီပြီး ကြွေအင်တုံရေတွင်း နှစ်လိုက်သည်။

ထိုရေနှစ်စဖြင့် အောင်အောင်၏ ခြေသလုံးမှ သွေးထွက်နေသော ဒဏ်ရာကို ဆေးကြောပေးရန် ပြင်ဆင်သည်။

"စိမ်းပဲ လုပ်ပေးလိုက်မယ် ဘဘ၊ ဘဘက လူကြီးအနေနဲ့ လုပ်မပေးသင့်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စိမ်းကပင်ထ၍ အောင်အောင်၏ခြေသလုံးမှ စားဒဏ်ရာကို ဆေးပေးလိုက်သည်။

ဘဘဆွေက ငွေတိုက်ထဲတွင် မှုးမော်လျှင် အသင့်ရှိနေစေရန် အကောင်းစားပရုတ်ဆီဘူး ထားသည်ကို သတိရပြီး ယူလိုက်သည်။

"ရော့ ... သမီး၊ သူ့ဒဏ်ရာကို ပရုတ်ဆီလိမ်းပေးလိုက်ပါ၊ အင်း ... ပရုတ်ဆီဟာ စားဒဏ်ရာမှာထည့်ရင် ကောင်းသလား မကောင်းသလားတော့ မသိဘူး၊ ဒါပေမဲ့ သူ့အထဲမှာ ပရုတ်ပါတော့ အနာကျက်နိုင်မယ်၊ သွေးတိတ်သွားနိုင်မယ်လို့ ဘဘ ထင်တာပဲ၊ လိမ်းပြီးရင် ကျန်တဲ့ ဖလန်နယ်ပိုင်းစကို အရှည်လိုက်ဆုတ်ပြီး ပတ်တီးစည်းပေးထားလိုက်ပါ သမီး"

စိမ်းက အောင်အောင်ဒဏ်ရာ ဆေးပြီးနောက် ပရုတ်ဆီထည့်ပေးသည်။

စပ်ပါ၏။ တော်တော်စပ်သောကြောင့် အောင်အောင်သည် အံကြိတ်ခံပေသည်။ ထို့နောက် ဘဘပြောသည့်အတိုင်း စိမ်းက ပတ်တီးစည်းပေးလိုက်သည်။

ပြီးစီးသောအခါ စိမ်း ကြွေအင်တုံမှာ ယက်ဆေးပြီး ပိုသောဖလန်နယ်စဖြင့် လက်သုတ်သည်။

အောင်အောင့်ကို စိမ်းက အစအဆုံး လုပ်ပေးသော်လည်း စကားတစ်ခွန်းမျှ မပြောပေ။

အောင်အောင်ကလည်း ရင်ထဲက ကျေးဇူးတင်သော်လည်း ကျေးဇူးတင်ပါတယ်ဟု မပြောပေ။



လက်ရှိအခြေအနေအရ အောင်အောင် ဘာပြောပြော စိမ်းက လက်ခံမည်မဟုတ်ဟုပင် အောင်အောင် ယူဆထားသောကြောင့် ဖြစ်ပါ၏။

မည်သို့ဆိုစေ စိမ်း ထည့်ပေးသော ပရုတ်ဆီနှင့် စည်းပေးသော ပတ်တီးကြောင့် အနာသက်သာသည်တော့အမှန်။

ထိုင်နေကြသည်မှာ ဦးမင်းဆွေနှင့် စိမ်းက နံရံတစ်ခုကို ကျောမှီထိုင်ပြီး အောင်အောင်က အခြားနံရံတွင် ကျောမှီထိုင်သဖြင့် လူချင်းခပ်ကွာကွာ ရှိနေကြသည်။

"မောင်အောင်အောင်"

"ဗျာ ... အန်ကယ်"

"အန်ကယ်ဟာ လူကဲခတ် မညံ့ပါဘူး၊ မင်း မျက်လုံးတွေဟာ စိမ်းကို တကယ်ရင်ထဲကချစ်ကြောင်း ဖော်ပြနေတယ်၊ ပြီး မောင်ရင်ဟာ ဒီလူဆိုးခေါင်းဆောင်ကို မလွန်ဆန်နိုင်လို့ သူတို့အလိုကို လိုက်လျောပြီး ဒီကိစ္စမှာ ဒီလိုပါဝင်ခဲ့ရတယ်ဆိုတာလည်း စိမ်းကို ပြောပြတာ အန်ကယ်ကြားတယ်၊ အခုကျမှ ဘာလို့ သူတို့ကို ဆန့်ကျင်လိုက်တာလဲ"

"ကျွန်တော် ပြောပြရင် အန်ကယ် ယုံမလား"

"သိပ်ယုံတာပေါ့ကွာ၊ မင်းရဲ့အခုလက်ရှိ အခြေအနေဟာ သူတို့က မင်းကို အသေသတ်ချင်နေကြပြီပဲ၊ မင်းက သူတို့အပေါ်မှာ သစ္စာဖောက် ဖြစ်နေပြီလေ"

"မှန်မှန်ကန်ကန်နဲ့ လိုရင်းကို အတိုချုပ်ပြောရရင် စိမ်းနဲ့ အန်ကယ်ကို ကျွန်တော် မသတ်ရက်လို့ ကျွန်တော်သေချင်သေပါလိမ့်စေဆိုပြီး သူတို့ကို ဆန့်ကျင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူတို့ကို မောင်ရင် သစ္စာမဖောက်ဘူး၊ မဆန့်ကျင်ဘူးဆိုရင် မောင်ရင့်မှာ ဘယ်လောက်အကျိုး ခံစားခွင့် ရှိသလဲ"

"ငွေသား သိန်းနှစ်ဆယ်ရမယ်၊ လက်ဝတ်ရတနာတွေကို ငါးစုထဲက တစ်စုရမယ်"

"အခုတော့ တစ်ပြားမှ မရတော့ဘူးပေါ့"

"အစကတည်းက ကျွန်တော် ကိုလှိုင်ဘွား ခိုင်းတာကို ငွေကြေးပစ္စည်းဥစ္စာ မက်မောလို့ လုပ်ပေးတာမဟုတ်ဘူး၊ ကျွန်တော့်ဘဝနဲ့ ကျွန်တော့်အသက် အသေမခံချင်လို့လုပ်ရတာ၊ ပထမပိုင်းက စိမ်းနဲ့အန်ကယ်ကို သတ်ပေးရမယ်ဆိုတဲ့ တာဝန်မပါဘူး၊ အိမ်တံခါး ဖွင့်ပေးရုံပါ၊ အလုပ်လုပ်ကာနီးမှ အန်ကယ်နဲ့ စိမ်းကို သတ်ပေးရမယ်လို့ ဆိုလာတာ၊ သမိုင်းက လူနေဝေးတဲ့ခြံကြီးက အိမ်ကြီးထဲကို ခေါ်သွားပြီးပြောတာ၊ ကျွန်တော် သဘောမတူရင် ကျွန်တော့်ကို သတ်မယ်ဆိုလို့ ကိုယ့်အသက်ကို နမြောပြီး လက်ခံလိုက်ရတယ်၊ ဒီနောက် အိမ်ကဖုန်းနဲ့ ရဲကိုအကြောင်းကြားဖို့ ကျွန်တော် ကြိုးစားတယ်၊ ကျွန်တော့်အိမ်ကဖုန်းကြိုးကို ဖြတ်ထားတယ်၊ ကိုယ်တိုင်ရဲစခန်းသွားဖို့ အိမ်ထဲက ထွက်လာတော့လည်း ကိုလှိုင်ဘွားရဲ့လူတွေ ကင်းချထားတယ်၊ ဒါတောင် ဒီအိမ်ထဲရောက်ရောက်ချင်း ရဲစခန်းကိုဆက်ဖို့ ကျွန်တော် ကြိုးစားသေးတယ်၊ ဒီအိမ်က ဖုန်းကြိုးကိုလည်း ကိုလှိုင်ဘွားက တစ်နေရာရာကနေပြီးဖြတ်ထားနိုင်ခဲ့တယ်၊ ဒါကြောင့် စိမ်းနဲ့ အယ်ကယ့်ကို မသတ်ဘဲ လွတ်လိုလွတ်ငြား အခြေအနေတွေ ဖန်တီးခဲ့တယ်၊ နောက်ဆုံး ဒီအခြေအနေ ရောက်လာတာပဲ"



ဦးမင်းဆွေ ခေါင်းညိတ်သည်။ ပြီး စိမ်းဘက်သို့ လှည့်ပြောလိုက်သည်။

"ဘဘ ပြောတယ် မဟုတ်လား သမီး၊ မောင်အောင်အောင်ဟာ စိတ်ထားကောင်းမွန်တဲ့ သူငယ်လည်း ဖြစ်တယ်၊ သမီး စိမ်းကိုလည်း သူ တကယ် ရင်ထဲက ချစ်ရှာပါတယ်လို့"

စိမ်းက ဘာမျှပြန်မပြောဘဲ အောင်အောင်ကို ငေးကြည့်နေပေသည်။

စိမ်း၏မျက်နှာတွင် ဒေါသစိတ်၊ နာကြည်းစိတ်များ လျော့ပါးသွားပြီမို့ တင်းမာခြင်း မရှိတော့ပေ။ သည်အိမ်ရောက်ပြီးမှ အောင်အောင် ဖုန်းဆက်သည်ကိုလည်း စိမ်းကိုယ်တိုင် တွေ့ခဲ့ရသည်ကိုး။

"ဒါထက် အန်ကယ် တစ်ခုမေးမယ်၊ မောင်အောင်အောင်ကို မယုံလို့မေးတာ မဟုတ်ဘူး၊ အခြေအနေ ဇာစ်မြစ်အမှန်ကို သိချင်လို့ မေးတာ"

"ဘာမေးမလဲ အန်ကယ်၊ မေးပါ"

"မောင်အောင်အောင် ဒီအိမ်ကို ရောက်လာတဲ့အချိန်မှာ အန်ကယ်နဲ့ တွေ့သားပဲ၊ အဲဒီတုန်းက အန်ကယ့်ကို အကျိုးအကြောင်း ပြောပြရင် ရဲကို အန်ကယ်သွားတိုင်မယ်၊ သူတို့အလာမှာ စောင့်ဖမ်းရင် ဖြစ်နိုင်သားပဲ"

"အဲဒါကိုလည်း ကျွန်တော် စဉ်းစားပါသေးတယ်၊ မလွယ်ဘူး၊ ဒီအိမ်ဝန်းကျင်မှာ ကိုလှိုင်ဘွားက သူ့လူတွေကို အစောကြီးကတည်းက ချထားပြီးပြီ၊ ကျွန်တော်တို့အပြင်ထွက်တာနဲ့ ကိုလှိုင်ဘွားကို လှမ်းအကြောင်းကြားရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုလှိုင်ဘွားက မလာတော့တဲ့အပြင် ကျွန်တော့်ကို တစ်နည်းနည်းနဲ့ သတ်ပစ်မှာ၊ ဒါကြောင့် မပြောတာ၊ တယ်လီဖုန်းနဲ့ ဆက်ရင်သာ ဖြစ်နိုင်တဲ့အခြေအနေ ရှိတယ်၊ ဒီတော့ ကျွန်တော်က အန်ကယ်နဲ့စိမ်းကို သူတို့ ဖောက်ထွင်းကိစ္စပြီးလို့ ပြန်သွားတဲ့အထိ သတိမေ့ထားစေရမယ်၊ သူတို့အမြင်မှာ အန်ကယ်နဲ့ စိမ်း သေသွားပြီလို့ မြင်စေရမယ်၊ ဖောက်ထွင်းပြီး ဒီက ပြန်သွားမှ တစ်နည်းနည်းနဲ့ သက်ဆိုင်ရာကို ဒီအိမ်ထဲမှာ သတိမေ့နေတဲ့ လူနှစ်ယောက်ရှိတယ်၊ သွားကြည့်ပါလို့ ပြောမယ်လို့ စိတ်ကူးလိုက်တယ်"

"ဒါဆိုလည်း မောင်အောင်အောင်အတွက် ဘယ်မှာ အန္တရာယ်ကင်းမလဲ၊ မောင်အောင်အောင်ကို သူတို့က ပြန်ပြီးရန်ရှာကြမှာပေါ့"

"မှန်ပါတယ် အန်ကယ်၊ ဒီအိမ်ထဲရောက်ပြီး စိမ်းနဲ့တွေ့ပြီးကတည်းက အရာရာကို စွန့်လွှတ်မယ်လို့ စိတ်တုံးတုံးချ ဆုံးဖြတ်လိုက်ပါတယ်၊ ကျွန်တော့်အသက်ကိုလည်း စွန့်လွှတ်မယ်၊ ကျွန်တော့်အပေါ် နာကြည်းတော့မယ့် စိမ်းရဲ့အချစ်ကိုလည်း ဆက်ပြီးမမျှော်လင့်တော့ဘူး၊ ဒါကြောင့် အန်ကယ်နဲ့ စိမ်း မသေစေရဘူး၊ သူတို့သတ်ဖို့ ကြိုးစားလည်း ကျွန်တော် အသက်သေသည်အထိ ကာကွယ်ပေးမယ်လို့ ဆုံးဖြတ်ပြီးသားပါ ...

"ပထမတော့ သူတို့ဖောက်ထွင်းပြီး လိုတာရသွားပြီး ပြန်သွားရင် စိမ်းနဲ့အန်ကယ် အသက်ရှင်လျက်သားကျန်ခဲ့ရင် တော်ပြီလို့ သဘောထားတယ်၊ ဒါပေမဲ့ အခြေအနေတွေ ပြောင်းလဲသွားတယ်၊ သူတို့ ဖောက်ထွင်းပြီးပေမယ့်



လမ်းပေါ် ရုတ်တရက် ပြန်မထွက်နိုင်ဘူး၊ ဒီကြားထဲ စိမ်းနဲ့အန်ကယ် တကယ်သေရဲ့လား ဆိုတာကို လှိုင်ဘွားက စစ်ဆေးမယ် ဆိုတာနဲ့ ကျွန်တော် သူတို့လက်ထဲက ထွက်ပြေးလာတာပဲ၊ လှေကားရဲ့အတက်မှာ လှိုင်ဘွားရဲ့ တပည့် ချာလီက နောက်က အတင်းလိုက်လာပြီး ဓားနဲ့ထွက်လို့ ခြေသလုံးမှာ ဒဏ်ရာရသွားတာပါ"

"အင်း ... မောင်အောင်အောင်ဟာ ကျူပ်အကဲခတ်တာထက်တောင် ပိုပြီး စိတ်ကောင်း နှလုံးကောင်း ရှိတဲ့လူပဲ။ ဒါထက် သူတို့ ဖောက်ထွင်းပြီး ချက်ချင်း လမ်းပေါ်ကို ပြန်မတက်နိုင်တာ ဘာလို့လဲ"

သည်လမ်းထဲမှာ ရဲအုပ်ကိုတိုက်စိုးနဲ့အဖွဲ့ ရောက်နေကြောင်းနှင့် ဗိုလ်ချုပ်ဈေးဖောက်မည့် သာနီးကို စောင့်ဖမ်းကြောင်း ပြောပြလိုက်ပါ၏။

"အင်း ... ဟုတ်သားပဲ၊ ကျူပ်ပြန်လာတော့ ရဲကားတစ်စီးရပ်ပြီး လမ်းထဲဝင်လာတဲ့ကားတွေကို စစ်ဆေးနေတာတွေ့တယ်"

"ကျွန်တော် သိပ်အံ့ဩနေတာ တစ်ခုရှိတယ် အန်ကယ်၊ အန်ကယ့်အိမ်ရဲ့ အနေအထား မြေပုံညွှန်းရော၊ ငွေတိုက်တည်ရှိပုံနဲ့ တည်ဆောက်ပုံအထိ မြေပုံနဲ့ တိတိကျကျကိုလှိုင်ဘွား ရထားတယ်၊ အထဲမှာရှိတဲ့ ပစ္စည်းတွေကိုလည်း သိနေတယ်"

"အေး ... ဒါကတော့ အံ့ဩစရာပဲ၊ ဒီငွေတိုက်အကြောင်းကို ကမ္ဘာမှာ အန်ကယ်ကိုယ်တိုင်ရယ်၊ သားဟန်ဝင်းရယ်၊ စိမ်းရယ် သုံးယောက်ပဲသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုလှိုင်ဘွားက ပြောတယ်၊ ဒီမြေပုံအညွှန်းနဲ့ အတိအကျ သတင်းကို သူ့ဆရာကြီးက ပေးတာလို့ ပြောကယ်၊ အဲဒီ သူ့ဆရာကြီးဆိုတဲ့လူကို အန်ကယ် မခန့်မှန်းနိုင်ဘူးလား"

ဦးမင်းဆွေ စဉ်းစားပြီးမှ ခေါင်းခါပြသည်။

"စဉ်းစားလို့မရဘူး မောင်အောင်အောင်၊ အခု လက်တလော အာရုံများနေလို့ စဉ်းစားမရတာ ဖြစ်ချင်ဖြစ်မယ်"

အားလုံး ခေတ္တ ငြိမ်သွားသည်။

"ဒီကောင်တွေ အပြင်ဘက်မှာ ငြိမ်လှချည်လား မောင် အောင်အောင်"

"သူတို့ သန်းခေါင်ကျော်မှ လှုပ်ရှားလိမ့်မယ် ထင်တယ် အန်ကယ်"

"သန်းခေါင်ကျော်လို့ မောင်တိုက်စိုးတို့ရဲ့အဖွဲ့ ပြန်သွားတာ နဲ့ လှိုင်ဘွားတို့လူသိုက်ဟာလည်း ငွေတွေယူပြီး သွားကြမှာ ပဲ မဟုတ်လားကွာ"

"အဲဒီလို ပြန်ကြမယ် မထင်ဘူး၊ ကျွန်တော်တို့ သုံးယောက် ကို သတ်ပြီးမှ သူတို့သွားကြလိမ့်မယ်၊ ဒါမှ သူတို့နောက် ပိုင်းအေးမယ် မဟုတ်လား"

စိမ်း ဖြည်းလေးစွာ လျှောက်လာပြီး အောင်အောင်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

အောင်အောင်က စိမ်း၏လက်ဖမိုးလေးကို ပြန်လည် အုပ်ကိုင်ထားပါ၏။

"ဒါဖြင့် ကိုအောင်နဲ့ စိမ်းတို့ ဘာဆက်လုပ်ကြလဲဟင်"

"အခုနေ ကိုအောင်တို့ လက်ထဲမှာ ဆောက်နဲ့တူရှိရင် ကောင်းမယ် စိမ်း၊ ဘေးဘက်အုတ်ကို ပန်းကန်ပြားစာ



လောက် ဖောက်နိုင်ရင်တောင် အဲဒီအပေါက်က အပြင်ဘက် ကိုအော်ပြီး အကူအညီတောင်းနိုင်မယ်၊ ဒီအခန်းက အသံ လုံခန်း ဖြစ်နေတယ် မဟုတ်လား"

တစ်ခန်းလုံး ဆောက်နှင့်တူရယ် မဟုတ်။ အုတ်ကို ထုနိုင်နှက်နိုင်သော ကိရိယာတစ်ခုခု လိုက်ရှာကြည့်ကြသည်။

ဘာမျှမတွေ့ပါလေ။

ငွေစက္ကူအထုပ်များမှ ကြိုးကိုဖြတ်သော မောင်းချ ဓားသေးသေးလေး တစ်ချောင်းသာ တွေ့ရသည်။

စိတ်ပျက်အားငယ်စရာ ကောင်းပါဘိ။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ( ၂၀ )

"ဒီမယ် ဘော့စ်"

ချာလီက လှိုင်ဘွားကို ခေါ်လိုက်သဖြင့် လှိုင်ဘွားက ချာလီကို ကြည့်လိုက်သည်။

သူတို့သုံးယောက်စလုံးသည် လှေကားရင်းတွင် ထိုင်နေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ဟာ ဒီလှေကားရင်းမှာ အရုပ်ကြီးတွေချထားသလို မလှုပ်မယှက် ဘယ်လောက်ကြာအောင် ထိုင်နေကြမှာလည်း ဘော့စ်"

တပည့်ချာလီက ဤစကားကို ဤမျက်နှာပေးဖြင့် ပြောသည်ကို လှိုင်ဘွားမကြိုက်ပေ။ ချာလီ ဆိုသည်မှာ လှိုင်ဘွားသည် ခေါင်းဆောင်ဖြစ်သောကြောင့် လွတ်မြောက်ထွက်ခွာရေးအတွက် တစ်ခုခု လုပ်သင့်သည်ဟု ဆိုလိုချင်ပုံရသည်။ သူ၏လေသံတွင် လှိုင်ဘွားကို အပြစ်တင်သံ ပါရှိနေသည်။ ဘယ်တုန်းကမျှ ချာလီသည် လှိုင်ဘွားအား သည်မျက်နှာမျိုးနှင့် သည်အပြောမျိုး မရှိခဲ့ဘူးပေ။



"ဘာလဲ ချာလီ၊ မင်းက ငါ့ကို အပြစ်တင်ချင်လို့လား၊ ဒီလောက် လုပ်ငန်းကြီးလုပ်တဲ့နေရာမှာ ဒီလောက်အခက်အခဲတော့ ရှိမှာပဲကွ"

ချာလီ မခိုးမခန့် ပခုံးတွန့်ပြသည်။

"အစီအမံ အကွက်စေ့ရင်တော့ ဒီလိုအခက်အခဲမျိုးမရှိနိုင်ပါဘူး၊ ဘော့စ် စီမံတာတွေမှာ ချွတ်ယွင်းချက် ရှိနေတယ်"

"ဘာကွ ချာလီ၊ မင်းက ငါ့ကို ဒီစကားမျိုး ပြောလာသလား"

"ပြောသင့်တယ် ထင်လာလို့ ပြောတာပါ ဘော့စ်၊ တကယ်တော့ ဘော့စ်ဟာ အောင်အောင့်ကို မပိုင်ခဲ့လို့ ဒီကောင်လွတ်သွားရတယ်၊ နောက်ပြီး ကိုတိုက်စိုးတို့ရဲ့ လှုပ်ရှားမှုသတင်းကို ဘော့စ် ကြိုတင်သိဖို့ကောင်းတယ်"

"သြော် … သြော်၊ မင်းက ငါ့ကို ဒီလိုတောင် ပြောနေပလား၊ ငါမွေးတဲ့မျောက်က ငါ့ကို ပြန်ခြောက်တယ်ပေါ့၊ ကဲ … ခြောက်ဦးကွာ"

ချာလီ၏မျက်နှာကို ခွပ် … ခွပ်နှင့် လှိုင်ဘွားက နှစ်ချက်ဆင့်ထိုးသည်။

ချာလီ နောက်သို့ ဖင်ထိုင်လဲကျသွားပြီး နှာခေါင်းမှ သွေးများ ယိုစီးထွက်လာသည်။ ချာလီက မောင်းပြန်ခားထည့်ထားသည့်အိတ်သို့ လက်နှိုက်လိုက်စဉ်မှာပင် စိန်လက်ဝါးက သူတို့နှစ်ယောက်ကြားတွင် ဝင်၍ရပ်ရပြန်သည်။

"ခင်ဗျားဟာက ဘယ်လိုလဲ ကိုလှိုင်ဘွား၊ ဘာမဆိုခင်ဗျားက ဒေါသချည်းပဲ၊ ခင်ဗျားရဲ့ ပျော့ကွက်နဲ့ လုပ်ကွက်ကြမ်းလို့ အောင်အောင်လည်း လွတ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်ဆီက သေနတ်ယူထားလို့ ဒီကောင် ချာလီ ကံကောင်းတယ်မှတ်ပါ"

"ဒါတွေ ထားလိုက်ပါလေ၊ အခု ကျုပ်တို့ ဘာဆက်လုပ်မယ်ဆိုတာသာ ပြောပါ၊ လမ်းပေါ်က ရဲအုပ်တိုက်စိုးရဲ့ အခြေအနေကို ကျုပ်တို့ သိသင့်တယ်၊ နောက်ပြီး ကျုပ်တို့ ဒီကထွက်သွားရင် အပေါ်ထပ် ငွေတိုက်ယောင်းထဲက သုံးယောက်ကို ဘယ်လိုလုပ်ခဲ့မလဲ၊ ဒီအတိုင်းသာထားခဲ့ရင်တော့ ကျုပ်တို့ ဒီကထွက်လို့ ကိုယ့်အိမ်ပြန်မရောက်ခင် အောင်အောင်နဲ့ သူတို့က ရဲကိုတိုင်လိုက်လို့ ကွိခနဲကျုပ်တို့ကို မိသွားမယ်၊ ဒါတွေကို ခင်ဗျား စဉ်းစားပြီး စီမံသင့်တယ်၊ ခင်ဗျားက ဒီလုပ်ငန်းမှာ ခေါင်းဆောင်ပဲ"

"ကောင်းပြီ၊ ကျုပ် စီစဉ်မယ်၊ ကျုပ်စီစဉ်တဲ့အတိုင်း ခင်ဗျားတို့နှစ်ယောက် လိုက်နာကြ၊ ဒါပဲ"

"အင်း ... စီစဉ်ပဲ စီစဉ်စမ်းပါဦးလေ"

"ကိုစိန်လက်ဝါးက အပေါ်ထပ် ငွေတိုက်ယောင်း အုတ်နံရံကို တစ်ပေပတ်လည်လောက် အပေါက်တစ်ပေါက်ဖောက်ပါ၊ ချာလီက ကိုစိန်လက်ဝါးကို ကူညီပြီးလုပ်ပါ"

"ရတယ်လေ၊ အုတ်တိုက်ဖောက်တာ တစ်ပေပတ်လည်လောက်ဆိုရင် နာရီဝက် မိနစ်လေးဆယ်လောက်ပဲ ဖောက်ရမယ်၊ အဲဒီအပေါက် ဖောက်ပြီးရင် ခင်ဗျား ဘာလုပ်မလဲ"

"ခင်ဗျားဆီမှာရှိတဲ့ သေနတ်နှစ်လက်နဲ့ အပေါက်ထဲလက်လျှိုပြီး သုံးယောက်လုံးကို အသေပစ်သတ်မယ်ဗျာ"

"လွယ်လွယ်နဲ့ ဖြစ်မတဲ့လား၊ သူတို့ အခုဖောက်တဲ့ နံရံဘက်မှာ လာကပ်နေရင် ခင်ဗျားပစ်လို့ ဘယ်ထိမလဲ၊



သေနတ်ဆိုတာ ချိန်ပြီးပစ်မှ ထိတာမျိုးပဲဟာ၊ နောက်တစ်ချက် ရှိသေးတာက [illegible]မှာ သေနတ်ရှိနေမယ်ဆိုရင် ကျုပ်တို့က အပေါက်ကကြည့်ပြီး လက်သွင်းပစ်တာနဲ့ သူက အထဲကနေပြီး အပေါက်ဆီကို ပြန်ပစ်ရင် ကျုပ်တို့ မျက်နှာနဲ့ ရင်ဘတ်ကို သူတို့ကျည်ဆန်မှန်မှာ သေချာတယ်၊ သူတို့ဘက်ကတောင် ပိုပြီးပစ်မှတ်ကောင်းသွားဦးမယ်"

"ဒါဆိုလည်း ခင်ဗျား ယမ်းဘီးလူးနဲ့ လုပ်ထားတဲ့ ဘီယာဘူးပစ်သွင်းမယ်ဗျာ၊ ဒါဆို သုံးယောက်လုံးထိမှာ၊ သေမှာပဲ"

"အဲဒီ ဘီယာဘူးကို အပေါက်ထဲ ပစ်ထည့်ဖို့ ခင်ဗျားပစ်မလား ကိုလှိုင်ဘွား၊ ဘီယာဘူးပေါက်ကွဲရင် အထဲက လူသုံးယောက်ကို ထိမှန်သလို အပြင်ဘက် ပေနှစ်ဆယ်အစိတ်အတွင်းက လူကိုလည်း ထိနိုင်တယ်၊ ကျုပ်ကတော့ ကျုပ်ဘီယာဘူးကို အထဲပစ်ထည့်ဖို့ တာဝန်မယူနိုင်ဘူး၊ ကျုပ်အလုပ်တာဝန်က ဖောက်ထွင်းပေးရုံပဲ"

ချာလီကပါ ဝင်ပြောပြန်သည်။

"ကျုပ်တာဝန်ကလည်း မော်တော်ကား မောင်းရမယ့်တာဝန်ပဲ"

ကိုလှိုင်ဘွားက စိတ်တိုစွာဖြင့် အော်ပြောလိုက်ပေသည်။

"ကျုပ် ပစ်သွင်းမယ် စိန်လက်ဝါး၊ ယောကောင် ချာလီ၊ အပေါက်ထဲကို ဘီယာဘူး ငါကိုယ်တိုင် ပစ်သွင်းမယ်၊ ကဲ ... ကျေနပ်ပြီလား"

စိန်လက်ဝါးက ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မတိုနဲ့ ကိုလှိုင်ဘွား၊ အခု ငွေသားတွေထဲမှာလည်း ခင်ဗျားက အများဆုံးယူထားတယ်၊ ရတနာတွေ ဝေစု ကျတော့လည်း ခင်ဗျားက နှစ်စုတောင် ယူထားတယ်၊ အခုဆို အောင်အောင့်ကို ပေးစရာမလိုတော့ အောင်အောင့်ကိုပေးရမယ့် သိန်းနှစ်ဆယ်ရော၊ ရတနာဝေစုရော ပိုလာပြန်တယ်၊ အေးပါလေ ... ဒီဝေစုကိစ္စက နောက်မှပြောလည်း ရပါတယ်"

ကိုလှိုင်ဘွားက နာရီကို ကြည့်လိုက်သည်။ ဆယ့်တစ်နာရီ မိနစ်ငါးဆယ် ရှိပေပြီ။

"ကဲ ... ကိုစိန်လက်ဝါးက အပေါ်ထပ် အုတ်ရိုးကို ဆက်ဖောက်ပေတော့၊ ငါ ခြံပြင်ထွက်မယ်၊ အခြေအနေကြည့်မယ်၊ အဆင်ပြေရင် မော်တော်ကားကို တစ်ပါတည်းမောင်းယူလာခဲ့မယ်၊ ကားသော့ ငါ့ကိုပေး ချာလီ"

ကိုစိန်လက်ဝါးက ပတ္တူအိတ်ကိုယူပြီး အပေါ်သို့ လှေကားမှ တက်သွားသည်။ ချာလီက ကားသော့ပေးခဲ့ပြီး ကိုစိန်လက်ဝါး နောက်သို့ လိုက်သွားသည်။

ကိုစိန်လက်ဝါးရော ချာလီပါ အပေါ်တက်သွားမှ လှိုင်ဘွားသည် ရတနာသေတ္တာထည့်ထားသော လက်ဆွဲသေတ္တာကြီးကိုဖွင့်ကာ ရတနာသေတ္တာကို ယူလိုက်သည်။ သေတ္တာကြီးကို ပြန်ပိတ်ကာ နေရာမပျက် သူ့နေရာတွင် သူထားပြီး အပြင်သွားရန် ခြံတံခါးဆီသို့ ကော်ရစ်ဒါအတိုင်း ထွက်လာခဲ့သည်။

ခြံတံခါးဝ အရောက်တွင် တံခါးအုတ်တိုင်ကိုကွယ်ပြီး အပြင်ဘက်လမ်းပေါ်သို့ အခြေအနေကို ချောင်းကြည့်သည်။

ကိုတိုက်စိုးတို့ကို အဝေးကပင် လှမ်းမြင်ပါ၏။



ရဲကားပြာဘေးတွင် ရဲအုပ်ကိုတိုက်စိုး ရပ်နေသည်။ ရဲအုပ်ကိုတိုက်စိုးက သူ့လက်ပတ်နာရီကို ငုံ့ကြည့်နေသည်ကို တွေ့ရသဖြင့် လှိုင်ဘွားကလည်း သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။

ညသန်းခေါင် (၁၂)နာရီ ထိုးလေပြီကော။

ခဏအတွင်းမှာပင် ဖြန့်ထားသော ကိုတိုက်စိုး၏ ရဲအဖွဲ့သားတွေ ရောက်လာသည်။ ကားပေါ်တက်ကြပြီး လူစုံသည်နှင့် မောင်းထွက်သွားသည်ကို တွေ့ရပေသည်။

ကိုလှိုင်ဘွားက ရတနာသေတ္တာကိုပိုက်ကာ လမ်းပေါ်သို့ ထွက်ခဲ့သည်။ ယောမင်းကြီး လမ်းအတိုင်း လျှောက်ခဲ့ပြီး လေးအိမ်ကျော် ငါးအိမ်အရောက်တွင် လက်ယာဘက်မှ ခြံကြီးတစ်ခြံရှေ့တွင် ကိုလှိုင်ဘွားရပ်ပြီး ခြံအတွင်းသို့ လှမ်းကြည့်သည်။

လှိုင်ဘွားသည် ရပ်ပြီးကြည့်သော ခြံကြီး၏ သံပန်းဝင်းတံခါးကို တွန်းလိုက်သည်။ သော့ခတ်ထားခြင်းမရှိဘဲ အသင့်ပွင့်သွားသည်။ ခြံထဲသို့ ကိုလှိုင်ဘွား ဝင်ခဲ့သည်။

ခြံထဲတွင် လှပသော တစ်ထပ်တိုက်လေးတစ်လုံး ရှိနေပေသည်။ ဥပစာတိုက်ရှေ့တွင် ပန်းအိုးများစီပြီး ပန်းပင်တွေ စိုက်ထားသည်။ ကိုလှိုင်ဘွားက ပန်းပင်များကို ဖြတ်သန်းကာ အုံကောင်းပြီး ပုအိုက်သော စံပယ်ရုံဆီသို့ လာခဲ့သည်။ စံပယ်အုံ၏အောက်ခြေတွင် ရတနာသေတ္တာလေးကို ထားခဲ့ပြီး အေးဆေးစွာပင် ထိုခြံထဲမှ ပြန်ထွက်လာခဲ့သည်။ ခြံတံခါးကို နဂိုအတိုင်း ပြန်စေ့ထားခဲ့ရုံမက လက်တစ်ဖက်သွင်းကာ အတွင်းသံမင်းတုံးကို ဟိုဘက်သည်ဘက်မိအောင် ကိုးထားခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလမ်းဘက်သို့ သူတို့ရပ်ထားခဲ့သော မော်တော်ကားယူရန် ကိုလှိုင်ဘွား ဆက်လျှောက်လာခဲ့သည်။ သူ့မော်တော်ကားသို့ ရောက်သည်နှင့် ကားတံခါးသော့ ဖွင့်ကာ ကိုလှိုင်ဘွား ယောမင်းကြီးလမ်းထဲသို့ ချိုးကွေ့မောင်းဝင်လာခဲ့တော့သည်။

တရှိုးရှိုး တရှဲရှဲ အသံကို လေယာဉ်အတက်မှာပင် လှိုင်ဘွား ကြားရသဖြင့် လေကားထစ်အပေါ်သို့ တက်လာခဲ့သည်။

ကိုစိန်လက်ဝါးနှင့် ချာလီတို့ အုတ်တိုက်ကိုဖောက်နေသည်မှာ ရယ်စရာ ကောင်းပေသည်။

ရင်ဘတ်အမြင့်လောက် နံရံနေရာကို ဖောက်နေခြင်းဖြစ်သည်။ အပေါက် ဖြစ်နေပြီမို့ မားမားမတ်မတ် ရပ်ပြီးမဖောက်ရ။ အထဲမှ အပေါက်ကို သေနတ်တေ့ပြီး ပစ်လိုက်လျှင် ရင်အုံကို ဒက်ထိ,ထိမှန်မည်စိုးသောကြောင့် နှစ်ယောက်လုံး ဆောင့်ကြောင့်ထိုင်ပြီး လက်တွေ့မြှောက်ပြီး လွန်ပူကို ပင့်ကာဖောက်နေရသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

"ဘယ်လိုလဲ ဆော့စ်၊ ဆော့စ် ထွက်သွားတာ နာရီဝက်လောက် ကြာပါလား"

"ဟကောင် ချာလီ၊ မင်းက ငါ့ကို စစ်ဆေးလှချည်လား။ ငါက စတိတ်ရှိုး တက်က,သလို အထင်ကရကြီး ထွက်လို့ရတာ မဟုတ်ဘူး၊ ကိုတိုက်စိုးတို့ အခြေအနေကို ကြည့်ပြီးမှ ပုန်းလျှိုး ကွယ်လျှိုး ထွက်ရတာ၊ နောက်ပြီး ကားရပ်ထားတဲ့ဆီကို မှောင်ရိပ်ခိုပြီး သွားရတာ၊ ဒီလောက်တော့ ကြာမှာပေါ့ကွ၊ မင်းက ဟင်း ..."

"ဒါဆို မော်တော်ကား လာပြီပေါ့"



ဟု ကိုစိန်လက်ဝါးက မေးသည်ကို လှိုင်ဘွားက ခေါင်းညိတ်ပြလိုက်သည်။

"အောက်က သံဘာဂျာတံခါးရှေ့ ပေါ်တီကိုအောက်မှာ အသင့်ရပ်ထားခဲ့တယ်၊ ခင်ဗျားတို့ ဖောက်ထွင်းတဲ့ကိစ္စပြီးရင် ဘီယာဘူး ကျူပ်ကိုပေးခဲ့၊ ခင်ဗျားတို့နှစ်ယောက် အောက်ဆင်းပြီး ငွေအိတ်နဲ့ ငွေသေတ္တာတွေကို ကားပေါ် အသင့်တင်ထား၊ ကားကို ချာလီက စက်နှိုးပြီးအသင့်စောင့်နေ၊ ဘီယာဘူး အထဲကို ပစ်သွင်းပြီးတာနဲ့ တစ်ကြိုးတည်း ငါပြေးဆင်းလာခဲ့မယ်၊ ပေါက်ကွဲသံထွက်လာတာနဲ့ လူတွေဝိုင်းလာမှာ သေချာတယ်၊ လူတွေဝိုင်းမလာခင် တို့အားလုံး မောင်းပြီးလစ်ပြေးသွားနိုင်ဖို့ အရေးကြီးတယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ကိုလှိုင်ဘွားဟာ လုပ်ငန်းခေါင်းဆောင် ပီသပါတယ်"

စိန်လက်ဝါးက ချီးမွမ်းစကား ပြောရင်း ကျန်နေသေးသော အပေါက်ကို ဆက်ဖောက်ပေတော့သည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"ရှီး ရှီး ... ရှဲ ရှဲ ... ရှီးရှီး ... ရှဲရှဲ"

"ဟ ... အဲဒါဘာလဲ မောင်အောင်အောင်"

"သူတို့ ငွေတိုက်အုတ်ရိုးကို ဖောက်နေပြီ အန်ကယ်၊ ဒါ အုတ်နံ့ရံကို လွှန်ပူထိုးတဲ့ အသံပဲ"

"ဖောက်ပြီးရင် သူတို့ ဘာလုပ်ကြမယ် ထင်သလဲ မောင်အောင်အောင်"

"နှစ်နည်းရှိတယ် အန်ကယ်၊ ပထမနည်းက သူတို့ဆီမှာ ပစ္စတိုသေနတ်နှစ်လက်ရှိတယ်၊ အန်ကယ့်ဆီက ကျွန်တော်ယူထားတဲ့ သေနတ်ပါ သူတို့လက်ထဲ ရောက်သွားတယ်၊ အဲဒီသေနတ်နှစ်လက်နဲ့ ဖောက်ပြီးတဲ့ အပေါက်က သူတို့ အထဲကို ပစ်နိုင်တယ်၊ ကျွန်တော်တို့ကို သေအောင်ပစ်မယ် ပေါ့၊ ဒါက အရေးမကြီးဘူး၊ သူတို့အပေါက်ဖောက်တဲ့ နံရံမှာပဲ ကျွန်တော်တို့ဝင်ကပ်ပြီး မှောက်နေရင် ဖြုန်းခနဲ မထိနိုင်ဘူး၊ ထိတောင် သေလောက်တဲ့နေရာကို မထိအောင် ကျွန်တော်တို့ ရှောင်နိုင်တယ်၊ အဲဒါက သိပ်စိုးရိမ်စရာ မရှိဘူး၊ စိုးရိမ်စရာက ဖောက်ထွင်းဝိဇ္ဇာ ကိုစိန်လက်ဝါးကိုယ်တိုင်လုပ်ထားတဲ့ ဘီယာဘူးကို ကြောက်ရတယ်"



"ဟေ ... ဘီယာဘူး ဟုတ်လား"

"ဟုတ်တယ် အန်ကယ်၊ သူက ဖောက်ထွင်းဝိဇ္ဇာဆိုတော့ လိုအပ်တဲ့ ဖောက်ခွဲမှုမှာ ယမ်းဘီလူးအားလုံးသုံးပြီး ဖောက်ခွဲတယ်၊ ဘီယာဘူးနဲ့ ဖောက်ခွဲကိရိယာဟာ သူ့ဟာသူ ထွင်ထားတာ၊ အဲဒီ ဘီယာဘူး ပစ်သွင်းလို့ ပေါက်ကွဲရင်တော့ ကျွန်တော်တို့အားလုံး ကိစ္စချောနိုင်တယ်"

သုံးယောက်စလုံး တိတ်ဆိတ်သွားသည်။

ဖောက်ထွင်းသံ တရှီးရှီး တရှဲရှဲ အသံသာ ထွက်ပေါ်နေသည်။ စိမ်းက အောင်အောင်၏ လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

အောင်အောင် လက်ပတ်နာရီကို ကြည့်သည်။

(၁၂)နာရီ(၁၀)မိနစ် ရှိသွားပြီ။

"စိမ်း"

"ကိုအောင် ..."

"ဒီအခန်းထဲမှာ သူတို့ကို တန်ပြန်ခုခံနိုင်တဲ့ ပစ္စည်းတစ်ခုခု ရှိမနေဘူးလား"

"စိမ်း ဒီအခန်းထဲ ဝင်လေ့မရှိတော့ မသိဘူး ကိုအောင်၊ ဒါပေမဲ့ လိုက်ရှာကြည့်မယ်လေ"

စိမ်းနှင့် အောင်အောင် အခန်းကို ဝေ့ပတ်ပြီး တစ်ခုခု တွေ့လို တွေ့ငြား ရှာကြသည်။

ဦးမင်းဆွေသည် သွေးအေးပါ၏။ တင်ပျဉ်ခွေထိုင်ကာ ဘုရားစာများကို ရွတ်နေသည်။

"ကိုအောင် ... ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



စိမ်း လက်ထဲတွင် စက္ကူဖိသော ဖန်သားအလုံး တစ်လုံး ပါလာသည်။

"ဒါဆို ရမလား၊ ဘဘ ငွေရေတွက်ရင် ငွေစက္ကူကိုဖိထား တတ်တဲ့ ဖန်းသားတုံးလေးပဲ"

အောင်အောင်ကယူပြီး လက်တွင်ဆကြည့်သည်။ ဖန်သားလေးသည် နှစ်ဆယ်သား အစိတ်သားခန့် အလေးချိန်ရှိသည်။ တင်းနစ်ဘောလုံးလောက် အရွယ်အစားရှိသည်။ ဖန်သားအတွင်း၌ ပန်းပွင့်နီဝါစိမ်းပြာလေးတွေ ရှိနေသည်။

"တင်းနစ်ဘောလုံး"

ဟု တွေးမိသည်နှင့် အောင်အောင်၏ ခေါင်းထဲ စိတ်ကူးတစ်ခု ရသည်။ တင်းနစ်ဘောလုံးကို ရက်ကက်ဖြင့် ကိုယ်လိုရာအရပ်သို့ ရိုက်ပို့ပေးနိုင်သော အောင်အောင်၏လက်သည် မနီးမဝေးမှ ဖောက်ထွင်းသော နံရံပေါက်ဆီသို့ တည်မတ်စွာ ဝင်သွားအောင် ပစ်နိုင်စွမ်း ရှိလိမ့်မည်ဟု အောင်အောင် သူ့ကိုယ်သူ ယုံကြည်ထားမိပါ၏။

သူတို့သည် အပေါက်ဖောက်ပြီးနောက် သေနတ်နှင့် ပဲပစ်ပစ်၊ ဘီယာဘူးကိုပဲထည့်ထည့် အပေါက်ဝတွင် လက်သွင်း ရမည်။

အပေါက်ဝတွင် လက်သွင်းခြင်းသည် မျက်နှာ၊ မေးစေ့၊ ပါး၊ နားထင် သို့မဟုတ် လည်ပင်း၊ ရင်ဘတ် တစ်ခုခု သည် အပေါက်နှင့် တစ်ပြေးညီ ဖြစ်လာရမည်။

ထိရောက်ခြင်း ရှိလေမလား၊ မရှိလေလားတော့ သေချာတွက်၍မရ။ နောက်ဆုံး ခုခံရန် လက်နက်အဖြစ်နှင့်တော့ ယင်းဖန်သားဖိတုံးကလေးဖြင့် ပြန်လည်ပစ်ပေါက်ရန် အောင်အောင် ဆုံးဖြတ်လိုက်ပါ၏။



ထိုစဉ်မှာပင် အပြင်မှ ထွင်းဖောက်ချက်သည် တစ်ပေပတ်လည်ခန့်အုတ်သားများ၏ အတုံးကြီးကျဆင်းပြီး တစ်ပေပတ်လည်အပေါက် ပေါ်လွင်လာပေတော့သည်။

"အန်ကယ်ရော စိမ်းရော နံရံကပ်ပြီး မှောက်နေပါတော့၊ သူတို့ ဒီအပေါက် တစ်ခုခု လုပ်လိမ့်မယ်"

ဦးမင်းဆွေနှင့် စိမ်းသည် နံရံတွင်ကပ်ပြီး မှောက်နေလိုက်ကြသည်။

အောင်အောင်က ပစ်အားအရှိန်ကောင်းမည့်အပေါက်နှင့်တည့်တည့်နေရာတွင် မတ်တတ်ရပ်ပြီး ဖန်သားလုံးကို အသင့်ဆုပ်ကိုင်ထားသည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"ကဲ ... ဘီယာဘူး ကျုပ်ကိုပေးတော့"

စိန်လက်ဝါးက ဘီယာဘူးကို သူ၏ပတ္တူစိမ်းအိတ်ကြီးထဲမှ ထုတ်ယူပြီး လှိုင်ဘွားကို ပေးလိုက်သည်။

သူတို့အားလုံး အပေါက်နှင့်လွတ်ရာအောက်တွင် ထိုင်နေကြခြင်းဖြစ်ပြီး လှိုင်ဘွားက အထဲသို့ ပစ်သွင်းရမည့်သူမို့ ဘီယာဘူးကို တောင်းခြင်းဖြစ်သည်။

"ခင်ဗျားနဲ့ ချာလီ သွားကြတော့လေ၊ လှေကားရင်းက သေတ္တာတွေ ကားထဲထည့်ပြီး ကားစက်နှိုးသံကြားမှ ကျုပ် ဘီယာဘူး အထဲပစ်သွင်းပြီး တစ်ရှိန်ထိုး ပြေးလာခဲ့မယ်။ လှေကားကို ဆင်းမိရင် ဒီပေါက်ကွဲတဲ့အထဲက ကျုပ်လွတ်မှာပါ၊ ကဲ ... သွားကြပေတော့"

"အင်း ... သွားမယ်၊ ဒီမှာ ကိုလှိုင်ဘွား၊ အထဲပစ်သွင်းတော့မယ်ဆိုရင် ဘူးအပေါ်ထပ်က စနက်တံကိုဖြုတ်နော်၊ မမေ့နဲ့"

စိန်လက်ဝါးနှင့် ချာလီ ဆင်းသွားကြသည်။ ငါးမိနစ်သာသာမှာပင် အောက်မှကားစက်နှိုးသံကို လှိုင်ဘွား ကြားရပေသည်။



လှိုင်ဘွားသည် ဘူးထိပ်မှ စနက်တံကိုဖြုတ်ကာ မတ်တတ်ရပ်ပြီး အပေါက်ဘက်သို့ မျက်နှာမူကာ ဘီယာဘူးပစ်ချရန် လက်မြှောက်ပြင်ဆင်လိုက်စဉ်မှာပင် ...

"ဗိုး ... ခွပ် ... အား ... ဝုန်း"

အသံ လေးမျိုးသည် တစ်ချိန်တည်းမှာပင် ပေါ်ထွက်လာပေတော့သည်။

ဗိုးအသံမှာ အတွင်းမှ အောင်အောင်သည် နံရံပေါက်တွင် လူရိပ်မြင်သည်နှင့် ဖန်တုံးဖြင့်ပစ်ရာ လေကိုတိုးဝှေ့ပြီး မြည်သံဖြစ်ပါ၏။

ခွပ်ဆိုသည့် အသံမှာ ဖန်တုံးသည် ချိန်သားကိုက်ပြီး အပေါက်ဝမှ လှိုင်ဘွား၏နားထင်ကို တည့်တည့်ကြီးထိမှန်ရာတွင် ထွက်လာသောအသံ ဖြစ်သည်။

အားဆိုသည့်အသံမှာ လှိုင်ဘွားသည် ဖန်တုံးနားထင်ကို ထိလိုက်သည်နှင့် နာကျင်စွာ အားခနဲအော်ပြီး မူးဝေသွားစဉ် လက်မြှောက်ကိုင်ထားသော ဘီယာဘူးမှ ဝုန်းခနဲ ပေါက်ကွဲသံ ထွက်လာခြင်း ဖြစ်ပေတော့သည်။

အပေါ်ထပ် ဌေးတိုက်တစ်ခုလုံး ပေါက်ကွဲရှိန်ဖြင့် တုန်ခါသွားတော့သည်။

တုန်ခါခြင်း ရပ်သွားသည်နှင့် ဝမ်းလျားမှောက်နေသော စိမ်းသည် ဦးစွာခေါင်းထောင်ပြီး ဘဘဆွေ ... ဘဘဆွေ ဟုခေါ်ပြီး မှောက်လျက်သား ရှိနေသည့် ဦးမင်းဆွေကို ပြေးထူသည်။

"ဘဘ ... ဘဘ"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းတွားသံ ဦးမင်းဆွေထံမှ ထွက်လာသည်။

"ဟင် ... သမီး စိမ်း၊ ဘာမှမဖြစ်ဘူးနော်"

"စိမ်း ဘာမှမဖြစ်ပါဘူး၊ ဘဘကော ဘယ်ထိသွားလဲဟင်"

"ဘဘ ဘယ်မှမထိဘူး ထင်တယ်၊ ဝုန်းခနဲ တုန်ခါသွားလို့ မိုက်ခနဲ မူးသွားတာပဲရှိတယ်"

ဦးမင်းဆွေက ပြောရင်း ထထိုင်သည်။

"ဒါဆို ကိုအောင် ... ကိုအောင်ကော"

ဦးမင်းဆွေအား ပွေ့ပိုက်ထားသည်ကို လွှတ်ကာ အောင်အောင်ကို လိုက်ကြည့်သည်။

တွေ့ပါ၏။

သို့သော် အောင်အောင်မှာ မှောက်လျက်သားကြီး သွေးအိုင်ထဲတွင် လဲနေသည်ကို တွေ့ရခြင်းဖြစ်သည်။

"ကိုအောင် ... ကိုအောင် ... ကိုအောင့်ကို ထိသွားပြီ"

စိမ်းက အောင်အောင် လဲကျရာနေရာသို့ ပြေးသွားပြီး အောင်အောင့်ကို ပွေ့ချီလိုက်သည်။ အောင်အောင်၏ကျောပြင်တစ်ခုလုံးနှင့် ပေါင်နှစ်ဖက်မှာ သွေးတွေ ယိုစီးနေပါ၏။

ပေါက်ကွဲမှုတွင် စိမ်းနှင့် ဦးမင်းဆွေက နံရံကပ်ပြီး ဝမ်းလျားမှောက်နေသောကြောင့် မထိမှန်သော်လည်း စိန်လက်ဝါး ဖောက်ထွင်းခဲ့သော တစ်ပေပေါက်မှ အစတွေဝင်ကာ မတ်တတ်ရပ်နေသော အောင်အောင့်အား ထိမှန်ခြင်း ဖြစ်ပေသည်။

လှိုင်ဘွားက ဘူးကိုသွင်းရန် လက်မြှောက်ထားသည်မှာ နံရံပေါက်နှင့် နီးကပ်သောကြောင့် အောင်အောင်အား အစများထိမှန်ခြင်း ဖြစ်တော့သည်။



"ဒီမှာကြည့်ပါဦး ဘဘရဲ့၊ ကိုအောင့်တစ်ကိုယ်လုံး သွေးတွေရဲနေတာပဲ၊ သေများသွားလား မသိဘူး"

ငိုရင်း ပွေ့ထားရင်း စိမ်း ပြောသဖြင့် ဦးမင်းဆွေ ရောက်လာကာ အောင်အောင့်လက်ကောက်ဝတ်ကို စမ်းကြည့်ခြင်း၊ ရင်ဝတွင် နားကပ်ကာ နားထောင်ခြင်း၊ မျက်လုံးဖြဲကာကြည့်ရှု စစ်ဆေးခြင်းများ ပြုလိုက်သည်။

"မသေဘူး စိမ်း၊ ဆေးရုံကို အမြန်ဆုံးပို့ပေးဖို့တော့ လိုမယ်"

"ဒါဆို ဆေးရုံပို့ပေးဖို့ အမြန်ဆုံးလုပ်ပါ ဘဘ၊ ကိုအောင်ဟာ စိမ်းနဲ့ဘဘအတွက် အသက်စွန့်ပြီး ကာကွယ်ပေးသူပါ"

ထိုစဉ်မှာပင် ...

အပြင်ဘက်မှ သံမဏိတံခါးကိုလည်း တဗုန်းဗုန်းထုသံ ထွက်လာသည်။ ဖောက်ထွင်းအပေါက်ကြီးမှ ခေါင်းပြူပြီး အထဲသို့ လှမ်းပြောသံတွေလည်း ထွက်လာသည်။

"ဗျို့ ... ဦးမင်းဆွေ၊ ဗျို့ ... ဦးမင်းဆွေ၊ ဘာဖြစ်သွားသေးလဲဟင်၊ အထဲက တံခါးဖွင့်ပေးနိုင်သူရှိရင် ဖွင့်ပေးလေ၊ ကျုပ် ဦးလှဘူးရော၊ အိမ်နားနီးချင်းတွေရော ပေါက်ကွဲသံကြီးကြားလို့ လာကြတာဗျ"

ဘဘနှင့် စစ်တုရင်ထိုးဖက် ဥဩလှမ်းထဲမှ ဦးလှဘူး ခေါင်းဆောင်ပြီး အိမ်နီးချင်းတွေပါ ရောက်လာကြခြင်းဖြစ်ပါ၏။

ဦးမင်းဆွေသည် သံမဏိတံခါးဆီ သွားကာ လျှို့ဝှက်ခလုတ်ကို ဖွင့်လိုက်ခြင်းဖြင့် တံခါးကြီး ပွင့်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးကြီးအဝတွင် မီးသွေးလို မည်းနက်နေသည့် အလောင်းကို တွေ့ရ၏။

လှိုင်ဘွား၏အလောင်း ဖြစ်ပါ၏။

ထိုအလောင်း မဲမဲသဲသဲကြီးကိုကျော်ကာ ဦးလှဘူး ငွေတိုက်ခန်းထဲသို့ ဦးစွာရောက်လာသည်။

"ဘယ်လိုတွေနဲ့ ဘာတွေဖြစ်ကုန်တာလဲ ဦးမင်းဆွေရယ်"

"နောက်မှပြောမယ် ဦးလှဘူးရေ၊ ဖြစ်သမျှ ဇာတ်လမ်း ကတော့ ဝတ္ထုတစ်ပုဒ်ပဲဗျို့၊ အခုလောလောဆယ် အရေးကြီးဆုံးက ဆေးရုံနဲ့ ရဲစခန်းကို ဖုန်းဆက်ပေးဦးဗျာ၊ ကျုပ်အိမ်က ဖုန်းကတော့ လူဆိုးတွေ လိုင်းဖြတ်ထားလို့ ဆက်မရဘူး"

ဦးမင်းဆွေနှင့် ခြံချင်းကပ်လျက် ခေါင်းရင်းအိမ်မှ ဦးအိန္ဒက ...

"ကျုပ်ဆက်ပေးမယ်၊ ကျုပ်အိမ်ကဖုန်းနဲ့ ဆက်ပေးမယ်"

ဟု ပြောပြီး အပြေးအလွှား ထွက်သွားတော့သည်။

နာရီဝက်ပင် မကြာပါလေ။ ဆေးရုံကားရော၊ ရဲကားရော ရောက်လာပေတော့သည်။

❖ ✧ ❖



# (၂၃)

သက်ဆိုင်ရာ ရဲစခန်းက ချက်ချင်းပင် ဤအမှုကို ရဲအုပ်ဦးတိုက်စိုးကို လွှဲပြောင်းပေးလိုက်သည်။

ဦးတိုက်စိုးကလည်း လျှင်ဆိုမှလျှင်။

မိုးမလင်းမီ စိန်လက်ဝါးနှင့် ချာလီကို ငွေအိတ်၊ ငွေသေတ္တာတွေ တင်ထားသော မော်တော်ကားနှင့်အတူ ဖမ်းမိလိုက်သည်။ စိန်လက်ဝါးနှင့် ချာလီတို့မှာ ငွေအိတ်နှင့် ငွေသေတ္တာကို ဖွင့်ပင်မဖွင့်လိုက်ရသေးမီ အဖမ်းခံရခြင်း ဖြစ်ပါ၏။

ကိုလှိုင်ဘွား၏အလောင်းကို ဆေးရုံပို့ခြင်း၊ မှုခင်းဖြစ်ပွားရာကို ဓာတ်ပုံရိုက်ခြင်း စသည်တို့ကို ဦးတိုက်စိုး၏ တပည့်ရဲကြပ်ကြီးက အားလုံး ဆောင်ရွက်ပြီးစီးစေသည်။

ကိုတိုက်စိုးက ဦးမင်းဆွေထံမှ ထွက်ဆိုချက်ယူသည်။

စိမ်းထံမှ မယူသေးပေ။

စိမ်းက ဆေးရုံအရေးပေါ်သို့ ပို့လိုက်ရသော အောင်အောင်ဆီသို့လိုက်ကာ ချက်ချင်း ခွဲစိတ်မှုများ ပြီးစီးပြီး သီးသန့်ခန်းတွင် ထားရှိသည်နှင့် လူနာခုတင်ဘေးတွင် ဆရာဝန်ကြီးထံ

www.burmeseclassic.com

www.burmeseclassic.com



မှ ခွင့်ပြုချက်ရယူပြီး ပက်လက်ကုလားထိုင်တစ်လုံးဖြင့် အောင်အောင့်ကို ထိုင်စောင့်နေသည်။

ခွဲစိတ်ပြီး စနေနေ့ နံနက်လင်းလာသည်အထိ အောင်အောင်သည် မေ့ဆေးမပြယ်သေး။ သတိမရသေးပေ။ သွေးသွင်းထားရသည်။

"မစိမ်းမြသွေး၊ တော်ကြာ လူနာက ဘာမှမဖြစ်ဘဲ မစိမ်းမြသွေး လဲသွားမယ်နော်၊ ဟဲ ... ဟဲ ... မစိမ်းမြသွေးရဲ့ လူက ကျားကိုးစီး စားမကုန်တဲ့ ကာယဗလသမားပဲ၊ ဘာမှမဖြစ်တော့ဘူး စိတ်ချ၊ ခွဲစိတ်ပြီး ပြန်ချုပ်ထားတာတွေ အနာကျက်တာနဲ့ ဆေးရုံက ဆင်းနိုင်မှာ"

စိမ်းက ရှက်ပြုံးလေး ပြုံးပါ၏။

"ရပါတယ် ဒေါက်တာ၊ သူ သတိရရချင်း စိမ်းကိုတွေ့မြင်စေချင်လို့ပါ၊ သူ သတိပြန်ရပြီးမှ စိမ်း အိမ်ပြန်ပြီး တစ်ဝကြီး အိပ်ပစ်လိုက်မယ် ဒေါက်တာ"

တစ်ညလုံး မိုးလင်းထိုင်စောင့်နေသော စိမ်းအား ဆရာဝန်က နောက်ပြောင်ရင်း ပြောသည်ကို စိမ်းက စကားပြေ ပြန်ပြောရပါ၏။

စိမ်း ဆက်ပြီးစောင့်မြဲ စောင့်နေသည်။

စနေနေ့ နံနက်(၇)နာရီလောက်တွင် အောင်အောင် သတိပြန်ရလာသည်။

မျက်လုံးများ မဖွင့်သေးဘဲ လှုးလွန့်ရင်း အောင်အောင်၏နှုတ်မှ စိမ်း ... စိမ်းဟု ခေါ်နေပေသည်။

စိမ်းက အောင်အောင့်နားတစ်ဖက်သို့ နှုတ်ခမ်းလေးတော့ကာ ညင်သာစွာ ခေါ်လိုက်သည်။



"ကိုအောင် ... စိမ်း ဒီမှာရှိနေတယ်၊ ကိုအောင့်အနားမှာ ရှိနေပါတယ် ကိုအောင်"

အောင်အောင် မျက်လုံးဖွင့်ကြည့်သည်။

မိမိမျက်နှာကို အုပ်မိုးထားသော စိမ်း၏မျက်နှာလှလှ ချောချောလေးကို ပထမဆုံး တွေ့လိုက်ရသည်။

"ဟင် ... စိမ်း"

"ကိုအောင် သတိရပြီနော်"

"ရပြီလေ၊ စိမ်း ဘာမှမဖြစ်ဘူးနော်"

စိမ်းက ခေါင်းလေးညိတ်ပြသည်။

"အန်ကယ် ဦးမင်းဆွေကောဟင်"

"ဘဘလည်း ဘာမှမဖြစ်ဘူး၊ ကိုအောင်သာ အသက်စွန့်ပြီး ထွင်းပေါက်နဲ့တည့်တည့်ကြီးရပ်ပြီး ဖန်သားလုံးပစ်လို့ အပေါက်ဝင်လာတဲ့ အစအနတွေ ထိသွားတာ"

"စိမ်းနဲ့ အန်ကယ် ဘာမှမဖြစ်ဘူးဆိုရင် ကိုယ်ကျေနပ်ပြီ စိမ်း"

"အို ... ကိုအောင်ရယ်၊ ကိုအောင် စိမ်းတို့တူဝတီးကို အသက်နဲ့လဲပြီး ကာကွယ်ပေးလိုက်တာပါနော်"

"စိမ်း ကိုယ့်ကို စိတ်မဆိုး စိတ်မနာတော့ဘူးလားဟင်"

"ဟွန်း ... ပိုတောင် ချစ်လာသေး"

"အန်ကယ်ကတော့ စိတ်ဆိုးချင် ဆိုးမှာပေါ့နော်၊ သူ့ပစ္စည်းတွေ"

စိမ်းက အောင်အောင် စကားမဆုံးမီ ပါးစပ်ကို သူမ၏လက်ဝါးလေးဖြင့် ပိတ်ပြီးဆက်ပြောသည်။

www.burmeseclassic.com



"ဘဘဆွေက ကိုအောင့်ကို အရမ်းသဘောကျ ချီးကျူးနေတယ်လေ၊ ကိုအောင်ဟာ ဇီဇစိတ်ထား ကောင်းရုံမကဘူး၊ ပင်ကိုသတ္တိလည်း သိပ်ကောင်းတယ်တဲ့၊ ယောကျ်ားပီသတယ်တဲ့၊ နောက်ပြီး ဘဘရဲ့ငွေတွေ ဆုံးရှုံးမသွားဘူးတဲ့ ကိုအောင်၊ မနက်ခြောက်နာရီလောက်က ဘဘက စိမ်းဆီ ဖုန်းဆက်တယ်၊ စိန်လက်ဝါးနဲ့ ချာလီဆိုတဲ့လူကို ငွေအိတ်နှစ်အိတ်၊ ငွေသေတ္တာနှစ်လုံးနဲ့ ရဲအုပ်ဦးတိုက်စိုးက ဖမ်းမိလိုက်ပြီတဲ့၊ ကိုလှိုင်ဘွားကတော့ သေပြီလေ"

"ဟာ ... ဝမ်းသာစရာကြီးပါလား စိမ်း

"ဒါပေါ့ ကိုအောင်၊ ဘဘကပြောသေးတယ်၊ မောင်အောင်အောင်ဟာ နောင်ရိုးတိုက်ပွဲက ဘုရင့်နောင်ဖောက်ဖျက် စိတ်ဓာတ်မျိုးနဲ့ ခုခံတိုက်ခိုက်တာတဲ့၊ အရှုံးတော့မပေးဘူး၊ အသေခံမယ်ဆိုတဲ့ စိတ်မျိုးတဲ့၊ ဒီလိုလူဟာ ရှင်လျှင်ရွှေထီးနဲ့ ထိုက်တန်တဲ့လူပဲတဲ့"

"ဘာလဲ ရှင်လျှင်ရွှေထီးနဲ့ ထိုက်တယ်ဆိုတာ"

"အို ... ကိုအောင်ကလည်း၊ ကိုအောင် နေကောင်းသွားရင် ဘဘကိုယ်တိုင်က ဦးဆောင်ပြီး စိမ်းနဲ့ ကိုအောင့်ကို လက်ထပ်ပေးမယ်လို့ ပြောတာ"

"အားပါးပါး ... ဝမ်းသာစရာကြီးနယ်၊ ဝမ်းသာစရာကြီးပါလား စိမ်းရယ်"

အောင်အောင်က ပြောပြောဆိုဆို သူ့အပေါ်အုပ်မိုးထားသော စိမ်း၏ကျောပြင်ကို လက်နှစ်ဖက်ဖြင့် ဖက်လိုက်သည်ကို စိမ်းက အရင်ဦးစွာ အောင်အောင်၏လက်တစ်ဖက်ကို မလှုပ်ရှားနိုင်အောင် ဖိထားလိုက်သည်။



"ဒါက ဘာဖြစ်တာလဲ၊ စိမ်းပဲ ရှင်လျှင် ရွှေထီးဆို"

"မလောနဲ့ ကိုရင်၊ ဒီဘက်လက်မှာ သွေးသွင်းထားတယ်၊ အပ်ပြုတ်ထွက်သွားလို့ ဟုတ်ပေ့ ဖြစ်သွားမယ်"

အောင်အောင်က သွေးသွင်းမထားသောလက်ဖြင့် စိမ်း၏ကျောပြင်လေးကို ဖက်ထားပါ၏။

ဖက်ထားလျက်ကပင် အောင်အောင်က ဝမ်းနည်းစကား ဆိုပေသည်။

"အသက်ရှင်ပေမယ့် ရွှေထီးဆောင်းနိုင်ဖို့ မလွယ်ပါဘူး စိမ်းရယ်"

"ဘာလို့"

"လှိုင်ဘွားတပည့် ချာလီဆိုတဲ့ကောင်က သူ့ဆရာလည်း ကိုယ့်ကြောင့် သေရတယ်ဆိုပြီး ကိုယ့်အပေါ်မှာ ကျရောက်မယ့် အမှုနှစ်မှုကို ရဲကိုဖွင့်ပြောမှာပေါ့၊ ဒါဆို ကိုယ့်အနေနဲ့ ထောင်အများကြီးကျမှာ စိမ်း"

"ကျပါလိမ့်စေလေ၊ စိမ်းက ကိုအောင် ထောင်ကလွတ်တဲ့အထိ စောင့်မှာပေါ့"

"ဘယ်လွယ်မလဲ စိမ်းရယ်"

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



## ( ၂၆ )

ရဲအုပ်ကိုတိုက်စိုးသည် စိန်လက်ဝါးနှင့် ချာလီကို ဆက်တိုက် ပူပူနွေးနွေးမှာပင် စစ်ဆေးသည်။

နောက်ဆုံး ချာလီအား အစိုးရသက်သေအဖြစ်ထား ပေးမည်။ အမှုမှာ သက်သာစေမည်၊ အမှန်တွေကိုပြောဆိုသည့် စကားကို ချာလီ နားဝင်သွားသည်။ သူ့ဆရာ လှိုင်ဘွားလည်း သေပြီမို့ ချာလီသည် ကြောက်ရမည့်သူ မရှိသည့်ပြင် အမြဲတမ်း သူ့အပေါ် နိုင်ချင်သော ဆရာလှိုင်ဘွားကိုလည်း စိတ်နာထား သည်မို့ အမှန်တွေဖွင့်ပြောပေတော့သည်။

ယခု ဖောက်ထွင်းမှုကို စတင်ပြီး ကြံစည်စဉ်ကအစ နောက်ဆုံး လှိုင်ဘွားသေပြီး မိမိနှင့် စိန်လက်ဝါး ငွေသေတ္တာတွေ နှင့်အတူ အဖမ်းခံရသည်အထိ ဖော်ပြောပေသည်။

ဤဖောက်ထွင်းမှုကို ဆရာလှိုင်ဘွား၏ ဆရာကြီး ဆိုသူကပင် အရာရာ လှိုင်ဘွားကို ညွှန်ကြားပြီး ဖောက်ထွင်းစေ သူဟုလည်း ပြောပြသည်။



"ဒီမယ် ချာလီ၊ ငါ့ကို ဦးမင်းဆွေက တိုင်ချက်နဲ့ ထွက် ဆိုချက်ပေးတဲ့အထဲမှာ ဦးမင်းဆွေရဲ့ ဘိုးစဉ်ဘောင်ဆက်က လက်ဝတ်ရတနာသေတ္တာလေးကိုပါ မီးခံသေတ္တာထဲက ယူသွားတယ်လို့ ထွက်ဆိုထားတယ်"

"အဲဒါ ဟုတ်သားပဲ ဆရာ၊ သေတ္တာနှစ်လုံးထဲက တစ်လုံး ထဲမှာ အဲဒီရတနာသေတ္တာလေးကို ထည့်ထားတာ၊ အဲဒါ ဆရာတို့ တွေ့မှာပေါ့"

"လုံးဝမတွေ့ဘူး၊ ငါတို့ ငွေအိတ်နှစ်အိတ်ရော၊ သေတ္တာ နှစ်လုံးကိုရော လူကြီးလူကောင်း သက်သေတွေနဲ့ ပိုင်ရှင် ဦးမင်းဆွေရှေ့မှာ တရားဝင် ဖွင့်ကြည့်ပြီးပြီ၊ အဲဒီရတနာ သေတ္တာကို မတွေ့ဘူး"

"ဒါဆိုရင်တော့ အဆန်းပဲ ဆရာ၊ ကျွန်တော်တို့ ဖောက်ခွဲ ပြီး ငွေတွေရော၊ ရတနာသေတ္တာရော ထည့်သွင်းတဲ့အချိန် ကစပြီး တစ်ချက်မှ ပြန်ဖွင့်မကြည့်ရသေးခင် ဆရာက ကျွန်တော်တို့ကို ဖမ်းမိတာပဲ၊ ရတနာသေတ္တာက သေတ္တာ ကြီးထဲ ထည့်ထားလျက်နဲ့ ဘယ်ပျောက်မှာလဲ ဆရာ၊ ကျွန်တော်တို့ သေတ္တာကြီးကို ဖွင့်မှမဖွင့်ရသေးတာ"

"မဟုတ်သေးဘူး ချာလီ၊ မင်း သေချာစဉ်းစားပါ၊ မင်းတို့ သုံးယောက်ထဲက တစ်ယောက်ယောက် ဖွင့်မယူရင် ဒီ သေတ္တာ ဘယ်လိုမှ ပျောက်စရာမရှိဘူး၊ မင်း သေချာ စဉ်းစားစမ်း၊ ဒီသေတ္တာထဲက ရတနာသေတ္တာကို ဘယ်သူ ဖွင့်ယူသွားနိုင်သလဲဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေအိတ်နှစ်အိတ်ရော၊ ငွေသေတ္တာနှစ်လုံးရော ကျွန်တော်တို့ ဦးမင်းဆွေအိမ်ကြီးထဲက သယ်ယူတုန်း အောင်အောင်က လှေကားပေါ် တက်ပြေးသွားတယ်၊ အပေါ်ကငွေတိုက်ကြီးထဲ အောင်အောင် ဝင်သွားပြီး သံမဏိတံခါးပိတ်လိုက်တော့ ကျွန်တော်ရယ်၊ စိန်လက်ဝါးရယ်၊ ဆရာလှိုင်ဘွားရယ် ဘာလုပ်ကြမလဲ တိုင်ပင်ပြီး လှေကားရင်းမှာ ဒီငွေအိတ်၊ ဒီသေတ္တာတွေကို ဒီအတိုင်း မဖွင့်ဘဲ တိုင်ပင်ကြတယ်၊ ဩော် ... ဩော် ... ကျွန်တော် သတိတစ်ခုရပြီ ဆရာ"

"ပြောလေ ... ဘာသတိရတာလဲ"

"နောက်ဆုံး ကျွန်တော်တို့ ဆုံးဖြတ်တယ်၊ ကျွန်တော်နဲ့ စိန်လက်ဝါးက ငွေတိုက်ဟောင်းကို အပေါက်ဖောက်မယ်၊ ဆရာလှိုင်ဘွားက ပေါက်ကွဲဘူးကို အပေါက်က ပစ်သွင်းမယ်၊ ဒီတော့ ကျွန်တော်နဲ့ စိန်လက်ဝါး အပေါ်မှာအပေါက်ဖောက်နေတုန်း ကိုလှိုင်ဘွားက ဘုရားလမ်းမှာ ရပ်ထားတဲ့ကား သွားယူရမယ်လို့၊ အဲဒီအချိန်မှာ ကျွန်တော်တို့အပေါ်တက် အပေါက်ဖောက်လို့ စီစဉ်တုန်း ကိုလှိုင်ဘွားကကျန်ခဲ့တယ်၊ အဲဒီအချိန်မှာ ဆရာလှိုင်ဘွားက သေတ္တာကြီးကို ဖွင့်ပြီး ရတနာသေတ္တာကို ယူသွားဖို့ အချိန်လည်းရတယ်၊ ကျွန်တော်နဲ့ စိန်လက်ဝါးမျက်ကွယ်လည်း ဖြစ်နေတယ်၊ ဆရာလှိုင်ဘွားဟာ နာရီဝက်လောက် ကြာပြီးမှ ကားပြန်ယူလာတယ်"

"ဟုတ်ပြီ"



ဟု ကိုတိုက်စိုး ကျေနပ်စွာ လက်ဖျောက်တီးလိုက်သည်။

"ဒါပေမဲ့ လှိုင်ဘွား သေဆုံးတဲ့ ကိုယ်ခန္ဓာထဲမှာရော၊ သူ့အလောင်းပတ်ဝန်းကျင်မှာရော ရတနာသေတ္တာ မရှိဘူး၊ လှိုင်ဘွားဟာ ကားယူသွားရင်း ရတနာသေတ္တာကို တစ်နေရာရာမှာ ထားခဲ့တာ မဖြစ်နိုင်ဘူးလား"

"ဒါတော့ ကျွန်တော် ဘယ်သိမလဲ ဆရာ"

"ကောင်းပြီ၊ ဒါဆို မင်းသိနိုင်တာတစ်ခု ငါ့ကိုထပ်ပြီးပြောဦး၊ လှိုင်ဘွားရဲ့ဆရာကြီးဆိုတာကို မင်း သိလား၊ မင်းမြင်ဖူးတယ် မဟုတ်လား၊ အဲဒီလူက ဘယ်သူလဲ၊ ဘယ်မှာနေလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိ၊ မမြင်ဘူးတာလည်း အမှန်ပဲ ဆရာ"

"စဉ်းစားပါဦး ချာလီရာ၊ သေချာ စဉ်းစားပါဦး၊ မင်းနဲ့ လှိုင်ဘွားဟာ ဆရာရင်း တပည့်ရင်းပဲ၊ သူသွားလေရာ မင်း ကားမောင်းပို့နေရတယ်ဆိုတော့ သူ့ဆရာကြီးအိမ်ကို လှိုင်ဘွား သွားတဲ့အခါ မင်းကိုပဲ ကားမောင်းခိုင်းမှာပါ"

"ဩော် ... ဩော် ... ဟုတ်ပြီ ဆရာ၊ ဆရာပြောမှ ကျွန်တော့်ခေါင်းထဲ ဖျတ်ခနဲ သတိရလာတာ တစ်ခုရှိလာတယ်"

"ဆိုပါဦး"

"လွန်ခဲ့တဲ့ လေးလလောက်က ဆရာလှိုင်ဘွားဟာ ရန်ကုန်ဘူတာကြီးမှာ သူ့မိတ်ဆွေဧည့်သည်ကြိုမယ်ဆိုပြီး လာခဲ့တယ်၊ သူကြိုတဲ့ဧည့်သည်က ရထားနဲ့ ပါမလာတာနဲ့ ဘူတာကအပြန် 'ငါ့ကို ဆရာကြီးအိမ် ခဏလိုက်ပို့စမ်း၊ ဆရာကြီး ငါ့ကို ခေါ်ထားတယ်'လို့ ပြောလို့ ယောမင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးလမ်းကို လိုက်ပို့ရတယ်။ ဒါ သူ့ဆရာကြီးရဲ့တိုက်ပဲ လို့ပြောပြီး သူတိုက်ထဲဝင်သွားတယ်၊ ကျွန်တော်က ကားပေါ်မှာပဲ ထိုင်စောင့်နေရတယ်၊ သူဝင်သွားတဲ့ အဲဒီခြံနဲ့ တိုက်ဟာ ကျွန်တော်တို့ ဖောက်ထွင်းခဲ့တဲ့ ဦးမင်းဆွေရဲ့ တိုက်နဲ့ လေးအိမ်ခြားတယ်"

"ဟုတ်ပြီ"

ဟု ကျေနပ်အားရစွာ နှုတ်မှရေရွတ်ပြီး ကိုတိုက်စိုးသည် ချက်ချင်းပင် ဦးမင်းဆွေဆီသို့ လာခဲ့တော့သည်။

"ဦးမင်းဆွေကို နည်းနည်းပါးပါး ထပ်မေးစရာရှိလို့ ကျွန်တော် တစ်ခေါက်ပြန်လာတယ် ဦးမင်းဆွေ"

"မေးပါ"

"ဦးမင်းဆွေရဲ့ခြံနဲ့ လေးအိမ်ကျော်နေတဲ့ အိမ်ရှင်ကို သိသလားဟင်"

"ဟာ ... သိပ်သိတာပေါ့၊ သိရုံ ဘယ်ကမလဲ၊ ကျုပ်နဲ့ ညတိုင်းလိုလို စစ်တုရင်ထိုးတဲ့ ကျုပ်မိတ်ဆွေ ဦးလှဘူးလေ"

"ဦးမင်းဆွေရဲ့ ဒီခြံနဲ့ ဒီအိမ်ကို ဦးလှဘူး မကြာခဏလာလည်သလားဟင်"

"လာတယ်လေ"

"ဒါဆို ဦးမင်းဆွေရဲ့ ဒီတိုက်အနေအထားနဲ့ အခန်းဖွဲ့စည်းပုံတွေကစပြီး ဦးလှဘူးက သိနေမှာပေါ့"

"သိရုံဘယ်ကမလဲ၊ ဒီခြံကို ကျုပ်ဝယ်ပြီး အိမ်ဟောင်းကို ဖျက်ချတယ်၊ အခုလက်ရှိတိုက်ကို ပြန်ဆောက်တုန်းက ဦးလှဘူးကပဲ ဆောက်ပေးတာ၊ ဦးလှဘူးက အဆောက်အအုံကန်ထရိုက်တာလုပ်ပြီး ချမ်းသာလာတဲ့လူပဲ"



ဦးတိုက်စိုးသည် အလွန်ကျေနပ်သွားရပြန်သည်။ သို့သော် ဘာမျှမပြောသေးဘဲ လေအေးအေးနှင့်ပင် ဆက်၍ ဦးမင်းဆွေကို မေးပေသည်။

"ဦးမင်းဆွေ သေချာစဉ်းစားပြီးမှ ဖြေပါနော်၊ ဦးမင်းဆွေရဲ့ချမ်းသာသမျှ ငွေတွေနဲ့ ရတနာတွေအကြောင်း ဦးလှဘူးကို ပြောဖူးသလား"

"ဒါတော့ မပြောမိဘူး ထင်တယ်၊ ကိုယ် ဘယ်လောက်ချမ်းသာတယ်ဆိုတာမျိုးကို ကြွားဝါဖို့ ကျုပ် ဝါသနာမပါဘူး၊ ကြွားဝါတဲ့လူတွေကိုလည်း ကျုပ်က လူပေါ်လို့ထင်မှတ်တာပဲ"

"မဟုတ်သေးဘူးလေ၊ သေချာ စဉ်းစားပါဦး၊ ဦးမင်းဆွေ ငွေဘယ်လောက် ချမ်းသာတယ်၊ ရတနာတွေ ဘယ်လောက်ရှိတယ်၊ ဒါပေမဲ့ ဘဏ်မှာ အသင့်အတင့်ထားပြီး ငွေတိုက်ထဲမှာ အားလုံးထည့်ထားတယ်ဆိုတာ ဦးလှဘူးက သိနေတယ်၊ သူ ဘယ်လိုကြောင့် သိတာလဲ၊ ဦးမင်းဆွေရဲ့သားကိုဟန်ဝင်းနဲ့ စိမ်းမြသွေးကတော့ ဦးလှဘူးကို ပြောလိမ့်မယ် မဟုတ်ဘူး"

"အင်း ... ဟုတ်ပါ့။ သားဟန်ဝင်းနဲ့ သမီး စိမ်းတို့တောင် ကျုပ် ချမ်းသာမှန်းတော့ သိတယ်၊ ဒါပေမဲ့ ဘယ်ရွေ့ဘယ်မျှ ချမ်းသာတယ်ဆိုတာ တိတိကျကျ မသိဘူး၊ ကျုပ်ကလည်း တိတိကျကျကြီး ဘယ်လောက်ရှိတယ်ဆိုတာ ပြောမထားဘူး၊ နေပါဦး၊ ဦးလှဘူးက ဘယ်လိုများ သိပါလိမ့်၊ အား ... သတိရပြီ ... သတိရပြီ"

ဦးမင်းဆွေက သူ ပြန်သတိရသည်ကို ဆက်၍ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"လွှန်ခဲ့တဲ့ ငါးလ,ခြောက်လလောက်က ဖြစ်လိမ့်မယ်၊ ကျုပ်နဲ့ ဦးလှဘူးတို့ ထုံးစံအတိုင်း စစ်တုရင်ထိုးကြတယ်၊ ကျုပ်တို့နှစ်ယောက် စစ်တုရင်ထိုးတိုင်း လောင်းကြေးလေးတွေ ပါတယ်ဗျ၊ ငွေကြေးလောင်းကြေးမျိုးတော့ မဟုတ်ဘူး၊ နိုင်ငံခြားဆေးတံသောက်ဆေးတို့၊ ဆေးတံအကောင်းစားကြေးတို့၊ မီးခြစ်အဖိုးတန်ကြေးတို့၊ ယုဇနတို့၊ စိန်ဂေဟာတို့က ကြိုက်ရာပစ္စည်းတစ်မျိုးကြေးတို့ စသဖြင့်ပေါ့ဗျာ၊ လောင်းကြေးထားပြီး ကစားလေ့ရှိတယ်၊ အဲဒီ လွှန်ခဲ့တဲ့ ငါးလ ခြောက်လလောက် ညဘက် ထိုးကြရာမှာ ကျုပ်က သုံးပွဲဆက်ရှုံးတယ်၊ အဲဒီတော့ သူလိုချင်တဲ့ ပစ္စည်းသုံးမျိုး ကျုပ်က ဝယ်ပေးရမယ်ပေါ့လေ၊ အဲဒီမှာ ဦးလှဘူးက ကျုပ်ကိုမခံချင်အောင် ကလိတဲ့စကားမျိုး ပြောတယ် ...

"အင်း ... ဦးမင်းဆွေကတော့ ကျုပ်ကို စစ်တုရင် ရှုံးတာနဲ့ ငွေတိုက်ထဲက ငွေတွေ ကုန်တော့မယ်ဗျို့လို့ ပြောတယ်လေ၊ ဟဲ ... ဟဲ ... ဘီယာတွေလည်း သောက်ထားတော့ ကျုပ်တို့ ရီတီတီ ဖြစ်နေချိန် ဆိုပါတော့၊ ဒီတော့ ကျုပ်က မခံချင်စိတ်နဲ့ ...

"ရှုံးစမ်းပါစေဗျာ၊ ကျုပ်ငွေတိုက်ထဲမှာ ငွေသားချည်း သိန်းတစ်ရာ အနည်းဆုံးရှိတယ်၊ အဲဒီ သိန်းတစ်ရာကုန်သွားရင် ဘိုးစဉ်ဘောင်ဆက်က အမွေဆက်ခံလာခဲ့တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ ရှိသေးတယ်၊ အဲဒါတွေ ပြုတ်အောင် ခင်ဗျားထိုးနိုင်ရင် ထိုးစမ်း ...



"မခံချင်စိတ်နဲ့ ပြောဖူးတယ်၊ ဟုတ်တယ် ... အဲဒီတုန်းက အဲဒီလို ပြောမိဖူးတာ ကျုပ် အမှတ်ရလာတယ် ကိုတိုက်စိုး"

သည်လောက် သတင်းတွေစုမိပြီး ကွင်းဆက်တွေ ရပြီဆိုသည်နှင့် ဦးတိုက်စိုးသည် အထက်မှ ရှာဝရမ်း ချက်ချင်းတောင်းကာ ရပ်ကွက်လူကြီးများကို သက်သေပြုပြီး ဦးလှဘူး အိမ်တွင် သူ့လူများနှင့် ရှာဖွေတော့သည်။

ရတနာသေတ္တာကို ဦးလှဘူး မီးခံသေတ္တာထဲမှ ပက်ပင်းကြီး တွေ့ရတော့သည်။

ညက စံပယ်ရုံအောက်တွင် လှိုင်ဘွား ဝင်ထားသွားပြီးနောက် ဦးလှဘူး ကိုယ်တိုင် ဆင်းယူခဲ့ခြင်း ဖြစ်သည်။

ရတနာများကို ဘယ်လိုမှ မဝှက်ထားနိုင်မီ မထုခွဲနိုင်မီ ကိုတိုက်စိုးက ဝင်ရောက်ရှာဖွေသဖြင့် ပက်ပင်းတွေ့ရခြင်း ဖြစ်တော့သည်။

ဦးလှဘူးကိုလည်း ကိုတိုက်စိုးက ဖမ်းဆီးလိုက်ပေတော့သည်။

သောကြာနေ့ညက ဖောက်ထွင်းမှုသည် စနေနေ့ မွန်းလွဲချိန်မှာပင် တရားခံများအား ငွေအိတ် ငွေသေတ္တာများနှင့် တကွ ရတနာသေတ္တာကိုပါ ဦးတိုက်စိုးက ဖမ်းဆီးဖော်ထုတ်နိုင်ပေသည်။

❖ ✧ ❖

www.burmeseclassic.com

www.burmeseclassic.com



# ( ၂၁ )

စနေနေ့ညနေ လေးနာရီမှ ခြောက်နာရီ ညှိသည့် လက်ခံချိန်မှာပင် ကိုတိုက်စိုးနှင့် ရဲသားတစ်ဦး၊ ရဲကြပ်တစ်ဦး ဆေးရုံကြီးရှိ အောင်အောင့်ထံသို့ ရောက်ရှိလာပေသည်။

အောင်အောင့်ထံမှ ထွက်ဆိုချက် လာယူသည်ဟု ပြောပေသည်။

"ဒီလိုလုပ်ဗျာ၊ အခု ဖောက်ထွင်းမှုနဲ့ ပတ်သက်ပြီး ကိုအောင်အောင် ပတ်သက်ပါဝင်လာတာတွေကို အစက စပြီးပြော၊ နောက်ဆုံး ခင်ဗျား ဆေးရုံရောက်တဲ့အထိ ပြောပေတော့၊ ကျွန်တော့် ရဲကြပ်ကြီးက လက်ရေးတိုနဲ့ လိုက်ရေးလိမ့်မယ်"

အောင်အောင်က သဘော်လိုက်ရာက ပြန်လာပြီး ပါရှိလာသော အက်စ်အီးကားဖြင့် အင်းလျားလိတ်ဟိုတယ်တွင် ပရိုက်ဗိတ်တက္ကစီ ဆွဲရာ၌ လှိုင်ဘွားနှင့် စတင်တွေ့ဆုံရသည်က အစ အမှုနှစ်မှုဖြင့် လှိုင်ဘွား၏ဩဇာခံ ဖြစ်လာသည်မှအစ ယခု ဖောက်ထွင်းမှုတွင် ဖြစ်ပျက်ခဲ့သမျှ ဆေးရုံရောက်လာသည်အထိ ပြောပြလိုက်သည်။



ကိုတိုက်စိုးက အောင်အောင် ပြောသမျှ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။

စိမ်းခမျာလည်း ဦးတိုက်စိုးတို့ ဆေးရုံလိုက်လာသည်နှင့် ကိုအောင့်အား ဖမ်းတော့မည်လားဟု မျက်နှာမကောင်းတော့ပေ။

"ကဲ ... အဲဒါပါပဲ ကိုတိုက်စိုး၊ ကျွန်တော့်ကို အရေးယူဖမ်းဆီးလို့ ရပါပြီ"

"ကျုပ်က ခင်ဗျားကို ဘာလို့အရေးယူရမှာလဲ၊ ဖမ်းရမှာလဲ ကိုအောင်အောင်"

"ဒုရဲအုပ်ဦးကောင်းဓံကို ကားတိုက်မှု၊ ဒေါ်ကေသီလွင်ကို ကားတိုက်မှု နှစ်မှုကြောင့်လေ"

ဦးတိုက်စိုးက ခေါင်းခါပြရင်း ပြုံးလိုက်ပါလေ၏။

"ကျုပ် ချာလီ့ဆီက အားလုံးသိပြီးပြီ၊ ချာလီက အစိုးရသက်သေအဖြစ် ဖော်ကောင်လုပ်တယ်လေ၊ အခု ခင်ဗျား ထွက်ဆိုချက်တွေ အားလုံးဟာ ချာလီ ဖော်ကောင်ရဲ့ထွက်ဆိုချက်နဲ့ ထပ်တူထပ်မျှ တူပါတယ်၊ အဲ ... ဒေါ်ကေသီလွင်ကို ခင်ဗျားရဲ့ကားနဲ့ တိုက်သတ်တာဟာ လှိုင်ဘွားကိုယ်တိုင်ပဲ၊ ချာလီက ခတ်ပုံဆင်းရိုက်ပေးရတယ်တဲ့၊ ကျုပ် ဂိုဒေါင်စောင့် ဦးကျော့မောင်ကိုလည်း စစ်ခဲ့ပြီးပြီ၊ ဦးကျော့မောင်ကလည်း ရဲကစစ်ပြီဆိုတော့ အမှန်အတိုင်း ထွက်ဆိုပါတယ်၊ အဲဒီညက ခင်ဗျား ကားကိုလာထုတ်သူဟာ လှိုင်ဘွားနဲ့ ချာလီလို့ ထွက်ဆိုတယ်၊ ဒီတော့ ဒေါ်ကေသီလွင် သေဆုံးမှုဟာ ခင်ဗျားနဲ့ ဘာမှမပတ်သက်တော့ဘူး၊ ခင်ဗျားကို အရေးယူစရာ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ဦးတိုက်စိုးရဲ့ယ်"

ဟု စိမ်းက မျက်နှာလေး ဝင်းလက်လာပြီး ပြောလိုက်ပါ၏။

"ဒါဆို ရဲအရာရှိ ဦးကောင်းခံကို ကျွန်တော်တိုက်မိတဲ့အမှုတစ်ခုပဲ ကျန်ခဲ့တာပေါ့နော် ကိုတိုက်စိုး"

"ဘာဆိုင်လဲ ... ဒုရဲအုပ်ဦးကောင်းခံကို တိုက်လိုက်တာက ခင်ဗျားကား မဟုတ်ဘူး၊ ဒေါ်ဂျစ်ကားကြီးဗျ"

"ဗျာ ..."

အောင်အောင် ဆတ်ခနဲ တွန့်သွားအောင် အံ့သြစွာဖြင့် "ဗျာ"ဟု အာမေဍိတ် ပြုမိသည်။

"အဖြစ်မှန်က ဒီလိုဗျ၊ အဲဒီည ကုက္ကိုင်းလမ်း မီးပွိုင့်မှာရော၊ ငွေအိုးလစ်မီးပွိုင့်မှာရော ကားတိုက်မှု နှစ်မှုဖြစ်ခဲ့တယ်၊ ကုက္ကိုင်းလမ်း မီးပွိုင့်မှာက တရားမဝင်ပစ္စည်းသယ်လာတဲ့ ဒေါ်ဂျစ်ကားတစ်စီး ဖြတ်မောင်းမယ်ဆိုတာ ရဲက အနိုင်အမာသတင်းရထားတယ်၊ အဲဒါ ယာဉ်ထိန်းရဲအရာရှိနဲ့ အဖွဲ့က အဲဒီကားကိုစောင့်ဖမ်းတာ၊ ကားတစ်စီးရပ်ပေးဖို့ ဆိုတာက ယာဉ်ထိန်းရဲက ရပ်ခိုင်းတာ ပိုပြီးခရီးရောက်တယ်၊ ဒါကြောင့် ဒုရဲအုပ်ဦးကောင်းခံ ကိုယ်တိုင်လမ်းပေါ်တက်ပြီး ကားကြီးကို ရပ်ခိုင်းတာ၊ ဒေါ်ဂျစ်ကားက ရပ်မပေးဘဲ မလွှတ်မကင်း မောင်းပြေးတာနဲ့ ဦးကောင်းခံကို တိုက်မိပြီး ဦးကောင်းခံ ပွဲချင်းပြီး သေဆုံးသွားတယ်၊ ငါးရက်အတွင်း ဒေါ်ဂျစ်ကားကို ဖမ်းမိခဲ့လို့ အဲဒီဒရိုင်ဘာရော ကားပိုင်ရှင် ပစ္စည်းပိုင်ရှင်သဖောားရော ထောင်တွေတောင်ကျသွားပြီလေဗျာ"



"ဒါဆို ကျွန်တော့်တိုက်မိမှုကကော ..."

"ဟဲ ... ဟဲ ... ဟဲ၊ ခင်ဗျား တိုက်မိတာက ဟောဒီမှာလေ၊ ရဲသားကိုစိန်မောင် လမ်းဘေးကျသွားပြီး ခြေတစ်ဖက်ကျိုးသွားတယ်၊ ကဲ ... စိန်မောင်၊ မင်းတို့ယာဉ်ဥပဒေအရ အရေးယူချင် ယူနိုင်တယ်၊ မင်းကို တိုက်မိခဲ့တာဟာ ဟောဒီ ကိုအောင်အောင်ဟာ ဆလွန်းကားအဖြူ ပိုင်ရှင်ပဲ..."

"ဒီကိစ္စ စိန်မောင်နဲ့ ကိုအောင်အောင်နဲ့ ဆက်ရှင်း၊ ကျုပ်ပြောချင်တာက ချာလီရဲ့ထွက်ဆိုချက်ထဲမှာ သတင်းစာထဲပါလာတဲ့ ဦးကောင်းခံ ကားတိုက်ခံရပြီး သေဆုံးသွားတာကို သူ့ဆရာလှိုင်ဘွားက မိုးလင်းတာနဲ့ သတင်းစာပြပြီး ဦးကောင်းခံကို ကိုအောင်အောင် တိုက်လိုက်တာလို့ ပြောလိုက်တာပဲ၊ ဒါကို ခင်ဗျားက သွေးရူးသွေးတန်းနဲ့ ညက တကယ်လည်း ယာဉ်ထိန်းရဲ စိန်မောင်ကို တိုက်မိထားတော့ အဟုတ် ထင်သွားသတဲ့ဗျ၊ သတင်းစာမှာ ဦးကောင်းခံ သေသွားတာက အမှုကြီးဖြစ်နေလို့ သတင်းအဖြစ် ထည့်ပေးတာ ...

"အဲဒါကို ခင်ဗျားက လုံးစေ့ပတ်စေ့ သေချာဖတ်ဘဲ လှိုင်ဘွားရဲ့ပရိယာယ်ထဲ ဝင်သွားတာ၊ ကဲ ... **စိန်မောင်**ကို တိုက်မိမှုနဲ့ ပတ်သက်ပြီး အရေးယူရမှာက **စိန်မောင်**ပဲ၊ ကျုပ်နဲ့မဆိုင်ဘူး၊ ကျုပ်က ဖောက်ထွင်းမှုနဲ့ **ပတ်သက်**တဲ့ ထွက်ဆိုချက်သာ လာယူတာ၊ ကျုပ် **သွားတော့မယ်**

www.burmeseclassic.com



မနေ့ညကတည်းက ခုချိန်ထိ ကျုပ် တစ်ရေးမှ မအိပ်ရသေးဘူး၊ မစိမ်းမြသွေးရဲ့ ထွက်ဆိုချက်ကိုတော့ နက်ဖြန်တနင်္ဂနွေနေ့ကျမှ အေးအေးဆေးဆေး ယူတော့မယ်ဗျာ၊ ကဲ ... ကျုပ် သွားမယ်"

ဦးတိုက်စိုးနှင့် ရဲကြပ်ကြီး ပြန်သွားကြသည်။

ယာဉ်ထိန်းရဲ ကိုစိန်မောင် ကျန်ခဲ့သည်။

"ကဲ ... ကိုစိန်မောင်၊ တာဝန်ရှိတဲ့အတိုင်း ကျွန်တော့်ကို အရေးယူနိုင်ပါတယ်"

"တာဝန်အရ မီးနီကို အတင်းဖြတ်မောင်းတဲ့အတွက်ပဲ ကျွန်တော် အရေးယူပါ့မယ်၊ ဟောဒီ နေ့စွဲအတိုင်း ရုံးသွားပြီး ကိုအောင်အောင် ဒဏ်ငွေဆောင်လိုက်ပါ၊ အဲ ... ကိုအောင်အောင်ရဲ့ ယာဉ်မောင်းလိုင်စင် ကျုပ်ကိုပေးပါ၊ အမှုတွဲတင်ဖို့"

အောင်အောင်က အလွယ်တကူပင် သူ၏ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။

"ကိုစိန်မောင်ကို ကျွန်တော့်ကားနဲ့ တိုက်မိမှုအတွက်ကော ဗျာ"

"အဲဒီတုန်းက ကျုပ် သေသေချာချာ သတိထားလိုက်မိတယ်၊ ကိုအောင်အောင်က မီးစိမ်းဝင်လာတဲ့ ဒေါ့ဂျစ်ကားကို ရှောင်ရလို့ ကျုပ်ရပ်နေတဲ့ဆီကို ကားရွေ့လာတာပဲ၊ ဒါတောင် ကိုအောင်အောင် ကျုပ်ကို မတိုက်မိအောင် ရှောင်သေးတယ်၊ ဒါပေမဲ့ ကားခေါင်းနဲ့လွတ်ပြီး ကား



ဘော်ဒီဘေးနဲ့ ကျုပ်ကို တိုက်မိတာပဲ၊ ကျုပ်ကိုယ်တိုင်ဘေးကို တစ်လှမ်း နှစ်လှမ်းရှောင်ရင် လွတ်သွားနိုင်သားနဲ့ ကျုပ်ကလည်း ထုံတယ်လေ ...

"ဒီတော့ တမင်တိုက်တာလည်း မဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင် မလျှင်လို့ ခံရတာ၊ နောက်ပြီး ခြေကျိုးတာလည်း အခု နဂိုအကောင်းအတိုင်း ပြန်ဖြစ်သွားပြီ၊ ကျုပ်အမှုမလုပ်တော့ပါဘူး၊ ကျေအေးလိုက်မယ်"

"ဒါဆို ခြေကျိုးတုန်းက ကုသရတဲ့ ဆေးဖိုးဝါးခ ကုန်ကျစရိတ် ကျွန်တော် ခံပါရစေလား ကိုစိန်မောင်"

"ဟာ ... ဘာဆိုင်လဲ၊ လိုမှ မလိုတာ၊ ကျုပ် ဆေးကုသတာကို နိုင်ငံတော်ဆေးရုံကြီးက အလကား ကုသပေးတယ်၊ ကျုပ် အလုပ်မဆင်းနိုင်တဲ့ ရက်တွေမှာ ဌာနဆိုင်ရာက လစာပြည့်နဲ့ ခွင့်ပေးထားတာ၊ ကျုပ်တစ်ပြားမှ မကုန်တာ ဘာကြောင့် ကိုအောင်အောင့်ဆီက ဆေးဖိုးယူစရာရှိလဲ"

"အေးဗျာ၊ ဒါဆို ကိုစိန်မောင်ကို ကျွန်တော် အရမ်းကျေးဇူးတင်ပါတယ်"

ကိုစိန်မောင် နှုတ်ဆက်ပြီး အောင်အောင်၏ ယာဉ်မောင်းလိုင်စင်ကိုကိုင်ကာ ထွက်ခွာသွားလေတော့သည်။

"စိမ်း"

"ကိုအောင်

"အခုဆို လွတ်လွတ်ကျွတ်ကျွတ်ကြီး ရှင်လျှင်ရှေ့ထီးဖြစ်ပြီပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ … စိတ်ချ၊ မင်း နေကောင်းလို့ ဆေးရုံကဆင်းတာနဲ့ စိမ်းနဲ့ မင်းကို ငါက လက်ထပ်ပေးမှာကွ"

ပြောသံကြားသဖြင့် ကြည့်လိုက်ရာ စိမ်း၏ဘဘဆွေသည် ပြုံးပြုံးကြီး ရောက်လာသည်ကို တွေ့ရပေတော့သည်။

နားကြပါဦးနို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com